


# လက်ာရည်ကျော်

## သိင်္ဂါရဲအလှည့် ဝတ္ထုတိုများ

TYPING – RedLace (ဇာနည်)

PROFF – RedLace (ဇာနည်)

PDF – nyisay

http://mmteashop.com

# လက်ဘက်ရည်ကျော်

## သိင်္ဂါရအလှည့် ဝတ္ထုတိုများ


| | | |
|---|---|---|
| စာမူခွင့် ပြုချက်အမှတ် | - | ၅၀၁၇၆၃၁၂၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၅၀၃၀၅၁၀ |
| ပထမအကြိမ် | - | ၂၀၁၀ ခုနှစ်၊ မေလ |
| မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် | - | မောင်မောင်သိုက် |
| အတွင်းဖလင် | - | AZ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |
| ထုတ်ဝေသူ | - | ဒေါ်ခင်မျိုးမြတ် (၀၃၃၈၄) နန်းဒေဝီစာပေ |

အမှတ် ၂၁၅၊ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

| | | |
|---|---|---|
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဒေါ်ခင်လှ (စာပေလောက) |

အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့

## စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

အမည်ရင်းမှာ ဒေါက်တာရဲမြင့်ကျော်ဖြစ်ပြီး ၁၉၆၀-ခုနှစ်၊ ဒီဇင်ဘာ ၂၀-ရက်နေ့တွင် မြန်အောင်မြို့နယ်၊ မြို့မ တဲကြီးကုန်းကျေးရွာတွင် မွေးဖွားသည်။ လက်ာရည်ကျော် ကလောင်အမည်ကို ဆေးတက္ကသိုလ်(၁) ကျောင်းသားဘဝ ၁၉၈၀ မှ ၁၉၈၅ အတွင်း တက္ကသိုလ်နှစ်လည် မဂ္ဂဇင်းများတွင် ဝတ္ထုတို၊ ကဗျာများ ရေးသားရာတွင် စတင် အသုံးပြုခဲ့သည်။

ဆရာဝန်ဖြစ်ပြီး နောက်ပိုင်း ဆေးသုတေသနအရာရှိ တစ်နှစ်လုပ်ခဲ့သည်။ ပြည်သူ့စစ်မှုထမ်းဆေးမှူး(ဗိုလ်) ဘဝဖြင့် ရှမ်းပြည်နယ်၊ ကရင်ပြည်နယ် ရှေ့တန်း စစ်မျက်နှာများတွင် သုံးနှစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ဘွဲ့လွန် သင်တန်းများ ဆက်တိုက်တက်ရောက်နေခဲ့ပြီး MBBS. M.Med Sc (Paediatrics), MRCP (UK), MRCPCH, DCH (Glasgow), Doct.Med Sc (Paediatrics), FRCP (Edinburgh) ဘွဲ့များရရှိခဲ့သည်။ ပြည်တွင်းဒေသ အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ယူကေနိုင်ငံသို့ ပညာတော်သင် နှစ်နှစ်သွားရောက်နေထိုင်ခဲ့ဖူးသည်။

စာပေလောကနှင့် အနှစ်နှစ်ဆယ်ခန့် အဆက်ပြတ်နေခဲ့ရာမှ ၂၀၀၄-ခုနှစ်တွင် `လက်ာရည်ကျော်´အမည်ဖြင့် ရသ ဝတ္ထုများ ပြန်လည်ရေးသားခဲ့ပြီး နရသုခ ချမ်းသာ မဂ္ဂဇင်း၊ ရေဂျာ မဂ္ဂဇင်း၊ မဟေသီ မဂ္ဂဇင်း၊ သရဖူ မဂ္ဂဇင်း၊ Wellness မဂ္ဂဇင်း၊ ဇီဝက မဂ္ဂဇင်း၊ Perfect မဂ္ဂဇင်း၊ ကလျာ မဂ္ဂဇင်း၊ Idea မဂ္ဂဇင်း၊ Faces မဂ္ဂဇင်း၊ ရတီမဂ္ဂဇင်းတို့တွင် ဖော်ပြ ပါရှိခဲ့သည်။

`ဒေါက်တာရဲ´ ကလောင်ခွဲဖြင့် ကလေးကျန်းမာရေးပညာပေးနှင့် လူငယ် ဆောင်းပါးများကိုလည်း Family, Wellness, အာရောဂျ၊ ဇီဝက၊ Perfect မဂ္ဂဇင်းများနှင့် Good Health ဂျာနယ်တို့တွင် ပင်တိုင်ရေးသားလျက်ရှိသည်။

၂၀၀၇ - ခုနှစ်အတွင်းက `ပထမအိပ်မက်´ ဝတ္ထုတိုပေါင်းချုပ်နှင့် `ကြိုးကြာတောင်ပံခတ်သံ´ဝတ္ထုရှည်တို့ကို ထုတ်ဝေ ခဲ့ပြီး အမည်ရင်းနှင့်လည်း ကလေး ကျန်းမာရေး ပညာပေးစာအုပ် ငါးအုပ်ထုတ်ဝေခဲ့သည်။

`ကြိုးကြာတောင်ပံခတ်သံ´မှာ ၂၀၀၇-ခုနှစ်အတွက် အမျိုးသားစာပေ (လှုငယ်စာပေ) ဆု ရရှိသည်။

ယခုအခါ မကွေးမြို့ ဆေးတက္ကသိုလ်တွင် ပါမောက္ခ ဌာနမှူး၊ ကလေး အထူးကုဆရာဝန်ကြီးအဖြစ် တာဝန် ထမ်းဆောင်လျက်ရှိပြီး သုတ၊ ရသစာပေများ စဉ်ဆက်မပြတ် ရေးသားလျက်ရှိသည်။

## မာတိကာ


| | |
|---|---|
| စာရေးသူ၏ အမှာ (က) | |
| နေဝင်းမြင့်၏ အမှာ (ဃ) | |
| ၁။ တိမ်ညိုဦးကင်း | ၁၄ |
| ၂။ နေမထိပန်းကလေး ဖွေးဖွေးနီ | ၂၈ |
| ၃။ နတ်ပန်းနွယ် | ၄၄ |
| ၄။ ပိတောက်စည်း | ၆၂ |
| ၅။ ချောင်းကလေးငယ်ငယ် လှိုင်းလုံးတွေ သယ်ပါလို့ | ၇၈ |
| ၆။ နွေမိုးစက် | ၉၄ |
| ၇။ ကြာပန်းအောက်က ရေ | ၁၁၂ |
| ၈။ ဤမှန်သော မေတ္တာကြောင့် | ၁၂၈ |
| ၉။ ဒဏ္ဍာရီထဲက နတ်သမီး | ၁၄၂ |
| ၁၀။ အနမ်းခက်ဆစ် | ၁၅၈ |
| ၁၁။ အချိန်သည်သာလျှင် တိုင်ပင်ရာ မိတ်ဆွေစစ်ဟု | ၁၇၂ |
| ၁၂။ နလုံးဆိမ်း | ၁၉၀ |

၁၃။ မိုးနှောင်း ၂၀၈

၁၄။ တွင်းနက်ကြီးထဲက နလုံးသား ၂၂၂

၁၅။ စံပယ်မျက်ဝန်း ၂၃၈

## စာရေးသူ၏ အမှာ

၁၉၈၁ ခုနှစ်က စ၍ ကျွန်တော်သည် လက်ာရည်ကျော်အမည်ဖြင့် ဆေးတက္ကသိုလ် တစ်နှစ်လည်း မဂ္ဂဇင်းတွင် ဝတ္ထုတို၊ ကဗျာများ စတင်ရေးသားပါသည်။ ဆယ့်ကိုးနှစ်သားက ရေးတော့လည်း အချစ်ဝတ္ထုတွေပဲပေါ့။ `အချစ်၏ ဒုတိယမြောက် အဓိပ္ပါယ်၊ အချစ်ဟူ၍လည်း ခေါ်ဆိုသူအချို့ ရှိပါသည်၊ အချစ်ကိုပင်လျှင် လျှပ်တစ်ပြက်မျှသာ´ စသဖြင့်။ အချစ်ထဲကကို မထွက်။ ကျွန်တော် သိပ်ကြိုက်သည့် ဆရာသုမောင်၏ ဝတ္ထုခေါင်းစဉ်တွေကို အချစ်ကို စီးရီးနှင့် ရေးခဲ့သည်။ ကြိုက်သူတွေကလည်း ကြိုက်သည်။ အဲသည့်နောက် ဆယ့်ခြောက်နှစ်ကြာပြီး အင်္ဂလန်နိုင်ငံတွင် ပညာတော်သင် သွားနေစဉ် ကာလက အဲသည်ဝတ္ထုတွေကို ကြိုက်ပါသည်၊ မှတ်မိနေသေးသည်ဟု ပြောသော ကိုယ့်ထက်ငယ်သည့် ဆရာဝန်မကလေးတစ်ဦးနှင့်ဆုံတော့ အံ့သြရသေးသည်။ တကယ်တော့ ကျောင်းပြီးကတည်းက ကျွန်တော် စာမရေးဖြစ်တော့ပါ။ အထူးကု ဘွဲ့လွန်သင်တန်းတွေသာ တစ်ခုပြီးတစ်ခု တက်နေခဲ့သည်။ ကိုယ့်ကိုကိုယ်လည်း စာရေးဆရာပြန်ဖြစ်လာဖို့ သိပ်မမျှော်လင့်ရဲတော့။

၂၀၀၄-ခုနှစ်မှာ ကံတရားက အလှည့်အပြောင်းဖြစ်လာပြန်သည်။ အဲသည်တုန်းက ဝတ္ထုတွေကို သဘော ကျ၍ ဟုဆိုကာ စာပြန်ရေးဖို့ လိုက်လာတိုက်တွန်းသူ ပထမ နှစ်ဦး၊ နောက်တော့ သုံးဦးဖြစ်လာသည်။ တစ်ဦးက စာရေးဆရာ၊ နှစ်ဦးက မဂ္ဂဇင်းထုတ်ဝေသူ။ သူတို့အားပေးမှုနှင့် ဝတ္ထုကလေးတွေ ပြန်ရေးသည်။ လက်ာရည်ကျော် ကလောင်ကိုပင် ခံယူခဲ့သည်။ အသက်က လေးဆယ်ကျော်လာပြီဆိုတော့ အချစ်တွေတော့ သိပ်မထည့်ရဲတော့။ ဒဿနကလေးတွေပဲ ဦးစားပေးရေးဖြစ်သည်။ အဲသည့်ကာနေ တဖြည်းဖြည်း လူသိများလာတော့ ဝတ္ထုတို လာတောင်းသည့် အယ်ဒီတာတွေရော၊ ဝတ္ထုရှည်ထုတ်ပေးမည့် ထုတ်ဝေသူတွေရော တော်တော်များလာသည်။

ပရိသတ်ကလေး တော်တော်ရလာတော့ ပရိသတ်ထဲမှာ အတော် အချင်းချင်း ဆန့်ကျင်သည့် မှတ်ချက်အုပ်စု နှစ်စုပေါ်လာသည်။

တစ်အုပ်စုက ...

'ဆရာ့စာတွေက အပြင်က ဆရာ့ရာထူး၊ အသက်နဲ့ မလိုက်ဖက်ဘူး၊ နုးညံ့နေတယ်၊ ခံစားချက်တွေ ပီပြင်တယ်'တဲ့။

နောက်တစ်အုပ်စုက ...

'ဆရာ့အပြင်က အသက်နဲ့ ရာထူးကို မေ့ထားပြီး ငယ်ငယ်တုန်းကလိုပဲ ခံစားချက်ပီပြင်တဲ့ စာမျိုး ရေးစမ်းပါ'တဲ့။

ဘယ်သူက မှန်သည် မသိ။

ကျွန်တော် စာရေးတာ မကြိုက်သော၊ ကျွန်တော့်ကို အထူးကု ဆရာဝန်ကြီး အလုပ်သာ ဖောက်ချ၍ ပီပီပြင်ပြင် လုပ်စေချင်သော အဖေဆရာက ကျွန်တော့်ဝတ္ထုတွေကို တစ်ခါမျှ မဖတ်ဖူးပါ။ သို့သော် သူများပြောသံကြားနှင့် မေးဖူးသည်။

'ဟေ့ကောင်၊ မင်း အချစ်ဝတ္ထုတွေ ရေးနေတယ်ဆို'

'ကျွန်တော်ကတော့ ကျွန်တော်ရေးနေတာ ဘဝသရုပ်ဖော်တွေ၊ ဒဿနတွေပဲ ထင်တာပဲ ဆရာရဲ့၊ တစ်ခုတော့ ရှိတယ်၊ အဲသည့် ဒဿနတွေကို စာဖတ်တဲ့လူ စိတ်ဝင်စားအောင် ဇာတ်လမ်းကလေးလုပ်ရတော့ အသက် ၅၀၊ ၆၀ လူကြီးတွေ ထိုင်စကားပြောနေတာမျိုးတော့ ရေးလို့ ဘယ်ကောင်းမလဲ။ လူငယ်တွေ ဖတ်စေချင်ရင် လူငယ်တွေ စိတ်ဝင်စားမယ့် ဇာတ်လမ်းမျိုးလေးတော့ ဖွဲ့ရတာပေါ့'

ပြောပြပေမယ့် ဆရာ သိပ်လက်မခံပါ။

နောက်တော့ ၂၀၀၇-ခုနှစ်တွင် 'ကြီးကြာတောင်ပံခတ်သံ' က အမျိုးသားစာပေဆု ရလိုက်တော့မှ ဆရာ လက်ခံသွားပြီး ကျွန်တော့်ကို ဂုဏ်ပြုပွဲကလေးပင် လုပ်ပေးပါသည်။

ပြောပြချင်တာက ကျွန်တော့်ဝတ္ထုတွေထဲတွင် အချစ်ဇာတ်လမ်းကလေးတွေ ပါပါနေအောင် ထည့်ရေးဖြစ်နေ ရသည့် အကြောင်းရင်းကိုပါ။ ဦးတည်ချက် ဘယ်လောက်ကောင်းကောင်း စာဖတ်သူကို အဆုံးတိုင် ဆက်ဖတ် ချင်အောင် ဆွဲဆောင်နိုင်မှ ထိုဦးတည်ချက် အထမြောက်သည်ဟု ကျွန်တော်တို့ငယ်ငယ် ဒေသကောလိပ်တွင် 'ပုံနှိပ်ထုတ်ဝေရေးနှင့် စာအုပ်ထုတ်ဝေရေးပညာ ဒီပလိုမာ'သင်တန်းကို တက်ခဲ့စဉ်က စာတည်းပညာ သင်ပေးသော ဆရာကြီး ဦးဝင်းတင် သင်ပေးခဲ့ဖူးသည်ကို အမြဲအမှတ်ရနေပါသည်။ ကျွန်တော် လေးစားကြည်ညိုသော စာရေး ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ကလည်း အဲသည့်အတိုင်း စာပေဟောပြောပွဲတစ်ခုမှာ ပြောခဲ့ဖူးပါသည်။

လူငယ်တွေ ဖတ်မိစေချင်လို့ အဲသည့် သီဂါရ ရသကလေးတွေ ထည့်ထည့်ရေးတာပါ။ ဘဝဟု အတိုကောက် ခေါ်ဝေါ်သုံးစွဲနေကြသည့် ရှန်းကန်ရင်း၊ မအောင်မြင်ရင်း၊ စိတ်ညစ်ရင်း 'ဘဝ'မျိုးတွေကို မကြုံခဲ့ဖူးလို့ မဟုတ်ပါ။ နှစ်ပေါင်းများစွာ ကိုယ်တိုင်ခံစားခဲ့ရပြီး ယနေ့ထက်ထိလည်း နေ့စဉ် ထိတွေ့ကြုံနေဆဲပါ။

လူငယ် ပရိသတ်တွေကတော့ သီဂါရရသ ခပ်များများကလေးပါသော ဝတ္ထုတိုကလေးတစ်ပုဒ်ပါတိုင်း ပွဲတောင်းစာကလေးတွေ ရေးနေကျပါ။

အခု သည်ဝတ္ထုတို ပေါင်းချုပ်ကလေးက သူတို့အတွက် ရည်ရွယ်ပါသည်။ ရေးခဲ့ဖူးသမျှ ဝတ္ထုတို ရှစ်ဆယ်ကျော်ထဲက သိင်္ဂါရ ရသများသော ဝတ္ထုတိုကလေး စု၍ ထုတ်ဝေလိုက်တာမို့ `သိင်္ဂါရ အလှည့်´ဟု နာမည် ပေးလိုက်တာပါ။

နှစ်သက်ကြမည်ဟု ထင်ပါသည်။

ဆန္ဒမွန်ဖြင့်

လက်ာရည်ကျော်

၄. ၁၀. ၂၀၀၉

## နေဝင်းမြင့်၏ အမှာ

(၁)

ဆရာ လင်္ကာရည်ကျော်က သူ၏ ဝတ္ထုတိုစုစည်းမှုဖြစ်သော `သိင်္ဂါရအလှည့်´ ဝတ္ထုတိုပေါင်းချုပ်စာမူကို ကျွန်တော့်ထံ ပို့လိုက်သည်။ အမှာစာရေးပေးရန် တောင်းခံခြင်း ဖြစ်သည်။ ဆရာမပို့မီက အခြားဝတ္ထုတိုဆရာတစ်ဦးနှင့် လုံးချင်းဆရာမတစ်ဦး၏ အမှာစာများ ရေးရန် ကျွန်တော်လက်ခံထားသည့် စာမူနှစ်အုပ် ရှိသေးသည်။ စာရေးရန် ဝါသနာထုံသော ကျွန်တော့်အဖို့ အမှာစာရေးရမည်ဆိုသည့်အခါတိုင်း စိတ်ရောက်တိုင်း ကိုယ်မပါ ဖြစ်ရသည်။ ပင်ကို အားဖြင့် ကျွန်တော် အမှာစာ မရေးချင်ပါ။ မလွှဲမကင်းသာ ရေးရန် အကြောင်းရှိလာသည့် အခါတိုင်း အိပ်မက်ကို နိမိတ် ဖတ်ရသလို ခံစားရလေ့ရှိသည်။ ဆရာလင်္ကာရည်ကျော်၏ ဝတ္ထုတိုတွေ ခေတ်စားလှကြောင်းကို ကျွန်တော် သိပါသည်။ သို့သော် ဆရာ့ဝတ္ထုတွေက ကျွန်တော်နှင့် စိမ်းလှသည် မဆိုနိုင်သကဲ့သို့ ရင်းလှသည်လို့လည်း မပြောသာပါ။ စာဖတ်ချိန်နည်းလှသော ကျွန်တော့်အဖို့ ဝတ္ထုတိုကောင်းများနှင့် လွဲချော်နေရတာတွေ ရှိသည်။ သည်ခေတ်တွင် ဝတ္ထုတို ရေးကြသူတွေ များလာသည်။ ရေးသလောက် ကောင်းကြပါပေသည်ဟု မဆိုနိုင်သော်ငြား ကောင်းအောင် ရေးကြသူတွေချည်း ဖြစ်သည်။ ဝတ္ထုတိုအဖွဲ့၌ ရင့်သန် လာကြသည့် အလျောက် ရင့်ကျက်သော ဝတ္ထုတုတွေ စည်ပင် လာသည်။ အထူးသဖြင့် ရေးဟန်နှင့် စိတ်ကူးတွေက ကျွန်တော်တို့ ဝတ္ထုတိုရေးဦးစ ကာလများနှင့် မတူတော့တာကို သတိထားမိသည်။ တစ်ဆစ်ချိုး ပြောင်းသွားတာတော့ မဟုတ်။ ရွေ့လာခြင်းဖြစ်သည်။ တချို့ဝတ္ထုတိုတွေက ခေတ်ပုံရိပ်၊ ခေတ်စကားလုံးများနှင့် သွက်လက်နေကြသည်။ ရုပ်ပါရုံသဘော စဉ်းစားခြင်း (Victual Thinking)များ ရှိလာသည်။ ပုံရိပ်သယ် စဉ်းစားခြင်း (Image Bearing Thinking)များ ရှိလာသည်။ သည်အလှကို ငယ်မျက်စိ (Young Eyes)ဖြင့် ကြည့်မှ ရိုန်သားကိုက်နိုင်သည်။

(၂)

ဆရာ လက်ာရည်ကျော်က သူ့ဝတ္ထုတိုများကို 'သိင်္ဂါရအလှည့်'ဟု အမည်ပေးသည်။ သိင်္ဂါရသည် နက်နဲသည်၊ ဆန်းကြယ်သည်။ သိင်္ဂါရ၏ သဘောသည် မေတ္တာကာယကံ၊ မေတ္တာ မနောကံ၊ မေတ္တာ ဝစီကံတွေ ကိန်းအောင်းနေသည်။ အပျက်ဓာတ်ဖြစ်သော ကာမဂုဏ်၌ စွဲလမ်းမှု၊ အယူ၌ စွဲလမ်းမှု၊ သီလ၌ စွဲလမ်းမှု၊ အတ္တ၌ စွဲလမ်းမှုတွေလည်း ပါဝင်နေတတ်ပြန်သည်။ သိင်္ဂါမည်သော နာမဓာတ်သည် ထိုးဖောက်ခြင်း၊ ထွင်းဖောက်ခြင်း အနက်ရှိသည်။ ဖြစ်တတ်သော သဘာဝဟု ဆိုအပ်သော ကိလေသာဦးချိုသည် သိင်္ဂါဖြစ်သည်။ တိုးပွားတတ်သော သဘောရှိ၍ ရာဂရှိသော သူတို့၌ အုပ်စိုးခြင်းကို ပြုတတ်သဖြင့် သိင်္ဂါရမည်၏ဟု ဆိုသည်။ သိင်္ဂါရ ရသဟုဆိုလျှင် တင့်တယ်စံပယ်ခြင်း အရသာ၊ ချစ်မက်စွဲလမ်းခြင်း အရသာကို ပြောခြင်းဖြစ်သည်။ တရားတော်၌ ကရုဏာသည် သမာဓိရှိသူတို့တွင်သာ ကရုဏာအတိုင်းတည်သည်။ သမာဓိနည်းသောသူတို့၌ ကရုဏာ လမ်းလွဲ၍ သောက ဖြစ်ရသည်။ ကရုဏာအတိုင်းဖြစ်လျှင် ကုသိုလ်၊ သောကဖြစ်လျှင် အကုသိုလ်။

ဆရာလက်ာရည်ကျော်၏ ဝတ္ထုတိုများကို ဖတ်ကြည့်သည့်အခါ ချစ်ခြင်းဘဝကို အဖွဲ့များသည်ဟု ဆိုနိုင်သည်။ သမုဒယအဖွဲ့များဟုဆိုလျှင် ဝတ္ထုတိုဆရာက ကြိုက်ကောင်းမှ ကြိုက်ပါလိမ့်မည်။ သမုဒယ၏ အနက်သည် တွယ်တာမှု၊ တဏှာနှင့် လောဘကို ဆိုသည်။ မည်သို့ပင်ဖြစ်စေ ဝတ္ထုသည် ဘဝ၏ နိမိတ်ပုံများဖြစ်ရာ သည်သဘောတွေ မပါချင်လို့ မရ၊ ရှောင်လွှဲချင်လို့ မဖြစ်နိုင်။ သည်သဘောတွေကြောင့် တစ်နည်းအားဖြင့် သည်သဘောတွေကို အကြောင်းခံသဖြင့် ဝတ္ထုဖြစ်နေရခြင်းဖြစ်သည်။

(၃)

ဝတ္ထုတိုကောင်းများတွင် အဖွဲ့အနွဲ့များဖြင့် ဖမ်းစားခြင်းကို တွေ့ရတတ်ပါသည်။ အချို့က စကားလုံးများဖြင့် ဖမ်းစားသည်။ အချို့က ဇာတ်ကောင်တို့၏ စရိုက်၊ ဉာဉ်တို့ဖြင့် ဖမ်းစားသည်။ အချို့က လောကသဘာဝ၊ လူ့သဘာဝ ကလေးတွေကို တို့ကာခတ်ကာ ဖမ်းစားသည်။ ဇာတ်လမ်းအားပြုသူတွေ ရှိသကဲ့သို့ လောကအစိမ်းကို ချပြသူ တွေလည်း ရှိသည်။ ဝတ္ထုတိုရေးသူက သက်ရောက်မှုရှိအောင် ဖမ်းစားနိုင်သည်နှင့်အမျှ ဖတ်သူတို့၌ နှစ်သက်ခြင်း ဖြစ်ရသည်။ ဝတ္ထုတိုဆရာသည် အပြောကောင်းသလောက် မပြီးနိုင်ဘဲ ရှိရသည်။ ဝတ္ထုတိုသည် ပြရင်းက ပြောရသည့် အတတ်ပညာဖြစ်သည်။ ထိုပြခြင်း၊ ပြောခြင်းနှစ်ရပ်၌ ကျွမ်းကျင်လျှင် ဖတ်သူအဖို့ တကောက်ကောက် ပါနေရ တော့သည်။ မွေ့လျော်မှု၊ သာယာကြည်နူးမှု၊ အရသာတွေ့မှုနှင့်တကွ လောကအမှုအရာ၊ လူ့အမှုအရာကို ဆင်ခြင် နိုင်သည်။ ဝတ္ထုတိုဟူသော အနုပညာအလုပ်သည် သူ့သဘော သူဆောင်လျက် လောကကို ကိုယ်ထင်ပြသည်။ ဘဝကို ကိုယ်ထင်ပြသည်။ ဝတ္ထုတိုသည် တတ်နိုင်သမျှ ချွေတာထားသော စကားလုံးများသုံးကာ ကြီးမားသော အဓိပ္ပါယ်ကို ဖော်ဆောင်သည်။ သို့သော် ဝတ္ထုတိုတွင် ကန့်သတ်မှု နေရာရှိသည်။ အဓိကကျသော အတွေ့အကြုံ (Central Experience) ကိုသာ ပေးသည်။ တစ်ခါတစ်ခါမှာတော့ ဝတ္ထုတိုဆရာသည် တမင်တကာ အကွက်ချ စီစဉ် ထားမှုနှင့် ပုံဖော်မှုကို ပေးတတ်ပြန်သည်။ ဝတ္ထုတိုသည် သည်နှစ်ချက်ကို လောလောနယ်နယ်ပြုထားသော အနုပညာ ဖန်တီးမှု (Art Form)ဖြစ်သည်။

ဆရာလက်ာရည်ကျော်၏ ဝတ္ထုတိုများသည် အတွေ့အကြုံက လာတာလား၊ အကွက်ချ စီစဉ်မှုက လာတာလား ဝေခွဲရခက်ပါသည်။ ဖြစ်နိုင်ခြေ အခြေအနေတွေထဲက အကောင်းဆုံးအခြေအနေ (The best of all possible situations)ကို ဝတ္ထုတိုအဖြစ်

ဖန်တီးနိုင်စွမ်းသော ပါရမီကြောင့် ထင်ပါ၏။ ထိုနံ့ရုံနှစ်ချပ်၏ အခြားသည် သိမ်မွေ့လွန်းလှသည်။

(၄)

ဆရာလက်ာရည်ကျော်၏ ဝတ္ထုတိုအားလုံးကို ကျွန်တော် ဖတ်ပါသည်။ သတိထားမိ သလောက် မြို့ပြ လူလတ်တန်းစား သရုပ်ဖော်ဝတ္ထုတိုတွေ များသည်။ ဝတ္ထုတိုတွေအားလုံးကို ဖတ်ရသည့်အခါ စာရေးသူ၏ မနော ဇာတ်ကို ဇာတ်ကောင်တွေကြားတွင် လုံးကန် မြင်ရတတ်သည်။ တစ်ခါတစ်ရံ ဇာတ်ကို အားပြုသဖြင့် အဖွဲ့အနွဲ့၌ စိတ်မရောက်တာမျိုးလည်း တွေ့ရသည်။ ဝတ္ထုတစ်ပုဒ်ချင်းသည် ယိမ်းနွဲ့နွဲ့ ဝါးရုံပင် တစ်ပင်စီဖြစ်၍ ဝတ္ထုတို တစ်စု လုံးကို ဖတ်ပြီးသည့်အခါ စိမ်းမြသော ဝါးရုံတောအုပ်ကို လှမ်းမြင်ရသည်နှင့် တူသည်။ သေချာသည့်အချက်မှာ ဝတ္ထုတို များသည် ဝိုးဝိုးဝါးဝါး အခြေအနေတွေထဲက ယုတ္တိထုတ်ခြင်းမဟုတ်ဘဲ အရှိပကတိ ဘဝများထဲက ရွေးသန့်ထားသော ဝတ္ထုတိုများ ဖြစ်နေခြင်းပင်။

အမြင်သာဆုံး အချက်မှာ ဝတ္ထုတို တစ်ပုဒ်ချင်းပါ ဇာတ်ကောင်တို့အပေါ် သူ့ထိုက်နှင့်သူ့ကံ ဝါဒ၊ ကမ္မသကာဝါဒ သက်ရောက်မှုမရှိစေဘဲ ဝတ္ထုတိုဆရာက နူးညံ့စွာ ဖက်ခွဲနိုင်ခြင်း ဖြစ်ပါသည်။ သည့်အတွက် ကြေကွဲစရာဝတ္ထု ကလည်း နူးညံ့နေသည်။ လွမ်းစရာဝတ္ထုကလည်း နူးညံ့နေသည်။ ချစ်မက်ဖွယ်ဝတ္ထုကလည်း နူးညံ့နေသည်။ ဤသည် ပင်လျှင် ဆရာလက်ာရည်ကျော်၏ ဝတ္ထုတိုအတတ်ပညာပင် ဖြစ်နေသည်။ ဝတ္ထုတိုအနုပညာပင် ဖြစ်နေသည်။

နေဝင်းမြင့်

## တိမ်ညှိဦးကင်း

(၁)

အချစ်ကြောင့်သာလျှင် သောကဖြစ်ရသည်။

အချစ်ကြောင့်သာလျှင် ဘေးဖြစ်ရသည်။

အချစ်မှ လွတ်ကင်းသူသည် သောက ဖြစ်စရာ မရှိ။

သောကဖြစ်စရာ မရှိလျှင် ဘေး အဘယ်မှာ ရှိတော့မည်နည်း။

(ဓမ္မပဒ၊ ပိယဝဂ္ဂ)

ကျောင်းဆရာမလေး မသစ္စာ၊ ဆရာပါရဂူ၏ `ဗုဒ္ဓစကား´စာအုပ်ကို ပိတ်၍ ရင်ဘတ်ပေါ် တင်မိသည်။ သက်ပြင်းတစ်ချက်လည်း ချမိသည်။ သည်လိုဆိုတော့လည်း `အချစ်´သည် `ကြီးကျယ်နက်ရှိုင်းသော တစ်စုံတစ်ရာ´ ဖြစ်နေသယောင်ပင်။ ကောင်းသော `တစ်စုံတစ်ရာ´လား၊ ဆိုးသော `တစ်စုံတစ်ရာ´လား၊ ခံစားဆုံးဖြတ်သူ၏ နှလုံးသားနှင့်တော့ ဆိုင်ပေလိမ့်မည်။

အသက်သုံးဆယ် အရွယ်အထိ ချစ်သူမရှိသေးသော မသစ္စာအဖို့တော့ အချစ်အကြောင်းကို တွေးမိတိုင်း မည်းညှို့အုံ့ဆိုင်းသော တိမ်ဦးကင်းကြီးများကို သတိရမိသည်။ မသစ္စာတို့နေထိုင်ရာ သထုံမြို့တွင် မိုးတွင်း၌ တိမ်ညှိ ဦးကင်းကြီးများကို မကြာခဏ ပက်ပင်းဆုံရတတ်သည်။ လေပြင်းက ဝေ့ ၍ဝဲ၍ လိုက်ပါလာမည်။ ဖုန်ငွေ့နှင့်

မိုးရန်နဲ့ တို့က မျက်နှာကို တိုးဝှေ့ကြမည်။ လိုက်မောသလိုလို အားငယ်သလိုလို ခံစားချက်မျိုး ရင်မှာ ပေါ်ထွန်းစေလိမ့်မည်။ နောက် … ဝေါကနဲ သည်းသည်းမည်းမည်း ရွာချပါလိမ့်မည်။

ပြီးတော့ကော၊ ပြီးတော့ တစ်ခဏချင်းမှာ ကောင်းကင်က စင်ကြယ်သွားမည်။ ဘာဆိုဘာမျှ ရှာလို့ ရတော့မည် မဟုတ်။ အချိန်တန်တော့လည်း ပြီးသွားသည့်သဘော။ ဒီသဘောကို အချစ်နှင့် နှိုင်းယှဉ်၍ အမြိုတမ်း တွေးကြည့်တတ်သော မသစ္စာကို ရင်းနှီးသူတို့က ပြက်ရယ်ပြုသည်။ `ဒါကြောင့် အပျိုကြီးဖြစ်တာ´ဟု ဆိုကြသည်။

မိဘနှစ်ပါးစလုံး ငယ်စဉ်ကပင် ကွယ်လွန်ခဲ့ရပြီးနောက် အတူနေထိုင်ကြီးပြင်းခဲ့ရသော လောကကြီးတွင် မသစ္စာ သံယောဇဉ် အတွယ်တာရဆုံး သူလည်းဖြစ်သော မွေးစားအစ်ကိုဖြစ်သူ ကိုမြတ်ထွန်းကတော့ လက်မခံ။

`အချစ်စစ် အချစ်မှန်ဆိုတာ သီချင်းတွေ၊ ဝတ္ထုတွေထဲမှာမှ ရှိတာမဟုတ်ဘူး သစ္စာ၊ အပြင်မှာ တကယ် ရှိတယ်´

ခံစားချက်တို့ သည်းနင့်နေသော အစ်ကိုကို ပြန်မပြောရက်၍ မပြောဖြစ်ပေမယ့် နိုင်မြဲသောအရာဟူ၍ `မနိုင်မြဲခြင်းတရား´သာ ပြစရာရှိသော လောကကြီးတွင် `အချစ်စစ်၊ အချစ်မှန်´ဆိုသည့် စကားအဓိပ္ပါယ်ကို ဘယ်သူ ကများ အဓိပ္ပါယ်ဖွင့်နိုင်မှာတဲ့လဲဟု တွေးမိသည်။

သည်သို့ တကယ်ပြောမိခဲ့လျှင်လည်း လူကြမ်း၊ စိတ်ကြမ်းဖြစ်သူ ကိုမြတ်ထွန်းကတော့ `အချစ်စစ်၊ အချစ်မှန် ဆိုတာ ငါနဲ့ မွန်မွန်ကြားက အချစ်မျိုးပေါ့´ဟု တုံးတိတိဖြေပေလိမ့်မည်။

မွန်မွန်ဆိုသည်က မွန်မွန်လွင်၊ ကိုမြတ်ထွန်း၏ ချစ်သူဇနီး။

ဇာတ်လမ်း၏အစကို ပြန်ကောက်ရလျှင်တော့ မွန်မွန်လွင်သည် မသစ္စာ၏ အလွန်လိမ္မာပြီး အလွန်လှပသော တပည့်မ ကျောင်းသူကလေးတစ်ဦးသာပါ။

ဇာတ်လမ်း၏အစကလည်း ငါးနှစ်ကျော်ကြာခဲ့ပြီ မဟုတ်ပါလား။

(၂)

လွန်ခဲ့သော ငါးနှစ်ကျော် ပြာလဲ့သောကောင်းကင်တွင် တိမ်ညိုတိမ်သားတို့ ကင်းစင်၍ နေရောင်ခြည် တောက်ပနေသော လှပသည့် နေ့ကလေးတစ်နေ့တွင် ကိုမြတ်ထွန်း သထုံရှိ မိဘအိမ်သို့ ပြန်ရောက်လာခဲ့သည်။ အလွန်ချစ်သော အစ်ကိုဖြစ်သူ ပြန်ရောက်မည်ကို မသိ၍ မသစ္စာ ကျောင်းတက်နေမိသည်။ ညနေပိုင်း ကျောင်းပြန် လာတော့ မသစ္စာနှင့်အတူ မွန်မွန်လွင် အိမ်သို့ ပါလာခဲ့လေသည်။

(၃)

ညဘက်တွင်တော့ ထုံးစံအတိုင်း မောင်နှမနှစ်ယောက် လရောင်အောက် ဝရန်တာတွင် ထိုင်ဖြစ်ကြသည်။ ညနေတိုင်း အရက်အနည်းငယ် သောက်တတ်သော ကိုမြတ်ထွန်း ထမင်း အစောကြီး စားနိုင်း၍ စားပြီး ဝရန်တာ လာထိုင်သဖြင့် အနည်းငယ် အံ့သြမိသည်မှအပ မသစ္စာ စိတ်ထဲတွင် ထူးခြားမှုရှိသည်ဟု မထင်။ ကိုမြတ်ထွန်း ကလည်း ထုံးစံအတိုင်းပင် ဆေးပေါ့လိပ်တစ်လိပ်နှင့် ငြိမ်သက်နေသည်။

`သိပ်လှတာပဲနော် သစ္စာ´

မသစ္စာရင်ထဲတွင် ဒိတ်ကနဲ ခုန်သွားသည်။

`ဘာကို ပြောတာလဲ ကိုကို´

`ဟိုကောင်မလေးလေ မွန်မွန်လွင်ဆိုတာ´

`ကိုကိုရယ် ကလေးလေးကိုများ´

`ဟ၊ ဆယ်တန်းဖြေထားပြီးပြီဆို၊ ဒါ ကလေးလား´

`မဟုတ်ဘူး ကိုကိုရဲ့၊ သူက ကလေးလေးအတိုင်းပဲ အပြစ်ကင်းစင်တယ်၊ သိပ်လိမ္မာတယ်၊ မိဘကလည်း မပြည့်စုံရှာဘူး၊ သူ့တော့ သွားမကြိုက်လိုက်ပါနဲ့ ကိုကိုရယ်´

ကိုမြတ်ထွန်း၏ ရည်းစားများသော ဇိဇကို သိရင်းမို့ ပျာပျာသလဲ တားမိသည်။ ကိုမြတ်ထွန်းက ဆေးလိပ် ငွေ့များ သီးအောင်ပင် ရယ်လေသည်။

`ငါက လှလို့လှတယ်ပဲ ပြောတာပါဟာ၊ နင်ကလည်း ငါ့ကို မိန်းကလေးတွေ လိုက်ဖျက်ဆီးနေတဲ့ကောင်များ မှတ်နေလို့လား´

`မိန်းကလေးတွေကို လိုက်ဖျက်ဆီးနေတာတော့ မဟုတ်ဘူးပေါ့ ကိုကိုရယ်၊ ဒါပေမယ့် ကိုကိုက ဒီမြို့မှာ ငယ်ငယ်လေးကတည်းက သူဌေးသားဆိုပြီး ရည်းစားကလည်း ခပ်များများ မဟုတ်လား၊ တခြားမိန်းကလေးတွေ ကိုကိုနဲ့ ရည်းစားဖြစ်ပြီး ကွဲကွဲသွားကြတာ တော်သေးတယ်၊ ဒီကောင်မလေးက သူ့ခမျာ ကောင်လေးတွေ ဒီလောက် ဝိုင်းပိုးပန်း နေတဲ့ကြားထဲက လိမ်လိမ်မာမာလေး၊ ပညာရေး တစ်နှစ်ထိခိုက်တာနဲ့ သူ့မိဘက ကျောင်းဆက်ထားဖို့ တတ်နိုင်မှာ မဟုတ်ဘူးဆိုတဲ့ အသိစိတ်ကလေးနဲ့ စာထဲမှာ နစ်ပြီး နေရှာတာ၊ ကိုကိုနဲ့သာ ရည်းစားဖြစ်ပြီး ကိုကိုက ပစ်သွားရင် ဘဝပျက်မှာ´

ထိုညကတော့ ကိုမြတ်ထွန်း ငေးငိုင်၍သာ နေခဲ့၏။

နောက်နှစ်နှစ်ခန့်အကြာတွင်တော့ ကိုမြတ်ထွန်းနှင့် မွန်မွန်လွင်တို့ သထုံမြို့တွင် လက်ထပ်ဖြစ်ခဲ့ကြ လေသည်။

(၄)

`ကိုကို မွန်မွန့်ကို ဘာလို့ လက်ထပ်ချင်ရတာလဲဟင်´

`မွန်မွန်ကလဲကွာ၊ ချစ်လို့ပေါ့၊ ဘာလဲ ကိုကို့ကို မယုံလို့လား´

`ချစ်တယ်ဆိုတာကို ယုံပါတယ် ကိုကိုရယ်၊ ဒါပေမယ့် ကိုကို့ကို မွန်မွန် ကြောက်တယ်´

`ဟောဗျာ၊ ဘာကို ကြောက်တာလဲ´

`မွန်မွန်က ကလေးသာသာရယ်၊ ဘာမှ နားလည်တာ မဟုတ်ဘူး။ ပြီးတော့ ကိုကို့ကို လူတွေက ပြောကြတယ်၊ ကိုကိုက အရက်လည်း သိပ်သောက်တယ်၊ ပွေလည်း ပွေတယ်တဲ့။ တကယ်လို့ မွန်မွန်နဲ့ယူပြီး ကိုကို အရက်တွေသောက်၊ မိန်းမတွေ ရှုပ်နေရင် မွန်မွန် ငိုနေရုံကလွဲပြီး ဘာမှလုပ်တတ်မှာ မဟုတ်ဘူး´

ကိုမြတ်ထွန်းတစ်ယောက် မွန်မွန်လွင်၏ ညှိုးငယ်သော မျက်နှာကလေးကို ငုံ့ကြည့်ရင်းက `ခြော် ... မွန်မွန်ရယ်´ဟုသာ ကြင်နာစွာ ပြည်တမ်းမိတော့လေသည်။

(၅)

`မမ၊ မမကို ကန်တော့မယ်နော်´

`ဟောတော့ ... ဘာကြောင့်´

`ဟိုလေ ... စောစောက ကိုကိုနဲ့က လူကြီးတွေအားလုံးကို ကန်တော့တယ် မဟုတ်လား၊ မမကျတော့ ကိုကို့ ညီမဆိုတော့ မပါသွားလို့၊ အဲဒါ ခု မွန်မွန် တစ်ယောက်တည်း ကန်တော့မလို့´

ရှည်လျား ပျော့ပျောင်းသော ဆံနွယ်ကလေးများ ကြမ်းပြင်ပေါ်သို့ ဝေ့ဝဲ ကျဆင်းသွားသည်ကို ငေးမော ကြည့်ရင်းက မင်္ဂလာဦးညတွင် သတို့သမီးက သတို့သား၏ ညီမကို အခန်းထဲအထိ လိုက်ကန်တော့သည့် ဓာတ်လမ်းမျိုး မည်မျှများများစားစား ရှိနိုင်ပါမည်လဲဟု ကတ်သီးကတ်သတ် တွေးနေမိလေသည်။

`မမ´

`ရှင် ...´

`ကိုကိုက အရက်တွေ သောက်လာမှာလားဟင်´

မသဇ္ဈာ သက်ပြင်းချမိသည်။

`နည်းနည်းပါးပါးတော့ သူငယ်ချင်းတွေ ကျေနပ်အောင် သောက်လာမှာပေါ့ ကွယ်´

`ကိုကိုက ခဏခဏလည်း သောက်တတ်တယ်ဆို´

မသဇ္ဈာ ဖြေရခက်စွာ ပြုံးရပြန်သည်။

`မွန်မွန်က တားပေါ့ကွယ်´

`မတားချင်ပါဘူး မမရယ်´

`ဘာဖြစ်လို့´

`မွန်မွန်လေ၊ ကိုကို့ကို ချစ်လို့ လက်ထပ်တာ၊ မွန်မွန်နဲ့ လက်ထပ်ရတဲ့အတွက် ကိုကို့မှာ ဘာအနှောင့် အယှက်မှ မဖြစ်စေချင်ဘူး။ အရက်ရော ဆေးလိပ်ပါ မွန်မွန် မကြိုက်ပါဘူး မမရယ်၊ ဒါပေမယ့် ကိုကို့ကို မသောက် ပါနဲ့လို့ မွန်မွန် မပြောရက်ဘူး´

မသစ္စာက ယောက်မ အသစ်စက်စက်ကလေး၏ ပုခုံးကို ကြင်နာစွာ ပွေ့ဖက်လိုက်သည်။

`စိတ်ပူမနေပါနဲ့ ညီမလေးရယ်၊ မေတ္တာဆိုတာ ရောင်ပြန်ဟပ်ပါတယ်´

ထိုညက ကိုမြတ်ထွန်း ပြန်လာတော့ မသစ္စာပင် တံခါးဖွင့်ပေးခဲ့ရသည်။ အရက်နံ့တစ်စက်ပင် မရကြောင်း သတိထားမိသည့်အတွက် မသစ္စာ အံ့အားသင့်ခဲ့ရသည်။ မသစ္စာမျက်နှာကို ရိပ်မိသော ကိုမြတ်ထွန်းက ရှက်ပြုံးပြုံး၍ `ကလေးသာသာ သတို့သမီးလေး အားငယ်နေမှာ စိုးလို့ဟာ၊ ငါ မသောက်ခဲ့ဘူး´ဟု ဆိုသည်။

ထိုတဒင်္ဂက မသစ္စာ ပထမဦးဆုံးအကြိမ် `အချစ်´ကို ယုံချင်ချင်ဖြစ်ခဲ့မိလေသည်။

(၆)

နောက်ပိုင်းတွင်လည်း ခရီးထွက်များသည့် ကိုမြတ်ထွန်းတစ်ယောက် သထုံ ပြန်ရောက်သည့် အချိန်တိုင်းတွင် အရက်မသောက်ဘဲ နေနေတတ်ခဲ့၏။ ဖန်းချော အလိမ္မာလေးဘေးတွင်သာ တည်ကြည်ပျော်ရွှင်စွာရှိနေသော အစ်ကို ဖြစ်သူကို ကြည့်ရင်း မသစ္စာတစ်ယောက် ကြည်နူးချမ်းမြေ့ခဲ့ရ၏။

ပျော်ရွှင်ကြည်နူးဖွယ် ကိစ္စတို့ကို ဘယ်သောအခါကမှ တည်မြဲခွင့်မပေးလေသော ကံကြမ္မာသည် နောက် တစ်နှစ်ကျော်ကြာမှ လှုလုံးထွက်၍ ပြလေတော့သည်။

ကိုမြတ်ထွန်း ခရီးထွက်နေချိန်၊ မွန်မွန်လွင်ကလည်း ကိုမြတ်ထွန်း၏ ရင်သွေးကို လွယ်ထားရချိန် ...

မွန်မွန်လွင်က မကြာခဏ မောမောနေတတ်သည်။ ထိုစဉ်က သထုံမြို့တွင် အထူးကုများ တာဝန်ချထားခြင်း မရှိသေး၍ မသစ္စာအသိ မိခင်နှင့် ကလေးဆရာဝန်မ ကလေးကပင် မွန်မွန်လွင်ကို ကြည့်ရှုပေးခဲ့ရသည်။ သွေးညွှန်ကြား ချက်အတိုင်း သွေးစစ်ခဲ့ရသည်။

`ထင်တော့ထင်သားပဲ မသစ္စာရေ၊ ညီမလေးက နဂိုကတည်းက အသားက သိပ်ဖြူတာဆိုတော့ မမလည်း ရုတ်တရက် မသိဘူး။ စမ်းကြည့်တော့မှ သွေးအားက တော်တော် နည်းနေတာကိုး´

မသစ္စာ ရင်မောသွားသည်။

`ကျွန်မလည်း နဂိုအသားဖြူပဲလို့ ထင်နေတာ မမရဲ့၊ လုပ်ပါဦး မမရယ်´

ဆရာဝန်မကလေးက သွေးအားတိုးဆေး ငါးရက်ဆက်တိုက် ထိုးကြည့်သည်။ ငါးရက်ပြည့်သောအခါ မွန်မွန်လွင်၏ မျက်သားကလေးများ သွေးရောင်ပြန်လွှမ်းလာသည်။ တော်ပါသေးရဲ့ဟု မသစ္စာ သက်ပြင်းချရ၏။

သို့သော် ...

(၇)

မွေးခါနီးဆဲဆဲတွင် မွန်မွန်လွင် အပြင်းဖျားပြန်သည်။ အာသီးရောင်သည်ဟုတော့ ပြောသည်။ သို့သော် သွေးအားက ဆုတ်သွားခဲ့ပြန်သည်။ သွေးထပ်စစ်ရပြန်သည်။

`ဟိုင်ပိုပလတ်စတစ်အနီးမီးယား´ခေါ် ခြင်ဆီ ခန်းခြောက်သော ရောဂါ မသက်ာဖွယ်ရာ တွေ့ရသည်ဟု ဆရာဝန်မကလေးက မျက်စိမျက်နှာပျက်စွာဖြင့် ဆိုသည်။ မသစ္စာ ခေါင်းနားပန်းကြီးရလေပြီ။ အစ်ကိုကလည်း တစ်နယ်တစ်ကျေးမှာ၊ မွန်မွန်လွင် ကိုလည်း ပြောမပြချင်သေး။

သွေးသွင်းရန်လိုသည်ဟု ဆရာဝန်များ တိုင်ပင်၍ ဆုံးဖြတ်ကြသည်။ မသစ္စာ၏ သွေးကိုပင် သွင်းဖြစ် ကြသည်။

ကိုယ်ဝန်ကလည်း ချောချောမောမောပင် နေ့စေ့လစေ့ မွေးဖွားဖြစ်ခဲ့သည်။ အလွန်ချစ်စရာကောင်းသော တူကလေးတစ်ယောက်ပင် ရခဲ့သည်။

`ကလေးကို ဘာနာမည်ပေးချင်လဲ မွန်မွန်´

`ကိုကို့ ရင်သွေးကလေး ကိုကိုကြိုက်တဲ့နာမည် ပေးပါစေ မမရယ်၊ ကိုကိုပြန်လာမှပဲ ကင်ပွန်းတပ်တော့မယ်´

ရုပ်ဆင်းချောမော လှပသလောက် စိတ်ထားဖြူစင်သန့်ရှင်းပြီး ခင်ပွန်းကို အရာရာ ဦးစားပေးတတ်လှသော ယောက်မကလေး၏ မျက်နှာကို ငေးကြည့်ရင်းက မသစ္စာတစ်ယောက် အချစ်ပိုခဲ့ရလေသည်။ သို့သော် တစ်ချိန်တည်း မှာပင် ထိုမျှ ချစ်စရာကောင်းသော မိန်းကလေး၏ နောက်ကွယ်မှ မိုးထိုးနေသည့် ကံကြမ္မာဆိုး အရိပ်မည်းကြီးကိုလည်း ချောက်ချားတုန်လှုပ်စွာ သတိပြုမိနေရပြန်သည်။

စောင့်ကြည့်နေရင်းကပင် တဖြည်းဖြည်း တရိပ်ရိပ် ကြီးမားလာခဲ့သော ထိုအရိပ်မည်းကြီးသည် အသည်းနှလုံး များစွာကို နင့်နင့်သီးသီး ခံစားနာကျင်အောင် လုပ်ခဲ့ဖူးသော အစ်ကိုဖြစ်သူ၏ အကုသိုလ် ဝဋ်ကြွေးများကြောင့်များ ပေါ်ပေါက်လာခဲ့ရခြင်းပေပဲလား။ သို့မဟုတ် စစ်မှန်သော ချစ်ခြင်းမေတ္တာတရားသည် ချစ်သူ ယောကျ်ား၊ မိန်းမ နှစ်ဦးတို့၏ ကြားတွင် ကြည်နူးဖွယ်ရာ ပေါက်ဖွားရှင်သန်နိုင်စွမ်းရှိပြီး ဘဝ၏ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာတို့ကို ကာလ ရှည်ကြာ တည်ဆောက် ထိန်းသိမ်း ပေးနိုင်စွမ်းရှိသည်ဟု တစ်စထက်တစ်စ ပိုမိုယုံကြည်လာနေကြသော သည်မိသားစု ကလေးကို ´မမြဲခြင်းတရား´၏သစ္စာကို သတိပေးနိုင်ရန် အကြံအသက်သက်ဖြင့် ချဉ်းနင်းဝင်ရောက်လာခဲ့ခြင်း ပေပဲလား။ ဝေခွဲ၍ မရနိုင်။

လတ်တလောတွင်တော့ ဘေးမှကြည့်နေရသူ မသစ္စာပင်လျှင် တစ်သက်လုံး သံယောဇဉ်ကြီးမားစွာ ချစ်ခဲ့ ရသော အစ်ကို၊ ချစ်စရာကောင်းလွန်း၍ တစ်နေ့ထက်တစ်နေ့ ပိုချစ်လာမိခဲ့ရသော ယောက်မကလေး၊ လူ့ဘဝထဲသို့ `ဝါး´ကနဲ ငိုကြွေး အော်ဟစ် ဝင်ရောက်လာကတည်းက နှလုံးသည်းပွတ် တုန်ခါလောက်အောင် သံယောဇဉ်တွယ်သွား ရပါသော တူကလေးတို့၏ ရှေ့လာမည့် မရေရာသော အနာဂတ်အကြောင်းတွေးကာ ချောက်ချားတုန်လှုပ်နေမိ ပါတော့သည်။

(၈)

ကိုမြတ်ထွန်း ခရီးမှ ပြန်ရောက်တော့ အကျိုးအကြောင်းကို တီးတိုး အသိပေးရသည်။ ထူးဆန်းသော ရောဂါ၏ သဘာဝကို ကောင်းစွာသဘောမပေါက်၍ ကိုမြတ်ထွန်း စိတ်ညစ်ရုံမျှသာ စိတ်ညစ်သော်လည်း မပေါက်ကွဲခဲ့။ ဇနီးငယ်ကို ရန်ကုန်သို့ ခေါ်သွားသည်။ သွေးဘက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ပြသစစ်ဆေးသည်။ ဆေးရုံ တက်ရသည်။ ရိုးတွင်းခြင်ဆီ စစ်ဆေးရသည်။ သတုံက ဆရာဝန်များထင်သော ရောဂါအတိုင်း ကွက်တိတွေ့ရှိ ရသည်ဟု ဆိုသည်။ ရောဂါအကြောင်း တဖြည်းဖြည်း

သဘောပေါက်လာသော ကိုမြတ်ထွန်း အားစေးမိသွားခဲ့ သော်လည်း မွန်မွန်လွင်က အပြုံးမပျက်ခဲ့။

`လိုတာ လုပ်ကြတာပေါ့ ကိုကိုရယ်၊ စိတ်မပူပါနဲ့၊ အခုလည်း မွန်မွန် နေကောင်းနေတာပဲ´

သည်လိုနှင့် ထိုးဆေး၊ စားဆေးတို့ကို ယူ၍ သထုံပြန်ဖြစ်ခဲ့ကြသည်။

(၉)

ရှိုက်သံသဲ့သဲ့ကြောင့် ကိုမြတ်ထွန်း လန့်နိုးလာခဲ့သည်။ ထကြည့်လိုက်တော့ အလယ်တွင် ချထားသည့် ကလေးငယ်ကလေးကို တစိမ့်စိမ့်ကြည့်ရင်းက မျက်ရည် တွေတွေကျနေသော ဇနီးငယ်ကို တွေ့ရသည်။ ကမန်း ကတန်း ထ၍ ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်ရသည်။

`မွန်မွန်ရယ် ဘာဖြစ်လို့လဲကွယ်၊ ညကြီးမင်းကြီး´

`ဘာ ... ဘာမှမဟုတ်ပါဘူး ကိုကို၊ အိပ်ပါ ကိုကိုရယ်၊ မွန်မွန် ရှူးတာပါ´

`ဘာတွေတွေးပြီး စိတ်မကောင်းဖြစ်နေတာလဲ ကလေးရယ်၊ ကိုကို့ကို ပြောမှပေါ့´

`မွန် ... မွန်မွန့်ခြင်ဆီက ခန်းခန်းလာတယ်ဆိုတာကို ကြောက်ပြီး ...´

`တိတ် ... တိတ် ကလေးရယ်၊ ကင်ဆာရောဂါမှ မဟုတ်တာ၊ ကိုကို ရအောင်ကုပေးမှာပေါ့´

`မွန်မွန် သေရမှာ မကြောက်ပါဘူး ကိုကိုရယ်၊ ဒါပေမယ့် ဒီလောက် ပျော်နေကြရပြီးတော့မှ သားလေးနဲ့ ကိုကို့ကို မွန်မွန် မခွဲနိုင်ဘူး´

`တော် ... တော် ... မွန်မွန်၊ မွန်မွန့်အသက်ကို ကိုကို့အသက်နဲ့စပ်ပြီး ကုရကုရ ကိုကို ရအောင်ကုမယ်၊ မျှော်လင့်ချက် ဘယ်တော့မှ မလျှော့ရဘူး သိလား´

သုံးလခန့်အကြာတွင်တော့ ကိုမြတ်ထွန်း ကရင်ပြည်နယ်ဘက် ခရီးထွက်နေစဉ် မွန်မွန်လွင် အပြင်းဖျား လေသည်။

သထုံမှ ဆရာဝန်များ၏ တိုက်တွန်းချက်အရ ကိုမြတ်ထွန်း ပြန်လာအောင် မစောင့်နိုင်ဘဲ မွန်မွန်လွင်ကို ရန်ကုန်ဆေးရုံသို့ ပို့ရသည်။ မသစ္စာက ကလေးထိန်း၍ ကျန်ခဲ့သဖြင့် မွန်မွန်လွင့်အမေက လိုက်ပါသွားခဲ့သည်။ ကိုမြတ်ထွန်း ပြန်ရောက်၍ အကျိုးအကြောင်း သိရသောအခါ ချက်ချင်း ရန်ကုန်လိုက်ရန် စီစဉ်လေသည်။ မသစ္စာက အစ်ကိုကို ဘူတာသို့ လိုက်ပို့ဖြစ်ခဲ့သည်။

`ရထားကလည်း နောက်ကျလိုက်တာဟာ´

`စိတ်အေးအေးထားပါ ကိုကိုရယ်၊ ဆိုက်ချိန်တောင် မရောက်သေးပါဘူး´

ကိုမြတ်ထွန်း ထိုင်ရာမှ ထသည်။

`ငါ နည်းနည်း သွားမျှော်ကြည့်လိုက်ဦးမယ်´

သံလမ်းနံဘေးတွင် ရထားကို သွားမျှော်နေသော အစ်ကိုကို ကရုဏာသက်စွာ ငေးမောကြည့်နေစဉ်မှာပင် ကျောင်းက တပည့်ကလေးတစ်ဦး စက်ဘီးနှင့် ဝင်လာသည်ကို သတိထားမိသည်။ ကိုယ့်ဆီလိုက်လာမှန်း ရိပ်မိ၍ ကမန်းကတန်း သွားတွေ့လိုက်သည်။

`ဆရာမဒိမ်က လိုက်ပြောခိုင်းလို့´

`ဘာတဲ့လဲ´

`အခုပဲ ရန်ကုန်က ဖုန်းဝင်လာတယ်၊ ဒေါ်မွန်မွန်လွင် ဆုံးသွားပြီတဲ့´

`ရှင်´

သံလမ်းဘက်က ပြန်လျှောက်လာနေသော အစ်ကိုဖြစ်သူသည် ရုတ်တရက် မျက်ရည်များပြည့်အိုင်တက် လာသော မသစ္စာ၏ မျက်ဝန်းထဲတွင် ဝါးထွက်သွားပါ၏။

(၁၁)

မသစ္စာ လက်ထဲက `ဗုဒ္ဓစကား´စာအုပ်ကို ကုလားထိုင်ဘေး ကွပ်ပျစ်ပေါ်သို့ ချသည်။ မျက်ရည်တို့ကို လက်ကိုင်ပဝါနှင့်တို့၍ သုတ်သည်။ ထိုင်နေရာ ဝရန်တာအထက်မှ ကောင်းကင်ပြင်ကို မော့ကြည့်မိပြန်သည်။

မကြာသေးမီက ရွာချလိုက်သော မိုးကြောင့် ကောင်းကင်ပြင်တွင် တိမ်ညိုဦးကင်းတို့ ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်နေကြသည်။

မွေးစားအစ်ကို၏ အခန်းဘက်သို့ မသိမသာ ငဲ့စောင်းကြည့်မိပြန်သည်။ ကိုမြတ်ထွန်းသည် ညလည်း အရက် ပြန်သောက်သည်။ ထမင်းစား နောက်ကျသည်။ သားငယ်ကို မနမ်းဘဲ အိပ်ရာဝင်သွားသည်။ တစ်လတိတိ စိတ်တိုင်းကျ ပေးစံစားထားမည်ဟု သန္နိဋ္ဌာန်ချထား၍ မိမိကို ချစ်၍ မိမိပြောစကားကို လုံးဝ မဟုတ်တောင် အထိုက် အလျောက် နားထောင်မည်ဖြစ်သော မွေးစားအစ်ကို၏ လေလွင့်မှုများကို တားမြစ်စကား မဆိုမိခဲ့။

တစ်လကျော်လျှင်တော့ ပြောမည်။ သားလေးကို အကြောင်းပြု၍ ပြောမည်။ တမလွန်ဘဝမှ မွန်မွန်လွင်၏ မေတ္တာတရားကို လေးစားတတ်ဖို့ ပြောမည်။ မည်မျှ

အောင်မြင်မည်တော့ မသိ၊ သေချာတာကတော့ မသစ္စာရင်ထဲက စကားအားလုံးကိုတော့ ဖွင့်ပြော၍မဖြစ်။

အထူးသဖြင့် အပျိုဖော်ဝင်စဉ် အရွယ်ကတည်းက သိုသိပ်လျှို့ဝှက်စွာ ချုပ်တည်းနိုင်ခဲ့သော ကိုမြတ်ထွန်း အပေါ် ထားရှိခဲ့သည့် ခံစားချက်တစ်ခုကို မရိပ်မိစေရပါ။

သည် တိမ်ညိုဦးကင်းကိုတော့ မသစ္စာ သေသည်အထိ ရင်ထဲမှာ မပျောက်ပျက်အောင် ထိန်းသိမ်းသွားပါမည်။ မိုးအဖြစ် ရွာချ၍ ကုန်စင်သွားမည်ကို နမြောလှပါသည်။

သုခချမ်းသာ မင်္ဂလာဖင်း

ဧမလ၊ ၂၀၀၅

## နေမထိပန်းကလေး ဇွေးဇွေးနီ

(၁)

တော်တော်တော့ ဆန်းသည့် ပန်းပါပေ။

ဒေသခံတို့ကတော့ `ဖောက်ထိုးပန်း´ဟု ခေါ်ကြသည်။ မြေကြီးအထက် အမြင့်တစ်တောင်ခန့်သာမြင့်သော အပင်ကလေးက ပန်းပွင့်မည့်အချိန်ကျလျှင် နေရောင်ကို ကျောခိုင်းလျက် မြေကြီးဘက်သို့ ပြန်ငုပ်လျှိုးပြီးမှ ပွင့်သည်။ ထို့ကြောင့်လည်း `ဖောက်ထိုးပန်း´ဟု ခေါ်ကြခြင်းဖြစ်သည်။

သူ၏ ရုက္ခဗေဒအမည်မှန်က ဘယ်လိုခေါ်ပါသနည်း။ ဝေါဟာရကျမ်း တို့တွင်ရှိသော မြန်မာအမည်မှန်ကရော ဘာပါနည်း။

ဒါတွေကို သူ စိတ်မဝင်စား၊ စိတ်ဝင်စားစရာလည်း မလို။ သူက ရုက္ခဗေဒပညာရှင်တစ်ဦး မဟုတ်သလို မြန်မာစာပညာရှင်တစ်ဦးလည်း မဟုတ်။ လက်ရွေးစင်အားကစားသမားဟောင်းတစ်ဖြစ်လဲ အကောက်ခွန်အရာရှိငယ် တစ်ဦးသာ ဖြစ်သည်။ သူ့ဦးနှောက်ထဲတွင် ပန်းအမည်တို့ မရှိ။ ဘောလုံးကစားကွက်အမျိုးမျိုးနှင့် အကောက်ခွန်ဥပဒေ အမျိုးမျိုးတို့သာ ရှိသည်။

သည်ပန်းနှင့်ပတ်သက်၍ သူတကယ်စိတ်ဝင်စားတာက ပန်း၏အရောင်ဖြစ်သည်။

ပန်းနရောင် မရင့်တရင့်။

မြန်မာရုပ်ရှင်တစ်ကား၏ အမည်နှင့်ပင် တူသေးတော့။ ဒီနာမည်ကို ပေးသော ဇာတ်ညွှန်းရေးဆရာကို သူ မသိ။ ဒါရိုက်တာကတော့ အကယ်ဒမီ မောင်ဝဏ္ဏဟု

မှတ်မိသည်။ အမှတ်မိဆုံးကတော့ သတင်းစာ၌ ကြော်ငြာရာတွင် အသုံးပြုသော စာသားကလေး။

`ဖွင့်ဟ၍ ပြောဆိုအပ်သော မေတ္တာကို အနီရောင်၊ လျှို့ဝှက်ထားသော မေတ္တာကို အဖြူရောင်ဟု သတ်မှတ် ပါလျှင် ပန်းနုရောင် မရင့်တရင့်´ဟု ဖြစ်သည်။

ဆယ်ကျော်သက်အရွယ် နှလုံးသားထဲကို နင့်ကနဲနေအောင် ဝင်သွားခဲ့ပေမယ့် ဒီစကား၏ အဓိပ္ပါယ်ကို မချစ်ဖူးသေးသော ဦးနှောက်က တစ်ခါမျှ နားမလည်ခဲ့ပါ။ ဖွင့်ဟပြောဆိုဝံ့သော မေတ္တာတရားကို `သတ္တိ´ဟု ချီးမွမ်း ထားသည်လား၊ လျှို့ဝှက်ထားသော မေတ္တာကို `ပိုင်ဆိုင်လိုစိတ်ကင်းခြင်း´ဟု အမွှမ်းတင်ထားသည်လား သေသေ ချာချာ သဘောမပေါက်။

ဆယ်စုနှစ်တစ်စုစာ ကြာမြင့်ပြီး ဒီဒေသကလေးကို တာဝန်ဖြင့် ရောက်လာခဲ့ပြီးမှ အကောက်ခွန်အရာရှိ ရိပ်သာဘေး ဟိုလျှောက်ဒီလျှောက် လျှောက်ကြည့်ရင်း ဒေသခံမိတ်ဆွေများက ချက်စား၍ရသည်ဟုဆိုကာ ရှင်းပြသော ဒီပန်းပင်ကလေးကို တွေ့ကာမှ ဒီစကားလုံးကလေးတွေကို မှတ်မှတ်ရရ ပြန်သတိရနေမိသည်။

ပန်းပွင့်ကလေး၏အရောင်မှာ `ပန်းနုရောင် မရင့်တရင့်´ပါပေ။

(၂)

`အမေ ထမင်းစားပြီးပြီလား´

`ပြီးပါပြီ သားရယ်၊ သားတို့ရော´

`ပြီးပြီ အမေ၊ ချမ်းလို့ ပဲနို့ လာသောက်တာ´

`နှစ်ခွက်ပေါ့နော်´

`ဟုတ်´

ရှမ်းဘာသာကို ကျွမ်းကျွမ်းကျင်ကျင် ပြောနေသော သူငယ်ချင်းဖြစ်သူနှင့် ပဲနို့ဆိုင်ရှင် အဒေါ်ကြီးကို အံ့ဩစွာ လှမ်းကြည့်ရင်းကပင် အဒေါ်ကြီး၏ နောက်ကွယ်မှ မျက်လုံးကလေးတစ်စုံကို ဖျတ်ကနဲ သတိထားလိုက်မိသည်။

ဖြူနုသော မျက်နှာလေးပေါ်တွင် တောက်ပစူးရှသော မျက်လုံးတစ်စုံက ထင်းကနဲနေသည်။ အလွန်လှပသော ရှမ်းမကလေးတစ်ဦးပါလား။

`ညီမလေး ဒီနေ့ ကျောင်းသွားလား´

`မသွားဘူး အစ်ကို၊ ဒီနေ့ ဥပုသ်နေ့´

သူငယ်ချင်းနှင့် ရှမ်းမကလေးတို့ မြန်မာဘာသာနှင့်ပင် ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ သူငယ်ချင်းက မိမိ ပုခုံးကို ပုတ်၍ မိတ်ဆက်ပေးသည်။

`ကျွန်တော့်ကောင်တွေက ည ဒီမှာ ချမ်းရင်း အရက်သောက်ကြတယ်။ ငါက အရက်မသောက်တော့ ဒီမှာ တစ်ယောက်တည်း ပဲနို့ လာလာသောက်ရင်းက အမျိုးလိုဖြစ်နေပြီ။ ဒါက ဆိုင်ရှင်၊ ငါကတော့ အမေပဲ ခေါ်တယ်။ ဟိုဟာက အမေ့သမီး၊ ငါတို့က အားငယ်လို့ ခေါ်တယ်၊ ဒါက ကျွန်တော့် ငယ်ငယ်ကတည်းက သူငယ်ချင်း၊ အကောက်ခွန်အရာရှိကလေးပဲပေါ့´

ချစ်စရာ မျက်နှာကလေးက ပြုံးပြသဖြင့် သူ့ဘက်လှည့်၍ ပြုံးပြမိသည်။

`အားငယ်က ဘယ်နှစ်တန်း ရောက်ပြီလဲ´

အားငယ်က မျက်နှာကလေးရဲအောင် ရယ်သည်။ သူငယ်ချင်းက သူ့ထိပ်ကို လှမ်းထုသည်။

`အားငယ်က ဘွဲ့ရပြီးပြီကွ၊ ၂၁ နှစ်။ အခု ကျောင်းသွားလားဆိုတာက သူက မူလတန်းပြ ဆရာမကလေးမို့ မေးတာ၊ ဆောရီး ညီမလေးရေ ဒီကောင် အဲသလိုကြောင်လို့ လူပျိုကြီးဖြစ်နေတာ´

ရှက်ရယ်သာ ရယ်နေလိုက်ရသည်။ အမှန်တကယ်လည်း အားငယ်၏ မျက်နှာကလေးက ဆယ်ကျော် သက်ဟု ထင်ရလောက်အောင် နုပျိုပါသည်။

`သားအသစ် နာမည်က´

`သက်အောင်ပါ ခင်ဗျာ´

`မြန်မာ့လက်ရွေးစင် ဘောလုံးသမားကြီးပေါ့ ဟုတ်လား´

အားငယ်က ခပ်ရှင်ရှင်ကလေး ဝင်နောက်သည်။ ဒီတစ်ခါတော့ ပြုံးရသည်မှာ သူ့အလှည့်။

`ညီမလေးက ဘောလုံးသမားတွေကို သိတယ်ပေါ့´

`အားလုံးတော့လည်း ဘယ်သိမလဲ၊ သက်အောင်ကတော့ မြန်မာအသင်း ဗိုလ်စွဲတဲ့နှစ်က ဂိုးအများဆုံးသွင်း၊ ရုပ်လည်း အချောဆုံးဆိုတော့ မိန်းကလေးတွေက အသည်းစွဲ၊ ယောက်ျားလေးတွေက ဟီးရိုးထား၊ ဂျာနယ်တွေထဲ ခဏခဏ ဖတ်ရတော့ သိနေတာပေါ့။ အစ်ကိုက ရုပ်ပါ နည်းနည်းဆင်တယ်နော်၊ ဂျာနယ်ထဲက သက်အောင် ပုံတွေနဲ့လေ´

သူငယ်ချင်းက ခွက်ထိုးခွက်လန်ရယ်သည်။

`ဖြစ်မှဖြစ်ရလေ ညီမလေးရယ်၊ ဂျာနယ်တွေထဲမှာ သက်အောင်က အကောက်ခွန် ဘောလုံးအသင်းက ဆိုတာ မမှတ်မိဘူးလား၊ အခု ညီမလေးရှေ့ ငုတ်တုတ်ထိုင်နေတာ လူတူ၊ နာမည်တူ မဟုတ်ဘူး၊ အဲဒီ သက်အောင် ကိုယ်တိုင်ပဲ´

ရှမ်းမကလေးမျက်နှာ ရဲကနဲဖြစ်သွားပါသည်။

(၃)

`အမေရေ ပိုက်ဆံ ထားခဲ့ပြီ´

လျှာလေးသံကို မနည်းထိန်းထားရသော လေသံဖြင့် မောင်ထဲက စားပွဲဝိုင်းဆီမှ ရှမ်းဘာသာဖြင့် လှမ်းအော်သည်။

`ရတယ် သားတို့၊ ကျေးဇူးပဲ´

အမေက မောင်ထဲက ဝိုင်းဘက် လျှောက်သွားချိန်တွင် သူတို့နှစ်ဦးက အားငယ်ရှေ့ နံ့တန်းရှည်ကလေးတွင် ဝင်ထိုင်ကြသည်။

`အားလုံးက အမေပဲ ခေါ်ကြတယ်နော်´

ခုတော့ သုံးလခန့်ကြာပြီမို့ သူလည်း ရှမ်းစကားတတ်စပြုနေပြီ၊ သူငယ်ချင်းက ရယ်သည်။

`ငါ့ကောင်ကလည်း အပါကွာ၊ ဒီတစ်ကြောလုံးမှာ အားငယ်က အလှဆုံး၊ အလိမ္မာဆုံး၊ အဲဒါ လူတိုင်းက အားငယ်အမေရဲ့ သားဖြစ်ချင်နေတာ။ မင်းက အနီးဆုံးခုံမှာ ထိုင်ခွင့်ရရနေတော့ ဟိုထောင့်ခုံက အုပ်စုတွေ ဘာတွေ ဆိုတာ မရိပ်မိဘူးပေါ့လေ´

အားငယ်က ရုက်ပြုံးလေးနှင့် ခေါင်းငုံ့ထားသည်။

`မသိဘူးလေ၊ ဘာအုပ်စုတွေလဲ´

`အားလုံး အားငယ်ကို ပိုးတဲ့ကောင်တွေချည်းပဲပေါ့၊ စောစောက နှုတ်ဆက်သွားတဲ့ အုပ်စုက လ. ဝ. က အုပ်စု၊ အရက်သောက်ပြီးတာတောင် ဝင်မအိပ်ဘဲ အမှူးပြေတဲ့အထိ စောင့်ပြီးမှ ပဲနို့လာသောက်ကြတာ၊ အရက်သမား အရက်သောက်ပြီးရင် ဘယ်သူက ပဲနို့ကြိုက်မှာလဲ၊ အားငယ်ကို ကြိုက်လို့ လာနေကြတာ´

`အစ်ကိုကလည်း လျှောက်ပြောပြနေတာ၊ ရုက်စရာကြီး´

အားငယ်က တိုးတိုးဟန့်သည်။

အမေကတော့ မှောင်ထဲမှနေ၍ `သမီးရေ ခေါ့စောင့်ပေးထားဦး´ဟု အော်ကာ ပျဉ်ထောင်အိမ်ကလေးထဲသို့ ဝင်သွားသည်။

သူငယ်ချင်းက ခေါင်းငုံ့၍ တိုးတိုးဆက်ပြောသည်။

`ငါလည်း လျှာယားလို့ ဆက်ပြောပြဦးမယ်၊ ဒီကောင်တွေ လာလို့ ထပြန်သွားလဲ ရိပ်မိလား´

`ဟင့်အင်း´

`တုံးပါ့ကွာ၊ မင်း ရောက်လာလို့ကွ၊ ဒီလောက်တုံးမှတော့ တို့လာတိုင်း ဒီဆိုင်ရှင်စားပွဲရှေ့က ခုံကလေး ဘာလို့ လွတ်နေလဲကော သိရဲ့လား´

`ဘာလို့လဲ´

`အားငယ်က ဘယ်သူ့မှ ပေးမထိုင်လို့ကွ´

`ဟာ အစ်ကိုက တအား စတာပဲ´

အားငယ်က ရှက်ကိုးရှက်ကန်း လက်သုတ်ပဝါနှင့် ကောက်ပေါက်၍ အိမ်ထဲသို့ ပြေးဝင်သွားသည်။

(၄)

တွေ့နေရသည့် အချိန်တိုင်းတွင် နွေးထွေးကြည်နူးစွာ ရင်ခုန်နေမိခြင်း၊ မတွေ့နေရသည့် အချိန်တိုင်း တွင်လည်း ပြေးသွားတွေ့ချင်စိတ်တို့ တစ်ချိန်လုံး ဖြစ်ပေါ်နေခြင်း။

သူနှင့်ပတ်သက်၍ စဉ်းစားကြည့်မိတိုင်းတွင် စိတ်ညစ်ညူးစရာဟူ၍ တစ်ခုမျှပင် ဖြစ်ပေါ်မလာဘဲ နှလုံးသား ထဲတွင် ချမ်းမြေ့၍နေခြင်း။

ဒါတွေကို အချစ်ဟု ဆိုရပါမည်ဆိုလျှင် သူ အားငယ်ကို ချစ်နေမိပြီဆိုသည်မှာ အမှန်ပင်။

သို့သော် ဒါကရော ဘယ်လိုလုပ် ဖြစ်နိုင်မှာတဲ့လဲ။

သူ့မှာက ချစ်သူတစ်ယောက် ရှိနှင့်နေခဲ့ပြီလေ။ ရှိနေခဲ့ရုံမက သူတို့ စေ့စပ်ပင် ပြီးခဲ့ပလေပြီ။ ဒီတစ်ခေါက် ရန်ကုန်သို့ ပြန်လည်ပြောင်းရွှေ့ရပြီးလျှင် လက်ထပ်ကြရန်ပင် အားလုံး စီစဉ်ထားပြီးနေပြီ။

ချစ်သူတဲ့လား။

လှပသလောက် ချမ်းသာကြွယ်ဝသော မြမြနှင်းနှင့် သူ့ကို လက်ထပ်ပေးကြရန် စတင်ကြံစည်ခဲ့ကြသည် မှာတော့ မြမြနှင်း၏ မိဘများနှင့် မြမြနှင့် အဖေ၏ ကျေးဇူးမကင်းသည့် တပည့်ရင်းတစ်ဦးဖြစ်သူ မိမိ၏ဖခင်တို့ ဖြစ်သည်။

သို့ရာတွင် ငယ်စဉ်ကတည်းကလည်း ရင်းနှီးရင်းစွဲရှိနေခြင်း၊ တစ်ဦးကို တစ်ဦးလည်း မျက်နှာချင်းဆိုင် မိခိုက်တွင်လည်းကောင်း၊ ကွယ်ရာတွင် တစ်ဆင့်ကြား ဖြင့်သော်လည်းကောင်း၊ အပြစ်မြင်စရာ၊ ငြိုငြင်စရာတစ်ကွက်မှ ရှာမတွေ့ခဲ့ကြသည်က တစ်ကြောင်း၊ ယောက်ျားလေး ၂၇-နှစ်နှင့် မိန်းကလေး ၂၅-နှစ် ဆိုသည့်အရွယ်တွေမှာ သင့်တော်သူတွေ့က အိမ်ထောင်ပြုသင့်ပြီဟု ယူဆမိသည်က တစ်ကြောင်းတို့ကြောင့် လိုလိုလားလား လက်ခံခဲ့ ကြသည်။ လက်ခံပြီး နောက်ပိုင်းတွင်လည်း တပူးတွဲတွဲ သွားသွားလာလာရှိခဲ့ကြသည်။ `တကယ်ချစ်လို့လား၊ လူကြီးတွေ စီစဉ်လို့ လက်ခံလိုက်တာလား´ဆိုသောစကားကိုပင် အပြန်အလှန်မေး၍ `တကယ်လည်း ချစ်ပါတယ်´ဟု အပြန်အလှန် ဖြေဖြစ်ခဲ့ကြသည်။ ဒီတော့ ချစ်သူတွေပဲပေါ့။

ချစ်သူရှိပြီးသား ယောက်ျားလေးတစ်ဦးက နောက်ထပ် မိန်းကလေးတစ်ဦးကို ချစ်မိလို့ ရလို့လားဟု ကိုယ့်ကိုယ်ကို မေးသည်။ မချစ်သင့်သည်ကတော့ သေချာလှသည်။ ရင်ထဲက ကြိတ်ချစ်ပြီး သိုဝှက်ထားရင်ကော အပြစ်က ကင်းပြီတဲ့လား။ ဒီလိုသာ ချစ်လို့ရနေကြေးဆိုလျှင်တော့ `ချစ်သူ´ဆိုတဲ့စကားက ဘာများ အဓိပ္ပါယ် ရှိမှာတဲ့လဲ။

လက်ထပ်ပြီးတာမှ မဟုတ်သေးတာဟု ကိုယ့်ကိုယ်ကိုတော့ ဖြေတွေးကလေး တွေးမိသည်။ ဒါကရော ဘယ်လောက်အရေးပါလို့လဲ။ တစ်မိသားနဲ့ တစ်မိသမီး `ချစ်ပါသည်´ဟု အပြန်အလှန် ပြောပြီးကြကာမှ စာချုပ် စာရွက်ကလေးတစ်ခုပေါ်တွင် လက်မှတ် မထိုးရသေးရုံ၊ ကိုယ်ထိလက်ရောက် မကျူးလွန်မိကြရသေးရုံနှင့် တခြား တစ်ဦးအပေါ်မှာ စိတ်ညွှတ်ခွင့်က လွယ်လွယ်ရသွားရောတဲ့လား။

စိတ်ညွတ်ခွင့်။

ဟုတ်ပါရဲ့။ ငါ သူ့ကို ချစ်နေတာရော ဟုတ်မှ ဟုတ်ရဲ့လား။ မိဝေးဖဝေး၊ ချစ်သူဝေး၊ တစ်ဦးတည်း နေနေခိုက်မှာ ကိုယ့်အပေါ် ဂရုစိုက်တာလေးတွေ၊ ကြင်နာဟန် အငွေ့အသက်ရှိနေတာလေးတွေကို သာယာမိနေတာ များလား။

သူကတော့ ငါ့ကို ချစ်နေဟန်တူပါရဲ့။ ဒါပေမယ့် ငါက သူ့အချစ်ကို ရယူဖို့ ထိုက်တန်ရဲ့လား။ ပြီးရင်လည်း ထားခဲ့ရမယ့်အတူတူ ခုကတည်းက ရှောင်နေလိုက်ရင် မကောင်းဘူးလား။

အို ငါ့ပါးစပ်က ဘာမှ ဖွင့်မပြောရင် ပြီးရောပေါ့။ သူလည်း မိန်းကလေးပဲဟာ။ ငါ ရှေ့မတိုးရင် သူလည်း ရင်ထဲက ခံစားချက်ကို ဖွင့်ဟခွင့်သာမှာ မဟုတ်ပါဘူး။

နောက်ဆုံးတော့လည်း ကြည်နူးဆွတ်ပျံ့ဖွယ်ရာ ညနေခင်းကလေးများ ကွယ်ပျောက် သွားမည်ကို နမြော နေမိပြန်လေသည်။

'အစ်ကို စားဖူးလားလို့ မေးနေတာလေ'

အားငယ်အသံကလေးကြောင့် လွင့်မျောနေသော အတွေးများ ရုတ်တရက် ရပ်တန့်သွားကြသည်။

'ဟင် ညီမလေး၊ ဘာကို မေးတာလဲ'

'တို့ဟူးနွေးလေ၊ စားဖူးလားလို့'

'ဟင့်အင်း၊ ကျွေးမလို့လား'

ရယ်၍ မေးလိုက်တော့ ချစ်စဖွယ်ပြုံး၍ ခေါင်းငြိမ့်ပြသည်။

`နက်ဖြန် အစ်ကိုအားလား´

`အားတယ်´

`ဟိုအစ်ကိုလည်း ခေါ်ခဲ့လေ၊ အားယေ ညီမလေးနဲ့ မောင်လေးလည်း ခေါ်ခဲ့မယ်။ ဈေးကြီးမှာ သွားစား ကြရအောင်´

ဖော်ရွေသလောက် ဣန္ဒြေကြီးသော မိန်းကလေးသည် သူနှင့် တစ်ခါမျှ နှစ်ယောက်တည်း သွားလာခြင်း မရှိပါ။

`အစ်ကို ပြောင်းခါနီး အမှတ်တရပေါ့´

မျက်လွှာချ၍ တိုးတိုးပြောလိုက်သော အသံကလေးကတော့ ရင်ထဲအထိ နင့်ကနဲ ဝင်ရောက်သွားပါသည်။

(၅)

`သက်အောင်ရာ စိတ်ပူလိုက်ရတာကွာ´

တစ်ကိုယ်လုံး ပေကျံနေသော ရွှံ့မြေများကိုပင် မမှုဘဲ သူငယ်ချင်းက ပြေးဖက်၍ ကြိုဆိုသည်။ သူ့ကာကီရောင် ယူနီဖောင်းအသစ်ကလေး အပေအကျံနည်းစေရန် အားနာနာနှင့် တွန်းဖယ်ရသည်။

`ခုနစ်ရက်တည်း ကြာသွားတာပါကွာ၊ စိတ်ပူစရာလား´

`မှန်ကြည့်ပြီးမှပြော ဟေ့ကောင်၊ မင်းလည်း သရဲရုပ်ပေါက်နေပြီ။ ပြီးတော့ မင်းတို့ ပြန်ရောက်မယ့်ဟာကို တို့မှန်းပြီး ကြိုတာလည်း လေးရက်ရှိပြီ´

`ကြိုစရောလားကွာ၊ အချိန်တန် ကွန်ဗွိုင်နဲ့ ရောက်လာမယ့်ဟာကို´

`အောင်မာ ပြောလိုက်ရင်´

သူငယ်ချင်းက လေသံနိမ့်၍

`အခု ညဆယ့်တစ်နာရီထိုးနေပြီ။ လာ မင်းနောက်မှ ရေချိုး၊ အားငယ်ဆီ သွားရအောင်´

`ဟ ဒီလောက်စွဲနေတာကွာ၊ သူ့ဆိုင်လည်း ပိတ်တော့မှာ´

`ဆိုင်ပိတ်မပိတ်တော့ မသိဘူး သူငယ်ချင်း၊ အားငယ် တစ်ညလုံး အိမ်ရှေ့ကွပ်ပျစ်ပေါ် ထွက်ထွက် ထိုင်နေတာ သုံးရက်ရှိပြီ။ မင်း တကယ် ပြန်ရောက်လာကြောင်း သွားမျက်နှာပြဦး´

ရင်ထဲတွင် နင့်ကနဲ တစ်ချက် အသက်ရှူရန် မေ့သွားသည်။

(၆)

မနက်ဖြန် ပြောင်းရမည့်ညသည် မစောင့်နေပါဘဲနှင့် အလန့်တကြား ရောက်ရှိလာခဲ့သည်။

ရေရာတိပသော သံယောဇဉ်စကား တစ်ဦးနှင့် တစ်ဦး တစ်ခွန်းမျှ မဆိုဖြစ်ပါဘဲနှင့် ပဲနို့ဆိုင်ကလေး ပိတ်သည် အထိ မပြန်ဖြစ်ဘဲ အဓိပ္ပါယ် ထူးထူးခြားခြား မသက်ရောက်သော စကားတစ်ခွန်းတစ်လေ ပြောလိုက်၊ တစ်ယောက် မျက်နှာ တစ်ယောက် ငေးကြည့်နေလိုက်နှင့် ညသန်းခေါင် တိုင်ခဲ့သည်။ သူငယ်ချင်း အကောက်ခွန်

အရာရှိရော၊ အားငယ်၏ မောင်ငယ်နှင့် ညီမငယ်တို့ပါ အတူထိုင်နေကြ၍သာလျှင် ဤကာ ချာနမြမဲ့ဘဲ ရှိတော့သည်။

အပြန်ခရီးတွင်တော့ မှောင်နေ၍ စိတ်မချဟုဆိုကာ မောင်နှမသုံးယောက်စလုံး အတူလိုက်ပို့ကြသည်။

အလိုက်ပဲ သိကြသလား၊ သူတို့နှစ်ဦး၏ ခြေလှမ်းများကပဲ နှေးကွေး လေးလံနေ၍လား မသိ၊ တစ်စတစ်စနှင့် နှစ်ဦးတည်း နောက်မှာ ကျန်လျက် လမ်းလျှောက်လာဖြစ်ခဲ့ကြသည်။

တိတ်ဆိတ်ငြိမ်သက်လျက်။

လရောင်အောက်တွင် အသက်မဲ့လူနှစ်ဦးလို လျှောက်လာကြရာ၊ ရှေ့နားမှ သူငယ်ချင်းနှင့် မောင်ငယ်တို့ ခြေလှမ်းရပ်သံကြားမှ အကောက်ခွန် အရာရှိရိပ်သာ အပေါက်ဝ ရောက်ပြီမှန်း သတိထားမိတော့သည်။

'... မယ်နော်'

ပြောတုန်းကတော့ 'သွားမယ်နော်' ဟူ၍ ဖြစ်သည်။ တကယ် ပါးစပ်က ထွက်လာတော့ လေသံကြားတွင် 'သွား' တစ်လုံး တိမ်မြုပ်ပျောက်ကွယ်သွားခဲ့သည်။ အားငယ်ကတော့ ခေါင်းလေးတစ်ချက် မသိမသာငြိမ့်၍ လက်ထဲတွင် ကိုင်ထားသော အထုပ်ကလေးကို လှမ်းပေးသည်။

'ဘာလဲဟင်'

'ဓာတ်ပုံပေါင်ကလေးပါ၊ အစ်ကိုဖို့'

ယောင်အအနှင့် လှမ်းယူလိုက်ရင်း လက်ချင်း မသိမသာ ထိမိသွားသည်။ အားငယ်က မသိချင်ယောင် ဆောင်၍ မောင်နှင့် ညီမတို့ဆီ လျှောက်သွားသည်။

အမှောင်ရိပ်ထဲတွင် မထင်မရှားသော လှမ်းမြင်ရတော့သည့်နေရာရောက်မှ ဆံနွယ်ရှည်များ ဝဲပျံ့သွားအောင် တစ်ချက်လှည့်ကြည့်၍ ...

`ကြို့တင်လက်ဖွဲ့ပေါ့ အစ်ကိုရယ်´

သူဘာပြန်ပြောရမှန်း မသိခင်မှာပင် မောင်နှမသုံးယောက်စလုံး မှောင်ရိပ်ထဲတွင် ပျောက်ကွယ်သွားကြ ပါသည်။

(၇)

လှပသော ဓာတ်ပုံပေါင်ကလေး အတွင်းတွင် ဖွေးဖွေးနီသော ပန်းကလေး တစ်ပွင့်၏ ပုံကို ထည့်သွင်းထား ပါသည်။

တိမ်တိုက်များကို လေယာဉ်ပြတင်းပေါက်မှ ငေးကြည့်လိုက်၊ လက်ထဲတွင် ကိုင်ထားသော ဓာတ်ပုံပေါင် ကလေးကို ငေးကြည့်လိုက်နှင့် သူ့နှလုံးသားတစ်ခုလုံး ဆွဲဆုပ်ထားသလို တင်းကျပ်၍နေပါသည်။

နာမည်ကျော် အားကစားသမားတစ်ယောက် ဖြစ်ခဲ့ဖူးသဖြင့် သူနှင့် မြမြနှင်းတို့ စေ့စပ်ခဲ့ကြသည့်အချိန် တုန်းက ဂျာနယ်တော်တော်များများတွင် ပါခဲ့ဖူးကြောင်းကိုရော၊ နယ်စပ်မြို့ကလေးမှာ နေသူပေမယ့် အားငယ် စာအလွှန်ဖတ်ကြောင်းကိုပါ သူ မေ့လျော့နေခဲ့မိသည်ကို ယခုမှ နောင်တရနေမိသလိုလည်း ရှိနေသည်။

တော်သေးတာပေါ့။

သူ့အတွက် ငါခံစားမိတာတွေ ဖွင့်မပြောဖြစ်ခဲ့လို့၊ ဖွင့်များပြောမိရင် ငါ့ကို မရိုးသားတဲ့လူတစ်ယောက်လို့ တန်းအထင်သေးသွားမှာ။

သူက အစကတည်းက အားလုံး သိနေခဲ့တာပဲ။

ဟင်၊ ဒါဆိုရင် သူ ဘာဖြစ်လို့ ငါ့ကို ဒီလောက် နွေးနွေးထွေးထွေး ဆက်ဆံခဲ့တာပါလိမ့်။

တကယ်လို့များ သူက ငါ့ကို တကယ်ချစ်နေခဲ့တယ်ဆိုရင် ဘာဖြစ်လို့ ငါသိအောင် စကားလမ်းမကြောင်း ပေးခဲ့သလဲ။ ငါ့မှာ လက်ထပ်မယ့်သူ ရှိနေမှန်း သိနေလို့ အစကတည်းက ရှေ့မတိုးချင်ခဲ့ရင်လည်း ငါ့အပေါ် ဘာလို့ ဒီလောက် ကြင်နာပြခဲ့ရသလဲ။

ဒါမှမဟုတ်၊ ငါကပဲ ငါ့ကိုယ်ငါ အထင်ကြီးလွန်းနေတာလား။

သူက ငါ့ကို တကယ်မချစ်ဘဲ ရိုးရိုးခင်တာကို ငါက ယောက်ျားလေးပီပီ ပိုတွက်နေမိတာလား။

ငါ့ဟာငါ ခံစားနေရတာကို သူလည်း ငါ့လို နေမှာပဲလို့များ ပိုပိုသာသာ စဉ်းစားနေခဲ့မိတာလား။

သေချာတာကတော့ အားငယ်ကသာ ပွင့်ပွင့်လင်းလင်း လမ်းကြောင်းပေးခဲ့လျှင် နောင်ဖြစ်လာမယ့် နောက်ဆက်တွဲပြဿနာအားလုံးကို ရင်ဆိုင်ဝံ့လောက်အောင် သူ့နှလုံးသားက ဒီမိန်းကလေးအပေါ် ညွတ်ပျောင်း လျက်သားရှိနေခဲ့သည် ဆိုသည့် အချက်ပင် ဖြစ်သည်။

ယောင်ဝါးဝါးအာရုံ၊ မှုန်ဝါးဝါးအတွေး၊ တုန်ယင်သောလက်များဖြင့် ဓာတ်ပုံပေါ်က ကလေးကို ဖြုတ်ကြည့် မိသည်။

အပေါ်က အလှထည့်ထားသော ပန်းပွင့်နီနီပုံကလေး ပြုတ်သွားသောအခါ အောက်မှ ပလတ်စတစ်ကျောခွံ ပေါ်လာသည်။

ဘုရားရေ၊ မာကာပင် မင်ဖြင့် ကျောခွံအတွင်းဘက်တွင် ဘာများ ရေးထားပါလိမ့်။

`အစ်ကို့ကို ဘယ်လိုမှ မပြောသင့်မှန်း သိပေမယ့် အစ်ကို့ကို ညီမ သိပ်ချစ်တယ်ဆိုတာကိုတော့ ပြောပြဖူးချင်တယ်။ ဒီလို သိလိုက်ရလို့ အစ်ကို့ဘဝကို ဘာအပြောင်းအလဲမှ အဖြစ်မခံပါနဲ့။ ဒီစာကိုလည်း ဖတ်ပြီးရင် ဖျက်ဆီးပစ်လိုက်ပါ။

သိပ်ချစ်တဲ့

အားငယ်

လေယာဉ်ကြီး လေထဲတွင် ချာလည်လည်သွားသလို ခံစားလိုက်ရပါတော့သည်။

(၈)

နယ်စပ်မြို့ကလေးအကြောင်းကို မြမြနှင်း အပါအဝင် တစ်ပါးသူများအား သူ မကြာခဏ ပြောပြဖူးသည်။ ပြောပြတိုင်းတွင် ပဲနို့ရည်ဆိုင်ကလေး၊ အလွန်လှပသော ကျောင်းဆရာမကလေးနှင့် ခတ်ပုံပေါင်ကလေးတစ်ခု အကြောင်းကို ဘယ်တော့မှ ထည့်ပြောပြလေ့မရှိ။

နေရောင်၏ မမြင်ကွယ်ရာသို့ လှည့်၍ တိတ်တခိုးပွင့်တတ်သော ပန်းကလေးများ အကြောင်းကိုတော့ မကြာခဏ ပြောပြဖြစ်သည်။

တစ်ခုပဲရှိသည်။

ပန်းကလေးများ၏ အရောင်ကို သူ မမှတ်မိ။

စိတ်ထဲတွင်တော့ `ရဲရင့်ခြင်း´၏ ဓွေးဓွေးနီသောအရောင်ကို ဆောင်သည်ဟု ထင်မိသည်။

Family မဂ္ဂဇင်း - ၂၀၀၆

## နတ်ပန်းနွယ်

(၁)

၂၀၀၀ ပြည့်နှစ်တွင် မြန်မာပြည်သို့ ပြန်ရောက်လာတော့ ကိုသစ်အောင်၏ အသက်က သုံးဆယ်ကို တော်တော်လေးကျော်လာခဲ့ပြီ ဖြစ်သည်။ ဆယ့်ရှစ်နှစ်သား ကတည်းက ပြည်ပတက္ကသိုလ်တစ်ခုတွင် စကောလားရှစ် ရပြီး ပညာသင်ရန် ထွက်ခွာသွားသူမို့ ပြည်ပတွင် နေခဲ့ရသော နှစ်ပေါင်းက မနည်းလှ။ မည်သို့ပင်ဆိုစေ ရန်ကုန်မှာ ဆီးကြိုကြသော မိဘများ၏မျက်စိထဲတွင် အိမ်ထောင် မကျသေးသူ ကိုသစ်အောင်သည် အရွယ်မရောက်သေးသူ လူငယ်တစ်ဦးသာ ဖြစ်သည်။

၂၀၀၀ ပြည့်နှစ်တွင်ကား ရန်ကုန်မြို့သည် ပျော့ပျောင်းနူးညံ့သော်လည်း လုံခြုံလုပသည့် အဝတ်အထည် တို့ကို ဝတ်ဆင်ထားသော မိန်းမငယ်လေးများ ပျားပန်းခပ်မျှ လှုပ်ရှားသွားလာနေကြသော မြို့ဖြစ်သည်။ နိုင်ငံခြား တိုင်းပြည်များတွင် အမျိုးသမီးများနှင့် ကင်းကင်းရှင်းရှင်း သိပ်မရှိခဲ့သော်လည်း အနောက်သူတို့၏အလှကို `အသက် မပါသောအလှ´၊ `ခြောက်ကပ်ကပ်အလှ´၊ ရုပ်တုနှင့်တူသော အလှ´ဟု အမျိုးမျိုး ကမ္ဘည်းတပ်ပြောဆိုခဲ့ဖူးသော ကိုသစ်အောင်အတွက်တော့ မြန်မာ မိန်းမငယ်လေးတို့၏ အလှသည် စိမ်းစိုအသက်ဝင် လန်းဆန်းနေသည်ဟု ထင်မိသည်။

ထိုမြန်မာမိန်းမငယ်လေးများထဲတွင်မှ ကိုသစ်အောင်၏ မျက်လုံးထဲတွင် အလှပဆုံးသူသည်ကား သူဖွင့်လှစ် လိုက်သော သွင်းကုန်၊ ထုတ်ကုန် ကုမ္ပဏီတွင် သူ၏ အတွင်းရေးမှူးမလေးအဖြစ် အလုပ်လာလျှောက်သည့် `ဘရဏီမျိုး´ဟူသည့် နာမည် ဆန်းဆန်းနှင့် မိန်းမငယ်လေး ဖြစ်လေသည်။

(၂)

ဘရဏ်ဂီမျိုးဆိုသည့် နာမည်က ရှေးဆန်သယောင်ရှိသော်လည်း ဘရဏ်ဂီမျိုး၏ အသွင်အပြင်က ရှေးမဆန်ပါ။

ကုမ္ပဏီ၏ အနေအထားအရ နိုင်ငံခြားသား အဝင်အထွက်များသဖြင့် ဝန်ထမ်းများကို မြန်မာလုံချည်သာ ဝတ်ကြရန် စည်းကမ်းထုတ်ထားသော်လည်း ဘရဏ်ဂီမျိုးက လုံချည်မကျ၊ စကတ်မကျ ကိုယ်နှင့်တစ်သားတည်း ချုပ်ထားသော ဘောင်းကွဲလုံချည်ကို ဝတ်တော့လည်း ကြည်ကောင်းသယောင်ယောင် ဖြစ်နေ၍ ကိုသစ်အောင်က မတား မြစ်ခဲ့။ မိမိနေထိုင်ခဲ့သော နိုင်ငံများတွင် ကုမ္ပဏီဝန်ထမ်းများအား ယူနီဖောင်း ဆင်တူဝတ်ခိုင်းလေ့မရှိသည်ကို အစွဲပြု၍ ကိုသစ်အောင်ကလည်း သူ့ဝန်ထမ်းများကို လည်ဆွဲကတ်ပြားလေးပါလျှင် ပြီးရောဟု လွတ်လွတ်လပ်လပ် လှုလှုပပ ပေး၍ဝတ်ထားသည်။ ဘောင်းဘီရှည်၊ စကတ် မဝတ်လျှင် ပြီးရော။

ဘရဏ်ဂီမျိုး၏ ထင်းနေသောအလှကို အားကျသူ ဝန်ထမ်းအမျိုးသမီးငယ်တို့က သူ့ပုံစံမျိုးပင် လိုက်၍ ဝတ်ဆင်လေ့ရှိကြသည်။ ကိုသစ်အောင် အတွက်ကတော့ မြန်မာ အမျိုးသမီးဟန်ပန်လည်း မပျောက်၊ သပ်သပ်ရပ်ရပ် ချုပ်ချုပ်ရပ်ရပ်လည်းရှိ၊ ငယ်ရွယ် နုပျိုသော ကိုယ်ဟန်လေးကိုလည်း ထင်ရှားစေသဖြင့် ဒီစကတ်လုံချည်ကို အပြစ် မမြင်မိ။

ပုခုံး နစ်ဖက်စလုံးရော၊ ညှပ်ရိုးနစ်ဖက်စလုံးရော၊ ရင်ညွှန့် တော်တော် နိမ့်နိမ့်အထိရော ဝင်းကနဲ ထင်းကနဲ နေအောင် ပေါ်လွင်နေသည့် ဘလောက်စ်အင်္ကျီများ ဝတ်လာလျှင်တော့ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ သက်တူ ရွယ်တူ ငယ်သူငယ်ချင်း `နွယ်နီစိုး´မှ တစ်ဆင့် မသိမသာ ခေါ်ယူဆုံးမခိုင်းရပြန်သည်။ အရင်ဆုံး ခေါ်အပြောခံရသူ ကလည်း ဘရဏ်ဂီမျိုးပါပေ။

(၃)

`ဒီနေ့ ဘာစိတ်ကူးပေါက်ပြီး ငါနဲ့ ထမင်းလာစားရတာလဲ၊ မျိုး မရှိဘူးလား´

နွယ်နီစိုးက မချိုမချဉ်ပြုံး၍ စလေသည်။ ရှက်ရှက်နှင့်ရယ်၍ ဖြေရသည်။

`ငါ အမ်အက်ဖ်ဒီပီကို လွှတ်လိုက်တယ်။ ကြာနိုင်တော့ တစ်ခုခု ဝင်စားလို့တော့ ပြောလိုက်သား၊ ခါတိုင်းလည်း သူနဲ့စားတာ မဟုတ်ပါဘူးဟာ၊ သူပြင်ကျွေးတာပါ။ နင်ကလည်း သမီးလေးတွေပါ´

နွယ်နီစိုးက အားပါးတရ ရယ်သည်။

`ဆယ့်ငါးနှစ်ပဲကွာတာ သမီးဖြစ်မလားဟာ၊ အဲဒီသမီးလေး ပြင်ကျွေးတာပဲ နင် ကြည့်နူးနေတယ် မဟုတ်လား´

တော် ... တော်ဟု လက်ညှိုးထောင်ပြလိုက်သည်။

`မိန်းကလေးတစ်ယောက် လှတာကို မမြင်မိ၊ သတိမထားမိဘူးလို့ ပြောရင်လည်း ငါ တစ်ခုခုမှားနေတဲ့ ယောက်ျားဖြစ်ဦးမယ်၊ ဒါပေမယ့် အလုပ်မှာ စည်းရှိပါတယ်´

နွယ်နီစိုးက ထမင်းပန်းကန်ကို ကိုသစ်အောင်ရှေ့ ချပေးရင်းက မရပ်သေးဘဲ ဆက်ပြောနေပြန်သည်။

`အဲဒီစည်းနဲ့ မဆိုင်ဘူးလေဟာ၊ ငါက အတည်ပြောနေတာ။ ကောင်မလေး ကြည့်ရတာ နင့်ကို တော်တော် သံယောဇဉ်ရှိနေတဲ့ပုံပဲ၊ သူ့မိဘကလည်း မဆိုးဘူး။ သူလေးကလည်း ပညာတတ်လူငယ်လေး၊ ကြိုးကြိုးစားစား တက်တက်ကြွကြွလည်း

ရှိတယ်၊ လုလိုက်တာကလည်း ပြောမနေနဲ့၊ ငါက အတည်စဉ်းစားပါလားလို့ ပြောနေတာ။ နင် တစ်သက်လုံး လူပျိုကြီးလုပ်မလို့လား'

ကိုယ်စဉ်းစားနေသော အချက်များကို အားလုံးတည့်တည့်လာထိနေသဖြင့် ရှက်ကိုးရှက်ကန်း ရယ်လိုက် ရသည်။

`ဂျင်နရေးရှင်းဂက်ပ် ဆိုတာ ရှိတယ်ဟ၊ အသက်ကွာလွန်းတော့ ရေရှည်မှာ အဆင်ပြေချင်မှ ပြေမယ်။ ပြီးတော့ သူလုတာကလည်း ငါ့မျက်စိထဲမှာ ငါ နိုင်ငံခြားမှာ တွေ့ခဲ့တဲ့ မိန်းကလေးတွေ လုပုံမျိုး၊ မြန်မာလို ဝတ်ထား ပေမယ့် ဘာဖြစ်လို့မှန်း မသိဘူး၊ နောက် အရေးကြီးတဲ့အချက်တစ်ချက် ရှိတယ်။ ငါ လူပျိုကြီးလုပ်နေရတဲ့ အကြောင်းရင်း ပေါ့လေ'

`ဘာလဲ'

`ငါ့ရည်းစားဟောင်းက အပျိုကြီးဖြစ်နေသေးတယ်ဟ၊ သူ့ အရင် အိမ်ထောင်ကျမှ ...'

`ခွေးကောင်၊ ငါက အကောင်းအောက်မေ့လို့'

လက်သုတ်ပဝါနှင့် ကောက်၍ပေါက်လေသည်။

(၄)

နွယ်နီစိုးနှင့် ကိုသစ်အောင်တို့ တကယ်ပင် ချစ်သူတွေ ဖြစ်ခဲ့ကြဖူးပါသည်။ သူငယ်တန်းကတည်းက သစ်အောင်၊ နွယ်နီစိုးနှင့် ဆွေဆွေငြိမ်းတို့ သုံးဦးမှာ တစ်တန်းတည်း တက်ခဲ့ကြသူများဖြစ်သည်။ ဒီအထဲမှာမှ နွယ်နီစိုးတို့ နှစ်ဦးမှာ

အထက်တန်း ကျောင်းသားကျောင်းသူဘဝတွင် ရုပ်ရည်ကြောင့် ထင်ရှား လာကြသူများ ဖြစ်သဖြင့် တစ်နေ့နေ့တွင် ချစ်သူတွေ ဖြစ်လာကြမည်ဟု လူတိုင်းက တွက်ခဲ့ကြသည်။

ဒေသကောလိပ် ကျောင်းသားကျောင်းသူများ ဘဝတွင်တော့ အများ မျှော်လင့်ထားကြသည့်အတိုင်း သစ်အောင်နှင့် နွယ်နီစိုးတို့ ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ ၁၉၈၀ နောက်ပိုင်းနှစ်များက သူငယ်ချင်းတစ်ဖြစ်လဲ ချစ်သူ စုံတွဲအများစု၏ ပုံစံအတိုင်း ချစ်သူသာ ဖြစ်ခဲ့ကြသည်။ ဆက်ဆံရေးက ထူးထူးခြားခြား ပြောင်းလဲမှုမရှိဘဲ ချစ်သူ မကျတကျ ပုံစံမျိုးသာရှိခဲ့သည်။ နှစ်ယောက်တည်းပင် မလည်ပတ်ဘဲ သွားလေရာမှာ ဆွေဆွေမြိမ်းပါ ပါခဲ့သည်မို့ သူတို့ ချစ်သူတွေဖြစ်သွားကြမှန်း (မိဘတွေ အပါအဝင်) လူအများစုက မရိပ်မိလိုက်ကြ။

`ပဝါတစ်ကမ်း၊ လက်တစ်လှမ်း´သာ နေဖြစ်ခဲ့သည်မို့ လမ်းခွဲရသည့် အချိန်တွင်လည်း စိတ်ထိခိုက်စရာ အနည်းနှင့်အများ ရှိခဲ့သော်လည်း ကိုသစ်အောင်ဘက်မှ အားနာစိတ်တော့ မဝင်မိခဲ့။ နွယ်နီစိုးဘက်မှလည်း သူငယ်ချင်းအဖြစ် ဆက်လက်၍ အခင်မင် မပျက်ရှိခဲ့သည်။

လမ်းခွဲရသည့်အကြောင်းကလည်း မည်မည်ရရ မရှိ။ ကိုသစ်အောင်က သူ့ကိုယ်သူ တစ်သက်လုံး နိုင်ငံခြား မှာပဲ အခြေချနေထိုင်ဖြစ်တော့မည်ဟု ထင်မိပြီး နွယ်နီစိုးက သူ့ကိုယ်သူ နိုင်ငံခြားတွင် နေထိုင်ကြီးပြင်းလိုသော ဆန္ဒ မရှိဟု ဆုံးဖြတ်ခဲ့ခြင်းမျှသာဖြစ်သည်။

နောက်ဆုံးတွင်တော့ နှစ်ယောက်စလုံး လူပျိုကြီး၊ အပျိုကြီးဖြစ်ခဲ့ကြရုံမက သူတို့သူငယ်ချင်း ဆွေဆွေမြိမ်း တစ်ယောက်ပါ စီးပွားရေးတက္ကသိုလ်မှ ကထိက အပျိုကြီးတစ်ယောက်ဖြစ်သွားခဲ့ပါသည်။

(၅)

`မျိုး ... နေမကောင်းဘူးလား´

မျိုးက ယောင်ယောင်လေး မို့အမ်းနေသော မျက်ခွံတို့ကို လက်ကိုင်ပဝါနှင့် တို့ရင်းက ရှက်ရယ်ရယ်သည်။

`ဆရာကလည်း မျက်စိ သိပ်ရှင်တာပဲ´

ဆရာက အရိပ်တကြည့်ကြည့်နေတာ ... ဟူသော စကားကို မပြောသင့်သေးဟု ယူဆပြီး ပြန်မျိုချလိုက်ကာ ဘာဖြစ်လို့လဲဟု မေးရသည်။

`ညက သူငယ်ချင်းတွေနဲ့ ထွက်စားတာ ညဥ့်နက်သွားလို့ပါ ဆရာရယ်၊ ဟိုကောင် သူရထွေးလေ၊ သူ့နှုတ်ဆက်ပွဲ လုပ်ကြတာ´

သူရထွေး ဆိုသည်က နိုင်ငံခြား သွားတော့မည်ဆိုပြီး နတ်ထွက်ခွင့် တောင်းသွားသော ကွန်ပျူတာကျွမ်းကျင်သူ လူငယ်လေးဖြစ်သည်။

`သူ့နှုတ်ဆက်ပွဲ ဆရာတို့ လုပ်ပေးပြီးသားပဲ´

`အဲဒါက လူကြီးပိုင်းလေ ဆရာရဲ့၊ ညက လူငယ်ပိုင်း ထပ်လုပ်တာ။ ကာရာအိုကေတွေ ဘာတွေနဲ့ လွတ်လွတ်လပ်လပ် ပျော်ကြတာပေါ့´

ြော် ... ြော် ... ဟုသာ ခေါင်းငြိမ့်မိသည်။

`ဘယ်သူတွေ ပါသေးလဲ´

`အားလုံးနီးနီးပါပဲ ဆရာရယ်၊ လူကြီးတွေသာ မခေါ်တာ၊ အားနာလို့´

ရယ်သာရယ်လိုက်ရသည်။

'သောက်ရော သောက်ကြသေးလား'

ဖက်ပုပြသည်။

'ယောကျ်ားလေးတွေကတော့ သောက်တာပေါ့'

ရင်ထဲတွင် တစ်ဆို့ဆို့ဖြစ်သွားသည်။

'ဘယ်အချိန်မှ ပြီးကြသလဲ'

'ဆယ့်နှစ်နာရီတော့ ကျော်သွားတယ်၊ ကောင်းကောင်းတော့ မမှတ်မိဘူး'

'မိန်းကလေးတွေက ဘယ်လိုလုပ် ပြန်ကြသလဲ'

'ယောကျ်ားလေးတွေက လိုက်ပို့ကြပါတယ်'

'ကားမောင်းနိုင်ကြသေးလို့လား'

နှုတ်ခမ်းစူပြသည်။

'ဆရာက ဆူမလို့လား၊ သိပ်မူးအောင် မသောက်ကြပါဘူး ဆရာရဲ့၊ မျိုးကိုဆိုရင် သူရဲထွေး လိုက်ပို့တာ'

'အိမ်ကို ...'

'အစကတည်းက သူငယ်ချင်းတွေအဆောင်မှာ လိုက်အိပ်မယ်လို့ ပြောခဲ့တာ ဆရာရဲ့၊ အဲဒီကိုပေါ့'

'နို ... ဒီကောင်က နယ်က မဟုတ်ဘူးလား၊ ရန်ကုန်မှာ ကားယူထားလို့လား'

ဖက်ပုပြုပြန်သည်။

'ဆိုင်ကယ်နဲ့ ဆရာရဲ့၊ သူငယ်ချင်းကုမ္ပဏီကလို့ ပြောတာပဲ'

လှျာကလေးထုတ်ပြ၍ ဗိုင်တွဲပိုက်ပြီး အခန်းအပြင် ထွက်သွားခဲ့ပါသည်။

(၆)

'ငါတော့ နင့်ကို သဝန်တိုအောင် တမင်လာပြောပြတာလို့ ထင်တာပဲ'

နွယ်နီစိုးက ဖေးဖေးမမတွေး၍ ပြောသည်။

'ငါလည်း ထင်ပါတယ်။ ဒါပေမယ့် မသင့်လျော်တာတော့ အမှန်လေဟာ၊ ဆုံးမရအောင်ကလည်း ငါက အဲသလိုဖြစ်လို့ ပြောတယ် ထင်ဦးမယ်'

နွယ်နီစိုးက ခေါင်းတဆတ်ဆတ်ငြိမ့်သည်။

'အေးပါဟာ၊ ငါ ကြည့်ပြောပါ့မယ်၊ ဒီကလေးတွေကို ငါ့အမေပြောဖူးတဲ့

'အာသာဝတီနတ်ပန်း'အကြောင်း ပြောပြရဦးမှာပေါ့'

မျက်မှောင်ကုတ်လိုက်သည်။

'ဘာလဲဟ အာသာဝတီနတ်ပန်း'

'နင်သိတာပဲဟာ အာသာဝတီနတ်ပန်းကို၊ အာသာဝတီနတ်ပန်းက ဘာကြောင့် တန်ဖိုးကြီးတာလဲ'

ခေါင်းသာကုတ်ပြလိုက်သည်။

`တန်ဖိုးကြီးတာပဲ သိတာဟ၊ အဲသလိုတော့ မဖတ်ဖူးဘူး´

`ဖတ်ဖူးစရာ မလိုပါဘူးဟ၊ ဆက်စပ်တွေးကြည့်ရုံပါ။ ဘီလူး၊ ဂဠုန်၊ ကုမ္ဘန်၊ ယက္ခဝန်းရခံလို့ ဆိုတာလေ၊ အစောင့်အကြပ် ထူပြောလို့ ရရန်ခက်ခဲလွန်းလို့ တန်ဖိုးကြီးတာပေါ့။ မိဘမောင်ဖွား၊ အစ်ကိုတွေများက ဆိုတဲ့ သီချင်းတောင် ရှိတယ်လေ။ ဒီသိပ္ပံခေတ်ကြီးမှာတော့ မိဘမောင်ဖွား၊ အစ်ကိုတွေများကလည်း ကိုယ့်ဘဝနဲ့ကိုယ်ရှုန်းကန်နေကြရလို့ ရှေးကလို နှမလေးတွေကို ဘီလူး၊ ဂဠုန်၊ ကုမ္ဘန်၊ ယက္ခလိုမစောင့်ကြပ်အားကြတော့ဘူးတဲ့။ ဒီခေတ် မြန်မာ့မိန်းကလေးတွေက ကိုယ့်အရက်နဲ့ကိုယ့်သိက္ခာကို ကိုယ်ပိုင်ဣန္ဒြေ၊ ကိုယ်ပိုင်သိက္ခာ၊ ကိုယ်ပိုင် ဟိရိဩတ္တပ္ပတရားနဲ့ ဘီလူး၊ ဂဠုန်၊ ကုမ္ဘန်၊ ယက္ခလို စောင့်ကြပ်နိုင်မှ အများအထင်သေးစရာမဖြစ်ဘဲ အာသာဝတီနတ်ပန်းလို အများတန်ဖိုးထားတဲ့ ပန်းကလေးတစ်ပွင့်ဖြစ်မှာတဲ့´

အန်တီက တော်လိုက်တာဟာ ... ဟုသာ လေသံနှင့် ရေရွတ်မိသည်။ လပေါင်းများစွာ သူ စဉ်းစား၍ မရခဲ့သော ပုစ္ဆာတစ်ပုဒ်၏ အဖြေကိုလည်း ရှာ၍တွေ့သွားသယောင် ခံစားရသည်။

နိုင်ငံခြားတိုင်းပြည်များတွင် မိန်းမလှလေးပေါင်းများစွာနှင့် ရင်းနှီးခဲ့သော် မြန်မာမလေးတစ်ဦးနှင့်သာ အချိန် တန်လျှင် အိမ်ထောင်ပြုမည်ဟု သူ ဘာကြောင့် ကြိုတင်စဉ်းစားနေမိခဲ့ပါသနည်း။

`အာသာဝတီနတ်ပန်း´အစစ်သည် မြန်မာပြည်မှာပဲ ပွင့်နေလို့လား။ ပွင့်သည်ထားဦး၊ မြန်မာမိန်းကလေးတိုင်း ကရော နွယ်နီစိုး၏အမေ တင်စားသလို

`အာသာဝတီနတ်ပန်း´ပိုင်ရှင်များ ဖြစ်နေကြလို့လား။ အခုပဲ `ဘုရင်မျိုး´ တစ်ယောက်ကို နွယ်နီစိုးက ဒီစကားနှင့် ဆုံးမရတော့မည်။ ဘယ်လောက်များရော ယုံယုံကြည်ကြည် နင့်နင့်နဲနဲ လက်ခံနိုင်ပါမည်တဲ့လဲ။

`နေဦးဟ ... ငါ တစ်ခု သတိရပြီ´

`ဘာလဲဟ၊ နင်က အလန့်တကြား´

`အန်တီကိုယ်တိုင် နင့်ကို နာမည်ပေးခဲ့တာ မဟုတ်လား´

မျက်ခုံးတွန့်ပြသည်။

`ပြောသံကြားဖူးတာပဲ၊ ဘာဖြစ်လို့လဲ´

`စိုး ... ဆိုတာက နင့်အဖေနာမည်လေ၊ နွယ်နီဆိုတာ အာသာဝတီနတ်ပန်းနဲ့ အတူတူပဲ မဟုတ်လား။ အန်တီက နင့်ကို အဓိပ္ပါယ်ရှိရှိ နာမည်ပေးခဲ့တာပေါ့´

မျက်စောင်းလှလှထိုးသည်။

`တစ်လောကလုံး သိတယ်၊ ခုမှ ထ အိပ်မက်မက်နေ´

(၇)

အနည်းငယ် ဝလာပြီး သိသိသာသာ အသားညိုသွားသော်လည်း ဆွေဆွေငြိမ်း၏ ရုပ်ကတော့ သိပ်မပြောင်း လဲလှ။

ကိုသစ်အောင်ရှေ့ ကုလားထိုင်တွင် ဝင်ထိုင်ပြီးသည်နှင့် ချာလည်လည် လှည့်ကြည့်ပြီး မေးသည်။

`ဟဲ့ ... နွယ်နီရော´

`ကွန်တိန်နာ သွားထုတ်တယ်ဟ၊ နင် အေးအေးဆေးဆေး နေမယ်ဆို တွေ့မှာပေါ့၊ ဒီပဲ ပြန်လာမှာပဲဟာ´

ဆွေဆွေငြိမ်းက သဘောကျစွာရယ်၍ ရှေ့ကို ကုန်းပြီး တိုးတိုးလေး မေးပြန်သည်။

`အဆင်ပြေကြပြီ မဟုတ်လား၊ ငါ ဘယ်တော့ မင်္ဂလာဆောင် လာခဲ့ရမှာလဲ´

သူပြောသလို တစ်ခါမှ မစဉ်းစားခဲ့မိသော ကိုယ့်ကိုယ်ကိုပင် ရုတ်တရက် အံ့အားသင့်သွားပြီးမှ ရှက်ရယ် ရယ်လိုက်ရသည်။

`ဘာလဲဟ၊ တို့က အခု သူငယ်ချင်းလိုပဲ နေကြတာ´

ဆွေဆွေငြိမ်းက `ဟင်း´ကနဲ စိတ်ပျက်လက်ပျက်ညည်းသည်။

`ဘာဖြစ်လို့လဲဟ နင်တို့က၊ ငါမနေ့က ပြန်လာတုန်းက နွယ်နီနဲ့ တွေ့ပါသေးတယ်။ နွယ်နီက နင့်အကြောင်းတွေ ပြောနေတုန်း ... ပြီးတော့ ...´

လေသံတိုးတိုးနှင့်ရယ်၍ ...

`လှလည်း လှနေတုန်းပဲ မဟုတ်လားဟ´

အနေရခက်စွာ ရယ်မိပြန်သည်။

`ဒီအရွယ်တွေကျတော့ ဘွာတေးလို့ ပြောရတာ နည်းနည်းခက်လာပြီဟ´

`အပိုတွေနော် သစ်အောင်၊ နင် ငယ်ငယ်လေးတစ်ယောက် ထပ်တွေ့ထားလို့ မဟုတ်ဘူးလား´

အရိုက်ကို ထိသလိုဖြစ်သွား၍ မျက်နှာပျက်မပျက်အောင် လျှောချရသည်။

`ဒီလိုတော့လည်း မဟုတ်သေးပါဘူးဟာ၊ အဲဒါ ထားပါဦး၊ နင်ရော မကွေးမှာ အဆင်ပြေရဲ့လား´

ပုခုံးတွန့်ပြသည်။

`အောက်သူဆိုတော့လည်း အညာမှာ ပျော်လှတယ်တော့ ဘယ်ဟုတ်မလဲဟာ၊ ဒါပေမယ့် ကျောင်းဆရာမ လုပ်ကတည်းက ဝန်ထမ်းဆိုတာ အချိန်တန်ရင် ရာထူးတိုးရမယ်၊ ရာထူးတိုးဖို့ လိုအပ်ရင် ပြောင်းရွှေ့တန် ပြောင်းရွှေ့ ရမယ်၊ ကြိုနှလုံးသွင်းပြီးသားပဲ။ ပြီးတော့ ဌာနမှူးအဆင့်နဲ့ ပြောင်းမလားလို့ အမေးခံရတုန်း ကလည်း ငါက ဒီမှာ စိတ်ညစ်စရာလေးတစ်ခုနဲ့ တွေ့နေလို့ စိတ်ပြေလက်ပျောက် ထွက်သွားလိုက်တာလည်း ပါတယ်´

မျက်ခုံးပင့်ကြည့်မိသည်။

`ဘာလဲ၊ နင်က ဇာတ်လမ်းတွေ ဖြစ်ပြီလား´

ဆွေဆွေငြိမ်းက ခွက်ထိုးခွက်လန်ရယ်သည်။

`ဖြစ်မလားဟဲ့၊ ငါက နင့်နွယ်နီလို အရွယ်တင်လှပ နုပျိုနေတာမှ မဟုတ်တာ။ ငါ စိတ်ညစ်တာက ကျောင်းသားနဲ့ ကျောင်းသူ အတွဲတစ်တွဲနဲ့ ကျိုင်အကြီးအကျယ်တက်လို့´

`ဘယ်လို´

(၈)

ကျောင်းပရိဝုဏ်အတွင်းတွင် မိုးကလေးခပ်ဖွဲဖွဲ၌ ထီးကလေးတစ်ချောင်း နှစ်ယောက်တည်း ဆောင်းလာ ကြသော ကျောင်းသားကျောင်းသူ စုံတွဲတစ်တွဲနှင့် ဒေါ်ဆွေဆွေငြိမ်း ပက်ပင်းတိုးသည်။ ထီးပါမလာသဖြင့် စာအုပ် ကလေး ခေါင်းပေါ်ရွက်၍ အပြေးတစ်ပိုင်း လျှောက်လာရင်းကပင် ကောင်လေးရော၊ ကောင်မလေးပါ သူသင်ရသော အတန်းထဲမှာ ကျောင်းသားကျောင်းသူများဖြစ်ရုံမက သူမနက်တိုင်း လိုက်စီးသော ကျောင်းသူကျောင်းသား ကြိုပို့ကား တစ်စီးတည်းပါနေကျ မျက်နှာလေးများဖြစ်ကြောင်း သတိထားမိသည်။

ထူးခြားချက်ကတော့ နှစ်ဦးစလုံး သူ့ကို မြင်ပါလျက်နှင့် `ဆရာမ ထီးမပါဘူးလား၊ သားတို့ သမီးတို့ ဘယ်ပို့ ပေးရမလဲ´ဟု ဟန်ဆောင်ပန်ဆောင်ပင် လောကွတ် မပြုကြခြင်းပင်ဖြစ်သည်။ ထို့ထက်ထူးခြားသည်က တစ်ယောက် ခါးကို တစ်ယောက် တင်းကျပ်စွာ ဖက်ထားကြသည်မှာ ကောင်မလေး၏ ဘယ်ဘက်ရင်ခွင်မှာ ကောင်လေး၏ ချိုင်းကြားသို့ တစ်သားတည်း ဝင်ရောက်နေခြင်းပင်ဖြစ်သည်။

`ဘုရားရေ ... နိုင်ငံခြားတက္ကသိုလ် ပရိဝုဏ်ထဲများ ရောက်သွားမိလေသလား´ဟု စိတ်ထဲတွင် ပြောချင် စိတ်တို့ တလိပ်လိပ် တက်လာသော်လည်း ရင်ထဲသို့သာ မျိုချဖြစ်လိုက်သည်။ မိုးက ပိုသည်းလာသဖြင့် ဆက်ပြေးလာ ခဲ့သည်။

သိပ်ရက်များမကြာမီတွင် ထိုစုံတွဲကို ကျောင်းကြိုပို့ကားပေါ်တွင် ဒေါ်ဆွေဆွေငြိမ်း သိပ်မသင့်လျော်ဟု ထင်သောအနေအထားဖြင့် တွေ့ရပြန်သည်။ ကောင်လေး၏ ပေါင်တစ်ဖက်ပေါ်တွင် ကောင်မလေးက တင်တစောင်း တင်၍ ထိုင်နေခြင်းဖြစ်သည်။

သည်တစ်ခါတော့ မနေနိုင်တော့သဖြင့် ဒေါ်ဆွေဆွေငြိမ်းက ထိုင်နေရာမှ ဘေးသို့ အနည်းငယ်တိုးကပ်၍ ထိုင်စရာ နေရာပိုတစ်ခုရအောင် ဖန်တီးမိသည်။

`သမီး ... လာ ... ဒီမှာ လာထိုင်´

ကောင်မလေးက ပြုံး၍ ခေါင်းခါပြသည်။

`ရတယ် ... တီချယ် ... သမီးတို့ ဒီလိုပဲ စီးနေကျပါ´

ဘုရားရေ ... ဒီလိုပဲ စီးနေကျ ဆိုပါလား။

`ယောက်ျားလေးနဲ့ မိန်းကလေး မသင့်လျော်ပါဘူး သမီးရယ်၊ လာပါ´

ကောင်မလေးမျက်နှာ တင်းကနဲ ဖြစ်သွားသည်။

`ဒါ သမီးချစ်သူပဲ တီချယ်၊ ဘာဖြစ်လဲ´

မျက်နှာတစ်ခုလုံး သွေးတို့ ထူအမ်းပြည့်လျှံတက်လာသဖြင့် မျက်လုံးတို့ ဝေဝါးသွားသည်။ ဘေးမှ ကျောင်းသူ ကျောင်းသားတို့ဆီမှ သူတို့စုံတွဲကို အပြစ်တင်ပြောသံများလည်း တီးတိုးထွက်ပေါ်လာသည်။ ဒီကြားထဲက ကောင်လေး၏ ဘာလဲကွ၊ ကျောင်းသားကားကို ဆရာမက လာစီးပြီးတော့ ... ဟူသည့် အသံသဲ့သဲ့ကိုလည်း ကြားဖြစ်အောင် ကြားလိုက်ရပါသေး၏။

(၉)

`ငါလည်း ဌာနထဲမှာ ငိုနေတာ ပါမောက္ခက တွေ့သွားပြီး အကျိုးအကြောင်း မေးလို့ ပြောပြတော့၊ သူတို့ကို ပါမောက္ခက ခေါ်တောင်ဆူသေးတယ်။ အဲဒီအချိန် မကွေးကို

ရာထူးတိုးဖို့ ဖြစ်လာတော့ ငါလည်း စိတ်ပြေ လက်ပျောက်ဆို ခေါင်းငြိမ့်ပြီး ထွက်သွားလိုက်တာ အခုဆို သုံးနှစ်ပေါ့'

သက်ပြင်းသာ ချမိသည်။

'ငါလည်း နိုင်ငံခြားတိုင်းပြည်တွေ နေလာတော့ ဟိုက ကလေးတွေ ဒီလိုပဲ ဆိုးကြတာတွေ ကြားဖူးပါတယ်။ ဒါပေမယ့် တို့ကလေးတွေကိုတော့ သူများနိုင်ငံက ကောင်းတာတွေပဲ အတုယူစေချင်၊ မကောင်းတာတွေတော့ အတု မယူစေချင်ဘူး။ အထူးသဖြင့် မြန်မာမိန်းကလေးတွေရဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ အမူအရာနဲ့ လုံခြုံစောင့်စည်းတတ်တဲ့ ဣန္ဒြေကိုတော့ မလျော့စေချင်ဘူး'

ဆွေဆွေငြိမ်းက မပွင့်တပွင့်ရယ်သည်။

'မနှစ်တုန်းက မင်္ဂလာဆောင်တစ်ခုမှာ ကောင်လေးနဲ့တော့ တွေ့သားဟ၊ ငါ့ကို ပြုံးပြီး တီချယ် နေကောင်းလားလို့တောင် နှုတ်ဆက်သေးတယ်'

မျက်ခုံးပင့်မိသည်။ ဆွေဆွေငြိမ်းက ရယ်သည်။

'မအံ့သြနဲ့လေ၊ အဲဒီတုန်းက သူက သတို့သားကိုး။ သတို့သမီးကရော နှုတ်မဆက်ဘူးလားလို့ မမေးနဲ့၊ သတို့သမီးက ငါတစ်ခါမှ မမြင်ဖူးတဲ့ မိန်းကလေး တစ်ယောက်၊ လက်အုပ်လေးချီ၊ ဒူးကလေးညွတ်ပြီး နှုတ်ဆက်တာ၊ တော်တော် ချစ်စရာလေး၊ ဟိုကောင်မလေးတော့ မဟုတ်တာ သေချာတယ်'

'ကောင်မလေးက ဘယ်ရောက်သွားလို့လဲ'

'မသိဘူးလေဟာ၊ ငါနဲ့ တစ်ခါမှ ထပ်မဆုံတော့ဘူး။ ဒါပေမယ့် တွေ့ရင်တော့ ငါ မှတ်မိတာ သေချာပါတယ်။ သူ့အလှက ထင်းကနဲနေအောင် လှတဲ့ အလှမျိုး'

အလူမိနီယမ် တွန်းတံခါးလေး ဖွင့်သံကြားရ၍ မော့ကြည့်လိုက်တော့ ဘရက်ဂီမျိုး လက်ဆွဲအိတ်တစ်လုံးနှင့် ဝင်လာတာ မြင်သည်။

'ဆရာ တော်တော်ရက်စက်တယ်'

'ဟေ ... ဘာလို့'

'လေးနာရီကြာတယ် ဆရာ၊ မတ်တတ်ရပ်ရတာ။ အဲဒါ ဆရာ မျိုးကို အလျော်ပေးတဲ့အနေနဲ့ မစွတာ ဂစ်တာက ဘလူးမောင်တိန်ကော်ဖီ လိုက်တိုက်ပေတော့'

နွဲ့ဆိုးဆိုးနေသည့် ဟန်ပန်လေးကို သဘောကျစွာ ရယ်မောရင်း ဆွေဆွေငြိမ်း ဘက်ကို လက်ပြ၍ ပြောလိုက်သည်။

'နောက်တော့ တိုက်ပါ့မယ်ဗျာ၊ အခုတော့ ဆရာ့သူငယ်ချင်း ဒေါ်ဆွေဆွေငြိမ်း ရောက်နေလို့ သူ့ကိုပဲ အရင် ပရိုးမိုးယားလေး ဖျော်တိုက်လိုက်ပါဦး'

ဆွေဆွေငြိမ်းနှင့် မျက်နှာချင်းဆိုင်မိသည်နှင့် ဘရက်ဂီမျိုး၏ မျက်နှာမှာ တခွေ့တစ်ကောင်ကို မြင်လိုက်ရသူ တစ်ယောက်လို သွေးဆုတ်သွားခဲ့ပါသည်။ ကမန်းကတန်း နောက်ဆုတ်နောက်ဆုတ်နှင့် အလူမိနီယမ်တံခါးလေးဆီ ရောက်သွားပြီး ကမန်းကတန်း တံခါးဖွင့် ထွက်ခွာသွားပါသည်။

ဘာပြောရမည်မှန်း မသိသဖြင့် သူငယ်ချင်းနှစ်ဦးသား အတန်ကြာ တိတ်ဆိတ်စွာ ဆက်ထိုင်နေဖြစ်ကြ ပါသည်။ ကော်ဖီရော၊ ဘရက်ဂီမျိုးပါ ပြန်ရောက်မလာခဲ့ပါ။

'ပြန်မယ်ဟာ၊ နင့် ပရိုးမိုးယားက လာမှာ မဟုတ်တော့ဘူး။ သေချာပြီ'

ဆွေဆွေငြိမ်းက ရယ်၍ပြောသည်။

'ဘာဖြစ်ကြတာလဲဟ'

'နှင့် စက္ကရီတေရီနဲ့ ပြောတာလား။ ဘာမှ မဖြစ်ပါဘူး၊ သူက အသက်တောင် တော်တော်ရှည်ဦးမှာ'

'ဘာရယ်'

'ငါပြောတဲ့ကောင်မလေးက သူလေ၊ သူ့နာမည် ဘရက်ဂီမျိုး မဟုတ်ဘူးလား'

ကိုသစ်အောင်နားတို့ အူထွက်သွားပါသည်။

(၁၀)

နောက်ခြောက်လအကြာတွင် ကိုသစ်အောင် လက်ထပ်ဖြစ်ပါသည်။ သတို့သမီး ကတော့ အများကြိုတင် ထင်ကြေးပေးထားကြသည့်အတိုင်း နွယ်နီစိုး ဖြစ်ပါသည်။

ဆွေဆွေငြိမ်းက သူ့အသက်ကို အကြောင်းပြကာ သတို့သမီးရံလုပ်ရန် ငြင်းဆန် သဖြင့် အရွယ်ချင်း ကွာသော်ငြားလည်း ကုမ္ပဏီဝန်ထမ်း ယောက်ျားလေးနစ်ဦးနှင့် မိန်းကလေးနစ်ဦးက လူပျို့ရံ၊ အပျိုရံ လုပ်ကြပါသည်။ ဘရက်ဂီမျိုး မပါပါ။ ဘရက်ဂီမျိုး အလုပ်ထွက်သွားပြီးနောက်ပိုင်း ကုမ္ပဏီနှင့် အဆက်အသွယ်မလုပ်ခဲ့ပါ။

ဇီဝက မဂ္ဂဇင်း၊

ဇန်နဝါရီလ၊ ၂၀၀၉

## ပိတောက်စည်း

(၁)

အာရုံများစွာတို့ ဂနာမငြိမ်လောက်အောင် ခုန်ပေါက်မြူးထူး ပျံလွှားနေသော စိတ်အစဉ်နှင့် ကျယ်လောင်စွာ ရယ်မောရင်းက လက်ထဲက ရေဗလားကို ကားပေါ်ရှိ ရေစည်မှ မနားတမ်းခပ်၍ ပက်နေသော ဖျတ်လတ်သည့် လှုပ်ရှားမှုအားလုံးတို့ကို ရုတ်ချည်း ငြိမ်သက်သွားလောက်အောင် အင်အားကြီးမားသည့် အလှတရားတစ်ခုသည် တကယ်ရော လက်တွေ့ရှိနေနိုင်ပါသလား။

ဒီသင်္ကြန်မတိုင်မီကတည်းက သင်္ကြန်များစွာတို့သည် ဤသို့ပင် ပျော်ရွှင်စွာ ဖြတ်သန်းနေကျ။ မိန်းမလှလေး ပေါင်းများစွာတို့ကိုလည်း အနီးမှ သော်လည်းကောင်း၊ အဝေးမှသော် လည်းကောင်း၊ ရင်းရင်းနှီးနှီးသော် လည်းကောင်း၊ ခပ်လှမ်းလှမ်းမှသော် လည်းကောင်း ဆုံတွေ့နေကျ။ ဒီကောင်မလေးက ထိုမိန်းမလှလေးများထက် ပိုပြီး ဘာများ ထူးထူး ခြားခြား လှပနေလို့ပါလိမ့်။

စင်မြင့်ပေါ်တွင် သင်္ကြန်ဝေး တစ်ပုဒ်ကို နောက်ခံပြု၍ ကနေသော မိန်းကလေး ကိုကား ခပ်ဝေးဝေးက လှမ်းအကြည့်မှာတော့ ၁၇၊ ၁၈ နှစ်ခန့် အရွယ်လေးမို့ အရွယ်မရောက် တရောက် မိန်းကလေးပဲဟုသာ သတိထား မိသည်။ သူပါသောကား မဏ္ဍပ်အနီးသို့ ရောက်လာ၍ ရေစက်လေးများ တင်နေသော နပျိုလန်းဆန်းသည့် မျက်နှာလေးကို မြင်လိုက်ရစဉ်အခိုက်မှာတော့ ကားကလည်း ရုတ်တရက် ရပ်သွားသလို နလုံးခုန်သံကလည်း လိုက်ကန် ရပ်သွားသယောင်။

အတူပါလာသော သူငယ်ချင်းက ချက်ချင်းရိပ်မိသည်။

`ဟေ့ကောင် ... ဆင်း ... ဆင်း၊ ကိုထွေးရေ ကားကို မက္ကာပ်ဘေးကွေ့ပြီး ရတဲ့နေရာ ရပ်ထားလိုက်၊ ကျွန်တော်တို့ ဒီမှာ နားမယ်´

ကြက်သေသေနေသော သူ့ကို တွန်းထိုးဆွဲခေါ်ရင်းက သူငယ်ချင်းငါးယောက် မက္ကာပ်ရှေ့တွင် ပစ်ကပ် ကားလေးပေါ်က ခုန်ချကြသည်။ ကားလေးက မက္ကာပ်လုံခြုံရေးတို့ ပြပေးသည့်လမ်းအတိုင်း ရေလုံးကြီးများကြားမှ ဖြည်းဖြည်းချင်းကွေ့ကာ ကားရပ်စရာ နေရာကို ရှာနေစဉ် သူတို့သူငယ်ချင်းတစ်သိုက် ရေစက်လက်ဖြင့် အကာစင်မြင့် ဘေးသို့ ချဉ်းကပ်လာခဲ့ကြသည်။

`ဘာလဲကွ၊ နဂိုက အင်းလျားကျမှ နားမှာဆို´

သူငယ်ချင်းက ရယ်သည်။

`ဟုတ်တယ်လေ၊ အခုက မင်း ကြက်သေသေပြီး ကားပေါ်က ပြုတ်ကျသွားမှာ စိုးလို့ ငါက အလိုက်သိသိနဲ့ ရပ်ခိုင်းလိုက်တာ´

ဘာလဲကွ၊ ဒီကောင်က ဘာဖြစ်လို့လဲ ... ဟု ကျန်သူငယ်ချင်းသုံးဦးက တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းမေး ကြတော့ အကင်းပါးသူ သူငယ်ချင်းက စင်မြင့်ပေါ်သို့ လက်မညွှန်ပြသည်။

စင်မြင့်ထက်တွင်တော့ ရွှေရင်သိမ်းသစ်အရွယ် ညီမငယ်လေးက ချစ်စဖွယ် အပြုံးလေးဖြင့် `တူးပို့ တူးပို့´ စည်းချက်ညီ ကနေဆဲ။

`ကလေးသာသာလေးကိုကွာ´

တစ်ယောက်က ရှုံ့မဲ့၍ ကဲ့ရဲ့သည်။

'ဒီလောက်လှတာကွာ၊ ကလေးသာသာလေးလည်း ဘယ်နစ်နစ်စောင့်ရ စောင့်ရ စောင့်နိုင်ပါတယ်၊ ရင်ထဲကို အေးစိမ့်သွားတာပဲ၊ နလုံးသားထဲကို ကျောက်စက်ရေ တစ်ပေါက် ကျလာသလို ...'

သူငယ်ချင်းတစ်ယောက်က ဖုန်းကာနဲ ဖက်ပိုးအုပ်သည်။

'ကောင်မလေးလှတာ ငါတို့လည်း မြင်ပါတယ်။ မင်းက ဆရာဝန်တောင် ဖြစ်ပြီးသားကောင်၊ အရွယ်ချင်း စည်းခြားနေတာ သတိထားဦးလို့ ပြောတာ'

တစ်ယောက်တစ်ပေါက် ဝိုင်းမြည်တွန်တောက်တီးနေသံများကို ဂရုမစိုက်နိုင်ဘဲ စင်မြင့်ထက်မှ မိန်းကလေးကို တမေ့တမော ငေးကြည့်နေမိသည်။ ထိုစဉ်မှာပင် တီးလုံးက ဆုံးသွားသဖြင့် သူကလေးက လက်အုပ် ချီ၍ စင်နောက်ဘက်သို့ ဝင်သွားသည်။ ရေပိုက်များဖြင့် ရေပက်ကစားနေသူ မိန်းမပျိုအချို့က အကစင်မြင့်နားတွင် အုကြောင်ကြောင် ရပ်နေကြသော သူတို့လူသိုက်ဘက်သို့ တစ်ချက်တစ်ချက်လှည့်၍ ရေပိုက်နှင့် လှမ်းပက်နေသည်။

'နဝဒေးတောင် သကြန်မှာ ဒီလို ငယ်ငယ်လေးတွေ့ပြီး ကြိုက်သေးတာပဲ'

လေသံတိုးတိုးနှင့်ရွတ်တော့ အောင်မာ ... ဟု ဝိုင်းအော်ပြီး ထုကြရိုက်ကြပြန်သည်။ နိုင်းစရာလားကွ။ နဝဒေးက စာဆိုတော် စစ်သူကြီး၊ မင်းက အေအိုင်ဒီအက်စ်ကုတဲ့ ဆရာဝန်ကြီးဟုလည်း ဆိုကြပြန်သည်။

ဘာလဲကွာ၊ နယ်စည်းမထား ဆရာဝန်အဖွဲ့က ဆေးမှူးပါ၊ မင်းတို့ အသက်စည်းခြားတာတွေ ဘာတွေ လာမပြောနဲ့ဟုလည်း ခွန်းတုံ့ပြန်မိသည်။

ကားရပ်နိုင်းသူ သူငယ်ချင်းကတော့ ခေါင်းလေးတဆတ်ဆတ်ငြိမ့်၍ ဝင်ပြောသည်။

`တစ်ခုတော့ ရှိတယ်ကွ၊ ဒါက သင်္ကြန်၊ သင်္ကြန်ဆိုတာ လူငယ်တွေက စည်းတွေဘောင်တွေကို ကျော်နေကျ အချိန်မျိုးပဲ၊ ကျော်သာကျော်´

`ဘာလဲကွ၊ လူငယ်တွေက ဘာစည်းတွေ ဘောင်တွေ ကျော်ကြလို့လဲ´

သူငယ်ချင်းက ရယ်သည်။

`အနောက်နိုင်ငံသားတွေအတွက်တော့ ခရစ္စမတ်ပေါ့ကွာ၊ တို့မြန်မာတွေမှာတော့ သင်္ကြန်ပေါ့။ တစ်နှစ်လုံးမှာ ဒီအချိန်တစ်ချိန်မှာတော့ လူတွေရဲ့ အတွင်းစိတ်မှာ အကြောင်းမည်မည်ရရ မရှိလည်း ပျော်နေကြတယ် မဟုတ်လား၊ ခါတိုင်း ခွင့်မလွှတ်တဲ့ စည်းကျော်တာတချို့ကိုလည်း ခွင့်လွှတ်ကြတယ်လေ´

`ဥပမာ မင်း မိန်းကလေး တစ်ယောက်ကို လမ်းမှာ လှလိုက်တာလို့ အော်ပြောရင် သာမန်အချိန်မှာဆို စိတ်ဆိုးမှာပဲ။ သင်္ကြန်မှာကျတော့ ခွင့်လွှတ်တယ်၊ ဟုတ်တယ် မဟုတ်လား၊ တို့ကောင်ကြီးက အသက်အစိတ် လူပျို၊ ကောင်မလေးက ခုနစ်နှစ်လောက် ငယ်ချင်ငယ်မယ်။ ပုံမှန်အချိန်မှာဆို ဝင်ရောရင်တောင် ဟားလွှတ်ခံထိချင် ထိနိုင်တယ်။ သင်္ကြန်ဆိုတဲ့ အခွင့်အရေးကို ယူပြီး ဒီအသက်စည်းကလေးကို ရင်ဆိုင်ကြည့်ရင် မျှော်လင့်ချက် ရှိနိုင်တယ်၊ ဒီတော့ ...´

`ဟိတ် ... တော်တော်၊ ဘီယာ မသောက်ရသေးဘဲ ရစ်ပြီး လက်ချာရိုက်မနေနဲ့၊ ဒီမှာ ရေမွှန်းတော့မယ်၊ ဒီကောင်ကြီး ဘာလုပ်ရမယ်ဆိုတာ တည့်တည့်သာ အကြံပေး´

တစ်ယောက်က ဝင်ဖြတ်တော့ သူငယ်ချင်းက ရယ်ပြန်သည်။

'ကိုင်း ... ဒီနားမှာ ပိတောက်ပန်းစစ်စစ် လှလှလေးများ ဝယ်လို့ရမလား ရှာကြရအောင်'

(၂)

ရွှေရင်သိမ်းသစ်လေးက သူ့ထက် အနည်းငယ်ကြီးမည့် မိန်းမပျိုလေး နှစ်ဦးအလယ်တွင် ပလတ်စတစ် ကုလားထိုင်လေး တစ်လုံးနှင့် ထိုင်နေသည်။ တီးတိုးရယ်ပွဲ ဖွဲ့လျက်က ရေပက်ခံကားများဆီ ငေးမောကြည့်နေသည်။

'ငါသိပြီ သူငယ်ချင်း'

တဒိတ်ဒိတ်ခုန်နေသောရင်ကို ကြိုးစားအနိုင်ယူနေရင်းက ပြန်မေးမိသည်။

'သိနေပြန်ပြီ။ ဘာလဲကွ'

'ကောင်မလေးက လှတာတော့ လှတာပဲ။ ဒါပေမယ့် တို့အားလုံးထဲမှာ မင်းတစ်ယောက် ရင်ထဲကို ဒိတ်ကနဲ ဆောင့်သွားရတဲ့အကြောင်းရင်းကိုလေ'

'ဘာဖြစ်လို့လဲ'

'သေသေချာချာ ကြည့်ပါလား၊ မျက်နှာကျက မင်းရုပ်အတိုင်းပဲ၊ မင်းတို့ နှစ်ယောက် မောင်နှမဆိုရင် လူတိုင်း ယုံမှာ။ ရဲရဲသာသွား သူငယ်ချင်း၊ သူလေးလည်း မင်းမျက်နှာကို မြင်ရင် ရင်ထဲမှာ ရင်းရင်းနှီးနှီး ခံစားရမှာပဲ'

ဘုရားရေ ... သူပြောတာ ဟုတ်နေပါလား။

လှတာလေးကို ချစ် ... ငယ်ရွယ်လွန်းနေသေးတာလေးကို ကြင်နာရမယ့်အပြင် ညီမလေးတစ်ယောက်လို အလိုလိုက်ခွင့်ရှိချင်လိုက်တာ ... မိန်းကလေးရယ်ဟုသာ ရင်ထဲမှာ ရေရွတ်မိတော့သည်။

(၃)

`ညီမလေးဖို့ ... ပိတောက်ပန်း´

`ရှင် ... ဟုတ်ကဲ့´

ရွှေရင်သိမ်းသစ်လေးက ရတ်တရက် ကြောင်တက်တက်နှင့် ပိတောက်ပန်းခက်များကို လှမ်းယူသည်။ ဘေးက မိန်းမပျိုနှစ်ဦးလည်း ရုတ်တရက်မို့ မှင်သက်မိနေကြသည်။ မိန်းကလေးက သူ့မျက်နှာကို မော့ကြည့်အပြီး တွင်တော့ သူ့စိတ်ထင်ပဲလား မသိ၊ မျက်လုံးလေးများက နွေးထွေးသွားသည်။

`အစ်ကို့နာမည်က ကျော်သူတဲ့၊ ညီမလေးက ...´

`ဟို ... ဝင့်ဝါဖူးပါ အစ်ကို၊ ဖူးဖူးလို့ ခေါ်ကြပါတယ်´

`ဝင့်ဝါဖူးဆိုတော့ ပိတောက်အရောင်အတိုင်းပေါ့၊ နှစ်သစ်မှာ ညီမလေး ရွှင်လန်းချမ်းမြေ့ပါစေ၊ အခု ထက်လည်း ပိုလို့ လှနိုင်ပါစေကွယ်´

နုတ်ခမ်းလေးက ရုတ်တရက် ပြောစရာ ရှာမရသလို ဖြစ်နေပြီးမှ တိုးတိုးလေး အစ်ကိုလည်း ရွှင်လန်းပါစေဟု ဖြေသည်။ ဘေးက မိန်းမပျိုနှစ်ယောက်ကတော့ ရဲတင်းလွန်းသည့် သူ့အပြုအမူကြောင့် ကြက်သေသေနေကြဆဲ။

စင်မြင့်ခြေရင်းမှ ရပ်ကြည့်နေကြသည့် သူငယ်ချင်းအုပ်စုကို လှည့်ကြည့်တော့ အားရဝမ်းသာ လက်မ ထောင်ပြကြသည်။

'ဟောဟိုက အစ်ကို့သူငယ်ချင်းတွေကလေ ညီမလေးနဲ့ အစ်ကို့ကို ရုပ်ချင်းသိပ်ဆင်တယ်၊ မင်းညီမလားလို့ မေးနေကြတာ၊ အစ်ကိုက ဒီလောက် နုနုလှလှလေးနဲ့ ငါ့ရုပ်နဲ့ ဘယ်လိုလုပ်တူမှာလဲလို့ ပြောနေရတယ်'

မိန်းကလေးက ရှက်သွေးဖြန်းသော မျက်နှာလေးနှင့် မော့ကြည့်၍ တိုးတိုးပြောသည်။

'သူတို့ပြောတာ ဟုတ်မှာပါ အစ်ကို၊ အစ်ကိုတို့ ဟိုနားမှာ ရပ်နေကြကတည်းက ဒီက အစ်မတွေလည်း အဲသလိုပဲ ပြောနေကြတာပါ'

လိုက်ကနဲ ဝမ်းသာသွားသည်။

'ဒါဆို ဒီနှစ်သစ်ကူးမှာ ညီမလှလှလေးတစ်ယောက် ကောက်ရသွားတာပေါ့၊ အစ်ကို နောက်နေ့တွေလည်း လာလည်မယ်နော်၊ ဒီမဏ္ဍပ်မှာပဲလား'

ရှက်စနိုးလေး ခေါင်းငြိမ့်ပြသည်။

(၄)

သကြံန်ည စားသောက်ဆိုင်သည် စို့ရွှဲ စည်ကားလျက်ရှိသည်။

'ဘလက်လေဘယ်ပဲဟေ့၊ ဒီနေ့ ဒေါ်လာစား ရှင်းမယ်'

'ငါ့ဒေါ်လာက မင်းကားပွဲစားဝင်ငွေတောင် မိတာ မဟုတ်ဘူး'

`ဟာ ... ဒေါ်လာ ဘယ်လောက်ရတယ်က ဘာအရေးကြီးလဲ၊ ဒီနေ့ မင်း ထီပေါက်လာတယ် မဟုတ်လား၊ ပြောစမ်း´

သူပြောတော့မှ ဝင့်ဝါဖူးဆိုသည့် မိန်းမလှလေးကို သတိရမိပြီး ကြည်နူးစွာ ရယ်မောမိသည်။

`ဟုတ်ပါကွ၊ ဟိုကောင် မြှောက်ပေးလို့ ရမ်းသမ်းတက်သွားတာ၊ ကောင်မလေး ရှေ့ရောက်တော့ ခြေဖျားလက်ဖျား တွေကို အေးစက်နေတာပဲ၊ ဟားများ လွှတ်လိုက်မလား၊ ကောများ ထုတ်လိုက်မလား၊ လှုကြီး တွေများ ထွက်လာမလားနဲ့ ကံကောင်းချင်တော့လည်း အဆင်ပြေလိုက်တာ ပြီးရော´

ဆရာကြီးလုပ်နေကျ သူငယ်ချင်းက အစားသောက်စာရင်းစာအုပ်ကို လှန်လှော နေရင်းက ဆရာကြီးဟန်ပန် နှင့်ပင် သကြန်ကွ၊ သကြန်၊ သကြန်က ပေးထားတဲ့ လွတ်လပ်ခွင့်ကို အသုံးချပါဆိုတာ။ အခု မင်း ငါပြောတာ ယုံပြီ မို့လားဟု ဝင်ပြောသည်။

နောက်တစ်ဦးကတော့ စားပွဲထိုးကို လှမ်းခေါ်ရင်းက တော်စမ်းပါကွာ၊ အနားမှာ အစ်ကိုတွေ၊ မောင်တွေ ရှိမနေလို့ပါ။ ရှိနေလို့ကတော့ မင်း သကြန်ကပေးတဲ့ လွတ်လပ်ခွင့်နဲ့ ဆေးရုံတက်ရမလား၊ ရဲစခန်းပဲ ရောက်မလားပဲဟု ရေရွတ်သည်။

ဘာပဲဖြစ်ဖြစ် ထိုညက သူ အားလုံးကို `ဘလက်လေဘယ်´ အမူးတိုက်ပစ် လိုက်သည်။

(၅)

အစ်ကိုတို့ မုန့်လုံးရေပေါ် ဝင်စားသွားဦးလေဟု နွေးထွေးသော အပြုံးရှင်လေးက ဖိတ်ကြားသဖြင့် စင်မြင့်နောက် ညှော်ခံစားပွဲများရှိ မုန့်လုံးရေပေါ်ဝိုင်းသို့ အားရဝမ်းသာ

လိုက်သွားဖြစ်ကြသည်။ အသက်သုံးဆယ်ကျော် အစ်မကြီးတစ်ဦးက 'ဝင့်ဝါဖူး' လေးနှင့်အတူ လာထိုင်၍ မိန်းမငယ်လေး၏ ပုခုံးကို တင့်တယ်စေသည်။ အဒေါ် တော်သည်ဟု သိရသော်လည်း ကိုယ့်အသက်ထက် သိပ်မကြီးသဖြင့် 'အစ်မ'ဟု အလိုက်သိသိ ခေါ်ရသည်။ သူ့ကို ဆရာဝန်တစ်ဦးဟု သိသွားသောအခါတွင်တော့ ထိုအစ်မကြီး၏ အနည်းငယ်တင်းသယောင်ရှိသော နှုတ်ခမ်းတို့ ယောင်ယောင်ပြုံး၍ လေးလေးစားစားဟန်ပန်ပေါ်လာသည်။

'နယ်စည်းမထား ဆရာဝန်ဆိုတာ ဘာလဲကွယ့်'

'နိုင်ငံအသီးသီးမှာရှိတဲ့ ဆင်းရဲတဲ့လူနာတွေကို စေတနာ့ဝန်ထမ်း ဆေးကုပေးတဲ့ အဖွဲ့ပါ ခင်ဗျာ'

'မောင်ကျော်သူတို့က လခ မရဘူးပေါ့'

'အဖွဲ့က စေတနာ့ဝန်ထမ်းအဖွဲ့ပါ၊ ကျွန်တော်တို့ကိုတော့ လခပေးပါတယ်'

'ဒေါ်လာနဲ့ပေါ့'

'သိပ်မများပါဘူး ခင်ဗျာ၊ ကျွန်တော်က ပညာလိုချင်လို့ လုပ်နေတာပါ'

ခဏနေတော့ ထိုအစ်မကြီး သူတို့ကို စိတ်ချလက်ချထားခဲ့၍ တခြားဝိုင်းများသို့ ထွက်ခွာသွားသည်။ ဆရာကြီးလုပ်နေကျ သူငယ်ချင်းကတော့ မုန့်လုံးရေပေါ်ကို တစ်ပန်းကန်နှင့် မဝ၍ နောက်တစ်ပန်းကန် ထပ်ယူရာ တစ်လုံးစားမိတိုင်း ဇရုတ်သီးမိနေ၍ ငိုင်းရယ်နေကြရပြန်သည်။ နောက်တော့မှ အစ်မကြီးတစ်ဦး ပေါ်လာ၍ ထိုပန်းကန်မှာ နည်းနည်းထည့်ရော၍ ကျီစယ်ရန် ပြင်ဆင်ထားသော ဇရုတ်သီးသက်သက် မုန့်လုံးရေပေါ် ပန်းကန်ကို မှားချမိကြောင်း တောင်းပန်တော့ ထပ်၍ရယ်ကြရပြန်သည်။

`ညက ဘာလို့ မလာတာလဲ´

မိန်းကလေးက တိုးတိုးမေးတော့ မှင်သက်သွားသည်။

`ညက ကသေးလို့လား´

နွမ်းလျလျပြုံး၍ ကတာပေါ့၊ အစ်ကိုတို့အုပ်စုတော့ ပေါ်လာဦးမယ် ထင်နေတာဟု ဖြေလိုက်တော့ ရင်ထဲတွင် ဟာကနဲ ခံစားလိုက်ရသည်။ မသိမိလိုက်ဘူးဟု နောင်တဖြင့် ရေရွတ်မိသည်။

`စုပြီး သောက်နေကြတာ မဟုတ်ဘူးလား´

ရှက်ရယ်ရယ်မိသည်။

`ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် မသိလို့ပါ´

`ဘာပဲဖြစ်ဖြစ် သောက်တာတော့ ဘယ်ကောင်းမလဲ၊ အခါကြီး ရက်ကြီးမှာ´

ဘုရားရေ ... ငယ်ရွယ်သလောက် သိမ်မွေ့ယဉ်ကျေးသူလေးပါလား။

ခါတိုင်းတော့ သောက်လေ့မရှိပါဘူး။ အစ်ကိုကလည်း နယ်မှာပဲ နေနေရတာ။ ဒီသင်္ကြန်တွင်းမှ ရန်ကုန် ပြန်ဖြစ်ပြီး သူငယ်ချင်းတွေနဲ့လည်း ဆုံဖြစ်တာနဲ့ဟု အကြောင်းပြတော့ မိန်းကလေးက အသံဆိတ်ငြိမ်စွာ ယဲ့ယဲ့ပြုံး နေသည်။

`သောက်တာ မကြိုက်ဘူးပေါ့နော်´

`မကြိုက်တော့ မကြိုက်ဘူးပေါ့၊ ဒါပေမယ့် ဘာဆိုင်လို့ တားရမှာလဲ´

အလို့ ... စကားနှင့်လည်း အချည်မခံ။ အကင်းပါးသူလေးလည်း ဖြစ်နေပြန်သည်။

`ဒီညရော ကမယ် မဟုတ်လား၊ ဒီမှာပဲ လာကြည့်နေတော့မယ်နော်´

မျက်လွှာသာ ချ၍ပြလေသည်။

(၆)

`ဟော့ကောင်တွေ၊ နေ့ခင်းတော့ မသောက်ကြနဲ့ကွာ´

`ဘာလဲကွာ၊ ဒီနေ့က နောက်ဆုံးနေ့၊ ပြီးတော့ မင်းပဲ သကြန်ရဲ့ လွတ်လပ်ခွင့်တွေ ဘာတွေ ပြောပြီး ...´

`ဘာဆိုင်လဲကွ၊ ဒီနေ့ ကိုထွေးလည်း ပါမလာဘူး။ တို့တွေ တစ်ယောက်တစ်လှည့် မောင်းရမှာ၊ အန္တရာယ် ဖြစ်မှာပေါ့´

`ဘီယာပဲကွာ၊ ဘယ်လောက်မူးမှာမို့လို့လဲ၊ ပြီးတော့ ဒီလိုပဲ ကျန်တဲ့လူတွေလည်း သောက်ပြီး မောင်းနေ ကြတာ´

သူငယ်ချင်းနှစ်ယောက် ငြင်းခုန်နေကြသည်ကို နောက်ဆုံး မနေနိုင်၍ ဝင်ဖျန်ဖြေပေးမိသည်။

`ကဲပါကွာ၊ ဒီကောင်တွေ သောက်ချင်သောက်ပါစေ၊ ငါ ကားမောင်းပါ့မယ်၊ ငါ သောက်မှာမှ မဟုတ်ဘဲ´

`ဘာလဲကွ ဟော့ကောင် ... မင်းက ချာတိတ်မ မကျော်ရောက်ရင် အနံ့ထွက်မှာစိုးလို့ မဟုတ်လား၊ ဒီမှာ ငုံဖို့ဟာ ပါပြီးသားပါကွာ ချသာချ၊ ဒီနေ့ အသားကုန် ကဲရမှာ။ ပြီးတော့ ဒီနှစ်သကြန်က မင်း အောင်ပွဲခံတဲ့ သကြန်၊ မင်း မချလို့ ဘယ်ဖြစ်မလဲ´

`ဟာ ... ဒီကောင်တွေ ကျော်သူ့တော့ ဆွဲမထည့်ပါနဲ့ကွာ၊ သူက ဒီချာတိတ်မကို ပြတ်ပြတ်နီးနီး တန်ဖိုးထား ချစ်တာ၊ ချာတိတ်မကလည်း သူ့ကို အစ်ကိုကြီးလို လေးလေးစားစား ဆက်ဆံလို့ အခြေအနေကောင်းနေတာ၊ သွားမဖျက်ကြပါနဲ့´

တွန်းထိုးငြင်းခုံကြရင်းက နောက်ဆုံးသူတို့နှစ်ယောက် အရက်မသောက်ကြဖို့နှင့် ကားကို သူက မောင်းဖို့ သဘောတူဖြစ်ကြသည်။

`ငါ တားမရလို့သာကွာ၊ ငါလည်း မမောင်းတတ်လို့သာ၊ အမှန်တော့ မင်းလည်း ပေးမမောင်းချင်ဘူး။ မင်းက နယ်မှာပဲ မောင်းနေတာ၊ ဒီရန်ကုန်သကြန်က ကားက ရှုပ်ရှုပ်နဲ့ ဒီကြားထဲ မူးနေတဲ့ကောင်တွေကားနဲ့တွေ့ရင်း မင်း ကားမောင်းမကျွမ်းတာနဲ့ ငါတော့ စိတ်ပူတာနဲ့ ဒီနေ့ ပျော်တောင်ပျော်ရမှာ မဟုတ်တော့ဘူး´

သူငယ်ချင်းက ညည်းတွားသည်။

(၇)

ဂိမ်းကနဲ အသံကြား၍ သိမ့်ကနဲ တုန်ခါသွားသည်။

တိုက်မိလိုက်ပြီကတော့ သေချာသည်။ ဘယ်သူက လွန်သည်ကိုတော့ ကျဉ်းမြောင်းသော လမ်းသွယ်လေး ထဲတွင် လက်ချင်းယှက်မျှ ပိတ်နေသော မဏ္ဍပ်များ အလယ်ဖြစ်သည်မို့ ပြောရခက်လှသည်။

သူကိုယ်တိုင်ကလည်း သူ့ကားမောင်းကျွမ်းကျင်မှုအပေါ်သူ အမြဲသံသယ ရှိခဲ့သည်။

ဖြိုးဆင်းကျနေသော ရေလုံးကြီးများ အနည်းငယ်စဲသွားသည်။ တစ်ယောက် တစ်ပေါက် အော်ဟစ်ရန်ဖြစ် သံများ ဆူညံစွာ ထွက်ပေါ်လာသည်။

လူတစ်ဦးက သူ့လက်မောင်းကို အတင်းဆွဲ၍ ကားပေါ်မှ ဆင်းခိုင်းနေသည်ကို သတိထားမိသည်။ ကိုယ့်လူလား၊ သူ့လူလားတော့ မသဲကွဲ။ တစ်ဖက်ကားပေါ်က ယောက်ျားလေးများက သူတို့ထက် နည်းနည်း ငယ်ကြသည်။ စွပ်ကျယ်အမည်းရောင်၊ တီရှပ်အမည်းရောင်၊ ဘောင်းဘီရှည် အမည်း၊ နေကာမျက်မှန်အမည်း ရေစိုရွှဲနေကြသော လူငယ်လေးငါးဦးဟုသာ သတိထားမိသည်။ လူလုံး မသဲကွဲ။ သေချာသည်ကတော့ သူတို့အားလုံး အရက်သောက်ထားကြခြင်းဖြစ်ပြီး သူတို့နှင့် သူငယ်ချင်းသုံးဦး တစ်ယောက်တစ်ပေါက် အော်ဟစ်ရန်ဖြစ်နေကြခြင်း ဖြစ်သည်။

လူအုပ်ကြီးက တဖြည်းဖြည်း ကြီးလာသည်။

တချို့လည်း ပရိသတ်၊ တချို့လည်း ဟိုဘက်က ဝင်အော်ဟစ်နေကြသည်။ သူငယ်ချင်းတစ်ဦးက ပြေရာ ပြေကြောင်း တောင်းပန်သော်လည်း လူငယ်တစ်ဦးက သူငယ်ချင်းရင်ဘတ်ကို ဆောင့်တွန်းလိုက်သည်ကို မြင့်သည်။ နောက်သူငယ်ချင်းတစ်ဦးက ထိုလူငယ်ကို ပြေးထိုးသည်ကို တွေ့လိုက်ရသည်။

ဘုရား ... ဘုရား

ပြဿနာ ကြီးလာပါပေါ့လား။

ကမန်းကတန်း ဖျန်ဖြေလိုဇောဖြင့် သူ့လက်မောင်းကို ကိုင်ထားသောလက်ကို ရုန်းဖယ်ကာ လူအုပ်ကြီးထဲ ပြေးဝင်သွားမိသည်။

မည်းကနဲ တစ်စုံတစ်ခု သူ့ညာဘက်မျက်လုံးအထက်မှ မိုးဝင်လာသည်ကို သတိပြုလိုက်မိသည်။

ဒုန်းကနဲ ... ပြင်းထန်သော နာကျင်မှုနှင့်အတူ အမှောင်တိုက်က ဝိတ်ဖုံးသွားလေသည်။

(၈)

သကြြန်အတက်နေ့မို့ ညနေတော်တော်စောင်းသည့်အထိ မဏ္ဍပ်ရှေ့တွင် သကြြန်ကားတို့ မပြတ်။

ဝင့်ဝါဖူးပင်လျှင် ကပြီးသား သီချင်းကို ပြန်ကျော့ ကရသည်မှာ နှစ်ခါရှိလေပြီ။

'ညီမလေး ... ဖူးဖူး မောရင် အထဲဝင်နားတော့လေ'

အိမ်နီးချင်း အစ်မတစ်ယောက်က ကြင်နာစွာ ဆိုသည်။

ဝင့်ဝါဖူးကတော့ ကရတာလည်း စိတ်မပါ၊ အထဲဝင်ရမှာကလည်း စိတ်မဖြောင့်။ 'ကျော်သူ'တို့အဖွဲ့ ဘာကြောင့် ပေါ်မလာကြသေးသည်ကိုသာ စိတ်ပူရင်း ထိုင်နေမိသည်။

'ညီမလေးဖို့ ... ဝိတောက်ပန်း'

အားရဝမ်းသာ လှည့်ကြည့်လိုက်မိသည်။

အိုး .. သူ့အဘေးမှာ ဘယ်သူမှ မရှိ၊ စိတ်ကပဲ စွဲလမ်းလွန်းလေသလား။ ကိုကျော်သူ၏အသံကို ပြတ်ပြတ် သားသား ကြားလိုက်ရသည်ဟုတော့ အထင်မိသား။

ဘုရားရေ၊

အစ်ကို တစ်ခုခုများ ဖြစ်လေသလား။

ရင်ထဲတွင် လေးလံ၍ မျက်နှာတို့ ထူအမ်းလာသည်။ မျက်ရည်တို့ ပြည့်လျှံလာသည်။ ဘုရား ... ဘုရား ... ဘာမှ မဖြစ်ကြပါစေနဲ့။

မဏ္ဍာပ်ရှေ့တွင်တော့ နေရောင်က ညှိုးငယ်စပြုလာလေပြီ။ သကြံန်ကားများ ပေါ်က အပျော်လွန်လူငယ်များ၏ အော်ဟစ်သံက ဆူညံနေဆဲ။

ပိတောက်က အလှူပေးခဲ့သော စည်းမျဉ်းတို့ကို အလှူပေးသည့် အတိုင်းအတာထက် ပိုမိုကျော်လွန် ဖောက်ဖျက်ချင်သူတို့၏ ပျော်ပွဲက နေဝင်ချိန်ကို ကြိုဆိုနေကြသည်။

မဏ္ဍာပ်ပေါ်က နလုံးသားနုနယ်လွန်းလေသူ မိန်းမငယ်လေးကတော့ အံကလေး တစ်ချက်ကြိတ်၍ မျက်ရည်လေးလည်ရင်းက ဝင်လာသမျှ ကားတို့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေဆဲ။

Perfect မဂ္ဂဇင်း

ဧပြီလ၊ ၂၀၀၇။

## ချောင်းကလေးငယ်ငယ် လှိုင်းလုံးတွေ သယ်ပါလို့

(၁)

အသက်ဆယ့်ခြောက်နှစ်အရွယ် မိန်းကလေးများကို သစ်ရွက်လှုပ်တာမြင်တိုင်း တခစ်ခစ် ရယ်ချင်တတ်သည့် အရွယ်ဟု တင်စားလေ့ရှိကြသည်။ အသက်ဆယ့်ခြောက်နှစ် အရွယ် ယောက်ျားကလေးများအတွက်ရော တင်စားသည့် စကား မရှိကြပေဘူးလား။ လှုပ်သည့် သစ်ရွက်ကလေးများ ကြွေကျ၍ သစ်သားခုံတန်းကလေးအပေါ် တင်နေသည်နှင့် ရင်ခုန်တတ်သည့်အရွယ်ဟု ဆိုလျှင်တော့ လွန်အံ့မထင်။

ယခုလည်း ဇာနည်တစ်ယောက် ကိုသောင်းထွန်းကြီးကို စောင့်နေရင်း သူတို့အိမ်ရှေ့ ခြံဝင်းထဲက ခုံတန်းပေါ်မှာ ထိုင်နေသည်။ ခုံတန်းပေါ်မှာကလည်း သစ်ရွက်ကြွေကလေး တစ်ရွက် တင်နေသည်။ သူ့ဘေး ခုံတန်းကလေးပေါ်က သစ်ရွက် ကလေးကို ကြည့်ရင်း ဇာနည် စိုးစိုးကို သတိရနေသည်။ `စိုးစိုး´ ယခုနေ သူ့ရှေ့တွင် လာရပ်လိုက်မည် ဆိုပါစို့။ `မမ ထိုင်လေ´ဟု သူ ပြောမိမည်။ ဒီသစ်ရွက်လေးကို အသာအယာ ဖယ်ရှားပေးလိုက်မည်။ စိုးစိုးက လူတကာ မြင်သွားမှာစိုးသည့်ဟန်ဖြင့် ပတ်ဝန်းကျင်ကို မသိမသာ လိုက်ကြည့်မည်။ ပြီးတော့ တင်ပါးလွှဲ ဝင်၍ ထိုင်မည်။ မတော်တဆ အသားချင်း ထိမိလျှင် ဘေးသို့ မသိမသာယို့၍ ဆုတ်သွားဦးမည်။ ထိုသို့ တစ်ခါမျှ မဖြစ်ဖူးပါ။ သစ်ရွက်ကြွေကလေးကို ကြည့်၍ စိတ်ကူးနယ်ချဲ့ပစ်လိုက်သည်မှာ စိတ်ကူးနှင့်ပင် အတော်ကို ရင်ခုန်စရာ ကောင်းနေသည်။

ဆယ့်ခြောက်နှစ်။ အုံ့သြစရာပင်။ စိုးစိုးနှင့်သူ မရင်းနှီးပေမယ့် ဖြတ်သွားဖြတ်လာ မျက်မှန်းတန်း၍ လူချင်းသိနေကြသည်မှာ နှစ်နှစ်ရှိပြီ။ သူ ဆယ့်လေးနှစ်၊ စိုးစိုး

ဆယ့်ခြောက်နှစ် ကတည်းကပါ။ မနှစ်ကအထိ သူ ဒီလို မတွေးတတ်သေး။ ရင်မခုန်တတ်ခဲ့သေး။

သည်သို့ ရင်ခုန်လာရခြင်း၏ အဖြေသည် သူ့အိမ်နီးချင်း သူ့အစ်ကိုလိုခင်ရသည့် ကိုသောင်းထွဋ်ကြီးဆီတွင် ရှိနေစရာတော့ ဘာအကြောင်းမှ မရှိချေ။ အချစ်ဆိုတာ ဒါမျိုးလား။ ဒီမေးခွန်းကို သူသွားမေးမည့်သူက အသက် အစိတ်အထိ ရည်းစားထားဖူးဖို့ ဝေးစွ။ ဘယ်မိန်းကလေးကိုမှ ပိုးသည်ပန်းသည်ဟုပင် မကြားဖူးခဲ့။

ဒါဆိုလျှင် အဖြေတစ်ခုအတွက်တော့ ဒီကို လာမိခဲ့ခြင်း မဟုတ်နိုင်။ သူ ရင်ခုန်ကောင်းရုံ စိတ်ကူးယဉ်၍ လျှောက်ပြောမည့်စကားတွေကို မညည်းမညူ သည်းခံနားထောင်ပေးရန် အသေချာဆုံးလူမှာ ကိုသောင်းထွဋ် ဖြစ်နေကြောင်း သူ သိနေ၍ပင် ဖြစ်ရမည်။ အို ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ။ ငါ တကယ်ပဲ အိပ်ပျက်လောက်အောင် ရင်ခုန်၊ အတွေးတွေ ရှုပ်နေခဲ့တာပဲ။ ငါ စိုးစိုးက တကယ် ချစ်မိသွားပြီဆိုတာမျိုးလည်း ဖြစ်နိုင်တာပဲ။ ကိုသောင်းထွဋ်က ရည်းစားမထားဖူးပေမယ့် စာသိပ်ဖတ်တယ်၊ ဘာသာရေးလည်း လိုက်စားတယ်၊ အတွေးအခေါ်လည်း နက်တယ်။ သူပြောပြနိုင်မှာပါ။

ပြောရင်းဆိုရင်း ကိုသောင်းထွဋ် အိမ်ထဲက ထွက်လာနေသည်။ အိမ်ထဲမှ `မရဘူး၊ မရဘူး၊ လိုက်မှာပဲ´ဟု ဆယ်နှစ်သမီးကလေး တစ်ဦး၏ ငိုသံတဝက်ပါသော ဆောင့်ဆောင့်အောင့်အောင့်အသံကလေး ထွက်လာသည်။

ကိုသောင်းထွဋ်က ရယ်ကျဲကျဲနှင့် အိမ်တွင်းဘက်လှည့်၍ `လိမ္မာတယ်နော် ပူစူးရယ်၊ ကိုကိုကြီး ပူစူးကြိုက်တဲ့ အုန်းထန်းလျက်ဝယ်ခဲ့မယ်နော်´ဟု ပြောသည်။

ဟုတ်ပါ့။ သူကလည်း အိမ်ထဲ ဝင်ခေါ်စဉ်က ကိုသောင်းထွန်းကို ဘုရားဘက် သွားရအောင်ဟု ပြောခဲ့မိသည်။ ညည့်ခန်းထဲတွင် ကိုသောင်းထွန်းညီမ အခေတွေးဆုံး ဆယ်နစ်သမီးကလေး ပုစုးမ ကျန်ခဲ့သည်။ ပုစုးမသည် အသက် သိပ်ကွာသော အစ်ကိုကြီးက ကိုသောင်းထွန်းကို အလွန်ချစ်သည့်အပြင် ဘုရားသွားရမှာလည်း ပျော်လေ့ရှိသည်။

`နပ်ချေးထုကလေး ဘာတွေ ရှိကျနေတာလဲ´

ကိုသောင်းထွန်းက ရယ်၍ `မင်းကလည်း ငါ့ညီမက နပ်ချေးမထုပါဘူးကွာ၊ အကျင့်ပါပြီး နားခေါင်းထဲ လက်အမြဲကလော်နေတာပါ´ဟု ဖြေတော့ သူ ပုခုံးတွန့်ပြလိုက်သည်။ ကိုသောင်းထွန်း သူ့ညီမလေးကို တုန်နေအောင် ချစ်ကြောင်း သူ သတိလစ်ခဲ့လေသည်။ ဘုရားပေါ်တွင် ကိုသောင်းထွန်းကို စိုးစိုးနှင့်ပတ်သက်၍ ဖွင့်ပြောတော့ ကိုသောင်းထွန်းက ချက်ချင်းစကားမပြန်နိုင်၊ တွေဝေငေးမောနေသည်။ အတော်ကြာမှ ခပ်တိုးတိုးဖြေသည်။

`သူ့မိဘတွေက ဒီမော်လမြိုင်မှာ မြို့မျက်နှာဖုံးတွေ၊ မင်းမိဘအပေါ်လည်း ကျေးဇူးနည်းနည်းပါးပါးရှိတယ်၊ အဲဒါ ထည့်စဉ်းစားဦး´

`အစ်ကိုကြီးကလည်း ကျွန်တော်က သူနဲ့ မတန်လို့လား´

မခံချင်စိတ်ဖြင့် ဖြေမိသည်။ စိုးစိုးမိဘများ ချမ်းသာသည်ဆိုတာတော့ ဟုတ်သည်။ သို့သော် သူ့မိဘများက လူလတ်တန်းစားအဆင့်တော့ ရှိသည်။ ပြီးတော့ သူက အခု ရေကြောင်းသိပ္ပံတက်မည်။ မကြာမီ သင်္ဘော အရာရှိငယ်တစ်ဦး ဖြစ်လာမည်။ သူ့အဆင့်နှင့်က စိုးစိုးမိဘများ သဘောမတူစရာ မရှိဟု သူထင်သည်။

ကိုသောင်းထွန်းက ရယ်သည်။

`တန်ပါတယ်၊ တန်ရုံတင် မကပါဘူး။ ငါက ကောင်မလေးနဲ့ပါ ခင်နေတော့ ကောင်မလေးကလည်း မင်းကို နည်းနည်းညွှတ်ချင်တယ်လို့တောင် ထင်နေတာပါ။ ငါစိတ်ပူတာက သူလည်း မဟုတ်ဘူး၊ သူ့မိဘလည်း မဟုတ်ဘူး၊ မင်း …'

`ကျွန်တော်၊ ကျွန်တော်က ဘာဖြစ်နေလို့လဲ'

ကိုသောင်းထွန်းက ခေါင်းခါပြသည်။

`ငါညီ … မင်းမကြိုက်ဘူးထင်လည်း ငါ ပြောရမှာပဲ။ မင်းက ဆယ့်ခုနစ်နှစ်တောင် မပြည့်သေးဘူး။ ဒါ အချစ်လားတွေ ဘာတွေ လုပ်မနေနဲ့၊ ငါ မင်းအရွယ်က အချစ်တွေ ဘာတွေ သိဖို့မပြောနဲ့၊ တစ်နေ့တစ်နေ့ ကိုယ်စိတ်လှုပ်ရှားခဲ့သမျှ အဖြစ်တွေ အကုန်လုံးကို ဘာကြောင့် လှုပ်ရှားမိမှန်း ညမှာ ပြန်စဉ်းစားရင်တောင် အဖြေ မရှာတတ်ခဲ့ဘူး။ နောက်ငါးနှစ်လောက်ကြာတော့ အဲဒီတုန်းက ဘာဖြစ်လို့ စိတ်လှုပ်ရှားခဲ့မိပါလိမ့်လို့ ပြန်တွေးမိတိုင်း ကိုယ့်ကိုယ်ကို ရှက်သလိုလို၊ နားမလည်သလိုလို။ ဘဝမှာ မင်း ဘာတွေဖြစ်ချင်တာလဲ၊ ဘဝကို မင်း ဘယ်လို လျှောက်ချင်တယ်ဆိုတာလဲ မင်းမသိ၊ မင်း ဘဝလက်တွဲဖော်ဆီက မင်း ဘာတွေမျှော်လင့်ထားတယ်ဆိုတာလဲ မရေရာ၊ မင်းက ဘာတွေ ဘယ်လောက်အထိ အလျှော့ပေး လိုက်လျောနိုင်တယ်ဆိုတာလဲ စဉ်းစားမထား၊ ဒီလိုအရွယ် ကလေးမှာ ဒီမိန်းကလေးကို ငါ ချစ်မိသွားပြီလားဆိုတဲ့ ကြီးကျယ်တဲ့ ဆုံးဖြတ်ချက်မျိုး မလုပ်ပါနဲ့ဦး ငါညီရာ၊ ငါ မင်း နောင်တရမှာ စိုးလို့ပါ'

ကိုသောင်းထွန်းစကားကြောင့် သူ စိတ်လေးသွားသည်။

`ကျွန်တော်တော့ ခံစားနေရတာပဲ အစ်ကိုကြီးရာ'ဟု ကန့်တန့်တန့် ဖြေမိသည်။

`မင်းခံစားနေရတာ အချစ်လား၊ ဒါမှ မဟုတ် အချစ်ဆိုတဲ့ ခံစားချက်တစ်ခုကို မြည်းစမ်းကြည့်ချင်နေတဲ့ လောဘစိတ်လား၊ သူငယ်ချင်းတွေကြားထဲမှာ ပထမဦးဆုံး

ရည်းစားရတဲ့လူဖြစ်ပြီး အဲဒီရည်းစားကလည်း သူဌေးသမီး၊ စာပေးစာယူ တက္ကသိုလ်ကျောင်းသူလှလှကလေး ဖြစ်နေတာကို ကြွားချင်လွန်းလို့ မစောင့်နိုင်တဲ့စိတ်လား၊ မင်းဟာမင်း ပြန်မေးရင်တောင် ဖြေနိုင်လောက်အောင် မင်းမှာ ရင့်ကျက်မှု မပြည့်ဝသေးပါဘူး ညီလေးရာ'

'ဟာ အစ်ကိုကြီး တော်တော်နိုင်ကွပ်တာပဲ'

'စေတနာနဲ့ပဲ ညီလေးရယ်၊ ကောင်မလေးက ဆယ့်ကိုးနှစ်ထဲ ရောက်နေပြီ၊ သူ မင်းကို ညွှတ်နေပြီဆိုရင် အဲဒီစိတ်က ခိုင်မာလိမ့်မယ်။ မင်းသွားဖွင့်ပြောလို့ ရည်းစားဖြစ်သွားကြပြီး မိဘတွေ သိသွားရင် ပျက်လို့ မကောင်း တော့ဘူး။ ပျက်လို့မကောင်းတဲ့ အချိန်ကြီးကျမှ မင်းစိတ်ပြောင်းသွားရင် အားလုံး စိတ်ဆင်းရဲရလိမ့်မယ်'တဲ့။

စိတ်ရှိုင်းကလေးက ကေန္တ ဒီလူကြီး စိုးစိုးကို တစ်ဖက်သတ်ကြိုက်နေတာလား မသိဘူးဟု တွေးမိသည်။

အပြန်လမ်းတစ်လျှောက်တွင်လည်း တိတ်ဆိတ်စွာ လျှောက်လာရင်းက 'ဒီလူကြီး ဘာပဲပြောပြော ငါ နောက်မဆုတ်တော့ဘူး'ဟု တွေးလာခဲ့သည်။ တကယ်တမ်း သူနှင့် စိုးစိုး ချစ်သူတွေ ဖြစ်သွားကြချိန်တွင်တော့ ကိုသောင်းထွန်း နိုင်ငံခြားတွင် သွားအလုပ်လုပ်နေပြီဖြစ်၍ မသိလိုက်ရှာ။

(၂)

ချစ်သူသက်တမ်း ဆယ့်နှစ်နှစ်ကြာသည့်အထိ လက်မထပ်ဖြစ်သော သူတို့ ချစ်သူစုံတွဲကို တခြားသူတွေ မဆိုထားနှင့်၊ သူတို့ကိုယ်တိုင်ပင် နားမလည်ပါ။

`ဖေဖေတို့ မေမေတို့ကို ဖွင့်ပြောချင်ပြီ ဇာနည်ရယ်၊ တစ်ယောက်ပြီးတစ်ယောက် လာမြန်းနေတာကို ငြင်းနေရတာ မမ စိတ်ညစ်လာပြီ´

`ဒီတစ်ခေါက်က အနောက်ဘက်၊ ပြီးတော့ နိုင်ငံခြားကုမ္ပဏီကို အငှားလိုက်ရမှာ ဆိုတော့ ကြာမယ် မမရယ်၊ လူကြီးတွေ ပြောပြီးတာနဲ့ တိုးလို့တန်းလန်းကြီး ထွက်သွားရမှာ မကောင်းပါဘူး။ ပြန်လာမှ စဉ်းစားကြတာပေါ့´

ရန်ကုန် ပြန်ရောက်သည်နှင့် မော်လမြိုင် ဆင်းလာတတ်ပြီး တခြား မိန်းကလေးနှင့်လည်း ဘာသံမျှ မကြား ရသော ဇာနည်ကို မသက်ာမဖြစ်ပါ။ လက်ထပ်ကြဖို့၊ ခြေလှမ်းတစ်လှမ်းတိုးဖို့ အမြဲတွန့်ဆုတ်နေသည်ကိုပင် သူ့ခများ ကုန်းပေါ်မှာ နေရတာ သိပ်မရှိလှလို့ အချိန်တွေ ဒီလောက်တောင် ကုန်သွားပြီဆိုတာ မရိပ်မိဘဲ စိတ်ရှုပ်နေရှာတာ နေမှာပါဟု ခွင့်လွှတ်ထားသေးသည်။

ကိုယ့်ကိုယ်ကို မသင်္ကာဖြစ်နေသည်က ဇာနည်ကိုယ်တိုင်ပင်။ ဟုတ်သည်လေ၊ မသင်္ကာတော့လည်း မသက်ာစရာ။ တခြားမိန်းကလေးတစ်ယောက်ကို ထပ်စိတ်ဝင်စား မိတာမျိုး တော့လည်း မရှိ။ ပြဿနာက သဘောၤပေါ် ရောက်နေချိန်တွင်လည်း စိုးစိုးကို တမ်းတ၍ နေမပျော်သည့် ခံစားချက်မျိုးက ဖြစ်မလာတတ်သလို သဘောၤ ဆင်းချိန်တွင်လည်း မော်လမြိုင်တွင် စိုးစိုးနှင့် သွားဆုံ၍ နာရီပေါင်းများစွာ စကားလက်ဆုံ ကျနေတတ်သော်လည်း ထိုသို့ စကားလက်ဆုံကျနေရသည်ကို ကြည်နူးနေ၊ ရင်ခုန်နေခြင်းမျိုးက မရှိ။ တစ်ယောက်ပြောသော အကြောင်းအရာ တစ်ခုကို တစ်ယောက်က တကယ် စိတ်မဝင်စားပါဘဲ အောင့်အည်းနားထောင်နေရခြင်းမျိုးပင် အကြိမ်ကြိမ် ဖြစ်တတ်သည်။ သည်သို့ဖြစ်တာကိုလည်း အနည်းဆုံး ဇာနည်ကတော့ ရိပ်မိနေတတ်သည်။ ရန်ကုန်တွင် ပြန်၍ သူငယ်ချင်းများနှင့် လည်ပတ်ပျော်ပါး နေရသည်ကိုပင် စိတ်က ပို၍ တက်ကြွနေသယောင်။ နောက်ဆုံးတော့ ဟိုတစ်ချိန်က

ကိုသောင်းထွန်းကြီး ပြောတာပင် မှန်နေရှာသလားဟု ချောက်ချားစွာ တွေးမိတတ်ပြန်သည်။

ဘာအပြစ်မှမရှိသောချစ်သူကို ထာဝရလက်တွဲလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်၊ ဒီလိုပဲ ခြောက်ကပ်ကပ်ကြီး ပျော်နိုင်ပါ့မလား စဉ်းစားလိုက်နှင့် ရှုပ်ထွေး နောက်ကျိနေသော စိတ်တို့ အနည်းငယ် ငြိမ်လိုငြိမ်ငြား သူငယ်ချင်း တစ်သိုက်နှင့် အရက်သွားသောက်မိသော တစ်ညနေ။ မူးလျှင် သွေးဆိုးတတ်သော သူငယ်ချင်းတစ်ဦး အရက် ပုလင်းကို ရိုက်ခွဲမိရာမှ လက်ဖျံတွင် သွေးစိမ်းရှင်ရှင်ထွက်သော ဒဏ်ရာရ၍ ရန်ကုန်ဆင်ခြေဖုံး၊ အစိုးရဆေးရုံတစ်ရုံရှိ အရေးပေါ်လူနာဌာနသို့ ရောက်လေသည်။

(၃)

`ဟေ့ကောင် ဒေါက်တာမမက သိပ်လှပါလားကွ´

`ပါးစပ်ပိတ်ထားစမ်း ဟေ့ကောင်၊ ဒေါက်တာရယ် တောင်းပန်ပါတယ်နော်´

`အမူးလွန်နေလို့ပြောတာ ကျွန်မ နားလည်ပါတယ်။ ရှင် လက်ကိုသာ သေသေချာချာ ငြိမ်အောင်ကိုင်ထား၊ သူ အဲလောက် လှုပ်နေရင် ချုပ်ရတာ အဆင်မပြေဘူး´

နပျိုလွန်းဟန် ရှိသလောက် တည်ငြိမ်အေးချမ်း၍ အရက်မူးသမားတစ်သိုက် လာဒုက္ခပေးနေသည်ကိုပင် စိတ်ဆိုးဟန်၊ တုန်လှုပ်ဟန်မရှိဘဲ ချုပ်ကြိုးနှင့် အပ်ကို ညှပ်နှင့် ကျင်လည်စွာ ကစား၍ သူငယ်ချင်း၏ လက်ဖျံကို ချုပ်ပေးနေသော အရေးပေါ်တာဝန်ကျ ဆရာဝန်မကလေးကို ဇာနည် အံ့ဩစွာ ငေးကြည့်နေသည်။

ပူခြစ်နေသော ဒယ်အိုးထဲတွင် ထည့်ထားသောဆီလို ပွက်ပွက်ထကာ မငြိမ်းချမ်းနိုင်သော သူ့ရင်သည် သူ့ကို မျက်တောင်တစ်ချက်ပင် မော်မကြည့်သော ဒီဆရာဝန်မကလေး၏ မျက်နှာကို ငေးကြည့်နေရုံမျှဖြင့် အဘယ်ကြောင့် ဆောင်းတွင်းမြူငွေ့တို့ ဆိုင်းနေသော ရေကန်ငယ်လို တည်ငြိမ်အေးချမ်း နေနိုင်ရပါသနည်း။ ဒေါက်တာသဏ္ဍာငယ်တဲ့။ ရင်ဘတ်မှာ နာမည်ကတ်ပြားလေး ချိတ်ထားသည်။ ဘုရား ဘုရား ခင်ဗျားက ဘယ်သူလဲ ဒေါက်တာသဏ္ဍာငယ်ရယ်၊ ကျွန်တော့်ဘဝတစ်လျှောက်လုံး ခင်ဗျား ဘယ်မှာပုန်းပြီး နေခဲ့တာလဲ။

(၄)

`ဘာကိစ္စရှိလို့လဲ´

ဆေးရုံကန်တင်းထဲတွင် သူငယ်ချင်းများနှင့် ထမင်းစားနေသည်ဟု သတင်းရ၍ အရဲစွန့်ပြီး လိုက်သွားမိသော ခြေအစုံတို့ စိမ်းသက်သက် မေးခွန်းကြောင့် တွန့်ကနဲ ရပ်မိသည်။

`ကျွန်တော် ညက လက်ကွဲတဲ့လူနာကို ခေါ်လာတဲ့လူပါ´

`ကျွန်မ မှတ်မိပါတယ်၊ မတော်တဆ ရှတာဆို၊ အခု ဘာဖြစ်ပြန်ပြီလဲ´

`မဖြစ်ပါဘူး ခင်ဗျ၊ မတော်တဆ အမှန်ပါပဲ၊ ကျွန်တော် ညက သူငယ်ချင်း ရိုင်းထားတာတွေအတွက် လာတောင်းပန်တာပါ´

လုပြီးသား မိန်းကလေးက လှပစွာရယ်တော့ သူငယ်ချင်းဆရာဝန်၊ ဆရာဝန်မကလေးများကလည်း တိုးတိုးလိုက်ရယ်ကြသည်။ ရှက်စိတ်နှင့် ရင်ခုန်စိတ်တို့ မွှန်ထူနေ၍ ဘာပြန်ပြောရမှန်းမသိ။

`ညကလည်း ရှင် တစ်ချိန်လုံး တောင်းပန်နေတာပဲ၊ မလိုပါဘူး´

`ဟုတ်ပါတယ်၊ ဒါပေမယ့် ညကတော့ ကျွန်တော်လည်း သောက်ထားရက်ကြီး ကနေ တောင်းပန်နေတာဆိုတော့ ဒေါက်တာ့ရဲ့ ပညာနဲ့ မိန်းကလေး ဆရာဝန်တစ်ယောက် ဆိုတာကို မလေးမစားလုပ်သလို ဖြစ်သွားပြီလားလို့ တစ်ချိန်လုံး တွေးနေမိလို့ပါ´

ဒေါက်တာသဉ္ဇာငယ်က ရယ်မောလျက် ဘေးက ခုံအလွတ်တစ်လုံးကို ဆွဲရွှေ့၍ ဇာနည့်ကို ထိုင်ရန်ပြသည်။

`ရပါတယ်ရှင်၊ အရက်သောက်ထားပေမယ့် ရှင်တို့က ဟောဟောရမ်းရမ်းတွေ မဟုတ်လောက်ဘူးဆိုတာ ကျွန်မ ရိပ်မိပါတယ်။ ကျွန်မတို့အလုပ်ကလည်း ဒီလိုပဲ စရိုက်မရွေး လူပေါင်းစုံကို ကုညီရတဲ့အမျိုးပါ´

နည်းနည်းအားတက်သွားပြီး သူပြသောခုံတွင် ဝင်ထိုင်လိုက်သည်။

`ဟုတ်ပါတယ်၊ ကျွန်တော်တို့ ကြယ်ငါးပွင့် သင်္ဘောအရာရှိတွေပါ။ သင်္ဘောနားတုန်း လူပျိုတွေ စုသောက်မိ တာပါ´

`အိမ်ထောင်ရှိ၊ မရှိကတော့ ကျွန်မတို့ လူနာကိုပဲ မေးလေ့ရှိပါတယ်ရှင်၊ လူနာမဟုတ်ရင် ဖြေဖို့ မလိုပါဘူး´

ဒေါက်တာသဉ္ဇာငယ့်စကားကြောင့် အားလုံးဝိုင်းရယ်လိုက်ကြသဖြင့် ဇာနည် တော်တော် ရှက်သွားသည်။ ရှက်သည့်ကြားထဲကပင် ဒီပွင့်လင်းချက်ဝိုင်သော စကားလေးကြောင့် ဒီမိန်းကလေးကို အလွန်ချစ်ရာကောင်းသည်ဟု ပို၍ပင် ထင်ဖြစ်အောင် ထင်လိုက်မိသေးပါသည်။

(၅)

စင်ကာပူတွင် မထင်မှတ်ဘဲ ကိုသောင်းထွန်းနှင့် ပြန်ဆုံရသည်။

'ငါ့ညီက ကြီးမှ ပိုချောနေပါလားကွ၊ ဟား ဟား မစွံသေးဘူးလား'

'အစ်ကိုကြီးက ပြောအားရှိနေပြီပေါ့လေ'

ကိုသောင်းထွန်းက အိမ်ထောင်ကျ၍ ကလေးတစ်ယောက်ပင် ရနေလေပြီ။

'ဒါပေမယ့် အိုက်တင်ကတော့ မပြောင်းဘူးဟေ့၊ အရင်လို မှိုင်တွေတွေ အေးတိအေးစက်ပဲ၊ ငါက မင်း ဒီကော်ဖီဆိုင်မှာ စထိုင်ကတည်းက ကြည့်နေတာ၊ ပြောစမ်း ကောင်လေး၊ မိန်းမ မရသေးဘူးဆိုတော့ အသည်း ကွဲနေတာပေါ့ ဟုတ်လား'

မချိပြုံးသာ ပြုံးလိုက်ရသည်။

ရည်းစားငုတ်တုတ်နှင့်လူကို အသည်းကွဲနေတာလားဟု မေးတော့ ဖြေရ ခပ်ခက်ခက်။ ကိုသောင်းထွန်း ကတော့ စိုးစိုးနှင့် သူ့ဇာတ်လမ်းကို မှတ်မိဟန်မတူတော့။ ဒီကြားထဲတွင်က ဒေါက်တာသဥ္စာငယ်နှင့် သူက အနည်းငယ် ရင်းနှီးစပြုကြပြီ။

ပထမမှာတော့ အကြောင်းမရှိ အကြောင်းရှာ သွားလည်ရင်းက ခပ်အမ်းအမ်း။ နောက်တော့ စင်ကာပူကို လူကြုံရှိလျှင် ပစ္စည်းပို့ချင်သည်ဟု အကူအညီတောင်းသည်။ ကိုယ်တိုင် ထိုစဉ်က သွားရန်မရှိသော်လည်း သူငယ်ချင်း လက်ထဲသို့ ဆက်ဆက် ထည့်ပေးပါ့မည်ဟု အာမခံ၍ ယူလာပေးလိုက်သည်။ ထိုသူငယ်ချင်းပင် စင်ကာပူမှ ပြန်လာပြီး ဂျပန်ဘက် တစ်ခေါက် ပြန်ထွက်သွားလေပြီ။

ဒီလိုနှင့် ရင်းနှီးမှု တစ်စတစ်စ ရလာတိုင်း နွေးထွေးငြိမ်းချမ်းစွာ ခုန်နေသော နှလုံးသားတစ်စုံကို ထိတ်လန့် ချောက်ချားစွာ သတိပြုမိတော့လေသည်။ သိပ်ကို သေချာနေပါပြီ၊ သူ သဥ္စာငယ့်ကို မြတ်မြတ်နိုးနိုးချစ်မိနေပြီလေ။

ဘုရား ဘုရား အစစ နှောက်ကျခဲ့ပါလား။ တကယ်ချစ်ရမည့်သူ ယခုမှ တွေ့ရလို့ပါဟုသော အကြောင်း ပြချက်တစ်ခုတည်းနှင့် စိုးစိုးကို ဖြတ်လျှင် သူ လူယုတ်မာ ဖြစ်လေပြီ။

ဘာမှ မကျူးလွန်ရသေးသည်မှာ မှန်ပေမယ့် ဒီမကျူးလွန်ရသေးဟုသော အကြောင်းပြချက်တစ်ခုတည်းနှင့် မိမိချစ်သူကို ဖြတ်ရန်မှာ စိတ်ထားမြင့်မြတ်သော မြန်မာယောက်ျားကလေးများ လုပ်ကောင်းသည့်၊ လုပ်သင့်သည့် အလုပ် မဟုတ်။ သင်္ဘာငယ်ကရော။

သင်္ဘာငယ်ရှေ့ရောက်တိုင်း သင်္ဘာငယ်၏ အသက်ငယ်သလောက် တည်ငြိမ် အေးချမ်းမှု၊ စိတ်ထားမြင့်မြတ်မှု၊ ပညာဂုဏ်၊ ပတ်ဝန်းကျင်သို့ ဖြာထွက်နေသည်ဟု ခံစားမိရလောက်အောင် ဖြူစင်စွာ ကျက်သရေရှိသည့် အလှ တရားတို့ရှေ့တွင် သူ အားငယ်ခဲ့ရသည်။

သင်္ဘာငယ်က သူ့ကို ဘယ်လိုသဘောထားသည်ကို သူ မမှန်းဆနိုင်သေး။ သူ့သဘောထားကို ရိပ်မိနေမှာ သေချာလောက်သည်။ ရှောင်တိမ်းထွက်သွားမည့် ဟန်ပန်မျိုးတော့လည်း မတွေ့ရ။

သို့သော်လည်း သူကရော ဘယ်လိုလုပ်ပြီး ရှေ့ဆက်တိုးမှာတဲ့လဲ။ နည်းနည်း ရှေ့ဆက်တိုးမိသည်နှင့် သူ လမ်းနစ်သွယ်ကို ရွေးရတော့မည်။ စိုးစိုးအကြောင်းကို လျှို့ဝှက်၍ သင်္ဘာငယ်အပေါ် မရိုးသားရန်၊ သို့မဟုတ် အမှန် အတိုင်း ဖွင့်ပြော၍ သင်္ဘာငယ်၏ အထင်သေးခြင်းနှင့် ရွံမုန်းခြင်းကို ခံယူရန်။ ဒီလမ်းနစ်သွယ်စလုံးက သည်မျှ ချစ်မိ နေသော မိန်းကလေးရှေ့မှာ သူ မလျှောက်ဝံ့သည့် လမ်းတွေပါ။

'ဟာကောင်၊ ပြောမှ ပိုပြီမ်သွားပါလားဟ၊ တကယ် အသည်းကွဲနေတာပေါ့လေ'

မချိုပြုံးသာပြုံး၍ `ဒီလိုပါပဲ အစ်ကိုကြီးရာ´ဟု စကားလွှဲလိုက်ရသည်။ ဒီတစ်ခေါက် လာခါနီးကပင် `စင်ကာပူသွားမလို့ လူကြုံပေးဦးမလား´ဟု ဝင်မေးခဲ့သေးသည်။

`အစ်ကိုက ခွင့်နဲ့ပြန်လာဖို့ ရှိတယ်လေ၊ မပေး တော့ဘူး´ဟု ဖြေသဖြင့် သြော် ... အစ်ကိုပဲ၊ ရည်းစားမှ မဟုတ်တာဟု ရင်အေးခဲ့ရသေးသည်။ တစ်ဆက်တည်းပင် သူ မရှိတော့ရော ရင်ပူစရာလား၊ မင်းမှာ ရှိနေတာပဲဟု ကိုယ့်ကိုယ်ကို ကျိန်ဆဲမိခဲ့ရသေးသည်။

`မင်း မော်လမြိုင်ဘက် ရောက်သေးလား´

မိဘတွေ ပင်စင်ယူပြီး ရန်ကုန်မှာပင် နေနေလောက်ပြီဟု ကိုသောင်းထွဋ် တွက်မိဟန်တူသည်။ စိုးစိုးဆီ သွားဖြစ်တယ်လေဟု မဖြေရဲသဖြင့် အင်းဟုသာ ဖြေမိသည်။ ကိုသောင်းထွဋ်မိဘတွေလည်း ဝန်ထမ်းတွေမို့ ပင်စင် ယူပြီး ရန်ကုန်မှာပင် ရှိလိမ့်မည်ဟုလည်း တွေးမိသည်။

`မင်းတို့ ဗိုက်စတားက ကိုအောင်မော်ဆိုတာ သိလား´

ဟိုတစ်ခါ စင်ကာပူကို ဒေါက်တာသဏ္ဍာငယ်၏ လူကြုံပစ္စည်းယူသွားပေးသည့် သူငယ်ချင်းပါပေ။

`သူငယ်ချင်းပဲ အစ်ကိုကြီး၊ ဘာလို့လဲ´

`ငါ ရှေ့လ ရန်ကုန်သွားမလို့ကွ၊ လက်ဆောင်ကလေး ဘာလေး သွားပို့မလို့၊ မင်းမှာ လိပ်စာရှိလားလို့၊ ဟိုတစ်ခါ ငါ အရေးကြီးတဲ့ စာရွက်စာတမ်းတွေ ရန်ကုန်မှာ လိုက်တာ သူလာပေးတာ၊ ငါနဲ့လည်း တိုက်ရိုက်တွေ့တာ မဟုတ်၊ ဆိပ်ကမ်းနဲ့နီးတဲ့

မိတ်ဆွေလိပ်စာနဲ့ ပို့နိုင်းလိုက်ရတာမို့ လူချင်းတွေ့ပြီး ကျေးဇူးတင်တယ်တောင် မပြော လိုက်ရဘူး'

ဗျတ်ကနဲ ဇာနည်နှလုံးခုန်သံ ရပ်သွားသည်။

`ဒေါက်တာသဥ္စာငယ်ရဲ့ဆီကလား'

ကိုသောင်းထွန်း အံ့အားသင့်သွားသည်။

`ဟုတ်တယ်၊ မင်း ဘယ်လိုလုပ် သိသလဲ'

`ဒေါက်တာသဥ္စာငယ်က ကျွန်တော့်ကို အကူအညီတောင်းတာ၊ အောင်မော့်ကို ကျွန်တော်ပဲ ပေးလိုက် တာလေ'

ကိုသောင်းထွန်းက ပိုအံ့ဩသွားဟန်ပြသည်။

`ဟေ မင်းလုပ်ပေးတာလား၊ အေးလေ စာအိတ်ပေါ်မှာတော့ သူများ နာမည်နဲ့ဆိုတော့ ဘယ်ဆက်စပ်မိမလဲ၊ ဒေါက်တာသဥ္စာငယ်ဆိုတော့ မင်းတို့က အချင်းချင်း မမှတ်မိဘဲ ခင်နေကြတာပေါ့လေ'

ရင်က တလှပ်လှပ် ခုန်လာသည်။

`အဲဒါ ...'

`အဲဒါ ပူစူးမပေါ့ကွ၊ ငါ့ညီမလေး၊ မော်လမြိုင်တုန်းက မင်းပဲ နပ်ချေးထူလို့ စစနေတဲ့ ကောင်မလေးဟာ၊ အခုတော့ ဒေါက်တာသဥ္စာငယ်ပေါ့၊ ဟောက်စ်ဆာဂျင်ပြီးတာ တစ်နှစ်ပဲ ရှိသေးတယ်'

နားတို့ပဲ အူထွက်သွားတာလား၊ ကော်ဖီဆိုင်ကပဲ ရုတ်တရက် တိတ်ဆိတ်သွားခဲ့တာလား။

(၆)

ဝင်လုနေမင်း နီစွေးစွေးကြီး ပင်လယ်ပြင်ကို မေးတင်နေသည်ကို ငေးမောကြည့်ရင်းကပင် ကုန်းပတ် တစ်လျှောက် လမ်းလျှောက်မိသည်။ နီစွေးစွေးနေရောင်ဟပ်နေသော ပင်လယ်ပြင်သည် ပြာနောက်နောက် အရောင်တွင် နီစွေးစွေး အကြေးခွံများ ဟိုသည်တစ်ကွက်နှင့် လှိုင်းကြက်ဆင်၍ ကျက်သရေရှိရှိ တင့်တယ်နေသည်။

ဩော် ... ပင်လယ်ဆိုတော့ လှိုင်းကလေးနှင့်မှ တင့်တယ်လိမ့်မပေါ့။ ချောင်းငယ်၊ မြစ်ငယ်ဘဝတုန်းကတော့ တည်ငြိမ်စွာ စီးဆင်းတတ်တာကမှ အလှတရား။ ဒီချောင်းငယ်၊ မြစ်ငယ်တို့လည်း အချိန်တန်လျှင် ပင်လယ်ဖြစ်လာကြ ဦးမည်။ လှိုင်းကလေးတွေနှင့် လှပကြပေလိမ့်ဦးမည်။

မိမိသည်သာလျှင် ချောင်းငယ်၊ မြစ်ငယ်ဘဝကို လှိုင်းနှင့် အလှဆင်ချင်မိခဲ့ရာ ယခုတော့ ပင်လယ်အလယ်မှာ ဒီဘဝက ဘယ်လိုမှ မလှပနိုင်တော့။ နေမင်းကြီး ပင်လယ်ထဲသို့ ဝင်သွားခဲ့သည့်အတိုင်း သဘောအရာရှိကလေး ဇာနည်တစ်ယောက် အတွေးများ ဝလောင်ဆူ၍ ကုန်းပတ်ပေါ်တွင် ရပ်နေဆဲ။

Family မဂ္ဂဇင်း

# နွေမိုးစက်

(၁)

ကသုတ်ကရက် ပြေးတက်သွားသည်ကို ငဲ့၍ ငုံ့အကြည့်တွင် ဖြူဝင်းသော ခြေဖမိုးလေးပေါ် ရွှံ့စက်ကလေး များကို မြင်လိုက်မိသည်။

ကတ္တီပါသဲကြိုးပြာကလေးမှာ ရွှံ့ရည်တို့ စိုနေသည်။

မိုးသက်လေ အဝေ့တွင် လွင့်ပါနေသော ဆံနွယ်လေးများအကြားမှ သနပ်ခါး ပါးပါးကလေး တင်ထားသော မျက်နှာကလေးကို အားတုံ့အားနာ မော့ကြည့်မိတော့ ရယ်ကျဲကျဲမျက်နှာကလေးဖြင့် ဘာကြည့်နေတာလဲဟု ပြန်မေးသည်။

လေနောက်တစ်ချက်အဝေ့တွင် မိုးစက်ကလေးများ ခပ်ပါးပါး ခုန်ပေါက်တွဲခို ပါဝင်လာကြသည်။

ရွာတော့မယ် ... ကိုရေ၊ ဒီတစ်စီးတော့ ရအောင်လုတက်ကြရအောင်ဟု စိတ်ပူသော မျက်နှာကလေးနှင့် ပြောသည်။

နွေလယ်ခေါင် မထင်မှတ်ဘဲ ရွာချခဲ့ပြီး နောက်ထပ်လည်း ရွာမည့်ဟန်ပြင် နေသော မိုးကြောင့် ဘတ်စ်ကား ဂိတ်တွင် လူစည်ကားနေသည်။

ဟိုင်းလပ်စ်ကားတစ်စီးက လမ်းဘေးရေအိုင်တွေကို ဘီးတစ်ဖက် နင်းချရင်း ဝင်လာသည်။ ရေစင်မည်ကို နောက်ဆုတ်ရှောင်သော လူအုပ်ကြီးကို ထိုးဖောက်၍ နှစ်ဦးစား ကားဘက်ပြေးခဲ့ကြသည်။

အလယ်ခုံနှစ်ခုံရတော့ အားရဝမ်းသာ ရယ်မောသည့် မျက်နှာကလေးကို ဆယ့်ငါးနှစ်တိတိကြာသည့်တိုင် သူ့မျက်စိထဲက မထွက်။

(၂)

ဆယ့်ငါးနှစ်တာ ကာလအတွင်း ဒီဘတ်စ်ကားဂိတ်ကလေးက သိသိသာသာ ပြောင်းလဲသွားသည်။

ဖိုင်ဘာထိုင်ခုံ အတွဲကလေးတွေ ပေါ်လာသည်။ ပေါင်းမိုးအကာတ်ကလေး ပေါ်လာသည်။ သို့သော် ကားစောင့်သောလူအုပ်ကြီးကတော့ လျော့မသွား။ ဒီတော့ ထိုင်ခုံတွေဘေး၊ ပေါင်းမိုးဘေးတွင် လူတွေ လျှံနေဆဲ။

ဟိုင်းလပ်စ်ကားကလေးများလည်း ရှိနေဆဲ။ ဘတ်စ်ကားကြီးများလည်း ယခင်ပုံစံအတိုင်း ... တစ်ခုတော့ ရှိသည်။ တစောင်းကြီးလိမ့်နေသော ကားကြီးများကိုတော့ မတွေ့ရတော့။

နောက်ကျသော သကြန်မိုးလက်ချက်နှင့် ကားလမ်းဘေးတွင်လည်း ရွှံ့ ရေအိုင်များ ရှိနေကြသည်။ ကားများ ဝင်လာလျှင် လူအုပ်ကြီးက နောက်သို့ ဆုတ်ဆုတ် ရှောင်နေကြသည်ကို ကြည့်ရင်း တစ်ချိန်က ဒီမှတ်တိုင်၊ ဒီနေရာ ကလေးတွင် ချစ်သူနှင့် မကြာခဏ ကားစောင့်ဖူးသည်ကို သူ ပြန်ပြောင်းသတိရနေမိသည်။

ယခုတော့ ဒီမှတ်တိုင်ကို မျက်နှာချင်းဆိုင်လမ်းတစ်ဖက်ရှိ ပထမထပ် လေအေးစက်တပ် ရုံးခန်းပြတင်း ပေါက်မှ ငုံ့ကြည့်နေရင်းက ရွှံ့မစင်တာ ကြာပြီဖြစ်သော ကိုယ့်ခြေထောက်ကို ကိုယ်ယောင်ယမ်း၍ ကြည့်မိပြန်သည်။

မှတ်တိုင်ဆီ ပြန်လှည့်ကြည့်လိုက်တော့ လူအုပ်ထဲတွင် `မြသွေးရည်´ကို လှမ်းမြင်ရသည်။ အသက်နှစ်ဆယ် အရွယ် စာရင်းကိုင်မကလေး။

ကုန်ခြေရတည်ကြည့်ပြီး အလုပ်ကြိုးစားသူကလေးမို့ သူ့ကုမ္ပဏီတွင် သူ့သမီးရင်းနှမရင်းကဲ့သို့ သူ ချစ်ခင် အလေးပေးထားသူလေး။ အမှန်တော့ အတွင်းရေးမှူးမကလေးဟု ခေါ်လျှင်ပင် မမှားနိုင်။ သို့သော် မိန်းကလေးက ရုပ်ရည်လှပလွန်းနေသည်။ မိန်းမကိစ္စနှင့်ပတ်သက်၍ ဘာနာမည်ပျက်မှ မရှိသူ၊ သူ့လိုကုမ္ပဏီပိုင်ရှင်ပင်လျှင် အတွင်းရေးမှူး ချောချောလှလှကလေးတစ်ဦး ခန့်ထားလိုက်လျှင် တီးတိုးတီးတိုးအသံတို့ ထွက်လာနိုင်သည်ကို သူက ကြို၍ စိုးရိမ်ထားသည်။

ယခုပဲကြည့်လေ။

ကလေးမကလေး ရုံးအဆင်းတွင် မထင်မှတ်ဘဲ ရှာလိုက်သောမိုးကြောင့် ကားရဖို့ အခက်အခဲဖြစ်နေပြီကို သူမြင်နေရသည်။ ကိုယ့်လုပ်ငန်းအပေါ် စေတနာရှိသောကလေးမို့ တစ်ခါတစ်ရံ ကိုယ့်ကားနှင့် လိုက်ပို့ပေးလိုသော စေတနာလည်းရှိသည်။ ကားကလည်း အောက်မှာ အဆင်သင့်ရပ်ထားသည်။

ခက်တာက ကလေးမကလေးက မြန်မာဇာတ်ကားတို့တွင် မကြာခဏပါလေ့ရှိသော ကုမ္ပဏီဝန်ထမ်း အပျိုမ ကလေးများလို ချောချောငယ်ငယ်ကလေးဖြစ်နေပြီး သူကတော့ ထိုကားများထဲတွင် မကြာခဏ ထိုအပျိုမကလေး များ၏အိမ်ကို ကားမောင်း၍ ပို့ပေးနေကျ သူဌေးကြီးများလို အသက်သုံးဆယ်အရွယ် လူပျိုကြီးမဟုတ်။ အသက်လေးဆယ်အရွယ် အိမ်ထောင်ရှင်တစ်ဦး ဖြစ်နေသည်။ မသင့်တော်နိုင်ဟု သူထင်သည်။

ကိုယ့်အတွေးကိုယ် သဘောကျစွာ ရယ်မိရင်း မသိမသာ စွထွက်စပြုနေပြီ ဖြစ်သော ကိုယ့်ဗိုက်ကို ကိုယ်ငုံ့ကြည့်မိသည်။ အိမ်က မိန်းမကပင်လျှင် ... ရှင် စိတ်လျှော့

လိုက်တော့၊ လေ့ကျင့်ခန်းစင်တာလည်း သွားမနေ နဲ့တော့၊ ကျွန်မ နောက်တစ်ခါ ဘောင်းဘီဝယ်ရင် ခါးသုံးဆယ့်သုံးပဲ ဝယ်တော့မယ်ဟု မကြာခဏ ပြောနေသေးသည်။ ယခုတော့ မိုးရွာတာကို ကြည့်၍ အတွေးနယ်ချဲ့ရင်းက ကိုယ့်ကိုယ်ကို မြန်မာဗီဒီယို ဇာတ်ကားများထဲက မင်းသားများ နှင့်ပင် နှိုင်းမိသေးတော့၊ ဇာတ်ရုံမိဘခန်း သရုပ်ဆောင်သူတွေနဲ့ နှိုင်းစဉ်းစားရမယ့်အရွယ်ကများ။

`မင်းလွင်မိုး´ရှိလျှင်လည်း အကောင်းသား။

မင်းလွင်မိုးဆိုသည်က သူ့ရုံးက `အိုင်တီ´ပညာရှင်ကလေးဖြစ်သည်။

အိုင်တီပညာရှင်ဟု ဆိုသော် လည်း လေ့လာသင်ယူဆဲ လူငယ်တစ်ဦးမို့ လခတော့ သိပ်များများ မပေးနိုင်သေး။ ကောင်ကလေးကလည်း အလုပ်မကပ်သတ်တတ်။ တခြားကုမ္ပဏီကိစ္စ၊ နောက်ဆုံး အိမ်က ကလေးကျောင်းသွား ကြိုပေးပါဆိုလျှင်ပင် မငြင်းတတ်။ ဒီတော့ ဒီကောင်ကလေးကိုလည်း သူ သံယောဇဉ်ရှိသည်။ ရှင်းရှင်းပြောရလျှင် ဒီကောင်ကလေးနှင့် ဒီကောင်မလေးကို သူ့စိတ်ထဲက ကြိတ်၍ပင် သဘောတူနေသေးသည်။ ရုပ်ချောတာ၊ လိမ္မာတာ၊ အရွယ်တူတာ ... ဒါလေးတွေကလည်း ညီမျှသည်လေ။

ကောင်ကလေးကတော့ ကောင်မကလေးကို အရှုးအမူး စွဲလမ်းနေရှာသည်ကတော့ သေချာသည်။ တစ်ရုံး လုံးလည်း သိနေပြီ။ ကောင်မကလေးကလည်း တစ်ရုံးတည်းသား လူပျိုရွယ်များအားလုံးထဲမှာတော့ ကောင်ကလေးကို ပို၍ရင်းနှီးသည်။ တစ်ခါတစ်လေ ကောင်ကလေးအတွက် အိမ်ကဟင်း ပိုထည့်လာတာတို့ ဘာတို့ ... ကောင်ကလေး အတွက် ရင်ခုန်စရာကလေးတွေပင် ရှိသည်။ ဒီတော့ တစ်ရုံးလုံးက အချိန်မတန်သေးလို့သာ၊ အချိန်တန်ရင်တော့ သူတို့နှစ်ဦး ချစ်သူဖြစ်သွားလိမ့်မည်ဟု တွက်ထားကြသည်။

ခက်သည်က ကောင်ကလေးက ဖွင့်ပြောသေးဟန် မတူ၊ ချို့တဲ့သောသူ့ဘဝကြောင့် ကောင်မကလေးကို အားနာနေဟန်တူသည်။ ကောင်မကလေးကလည်း ပြည့်စုံလှသည် မဟုတ်တော့ အတူတူသာဆိုလျှင် သူတို့ ကလေးတွေ အတော်ရုန်းကြရဦးမည်။ သူ့သဘောကတော့ ရုန်းပေါ့ ... ဘာဖြစ်သလဲ၊ နီးစပ်ကြစေချင်သည်။

ဒါကြောင့်လည်း မင်းလွင်မိုးရှိလျှင် ကောင်းမည်ဟု ပြောရခြင်းဖြစ်သည်။ မင်းလွင်မိုးသာရှိလျှင် သူ့ကားသော့ ပေးလိုက်မည်။ မြသွေးရည်ကို တောင်ဥက္ကလာအဒေါ်အိမ်အထိ လိုက်ပို့ပေးလိုက်ဟု သူခိုင်းမိမည်မှာ အမှန်ပင်။

ခုတော့ သူက မင်းလွင်မိုးကို မန္တလေး ခဏလွှတ်ထားမိသည်။

အလို ...

မြသွေးရည် လူအုပ်ထဲက တစ်ယောက်တည်း တိုးထွက်လာပါကလား။

ဩော် ... လင်ခရုဆာ ကားအဖြူတစ်စီးလည်း ကားဂိတ်ရှေ့မှာ ထိုးရပ်လိုက်တာကိုး။ တစ်ယောက် ယောက်က ကားထဲမှနေ၍ လှမ်းစကားပြောနေဟန်တူသည်။ မြသွေးရည်က ခေါင်းကလေးငုံ့ကာ ကားပြတင်းဝ ဘက်သို့ စကားပြောနေသည်။

ဒီကား မြင်ဖူးပါတယ်။

ကားဘေးမှာ မြင်းရိုင်းအုပ်ကြီး ပြေးလာဟန် စတစ်ကာ ကပ်ထားသည်။ ဟုတ်တာပေါ့၊ ကိုစောလွင်ရဲ့ကားပဲ။ ကိုစောလွင် ကောင်မလေးကို လိုက်ပို့ပေးဖို့ ခေါ်နေဟန်တူသည်။

ကိုစောလွင်ဆိုသည်က သူနှင့် စီးပွားရေးအတူလုပ်ရင်း ခင်မင်ခဲ့ကြသည့် လုပ်ငန်းရှင်တစ်ဦး။ အသက်က လေးဆယ်မပြည့်တတ်သေး။ ဝေါက်သီးမှန်မှန်ရိုက်သဖြင့် အသားညိုသော်လည်း အားကစားသမားကိုယ်ဟန်ရှိသည်။ သူနှင့်စာလျှင် ကိုစောလွင်ကမှ စောစောက တွေးမိသော မြန်မာဗီဒီယိုဇာတ်ကားတွေထဲက ကုမ္ပဏီပိုင်ရှင်တွေနှင့် ပို၍ တူမည်။ သို့သော် သူလည်း လူပျိုကြီးတော့ မဟုတ်၊ တစ်ခုလပ်ဖြစ်သည်။ နိုင်ငံခြားသို့ မိန်းမနှင့်ပါသွားသော သားသမီး များလည်း ရှိသည်။ နာမည်ပျက်တော့ သိပ်မရှိ။ သူ့ရုံးကို လာလျှင်တော့ မြသွေးရည် ကော်ဖီလာချပြီး ပြန်အထွက် တိုင်းတွင် မသိမသာ သမင်လည်ပြန် လှည့်ကြည့်တတ်သည်။ ဒီလူ ကောင်မလေးကိုများ စိတ်ဝင်စား နေတာလား။

ကိုစောလွင် ရုံးခန်းက သူ့ရုံးခန်းနှင့် လှေကားခွင်တစ်ခုတည်း ဘေးတိုက် အပေါ်ခန်းဖြစ်သည်။ ကိုစောလွင် ရုံးခန်းပြတင်းပေါက်မှ ငုံ့ကြည့်လျှင် ဒီဘတ်စ်ကားဂိတ်ကို မြင်နိုင်သည်။ ဒီလူ ကောင်မလေး ကားစောင့်နေတာကို မြင်လို့များ ရုံးစောဆင်းလာပြီး လမ်းကြုံချင်ယောင်ဆောင်တာလား။

သူ စဉ်းစား၍ မဆုံးမီ လင်ခရူဆာကား၏ ဘေးတံခါးပွင့်သွားသည်။ မြသွေးရည် ကားပေါ်တက်သွားသည်။ ကားထွက်သွားသည်။

ဘုရားရေ ...။

မင်းလွင်မိုးရေ မင်းတော့ နာပြီထင်တယ်။

(၃)

`စဉ်းစားရခက်နေတာလား၊ ပြန်ပြောရမယ့်စကားက ပြောရခက်လောက်အောင် အားနာစရာ ကောင်းနေ တာလား ... ကလေး´

မြသွေးရည် အောက်နှုတ်ခမ်းကလေးကို ကိုက်၍ ခေါင်းငုံ့ထားသည်ကို ငေးကြည့်ရင်းက ကိုစောလွင် အားမလို အားမရ မေးမိသည်။

ကော်ဖီဝင်သောက်ရအောင် ... နော် ... မိုးအေးတော့ ကော်ဖီသောက်ချင်တာ။ အိမ်မှာလည်း ကိုယ့်ဟာကိုယ် ဖျော်ရမှာ ပျင်းတာနဲ့ဟု ပြောစဉ်က ... ရပါတယ် ... ဆရာဟု ပြုံးချိုစွာ ခေါင်းငြိမ့်လိုက်သဖြင့် သူ့အတွက် အခြေအနေ ကောင်းသည်ဟု ထင်မိသည်မှာ မှားသလိုဖြစ်နေရော့သလား။

`တို့က တစ်ခုလပ်ဖြစ်တာ မိန်းမနဲ့ သဘောချင်း မတိုက်ဆိုင်လို့သာ ဖြစ်ခဲ့တာ။ အကျင့်စာရိတ္တပိုင်း ဖောက်ပြန်ခဲ့တာ မရှိဘူးနော်။ ကလေး မယုံရင် အစ်ကိုခိုင်မြင့်ကို မေးကြည့်လို့ရတယ်´

`ဆရာလည်း အဲသလို ပြောဖူးပါတယ် ဆရာ´

မြသွေးရည်က တိုးတိုးဖြေသည်။

`ဒါဆို ဘာတွေ ခက်နေတာလဲ၊ ပြောပြပါဦး´

အတော်ကြာအောင် ခေါင်းငုံ့တိတ်ဆိတ်နေပြီးမှ တိုးတိုးဖြေသည်။

`တစ်ဘဝလုံးအရေးပါ ဆရာ၊ သမီး စဉ်းစားပါရစေဦး´

ယခုမှပင် ပင့်သက်ချနိုင်တော့သည်။

`ဒါပေါ့ စဉ်းစားရမှာပေါ့၊ ကလေး စဉ်းစားပြီးရင်သာ အသိပေး၊ ဒီကြားထဲမှာ ကလေးရဲ့စိတ်ရော၊ သိက္ခာရော ထိပါး အနှောင့်အယှက်ဖြစ်တာမျိုး လုံးဝမရှိစေရဘူးလို့ တို့ ကတိပေးတယ်၊ သိလား။ ကဲ ကော်ဖီသောက်၊ ပြီးရင် ကလေးကို ပြန်ပို့ပေးမယ်´

ကိုစောလွင် ရင်ထဲကတော့ တော်တော်ငြိမ်းချမ်းသွားသည်။

(၄)

'မင်းလွင်မိုးရယ် နင်ဟာ တကယ့်အရူးပဲ'

တစ်ရုံးတည်းသား အစ်မကြီးက အသည်းနှလုံးပုံဒိုင်ခွက်ပါသော လက်ပတ်နာရီ လှလှကလေးကို ကြည့်၍ ညည်းတွားသည်။ မင်းလွင်မိုးကတော့ အသံမထွက်အောင် ရယ်နေသည်။

'ဒါကို နင်သွားပေးရင် ဖွင့်ပြောပြီးသား အဓိပ္ပါယ်ပဲဆိုတာ နင်သိရဲ့လား'

'အစ်မကလည်း အဲဒါ အဲဒီလိုပဲ ရည်ရွယ်တာပဲဟာ၊ ကျွန်တော်မှ ပါးစပ်နဲ့ မပြောရဲတာ'

'အဲဒါကြောင့် ပြောတာပေါ့၊ နင့်ကို အရူးလို့၊ ဘယ်မိန်းကလေးကများ ကိုယ့်ချစ်သူက နာရီနဲ့ဖွင့်ပြောတာကို ရင်ခုန်မတဲ့လဲ၊ ပါးစပ်နဲ့ စာနဲ့ ပြောမှပေါ့'

'ရှူး ... တိုးတိုး ... ဟိုမှာ ... လေကားက အသံကြားတယ်၊ မြပဲ ထင်တယ်'

လက်စက ရင်စေ့ မြန်မာဆန်ဆန် အင်္ကျီဖြူကလေး၏ ပုခုံးတစ်ဖက်ထက်မှ ရှည်လျားဖြောင့်စင်းသော ဆံနွယ်တို့ ဝေ့ကနဲ ဝဲသည်ကို သတိပြုမိချိန်မှာပင် မင်းလွင်မိုး၏ ရင်က အတိုင်းမသိ ခုန်သည်။

နိုင်ငံခြားသားများ အဝင်အထွက်ရှိသော ကုမ္ပဏီမို့ မြန်မာဆန်ဆန်သာ ဝတ်ဆင်ခွင့်ပြု ထားသောနေရာတွင် မြန်မာဆန်ဆန်ဝတ်လိုက်တိုင်း ကျက်သရေရှိစွာ

လှပသော မိန်းမပျိုကလေးရှိနေသည်မှာ တင့်တယ်လှပပေသည် ဟုလည်း ဝိုဝိုသာသာ တွေးနေမိသည်။

`ကိုမိုး ... ထိုးမုန့်ပါသလား´

သွားတက်ကလေး ပေါ်အောင် ရယ်၍ မေးသည်။ လက်တစ်ဖက်က စားပွဲပေါ်တင်ထားသော လက်ပတ်နာရီ ဘူးကလေးကို ယောင်ယမ်း၍ ဆုပ်ကိုင်မိစဉ်တွင် အစ်မကြီးက အလန့်တကြား ဝင်မေးသည်။

`ဟဲ့ ... မြကလေးလက်က နာရီကလေးက အသစ်ကလေးပါလား။ ဒါ ရှိမန်ဆန် မဟုတ်ဘူးလား။ ဘယ်လောက်တောင် ပေးခဲ့ရသလဲ´

ဘုရားရေ ... ဟုတ်ပါရဲ့။

မြသွေးရည်၏ ဘယ်ဘက်လက်တွင် စိန်လုံးကလေးများ အသည်းနှလုံးနစ်ခု ထပ်နေသည့်သဏ္ဍာန် ပုံဖော် ထားသော အဖိုးတန် လက်ပတ်နာရီအသစ်ကလေးတစ်လုံး ရှိနေပါလား။

မြသွေးရည်က ရှက်ကိုးရှက်ကန်းဖြင့် လက်ကို အိတ်နှင့်ကွယ်လိုက်သည်။

`မသိပါဘူး အစ်မရယ်၊ လက်ဆောင်ရတာပါ။ စိတ်ထဲမှာ အရမ်းတန်ဖိုးကြီးမလား မသိဘူး၊ ပြန်ပေးမလို့ဆို စားပွဲပေါ် တင်ထားတာ၊ အိမ်က အဒေါ်က နင်နဲ့လိုက်တယ်၊ ပတ်သွားဆိုပြီး အတင်းပတ်ပေးလိုက်တာ၊ မြက မလိုချင်ပါဘူး´

အစ်မကြီးမျက်နှာ စိုးရိမ်ရိပ် ပေါ်လာသည်။

`ဘယ်သူ ပေးတာလဲ´

မြသွေးရှည်က မဖြေချင်ဟန် မျက်နှာလွှဲပြီး တိုးတိုး ... လူကြီးတစ်ယောက်ပါဟု ဖြေသည်။

မြရေ ... ဆရာခေါ်တယ်ဟေ့ ... ဟု တစ်စုံတစ်ယောက်က လှမ်းခေါ်သံကြားရသည်။ ဟုတ်ကဲ့ ... ဒီတ်ကလေး ထားလိုက်ဦးမယ်ဟူသော အသံအဆုံးလွင့်မျောသော ဆံနွယ်တို့ ဟိုက်ဒရောလစ်မောင်းတပ် အတွင်းရုံးခန်းတံခါးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ မင်းလွင်မိုး ကြက်သေသေ၍ ကျန်ခဲ့ပါသည်။

အစ်မကြီးက လေသံတိုးတိုးဖြင့် ဦးစောလွင်ပဲ၊ သေချာပါတယ်၊ ဦးစောလွင်က လူကြီးစုံရာနဲ့ တောင်းရမ်းပြီး လေးလေးစားစား လက်ထပ်ယူမှာတဲ့။ မြကလေးက စဉ်းစားဦးမယ်လို့ ပြောထားတာတဲ့ဟု ပြောသည်။

ဘယ်တုန်းကလဲ အစ်မဟု တုန်လှုပ်စွာ ပြန်မေးမိသည်။ မင်းက သုံးပတ်တောင်ကြာသွားတာကိုး။ ဒီကြား ထဲမှာ ဒီသတင်းဖြစ်လာတာပဲဟု ဖြေသည်။

`မြက ပြောပြတာလား´

ခေါင်းခါပြသည်။

`ငါ့ကိုတော့ မပြောပြဘူး၊ သူတို့ရွယ်တူ နွယ်တို့ကို ပြောပြတယ်လို့တော့ ပြောတာပဲ´

အာခေါင်နံ့ရှံများရော၊ နှုတ်ခမ်းရော နှလုံးသားပါ ရုတ်တရက် ခြောက်ကပ်သွားပါသည်။

(၅)

`လှလိုက်တာ´

ပန်းချီကားကို ကြည့်၍ မြသွေးရည် တိုးတိုးကလေး ရွတ်ဆိုမိသည်။

မိုးစက်ကလေးတွေက ပန်းချီကားထဲမှ ခုန်ထွက်၍ မိမိမျက်နှာပေါ် ဖွဖွကလေး လာစင်သလို ခံစားနေရသည်။ မိုးဖွဲဖွဲကလေးရွာနေသော ရှုခင်း၊ တော်တော်ကလေး လင်းထိန်နေသဖြင့် နေလုံးကို ထည့်ဆွဲမထားသည့်တိုင် နေသာ နေဆဲ ရွာသောမိုးဟု ခန့်မှန်း၍ရသည်။ ပိတောက်ပွင့်များ ပင်လုံးညွတ်အောင် ပွင့်နေသော ပိတောက်ပင်ကြီး တစ်ပင် ကိုလည်း မလှမ်းမကမ်းတွင် ထည့်၍ဆွဲထားလေရာ အချိန်ကာလကိုလည်း ခန့်မှန်း၍ ရလေသည်။

မမအေးက မြသွေးရည်ကို လှမ်းကြည့်၍ သမီး၊ အဲဒီပန်းချီကားက ဧည့်ခန်းထဲမှာ မချိတ်တော့ဘူး၊ ထားလိုက်၊ မမ အပေါ်ယူသွားပြီး အိပ်ခန်းထဲမှာပဲ ချိတ်မှာဟု လှမ်းပြောသည်။

`လှလိုက်တာ မမရယ်၊ ဆရာဆွဲထားတာလား´

မမအေးက ရယ်သည်။

`ကိုခိုင်မြင့်က ပန်းချီမဆွဲတတ်ပါဘူး သမီးရယ်၊ မမ အသက် သုံးဆယ့်ငါးနှစ် ပြည့်တဲ့ မွေးနေ့တုန်းက လက်ဆောင်ပေးချင်လို့ ပန်းချီပြပွဲတစ်ခုက ဝယ်လာတာ၊ ပန်းချီကားနာမည်က `နွေ မိုးစက်´တဲ့´

နွေ ... မိုးစက် ...။ တိုးတိုးကလေး ရွတ်ဆိုမိသည်။ ဟုတ်ပါ့၊ မိုးတွင်းမှာ စွေနေအောင်ရွာသော မိုးနှင့်စာလျှင် နွေကျွန်ခါရမှ ရွာချပေးသောမိုးက နလုံးသားကို ပို၍

ချမ်းမြေ့စေလိမ့်မည်။ ဒီလို ချမ်းမြေ့စရာ `မိုး´ကိုမှ ချစ်ဇနီးအတွက် လက်ဆောင်ပေးတတ်သော ဆရာ၏ စိတ်ကူးကောင်းပုံကို ရင်ထဲမှ ချီးကျူးမိရပြန်သည်။

`သူ့ဘဝက နေပူထဲမှာ ရုန်းရကန်ရတဲ့အချိန်မှာ မမက သူ့ဘေးမှာ အတူဆင်းလာပြီး လက်တွဲအားပေး ခဲ့တာ နွေလယ်ခေါင်မှာ မိုးဖွဲဖွဲရွာသလိုပါပဲတဲ့၊ အဲဒီအင်အားတွေ ရခဲ့လို့ အခုလို ဘဝကို သူရောက်ခဲ့ရတာကို တစ်သက်လုံး ကျေးဇူးတင်နေတယ်ဆိုတာ သိစေချင်လို့ ဒီပန်းချီကားကို ပေးတာတဲ့။ ကိုင်း ... ဘယ်နှယ်လဲ၊ သမီး ဆရာက ကဗျာမဆန်ဘူးလား´

မမအေးက မြသွေးရည်နောက်မှ လာရပ်၍ ပန်းချီကားကို အတူမော့ကြည့်ရင်းက ရှင်းပြနေသည်။ အို ... ကြားရတာနှင့်ပင် မမအေးနေရာမှာ ကိုယ်တိုင်ဝင်ခံစားရသလို ရင်ထဲတွင် ချမ်းမြေ့လှပါဘိ။

သမီးက မမတို့၊ ဆရာတို့မိဘလက်ထက်ကတည်းက ချမ်းသာခဲ့တယ်လို့ ထင်နေတာ။ မဟုတ်ဘူးလားဟု တိုးတိုးပြန်မေးမိသည်။ မမအေးက သက်ပြင်းချ၍ ခေါင်းခါသည်။

`ဟဲ၊ ညာဏ်၊ ဝီရိယပေါ့ကွယ်၊ ကိုနိုင်မြင့်က မိဘမဲ့ ဘုန်းကြီးက ကျောင်းထားပေးတာ။ မမမိဘတွေကတော့ အရာရှိကြီးတွေ၊ မမ တက္ကသိုလ်တက်တုန်းအထိတော့ ကားနဲ့ အိမ်နဲ့ ပင်စင်ယူပြီးတော့ မရှိမရှာပဲ၊ သားသမီးကိုတော့ ထပ်မပံ့ပိုးနိုင်တော့ဘူး´

မမအေးက ပြောနေရင်းက ရပ်၍ တိုးတိုးရယ်ရင်း ကုမ္ပဏီရှေ့က သမီးတို့ ကားရပ်စောင့်နေကျ ဘတ်စ်ကား မှတ်တိုင်ရှိတယ် မဟုတ်လားဟု မေးသည်။ ဟုတ်ကဲ့ဟု ဖြေလိုက်သော်လည်း နောက်ပိုင်းတွင် ဦးစောလွင်က မကြုံကြုံအောင် စောင့်၍

လိုက်ပို့ပို့ပေး နေသဖြင့် ဘတ်စ်ကား သိပ်မစီးဖြစ်တော့ကြောင်း ရှက်ရွံ့စွာ တွေးမိ၍ ခေါင်းငုံ့ထားမိသည်။

'မမက အဲဒီနားက အစိုးရရုံးတစ်ရုံးမှာ စာရေးလုပ်တော့၊ ကိုနိုင်မြင့်က သယ်န်းကျွန်းက စက္ကူစက်တစ်ခုမှာ အလုပ်လုပ်နေရင်းက လာလာကြိုတယ်။ မိုးရွာလိုက်၊ နေပူလိုက်နဲ့ အဲဒီကားမှတ်တိုင်မှာ နေ့တိုင်း ကားတိုးစီးခဲ့ကြတာ၊ နှစ်နဲ့ချီ ကြာခဲ့ကြတာပေါ့။ ကိုနိုင်မြင့်ကတော့ မမခြေထောက် ရွှံ့စင်တာက အစ သူ့အပြစ်လို့ မြင်တတ်တဲ့လူမျိုးလေ၊ မမကတော့ မသိပါဘူး၊ ရွှံ့စင်လည်း ပျော်နေတာပဲ၊ နေခြစ်ခြစ်တောက်ပူလည်း ပျော်နေတာပဲ။ သူ့အနားမှာရှိရင် ဘေးက ဒုက္ခတွေ သိပ်သတိမထားမိတော့ဘူး'

ဘုရား .... ဘုရား ...။ မမအေးစကားများ နားထောင်ရင်းက စိတ်ထဲတွင် တရိပ်ရိပ် အာရုံတွေ နောက်ကျိုလာသည်။ ဘတ်စ်ကားအတူ တိုးစီးနေကျ မင်းလွင်မိုး၏ အမြဲသူ့အတွက် စိုးရိမ်ပူပန်အားနာနေတတ်သော မျက်နှာငယ်ကလေးကို မြင်ယောင်လာသည်။

'သားကလေး မွေးပြီးခါစမှ ကိုနိုင်မြင့် ခွဲထောင်လိုက်တဲ့ စက္ကူစက်ကလေးက အကျိုးပေးလာတာ၊ ဝင်ငွေကလေး စကောင်းတော့ ပိုက်ဆံ ငါးသောင်းလောက်လည်း စုမိရော၊ ကိုနိုင်မြင့်က တူးတီဆိုတာ ထည့်ရတဲ့ တူးစထရက် ဆိုင်ကယ်တစ်စီး ဝယ်စီးတယ်။ မမကို ရုံးလာလာကြိုတော့ ပျော်လိုက်တာ။ တစ်ခါများ သားလေး ခြောက်လသား ကလေးပါ ချီပြီး ရုံးလာသေးတယ်။ ရုံးက ပြန်တော့ အဲဒီမှတ်တိုင်ရှေ့မှာပဲလေ၊ ဆိုင်ကယ်အထွက်မှာ မမရော၊ သားလေးရော ပြုတ်ကျကျန်ခဲ့တာ၊ ကံကောင်းလို့ နောက်က ကားဝင်မတိုက်တာ။ ခုနေ ပြန်ပြောတိုင်း ရယ်လိုက်ကြရတာ'

ရင်ထဲက တစ်ဆို့ဆို့ကို မနည်းမျိုချ၍ ဒါဆို မမတို့က မောင်လေး မွေးပြီးနောက်ပိုင်းမှ စီးပွားတက်လာကြ တာပေါ့၊ လက်ထပ်တုန်းက ဆရာ့အခြေအနေနဲ့ဆိုရင် မမမိဘတွေက သဘောကော တူကြရဲ့လားဟု ပြန်မေးမိသည်။

'မမအမေပြောတဲ့ စကားလေးတစ်ခွန်း ရှိတယ်ကွယ်၊ အဲဒီစကားကလည်း သူ့အတွက် အားဆေးပဲလို့ ကိုနိုင်မြင့် ခဏခဏပြောတယ်'

'ချမ်းသာပြည့်စုံပြီးမှ လက်ထပ်ကြတဲ့စုံတွဲတွေထက် ဆင်းရဲနွမ်းပါးစဉ်ကတည်းက လက်တွဲကြတဲ့စုံတွဲတွေ၊ ကောင်းတူဆိုးဖက် ရုန်းကန်ခဲ့ရတဲ့သူတွေက ပိုပြီး သစ္စာနိုင်မြဲတယ်။ တစ်ဦးကို တစ်ဦး မကျေနပ်ချက်ကလေးတွေ ဖြစ်လာကြရင်လည်း ပြန်စဉ်းစားလိုက်တိုင်း တစ်ဦးကို တစ်ဦး ကျေးဇူးတင်စရာတွေ၊ ငဲ့ညှာစရာတွေ၊ ပိုချစ်စရာတွေ ရှိရှိနေကြတာကိုး ...'တဲ့။

'အန်တီကတော့ လူဆင်းရဲချင် ဆင်းရဲပါစေ၊ သင့်တင့်တဲ့ ပညာ အရည်အချင်းလည်းရှိမယ်၊ အကျင့်စာရိတ္တနဲ့ ဆင်ခြင်တုံတရားလည်း အားကောင်းမယ်။ တိုးတက်ကြီးပွားအောင် ကြိုးစားချင်တဲ့ စိတ်မျိုးလည်း ရှိမယ်ဆိုတဲ့လူမျိုး လက်ကို သမီးကို အပ်ချင်ပါတယ်။ အတူတူ ရုန်းကန်ကြပေါ့ ...'တဲ့။

'ပြည့်စုံပေမယ့် တစ်ယောက်ယောက် ငဲ့ညှာစရာ၊ သံယောဇဉ်တွယ်စရာ၊ ခွင့်လွှတ်စရာ ဘာမှ မရှိတဲ့သူတွေ၊ အထူးသဖြင့် ငယ်လင်ငယ်မယား မဟုတ်ကြဘူး ဆိုတဲ့သူမျိုးတွေ ဘာဆက်ဖြစ်ကြတယ်ဆိုတာ မြင်ရတာများလာတော့ သမီးက စုံမက်လို့ မဟုတ်ဘဲ သမီးကို လာတောင်းတဲ့ သူဌေးတွေအကြောင်း သမီးကိုတောင် တစ်ခါမှ ပြောမပြ ဖြစ်ပါဘူး ...'တဲ့။

မြသွေးရည်မျက်နှာ ဖိန်းကနဲ ပူနွေးသွားပါသည်။

(၆)

'ဘယ်ပုန်းလို့ လွတ်မှာလဲ၊ မိပြီ'

ကွန်ပျူတာရှေ့တွင် အလုပ်လုပ်ရင်း ထမင်းဘူး ဖွင့်စားနေသော မင်းလွင်မိုး ရုတ်တရက်ပေါ်လာသော မြသွေးရည်အသံကြောင့် လက်တုန်တုန် ရင်တုန်တုန်နှင့် လှည့်ကြည့်မိသည်။

`မပုန်းပါဘူး၊ အလုပ်ကလေးတွေ မပြတ်လို့ လုပ်ရင်းစားနေတာ။ ဘာလဲ ဆရာခေါ် နိုင်းလို့လား´

ချစ်စဖွယ်ရယ်၍ ခေါင်းခါပြသည်။ လက်ထဲက ထမင်းဘူးကို မြှောက်ပြ၍ ...

`ဟင်းပိုထည့်လာလို့ ထမင်းအတူတူစားဖို့ လာခေါ်တာ။ ကဲ ... ကွန်ပျူတာပိတ်၊ ထမင်းဘူးပိတ်´ဟု ပြောသည်။

ရုတ်တရက် ပျော်သလိုဖြစ်သွားပြီးမှ တစ်စုံတစ်ခုကို သတိရမိပြီး မင်းလွင်မျိုး မျက်နှာ ညှိုးသွားသည်။

`နွယ်တို့နဲ့ပဲ စားလိုက်ပါကွာ၊ တို့က ဒီမှာ ကုန်နေပြီ´

`မရဘူးကွာ၊ မရဘူး။ ကုန်နေလည်း လိုက်ခဲ့ရမှာပဲ၊ ကြွေးတောင်းစရာရှိတယ်´

ကြွေး ... ဟုတ်လား ... ဟု တအံ့တသြ ပြန်မေးမိသည်။ ဟုတ်တယ်ဟု ဖြေ၍ သူ့ဘေးတွင် ခုံကလေးတစ်လုံး ဆွဲ၍ ဝင်ထိုင်သည်။

`ဘာကြွေးလဲ´

`နာရီတစ်လုံး´

ဟင်ကနဲ အာမေဋိတ်ပြုမိသည်။ `သူဘယ်လိုလုပ် သိသွားတာလဲ´ဟု ရုတ်တရက် အံ့ဩမိပြီးမှ အစ်မကြီး လက်ချက်ပေပဲဟု ရိပ်စားမိလိုက်သည်။

`ဘယ်လိုလဲ ... ကိုမိုးရဲ့၊ လက်ဆောင်ဆိုတာ လာတောင်းရတယ်ဆိုရင်ပဲ လွန်လှပြီ။ အခုတောင်းတာတောင် ဘာလို့ ထုတ်မပေးသေးတာလဲ´

ရင်က အလန့်တကြား ခုန်နေရာက တည်ငြိမ်နွေးထွေးစွာ ခုန်သည့်အသွင်သို့ ကူးပြောင်းလာသည်။ ရင်ရော၊ မျက်နှာရော ခြေဖျားလက်ဖျားတွေပါ နွေး၍ ထုံလာသဖြင့် ဘာတွေစဉ်းစားမိမှန်းလည်း ကိုယ့်ကိုယ်ကို မသိ။ အံဆွဲ သော့ကို ဘယ်လိုဖွင့်ပြီး နာရီဘူးကလေးကို ဘယ်လိုထုတ်မိမှန်းလည်း မသိ။

`မြကို ပတ်မှာမို့လို့လား´

မြသွေးရည်၏ ဘယ်ဘက်လက်တွင် ဟိုတစ်ခါ မြင်လိုက်ရသော တန်ဖိုးကြီး နာရီကလေးလည်း မရှိတော့။ ဘာနာရီမှလည်း ပတ်မထား။ ဖြူဝင်းသည့် လက်ဖျံကလေး ပေါ်တွင် မွေးညင်းနုကလေးများသာ စိမ်းလဲ့၍နေသည်။

ထိုလက်ဖျံကလေးကို မြသွေးရည်က ဆန့်ထုတ်ပေးသည်။

`မြက ပတ်မှာ မဟုတ်ဘူး။ လက်ဆောင်ပေးဖို့တောင် သတ္တိမရှိတဲ့လူကို ပတ်ပေးခိုင်းမှာ၊ ရှင်းပြီလား´

(၇)

ညို့မည်းလာသော မိုးတိမ်တို့က ပြိုဆင်းလာပြန်သည်။

မိုးစက်မိုးပေါက်တို့ကြောင့် မြသားကမ္ဗလာ မြက်ခင်းပြင်က စိုစွတ်တောက်ပစွာ လှ၍နေသည်။

ကလျာမဂ္ဂဇင်း

## ကြာပန်းအောက်ကရေ

(၁)

မျက်တောင်တစ်ခတ်စာမျှ အချိန်လေးအတွင်း မတွေးအပ်သောအာရုံတစ်ခု လှစ်ကနဲ ဝင်ရောက်လာသည်။ သက်ဝင်ရန်ဝေးစွ။ တွေးရုံနှင့်ပင် မိမိစိတ်ကို မိမိ အပြစ်မကင်းဟု ယုံကြည်နေစဉ်မှာပင် မိမိမျက်နှာကို မှန်တစ်ချပ်သဖွယ် အရိပ် တကြည့်ကြည့် လုပ်နေသော ချစ်သူက လျင်မြန်စွာ ရိပ်မိသွားသည်။

`အစ်ကို ဘာဖြစ်လို့လဲ´

`ဘာမှ မဖြစ်ပါဘူး ညီမရဲ့၊ ဘာဖြစ်လို့လဲ´

`မနေ့က ကိုအောင်ဝင်းတို့နဲ့ ထွက်စားဖြစ်လားလို့ မေးလိုက်တာနဲ့ အစ်ကို့မျက်နှာ ပျက်သွားတယ်။ ညီမ သိတယ်၊ ဘာဖြစ်လို့လဲ၊ ကိုအောင်ဝင်းတို့က ဘာပြောလို့လဲ´

သက်ပြင်းသာချ၍ အလကားပါကွာဟု ချိတုံချတုံနှင့် ဖြေမိသည်။

`ဒါဆို တစ်ခုခု ပြောတယ်ပေါ့၊ ပြောစမ်းပါ ဘာပြောလဲ´

အရေးမကြီးပါဘူးဟု လေသံမျှနှင့် ပြော၍ ခေါင်းခါပြလိုက်သည်။

မရဘူးကွာ ပြောရမယ်၊ ပြောဟု ဖွတ်ဆိုလေသည်။

`ညီမရယ် … ဒီကောင်တွေအကြောင်းလည်း သိရက်သားနဲ့၊ ထုံးစံအတိုင်းပေါ့၊ မင်းစဉ်းစားဦး၊ ဘာညာပေါ့´

မျက်နှာလေး သိသိသာသာ ပျက်သွားသည်။

"ညီမက ဆင်းရဲတယ်၊ စာပေးစာယူ ဘွဲ့လေးပဲရှိတယ်၊ အမေနဲ့ အငယ်လေးယောက်ကိုလည်း တာဝန် ယူနေရတယ်၊ ညီမနဲ့ဆိုရင် အစ်ကို့ဘဝ တိုးတက်သင့်သလောက် တိုးတက်မှာ မဟုတ်ဘူး၊ ဒါမျိုးပေါ့ ဟုတ်လား"

"ညီမရယ်၊ ညီမ ဖွင့်မေးလို့သာ ပြောပြရတာ၊ ဒါတွေက အစ်ကို့ သဘောထားတွေမှ မဟုတ်တာ၊ သူတို့ အယူအဆ သူတို့ပြောတာ၊ အစ်ကိုနဲ့ ဘာဆိုင်လို့လဲ"

"ဒါပေမယ့် အစ်ကို မျက်နှာပျက်နေတယ်လေ"

တစ်စုံ ချက်ချင်းပြန်ပြောရန် မျက်တောင်တစ်ခတ်စာမျှ အချိန် နောက်ကျ သွားပြန်လေသည်။

ထိုနောက်ကျသွားသည့်အမှားသည် အလွန်ချစ်ရပါကောင်းသော ချစ်သူ တစ်ယောက်ကို တစ်သက်တာ ဆုံးရှုံးရန်အတွက် ပထမခြေလှမ်း ဖြစ်သွားကြောင်းကိုမူ သူ မရိပ်မိလိုက်။

(၂)

ဆရာ ဘာစားမှာလဲဟု မေးတော့ ဘာမှ မဖြေ၊ သူ့ဆန္ဒမပါဘဲ မိမိ မှာပေးထားသော ဘလူးမောင်တိန် ကော်ဖီခွက်မှ ထွက်နေသော အငွေ့ တထောင်းထောင်း ကိုသာ စိုက်ကြည့်နေသည်။ ဆရာ တစ်ခုခုစားရန် လိုက်လာခြင်း မဟုတ်၊ သူ့ကို အပြစ်တင်စကားဆိုရန်သာ လိုက်လာခြင်းဖြစ်သည်ကို ကျောသဲက မိမိကနဲ့နေအောင် ရိပ်မိလိုက်သည်။

`မင်း ဘာလို့ မတားလိုက်တာလဲ´

ဆရာက ကြွေ့ဝိုက်မနေတော့ဘဲ တည့်တည့်မေးချလိုက်သည်။ မျက်နှာတစ်ခုလုံး နွေးကနဲဖြစ်သွားပေမယ့် အားတင်း၍ သူ့ဘဝ တိုးတက်ရာတိုးတက်ကြောင်းပဲ ဆရာရယ်ဟု လေသံနှင့် ဖြေမိသည်။

`သူ့ဘဝနဲ့ မင်းဘဝက ဆက်မနေတော့ဘူးလား´

`ဆက်တော့ မဆက်သေးဘူးလေ ဆရာ၊ နှစ်ယောက်စလုံးက ကိုယ့်ဘဝကိုယ် ထူထောင်နေကြတုန်းပဲ ဆိုတော့´

ဆရာက ဖျတ်ကနဲ မော့ကြည့်သည်။

`မင်း တွေဝေနေတာ မဟုတ်လား၊ တွေဝေနေလို့ပဲ သူက သွားရမလားလို့ မေးတော့ `သွားပေါ့´လို့ ဖြေလိုက်တာ မဟုတ်လား။ ဘယ်တော့ ပြန်လာဖြစ်မယ် မသေချာဘူးလို့ ပြောတာတောင် သိပါတယ်လို့ သွေးအေးအေးနဲ့ ဖြေလိုက်တာ မဟုတ်လား´

ဘွဲ့ရပြီးခါမှ သိကျွမ်းရင်းနှီးရသော အင်္ဂလိပ်စကားပြောသင်ဆရာပေမယ့် သင်တန်းသူ သင်တန်းသားများ ထဲတွင် သူနှင့် သူ့ချစ်သူကို အချစ်ဆုံးတပည့်များအဖြစ် ခင်မင်ခဲ့သည်။ ဒီကြားထဲတွင်လည်း သူတို့ ချစ်သူဖြစ် သွားတော့ ဝမ်းသာအယ်လဲရှိခဲ့သည်။ ထို့ကြောင့်လည်း သူ့အတွင်းစိတ်ကို သူ့ချစ်သူ ပြန်ပြောပြသွားသည့် စကားများ ထဲမှ တိုးလျှိုပေါက် မြင်နိုင်စွမ်းရှိသည့် ဆရာပါပေ။

သူ့တွင် ဖြေစရာစကားမရှိ၍ ခေါင်းသာ ငုံ့နေလိုက်ရသည်။

`မင်းတို့ ချစ်သူတွေဖြစ်သွားကြတော့ အတူတူ လိုက်ကျွေးမယ် ပြောကြတုန်းက ငါက ညနေ သိပ်နောက်ကျ နေမယ်၊ မင်းနဲ့ ငါပဲ သွားရအောင်ဆိုပြီး သူ့ကို ထားခဲ့တာ မှတ်မိလား´

`မှတ်မိပါတယ် ဆရာ´

`အဲဒီတုန်းက ငါဘာပြောခဲ့သလဲရော မှတ်မိလား´

(၃)

`တချို့လူတွေက ကိုယ်နဲ့ မတန်လောက်အောင် ကံကောင်းတာတောင် ကိုယ့်ကိုကိုယ် ကံကောင်းမှန်း မရိပ်မိကြဘူးကွ´

ကိုယ်ချစ်သော ဆရာဖြစ်ပေမယ့် ဒီစကားကြောင့် စိတ်ထဲတွင် အောင့်သက်သက် ဖြစ်သွားရသည်။ အရာရှိကြီး တစ်ဦး၏သား၊ တက်လမ်းဖြောင့်ဖြူးသော အရာရှိငယ် တစ်ဦးက ဆင်းရဲသောမိဘမှ ပေါက်ဖွားလာသည့် ကုမ္ပဏီ အရောင်းစာရေးမလေးကို ချစ်မိခဲ့၍ အပြစ်တင်စကားဆိုသူတွေ သူ့ပတ်ဝန်းကျင်တွင် ဒုနင့်ဒေးရှိသည်။ ရှင်းရှင်း ပြောရရင်တော့ သူကိုယ်တိုင်ပင်လျှင် အတော် ချိတုံချတုံ စဉ်းစားခဲ့သည်။ စကား အပြောအဆို၊ အမူအရာ၊ အကျင့်စရိုက်၊ အလွန်ချစ်စရာကောင်းလှသည်မှအပ သူ့ချစ်သူတွင် ထူးခြားသော အရည်အချင်း သိပ်သတိမထားမိ။ ရုပ်လည်း သိပ်အလှကြီးတော့ မဟုတ်။

အစ်ကိုနဲ့သာ တွဲသွားရင် အစ်ကို့ကို ကြည့်တဲ့ မိန်းကလေးတွေကိုပဲ ညီမ လိုက်မျက်စောင်းထိုးနေရမှာ။ ညီမကို ဝိုင်းကြည့်တဲ့ ယောကျ်ားလေးရှိမှာ မဟုတ်ဘူးဟု ရယ်မောရှ်ပင် အားငယ်စကားဆိုခဲ့ဖူးသည်။

ခုတော့ သူ့ဆရာက သူ့ကပင်လျှင် ကံကောင်းသယောင် ဆိုနေပြန်သည်။ အရွယ်ကောင်း သေးသူ သူ့ဆရာကများ သူ့ချစ်သူကို တစ်ဖက်သတ် စိတ်ဝင်စားနေရော့ သလားဟု ခပ်ရှိုင်းရှိုင်းပင် တွေးမိသည်။ သို့သော် သူ့ဆရာမှာ အိမ်ထောင်ရှင် တစ်ဦးဖြစ်ရုံသာမက သူတို့အိမ်ထောင်ရေးမှာ လွန်စွာချမ်းမြေ့သာယာသည်ဟုလည်း နာမည်ကြီးကြောင်း ရိပ်မိပြန်တော့ မဖြစ်နိုင်ဟု တွေးမိပြန်သည်။

သူ့အတွေးကို ရိပ်မိဟန်ဖြင့် ဆရာက ပြုံးသည်။

`မဒီမှာ ဘာအရည်အချင်းတွေ ရှိလို့လဲလို့ မင်း တွေးနေတာ မဟုတ်လား´

အားနာပါးနာ ရယ်မိသည်။

`မဟုတ်ပါဘူး ဆရာ၊ ကျွန်တော် သိပါတယ်၊ သိလို့လည်း ချစ်တာပေါ့´

ဆရာက ခေါင်းခါသည်။

`မင်း နည်းနည်းလေး ရိပ်မိနေတာပါ၊ သေသေချာချာ မသိပါဘူး။ မင်း သေသေချာချာ သိထားဖို့ လိုမယ် ထင်လို့ ငါပြောပြချင်လို့ ဒီနေ့ မဒီကို ထားခဲ့တာ´

ဆရာက ကော်ဖီကို တစ်ကျိုက်ကျိုက်သည်။

`မင်းအသိုင်းအဝိုင်းက ကြီးတယ်။ အပေါ်ယံ ဂုဏ်သိမ်ဥစ္စာတွေကိုလည်း တန်ဖိုးထားကောင်း ထားလိမ့်မယ်။ တစ်ချိန်ချိန်မှာ မဒီလောက်ပဲဆိုရင် မင်းအတွက် ဘာယ်တန်မလဲဆိုတဲ့ စကားမျိုးတွေ ဝိုင်းပြောကောင်းပြောလိမ့်မယ်။ အဲဒီအချိန်ကျရင် မဒီရဲ့တန်ဖိုးကို သေသေချာချာ နားလည်မထားရင် မင်း တွေဝေသွားလိမ့်မယ်။ ဒါကြောင့် ငါပြောပြချင်တာပါ´

ဆရာ့ စကားရည်ရှယ်ချက်ကို ယခုထိ နားမလည်နိုင်သေး။ နှစ်သက်လှသည်တော့လည်း မဟုတ်။ ချစ်ကြောက်ရိုသေရသော ဆရာဖြစ်နေတော့လည်း တိတ်ဆိတ်စွာပင် ဆက်နားထောင်နေလိုက်သည်။

`အိမ်ထောင်ရှင်မ ဖြစ်လာတဲ့အခါ ကျရင် မိန်းမနှစ်မျိုး ရှိတယ်ကွာ။ ကြားထဲမှာလည်း အဆင့်အမျိုးမျိုး ရှိချင် ရှိမှာပေါ့။ အစွန်းနှစ်ဖက်မှာတော့ မိန်းမနှစ်မျိုး ရှိတယ်။ တစ်မျိုးက ရေမှော်ပင်လို မိန်းမမျိုး။ ရေကူးတတ်ပါတယ်ဆိုတဲ့ ယောက်ျား ကိုတောင် ဟိုးကန်အောက်ခြေ နန်းမြေ၊ ရွှံ့မြေအထိကို ရောက်အောင် တောက်လျှောက် ဆွဲချသွားတဲ့ မိန်းမမျိုး၊ ဆိုလိုတာက ဘယ်ကိစ္စလေးတစ်ခုကိုမှ ဒါလုပ်ရင် ဒါဖြစ်ဖို့က ဘယ်နရာခိုင်နှုန်း ရှိတယ်၊ ဒါမဖြစ်ဖို့က ဘယ်နရာခိုင်နှုန်းရှိတယ်စသဖြင့် ကြိုတင် တွေးခေါ်ပြီးမှ လုပ်တတ်ကိုင်တတ်တဲ့ အလေ့အထလည်း မရှိဘူး။ ကိုယ့်ယောက်ျားရဲ့ လက်ရှိအခြေအနေက ဘာ၊ သူဖြစ်ချင်နေတာက ဘာ၊ သူခံစားနေရတာက ဘာ၊ သူလုပ်သင့် နေတာက ဘာ၊ ငါပံ့ပိုးနိုင်တာ ကူညီနိုင်တာက ဘာ စသဖြင့် အရိပ် တကြည့်ကြည့်နဲ့ လိုက်ပြီး ကူညီဖြည့်စွက်ချင်တဲ့ ဆန္ဒမျိုးလည်း မရှိဘူး။ သူ့ခံစားချက်နဲ့သူ၊ သူ့စိတ်ကူးနဲ့သူ၊ ရှေ့နောက်မစဉ်းစားဘဲ သူလုပ်ချင်တာကို လုပ်ချင်တဲ့ အချိန်မှာ လုပ်ချင်သလိုလုပ်တဲ့ မိန်းမမျိုး၊ ဒီမိန်းမမျိုးဟာ ထူးချွန်၊ ထက်မြက်ဆုံးဆိုတဲ့ ယောက်ျားတစ်ယောက် ကိုတောင် မြောင်းထဲရောက်အောင် ပို့ပစ်နိုင်တယ်´

ဆရာက မောသွားဟန်ဖြင့် နား၍ ကော်ဖီတစ်ကျိုက် ကျိုက်ပြီးမှ ဆက်ပြောသည်။

`မဒီက အခြားအစွန်းတစ်ဖက်က မိန်းမမျိုးပဲ၊ ကြာပန်းအောက်က ရေလို မိန်းမမျိုး၊ ရေမြင့်တိုင်း ကြာက သူ့ထက်မြင့်ပြီး တင့်တယ်ရတယ် မဟုတ်လား၊ စောစောက မိန်းမမှာ မရှိတဲ့ အရည်အချင်းနဲ့ အလေ့အထတွေအားလုံး သူ့ဆီမှာ ရှိတယ်။ ဒီတော့ သူ့အိမ်ထောင်ဦးစီး ယောက်ျားကို စိတ်လည်း ချမ်းချမ်းသာသာ၊ အေးအေးမြမြ

နေနိုင်အောင်၊ အဆင့်မြင့်မြင့် တင့်တင့်တယ်တယ်လည်းရှိအောင် ကြာပန်းအောက်က ရေလို ပါရမီဖြည့်မယ့် မိန်းကလေးမျိုး၊ ဒါကြောင့် မင်း ကံကောင်းတယ်လို့ ပြောတာ´

`ဆရာက ဘာလို့ အပိုင်ပြောနိုင်တာလဲ´

ဖျတ်ကနဲ ပြန်မေးမိသည်။ ဆရာက စိတ်မဆိုးဘဲ ပြုံးသည်။

`ဒါ မိဘမျိုးရိုးနဲ့လည်း မဆိုင်ဘူး။ ဘာဘွဲ့ရထားပြီး ဘာရာထူးမှာ လုပ်နေတာနဲ့လည်း မဆိုင်ဘူး။ အေးလေ အသိပညာကတော့ လုံလုံလောက်လောက် ရှိရမှာပေါ့။ စာပေါင်းစုံလည်း ဖတ်လေ့ရှိရမယ်။ စာထဲက ပေးတဲ့ အတွေးအခေါ် တွေကိုလည်း ဆင်ခြင်ပိုင်းခြားပြီး အသုံးချတတ်ရမယ်။ တရားတာနဲ့ မတရားတာ၊ လုပ်သင့်တာနဲ့ မလုပ်သင့်တာလည်း ခွဲခြားတတ်ရမယ်။ အသေးအဖွဲ နိစ္စဓူဝ ကိစ္စလေးတွေကအစ ဒီထက် ပိုကောင်းသွားအောင် ဘယ်လိုလေး စနစ်တကျလုပ်လိုက်ရင် ပိုအဆင်ပြေသွားမယ်ဆိုပြီး တစ်ချိန်လုံး ကြံစည်ကြည့်၊ လုပ်ကြည့်နေတတ်တဲ့ အလေ့အထလည်း ရှိရမယ်။ ဒါတွေအားလုံး မဒီမှာ ဆရာတွေ့နေရတာ၊ မလွဲနိုင်ပါဘူး´

`ကျွန်တော်တောင် အဲဒါတွေ သတိမထားမိပါဘူး´

သူ့လေသံထဲတွင် မသိမသာ ရွဲ့သံပါသွားသည်ကို မရိပ်မိလေဟန်ဖြင့် ဆရာက ပြုံးသည်။

`မင်းကတော့ ချစ်သူဆိုတော့ မဒီနဲ့ ပိုရင်းနှီးမှာပေါ့၊ ရင်းနှီးတိုင်း ဒါတွေကို လေ့လာမိချင်မှ လေ့လာမိမှာလေ။ ငါ့မှာ မင်းထက်သာတဲ့ အတွေ့အကြုံတစ်ခု ရှိနေတာလည်း မမေ့နဲ့ဦး´

`ဘာလဲ ဆရာ´

`အဲသလို မိန်းကလေးမျိုးနဲ့ ငါ ဆယ်နှစ် အတူတူ နေခဲ့ဖူးပြီလေ။ ဆရာ့ဇနီးပေါ့´

(၄)

တစ်လုံးတစ်ပါဒမျှ မကျန်အောင် အသေးစိတ် မှတ်မိနေသော ဆရာ့စကားများက မီးကျီးခဲ မျက်နှာသို့ ဟပ်သလို ပူလောင်နေစေခဲ့သည်။

`မင်းမိဘတွေ သိသွားလို့လား´

ဆရာက သက်ပြင်းချ၍ တိုးတိုးမေးသည်။ ဘာမှ မဖြေမိ။

`မိဘတွေပဲလား။ ဘယ်သူတွေကရော တားသေးလဲ´

`ဆရာ´

ဆရာက ပြုံး၍ မင်းအဘကရော မသင့်လျော်ဘူးလို့ ပြောတာပဲလားဟု မေးသည်။ `အဘ´ဆိုသည်က သူ ယခု အရာရှိငယ်အဖြစ် အလုပ်လုပ်နေသော နေရာမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးဖြစ်ပြီး `အဘ´စကားဆိုလျှင် သူ့မိဘစကားထက်ပင် နားထောင်တတ်ကြောင်း ဆရာက ရိပ်မိလေသည်။

`တားတယ်တော့လည်း မဟုတ်ပါဘူး ဆရာရယ်၊ ဒီအရွယ်မှာ ဒီလောက် တက်လမ်းပွင့်နေတဲ့ လူငယ် တစ်ယောက်အနေနဲ့ အိမ်ထောင်ဘက် ရွေးချယ်တဲ့နေရာမှာ အဟန့်အတားဖြစ်လောက်တဲ့ ပတ်ဝန်းကျင်နဲ့ သွားမပတ်သက်မိစေရဘူး၊ အဲဒီလိုတော့ ပြောတယ်´

ဆရာက မထိတရိ ပြုံးသည်။

`တက်ကြည့်လေ၊ မင်း သူပြောတဲ့ တက်လမ်းကို၊ သူပြောတဲ့ မိန်းကလေးမျိုးနဲ့ တက်ကြည့်ပေါ့၊ အနှစ် နှစ်ဆယ်လောက်နေတော့ ဘယ်လိုနေလဲ ငါ့လာပြော´

တကယ်တမ်းလည်း `အဘ´နှင့် သူ့မိဘများ သဘောတူသည့် မိန်းကလေးတစ်ဦးနှင့် သူ လက်ထပ်ဖြစ်ခဲ့ ပါသည်။ အနှစ်နှစ်ဆယ်ခန့် ကြာသောအခါတွင် သူ ဆရာနှင့် မဆုံဖြစ်တော့။

ဆုံဖြစ်သည်က သူ့ချစ်သူဟောင်းဖြစ်ပါသည်။

(၅)

ထိုနေ့က ထုံးစံအတိုင်း သူ ရုံးတက်နောက်ကျပါသည်။ တစ်ရုံးလုံးတွင် သူ အကြီးဆုံးဖြစ်နေသည်က တစ်ကြောင်း၊ သိပ်မဖွံ့ဖြိုးသေးသော ဒေသငယ်လေးတစ်ခုမှ လုပ်ငန်းဆောင်တာ သိပ်မများပြားလှသော ရုံးလေး တစ်ရုံးမို့ သူ ရုံးတက်နောက်ကျတာ အကြိမ်ကြိမ်ပေမယ့် ဘာပြဿနာမှတော့ မရှိခဲ့။

ပြဿနာရှိလျှင်လည်း ရုံးနှင့် သူရထားသည့် အိမ်ငယ်လေးက တစ်လမ်းခြားသာမို့ လာခေါ်ကြမည်ပင်။ ရုံးတက်နောက်ကျသည်ကလည်း ထွေထွေထူးထူးတော့ ကိစ္စမရှိ။ ထုံးစံအတိုင်းပင် မကျွာရှင်းထားပေမယ့် အတူတူ မနေတာ ကြာပြီဖြစ်သော ဇနီးထံမှ စာလာသည်က စသည်။

`ရှင့်သားက ဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(က) ကွင်းဆင်းစရိတ် ထွက်ရမယ်။ ပြီးရင် အတူတူထွက်တဲ့ သူငယ်ချင်းတွေနဲ့ ဆက်လည်မယ်။ သုံးသိန်း တောင်းတယ်။ ကျွန်မက ငါ့မှာ ပေးစရာ မရှိဘူး။ နင့်အဖေဆီက တောင်းလို့ရရင်သွား၊ မရရင် မသွားနဲ့။ တစ်ခြားမှ မရှိဘူး၊ ကွင်းဆင်းစရိတ်လည်း မရှိဘူး၊ နင့်အဖေပေါ် မပေးရင် ကျောင်းထွက်လိုက်တော့လို့ ပြောထားတယ်။ ရှင့်ဆီ ဖုန်းဆက်လိမ့်မယ်´

သူ့ဆီမှာလည်း ပေးစရာ မရှိ၊ ပေးစရာမရှိမှန်းလည်း ဇနီးမဟောင်းတဟောင်းက မသိစရာ အကြောင်းမရှိ။

နေရာကောင်းကောင်း တစခုတွင် တက်လမ်းပွင့်သော အရာရှိငယ် တစ်ဦး ဖြစ်နေခဲ့ရာမှ ရွှေ့လျောခဲ့ရသည့် ကိုက ဒီဇနီးက မတောင်းဆိုသင့်သော အခွင့်အရေးများ သူ့ကို တောင်းဆို၊ သူကလည်း ယောက္ခမများ သူ့အပေါ် ပြုခဲ့ဖူးသော ကျေးဇူးများကို ထောက်ထား၍ လုပ်ပေးမိရာမှ ပြဿနာ တက်ခဲ့ရခြင်းဖြစ်သည်။

အိမ်ထောင်ဦးစီးက ဝေးလံခေါင်ဖျားဒေသတစ်ခုတွင် မထင်မရှား အရာရှိငယ် တစ်ဦးအဖြစ် ဘဝတက်လမ်း ပြည်ဖုံးကားကျသွားသော်လည်း ဇနီး၊ သားနှင့် သမီးတို့က အခြေမပျက်၊ အနေမပျက်၊ အသုံးမပျက်၊ အဖြုန်းမပျက်။ ဝင်ငွေပုံမှန် လမ်းဖြောင့်နေလို့တော့ မဟုတ်။ အရာရှိကြီးများ ဖြစ်ခဲ့ဖူးသော ယောက္ခမတို့လည်း အငြိမ်းစားယူရုံသာမက အိုကြ၊ နာကြပြီ။ ဇနီးကလည်း အစိုးရဝန်ထမ်းဖြစ်ဖူးပေမယ့် လခနှင့် မလောက်ဟုဆိုကာ ထွက်လိုက်ပြီ။

စိန်ပွဲစားယောင်ယောင်၊ ကျောက်ပွဲစားယောင်ယောင်။ အချိုကောင်း တစ်ချိုလောက် မိလိုက်လို့ကတော့ တစ်သက်နှင့်တစ်ကိုယ် စိတ်ကူးမယဉ်ရဲခဲ့မိသော ဖိမ်ခံပစ္စည်းအသုံးအဆောင်တို့ကို ကြွေးပါအတင်ခံ၍ ပြေးဝယ်သည်။

ခံလိုက်ရပြီဟေ့ ဆိုလျှင်တော့ မနက်ဈေးဝယ်ဖို့ပါ မရှိသည့်အပြင် တစ်ခါတစ်ရံ ယောက္ခမအိမ်ဂရန်က အိမ်လည် ထွက်သွားရသေးသည်။

ဒီကြားထဲတွင် လောင်းကစားကလည်း တစ်စထက်တစ်စ သည်းကြီး မည်းကြီးလုပ်လာသည်။ ငွေက အမြဲလိုနေတော့ လူအချင်းချင်း လိမ်ရ၊ ညာရမှာလည်း

ဝန်မလေးတော့။ နာမည်ပျက်လာသည်။ နာမည် ပျက်တာ ကြာလာတော့ စာရိတ္တပါ ပျက်လာသည်။ ဟိုအသံ၊ ဒီအသံတွေ ထွက်လာသည်။

ဒါကို သူက ထိပ်တိုက် ရင်ဆိုင်ပစ်လိုက်တော့ ဇနီးဖြစ်သူမှာလည်း သူ့အပေါ် ပြန်ပြောစရာတွေ ရှိလာသည်။ အိမ်ထောင်ဦးစီးဖြစ်ပါလျက်နှင့် ဇနီးတာဝန်၊ သားတာဝန်၊ သမီးတာဝန် ကျေပွန်အောင် ငွေမရှာနိုင်ခဲ့သည့်သူ။ အိမ်ထောင်ရေး စိတ်ညစ်တာ အကြောင်းပြပြီး မကြာခဏ မြဲစည်းရိုးစပ် ရောက်ရောက်သွားတတ်သည့် ဖာတ်လမ်း လေးများ။

နောက်ဆုံးတော့ သားနှင့် သမီးမျက်နှာကို ထောက်၍ မကွဲဖြစ်ခဲ့ကြသော်လည်း လင်မယား မဟုတ်ကြတော့။ သူက နယ်မှာ တစ်ယောက်တည်း နေသည်။ ဇနီး၊ သား၊ သမီးတို့က ယောက္ခမအိမ်တွင် နေသည်။

သား ...။

သားကရော ဘာထူးလို့လဲ။ ပညာသာ ထူးချွန်သည်။ သူ့ဖို့သူပဲ သိသည်။ သူလိုသလောက် အသုံးစရိတ် မှန်မှန် ပို့မပေးနိုင်လျှင် ဆေးကျောင်းမှ ထွက်ပစ်မည်ဟု ခြိမ်းခြောက်သည်က အကြိမ်ကြိမ်။

သူများကလေးတွေလို ဆယ်တန်း`ဂိုက်´လေးဘာလေး တွဲလုပ်ပါလား သားရယ်ဟု သူက လေပြေထိုးတော့ သား စာမေးပွဲကျရင် အဖေ ဘယ်လိုလုပ်မလဲဟု ပြန်ပြောသည်။ တကယ်တမ်းတော့ `ဂိုက်´မလုပ်ဘဲလည်း စာမေးပွဲက အကြိမ်ကြိမ်ကျနေ ပြန်သည်။

သမီးကတော့ လိမ္မာသည်။ ဉာဏ်တော့ မကောင်းလှ။ ဒါကလည်း မိဘနှစ်ပါး တစ်ချိန်လုံး ရန်ဖြစ်သည့် ကြားတွင် စိတ္တဇဖြင့် ကြီးပြင်းလာရ၍ဖြစ်မည်။ လောလောဆယ် ဆယ်တန်း နှစ်ကြိမ်ကျပြီး နောက်တစ်ကြိမ် ဖြေသင့် မဖြေသင့် စဉ်းစားနေရပြီ။

ဆရာတစ်ခါပြောဖူးတဲ့ `ရေမှော်´လို မိန်းမဆိုတာ ထင်ပါရဲ့ဟု ပက်ပက်စက်စက် ကိုယ့်ဇနီးကို ကိုယ့်စိတ် ထဲက ကျိန်ဆဲမိသည်။

မေ့ထားတာကောင်းပါတယ်။

ရန်ကုန်လည်း မပြန်နဲ့။ ကိုယ့်ဇနီး၊ ကိုယ့်သား၊ ကိုယ့်သမီး ဖြစ်ချင်တာ ဖြစ်ကြပါစေ။ သူတို့အကြောင်းလည်း မတွေးနဲ့ဟု သဘောထားမိသည်။

မရ။

စောစောက စာမျိုးက မကြာခဏ ရောက်လာသည်။ သူ့ဇနီးက သူ့ကို စိတ်ရောကိုယ်ပါ လွတ်လပ် ချမ်းသာစွာ နေခွင့်ကိုတော့ မပေးသင့်ဟု သန္နိဋ္ဌာန် ချထားဟန်တူလေသည်။ ဒီတော့ ထုံးစံအတိုင်း သူ အရက် သောက်သည်။ မူးပြီး အိပ်ပျော်သွားတော့ မနက် အိပ်ရာထ နောက်ကျသည်။ ဒီတော့ ရုံးနောက်ကျသည်။

ရုံးနောက်ကျတာ ရိုးနေပြီဖြစ်၍ `ဘာဖြစ်လို့လဲ ဆရာ´ဟု ဘယ်သူမှ မမေး။ လုပ်ငန်းပိုင်းဆိုင်ရာ ဧည့်သည် တစ်ဦး တော်တော်ကြာကြာ လာစောင့်နေကြောင်း၊ ပြီးမှ ပြန်သွားကြောင်း၊ လိပ်စာကတ်ပေးသွားကြောင်း၊ တစ်ခေါက် ပြန်လာဦးမည်ဖြစ်ကြောင်း စသည့် သတင်းသာပေးသည်။

ဧည့်သည်။

ဘုရားရေ၊ သူ့အလုပ်က ဘယ်တုန်းက ဧည့်သည်လာဖူးလို့လဲ။

`ဘယ်ကတဲ့လဲ´

`ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကတဲ့ ဆရာ၊ ဒီမြို့မှာတော့ ရုံးမရှိဘူး။ ဒီဒေသမှာ ပရောဂျက်တစ်ခု ဝင်မှာ၊ ကျွန်တော်တို့ရုံးရဲ့ ပူးပေါင်းကူညီမှုလည်း လိုလို့ပါတဲ့။ အမျိုးသမီးခပ်ချောချောပဲ၊ မြန်မာလူမျိုးပါ၊ ဒီမှာ သူ့ကတ်´

ကတ်ပြားလေးပေါ်တွင် FAO တံဆိပ်ပါနေသည်။ ဒေါ်ခင်စန္ဒီ Sandy Khin, Regional Consultant ကတ်ပြားကို ဖတ်၍ ပြုံးမိသည်။ ချစ်သူဟောင်းနာမည်နှင့် တူနေ၍ဖြစ်သည်။ အသက်သုံးဆယ်ခန့် ခပ်ချောချော အမျိုးသမီးဟုဆို၍ `မဒီ´ဟုတော့ မထင်မိ။

(၆)

ပါးစပ်အဟောင်းသား ဖြစ်သွားသော သူ့ကို ကြည့်၍ မြန်မာဝတ်စုံကို ကျက်သရေရှိ သပ်ရပ်စွာ ဝတ်ဆင် ထားသော အမျိုးသမီးက ရယ်သည်။

`ဟုတ်ပါရဲ့၊ ညီမလည်း နာမည်တူတာပဲ ထင်နေတာ။ အစ်ကို့ကို ရန်ကုန်မှာပဲလို့ ထင်နေတာလေ´

လေအေးစက် ရုံးခန်းထဲတွင် အနေရများလို့လား၊ ဒါတော့ မဖြစ်နိုင်။ `မဒီ´သည် ဘာအလုပ်ပဲလုပ်လုပ် ရုံးခန်းထဲက မထွက်ဘဲ တော်ရုံသင့်ရုံ ဝီရိယသာ အားထုတ်မည့် မိန်းကလေးမျိုး မဟုတ်သည်ကိုတော့ သူ သေချာစွာ သိသည်။ `မေတ္တာ´ကို ကျောရိုးပြုရသော လုပ်ငန်းကို တစ်သက်လုံး လုပ်လာခဲ့ရ၍ ဆိုလျှင်တော့ ဖြစ်ချင်ဖြစ်နိုင်မည်။ သူ့ထက် သုံးနှစ်သာငယ်သော `မဒီ´သည် သူ့ထက် ဆယ်နှစ်စာမက နပျိုလျက်ရှိပေသည်။

နိုင်ငံခြားမှာပဲ မှတ်နေတာဟု တိုးတိုးပြန်ပြောမိသည်။

`ဟုတ်တယ်၊ လာလိုက်၊ ပြန်သွားလိုက် ဆယ့်ငါးနှစ်လောက်တော့ ကြာသွားတယ်။ ဒီတစ်ခါလည်း ယူဂန်ဒါကို အဆိုင်းမန့်ကျတာ။ ဒီနေ့ ယှဉ်ရွေးခွင့် ရှိတယ်ဆိုလို့ ဒီကို ရွေးလိုက်တာလေ။ အာဖရိကက ရောက်ဖူး ပေါင်းလည်း များနေပြီ။ ပြီးတော့ အာဟာရချို့တဲ့တဲ့ ကလေးတွေ စောင့်ရှောက်ရတာချင်းအတူတူ ကိုယ့်လူမျိုး ကလေးတွေ ဦးစားပေးချင်တာပေါ့နော်။ လခက ကိုယ့်နိုင်ငံမှာ ကိုယ်ပြန် အဆိုင်းမန့်ယူရင် နည်းနည်း လျှော့ပေးတယ်။ နည်းချင် နည်းပါစေ၊ အမေနဲ့လည်း မနေရတာ ကြာပြီဆိုပြီး ပြန်လာလိုက်တာ´

သွက်လက်စွာ ရှင်းပြနေသော မျက်နှာလေးသည် အရွယ်ကြောင့် ရင့်ရော် မသွားရုံမက ပညာ၊ အတွေ့အကြုံ၊ မေတ္တာတို့ဖြင့် တည်ငြိမ်စွာ တင့်တယ် ကျက်သရေရှိနေသည်ကို အံ့ဩစွာ ငေးမောနေမိပါ၏။

တစ်နာရီနီးပါးခန့် သူ့ရုံးခန်းထဲတွင် ထိုင်၍ ဒေသခံပြည်သူများနှင့် ကလေးသူငယ် များ၏ အာဟာရ မြှင့်တင်ရေးဆိုင်ရာ ကိစ္စများကို အင်တိုက်အားတိုက် ဆွေးနွေး သွားသော်လည်း သူ့မိသားစုအကြောင်းကို လုံးဝ မမေးသလို သူမအကြောင်းလည်း သူမ မပြောပါ။

အင်းလေ ဘယ်မေးပါ့မလဲ။

`ဆရာနဲ့ တွေ့သေးလား´

လေအေးစက်တပ် ဝက်ဝွန်ကားလေးပေါ်အထိ လိုက်ပို့ရင်းကမှ မရဲတရဲ မေးမိသည်။

`တွေ့တယ်၊ နယူးယောက်မှာ။ ဆရာလည်း ယူအင်န်မှာပဲလေ။ အဲဒီမှာ တစ်ခါ မြန်မာတွေ စုစားကြတဲ့ ညစာစားပွဲမှာ ဆုံတာ၊ အားရပါးရပဲ´

မသိမသာ မဲ့ပြုံးလေး ပြုံးသည်။

`လူတောင် နာမည်ဖျက်သွားသေးတယ်။ ဘေးလူတွေကို မိတ်ဆက်ပေးတာလေ၊ ကျွန်တော့်တပည့် အပျိုကြီးလေ၊ ဆူးချုံပတ် အပျိုကြီးပေါ့တဲ့´

`ဘာ ဆူးချုံပတ် အပျိုကြီး ဟုတ်လား´

`မသိပါဘူး အစ်ကိုရယ်၊ မပေဟ်သဓာဇာတ်ထဲကလိုပေါ့လို့တော့ ပြောတာပဲ။ ညီမလည်း လူကြားထဲ ရှက်လို့ ဆက်မမေးမိပါဘူး´

မျက်နှာတစ်ခုလုံး နွေးကနဲဖြစ်သွားသည်။

ဟုတ်ပါရဲ့၊ မပေဟ်သဓာဇာတ်ထဲတွင် အသိဉာဏ်ချို့တဲ့သော ခင်ပွန်းက မြင့်မြတ်သော ဇနီးကို မပေါင်းသင်း ရဲ၍ သစ်ပင်ပေါ်တင်ပြီး သစ်ပင်ခြေရင်းတွင် ဆူးချုံတို့ဖြင့် ပတ်၍ ထားပစ်ခဲ့သဖြင့် အပျိုစင်ဘဝဖြင့် ကျန်ရစ်ခဲ့ရသည် မဟုတ်ပါလား။

ဒါကို `မဒီ´ မသိတော့ ရှိမည်မဟုတ်။ ပြောပြရင်း စကားလွန်သွားသဖြင့် အားနာပြီး ဆက်မပြောဘဲ လျှောချ သွားတာသာ ရှိရမည်။

ပြောတော့ ညီမရဲ့။ အစ်ကို့ဘဝကတော့ ရေမှော်ထဲကလည်း မရုန်းနိုင်၊ နွံထဲကလည်း မတက်နိုင်တော့ပါဘူး။

`အစ်ကို သွားပြီနော်၊ နိုင်ငံခြားသားနဲ့မှ ထပ်လာတော့မယ်´

`ဩော် ... အေး ... အေး ...´

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ တံဆိပ်ပါ ဝက်ဝွန်ကားကလေး ဖုန်ထူသောလမ်းပေါ်မှာ ဓေါ်ကနဲ ထွက်ခွာသွားခဲ့ ပါသည်။ ဖုန်ငွေ့များ တထောင်းထောင်းထသွားသော်လည်း သူကတော့ ကြာပန်းအောက်က ကြည်လင်အေးမြသော ကန်ရေကိုသာ မျက်စိထဲတွင် မြင်ယောင်နေမိသည်။

ခြော် ... ဘာကြာမှ မရှိဘဲနဲ့တောင် အေးမြစွာ လှနိုင်စမ်းပါဘိ။

Perfect မဂ္ဂဇင်း

နိုဝင်ဘာလ၊ ၂၀၀၇။

## ဤမှန်သော မေတ္တာကြောင့်

(၁)

မိမိချစ်သူတွင် တခြားချစ်သူတစ်ဦး ရှိနေသေးသည်ဟု ရုတ်တရက် သိလိုက်ရသော အသိသည် အသက် နှစ်ဆယ့်လေးနှစ်အရွယ်ရှိ မိန်းမပျိုလေးတစ်ဦး၏ ရင်ကို ဝလောင်မဆူစေဘဲ ရှိနိုင်အံ့ပါနည်း။

ပို၍ဆိုးသည်က ထိုချစ်သူသည် ဝတ်မှုံဦးနှင့် နီးစပ်ရင်းနှီးရာမှ ချစ်ခဲ့ရသူတစ်ဦး မဟုတ်။ တကယ်တော့ နီးစပ်ရင်းနှီးစရာလည်း အကြောင်းမရှိ။

ဝတ်မှုံဦးက သူနာပြုတက္ကသိုလ်မှ ဘွဲ့ရပြီး မန္တလေးရှိ ပုဂ္ဂလိက ဆေးရုံကြီး တစ်ရုံတွင် အလုပ်လုပ်နေသော သူနာပြုဆရာမတစ်ဦးဖြစ်၍ ကိုဟန်မင်းက အသက် နှစ်ဆယ့်ကိုးနှစ် အရွယ် ဗိသုကာ တစ်ဦးဖြစ်ပြီး ရန်ကုန်မြို့တွင် ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခု ထူထောင်ထားသူဖြစ်သည်။

နီးစပ်ရင်းနှီး၍ ချစ်ခဲ့ရသူ မဟုတ်သလို သူ့တွင် ပါလာမည့် ဂုဏ်သိမ် စည်းစိမ်တို့ကို မက်မော၍ ချစ်ခဲ့ရ သည်လည်း မဟုတ်။ ကုမ္ပဏီပိုင်ရှင် ဆိုသည့် နာမည်ကို ခံထားပေမယ့် တကယ်တော့ ကိုဟန်မင်းသည် ရုံးခန်း ကျဉ်းကျဉ်းကလေးတစ်ခု ငှားကာ သူငယ်ချင်းသုံးဦး ရှိစုမဲ့စု ငွေကြေးအားလုံး ခြစ်ကုတ်၍ လုပ်ငန်းကို အလုပ်ဖြစ်ရုံ ချွေချွေတာတာ စတင်ထူထောင် နေသူသာဖြစ်ပြီး ကိုယ်ပိုင် တိုက်တစ်ခန်း၊ ကိုယ်ပိုင်ကား တစ်စီးတောင် မရှိသောသူ ဖြစ်ကြောင်း ဝတ်မှုံဦး သိပါသည်။

သူ့ကို ဝတ်မှုံဦး ချစ်ခဲ့မိသည်မှာ တည်ကြည်လေးနက်သော ဟန်ပန်နှင့် မြတ်မြတ်သည်ဟု ဝတ်မှုံဦး ခံစားမိသော စိတ်ဓာတ်တို့ကြောင့် ချစ်မိခဲ့ရခြင်း ဖြစ်လေရာ ထိုသို့သော ချစ်သူမျိုးက ချစ်သူရှိပြီးသားဖြစ်ပါလျက် မိမိကို အပျော်တွဲရန်သက်သက် ချစ်ရေးဆိုခဲ့ခြင်းဖြစ်သည်ဟု ဝတ်မှုံဦး ဘယ်လို ယုံကြည်၍ ရပါမည်လဲ။

`ရှင့်သူငယ်ချင်းမှာ တခြား ညအိပ်စောင့်ပေးမယ့်သူ မရှိဘူးလား´

လူနာကုတင် ဘေးတွင် ထိုင်လျက်က ကုတင်ပေါ် ခေါင်းတင်၍ မှောက်အိပ်နေသည့် ယောက်ျားပျိုကို သူနာပြုဆရာမကလေး ဝတ်မှုံဦးက ပုခုံး အသာတို့၍ မေးလိုက်သည်။ လူနာစောင့်က လူးလွန့်၍ နိုးလာပြီး ပြုံးပြသည်။

`ဆောရီးနော် ဆရာမ၊ မရှိဘူး။ ကျွန်တော်တို့က လုပ်ငန်းကိစ္စနဲ့ ရန်ကုန်ကနေ ဒီမန္တလေးကို လာရင်း အက်ဆီးဒင့်ဖြစ်တာ၊ သူ့မိသားစုက ရန်ကုန်မှာ´

ဝတ်မှုံဦးက သက်ပြင်းချသည်။

`ဒါဆိုလည်း ရှင်ပြန်နားလိုက်၊ လူနာကို ကျွန်မတို့ ကြည့်ပေးထားမယ်။ ရှင် သူ ခွဲစိန်းဝင်တုန်းက သွင်းတဲ့သွေး လှူထားတာ မဟုတ်လား။ ရှင် အနားယူဖို့ လိုတယ်။ ရှင့်သူငယ်ချင်းအတွက် ဘာမှ စိတ်မပူနဲ့´

`ရပါတယ် ဆရာမ၊ ကျွန်တော် နေကောင်းပါတယ်´

လူနာက မျက်စိဖြည်းဖြည်းဖွင့်ကြည့်သည်။

`ဆရာ ပြန်နားပါ၊ ဒီက ဆရာမတို့ ရှိသားပဲ၊ ကျွန်တော့်ကို စိတ်မပူပါနဲ့၊ ဆရာ ဒီဆေးရုံကြီးတင်ပေးတာ၊ လိုလေသေးမရှိ လုပ်ပေးတာအပြင် ဆရာ့သွေးပါလှူပေးတာ ကျွန်တော် အားနာလှပါပြီ။ ကျွန်တော့်ကို အနေရ ခက်အောင် ထပ်မလုပ်ပါနဲ့´

ဝတ်မှုံဦး အံ့အားသင့်စွာဖြင့် ... ဆရာ ... ဟုတ်လား ... ဟု တိုးတိုးမေးမိသည်။ လူနာစောင့်က အိုးတိုးအမ်းတမ်းဖြစ်သွားပြီး လူနာကတော့ ပြုံးသည်။

`ဟုတ်ပါတယ် ဆရာမရယ်၊ ကျွန်တော့်သူငယ်ချင်း မဟုတ်ပါဘူး။ ကျွန်တော်က ဆရာ့ကုမ္ပဏီက စာရေး၊ ဆရာက ကုမ္ပဏီပိုင်ရှင်ပါ။ အခုကလည်း ဆရာနိုင်းတာလုပ်ရင်း အက်ဆီးဒင့်ဖြစ်တာ မဟုတ်ပါဘူး၊ အမရပူရက ကျွန်တော့်ဆွေမျိုးတွေဆီ ဆရာ့ကို ခွင့်တောင်းပြီး သွားတွေ့ရင်း ဖြစ်တာပါ။ ဆရာ့ကို နားဖို့ ကူပြောပေးပါဦး´

ဝတ်မှုံဦး၏ ချစ်သူသည် စတွေ့ကတည်းက ထိုသို့သောသူမျိုး ဖြစ်လေသည်။

(၂)

`အစ်မတွေ ညီမတွေများလားဟယ်´

`ဘယ်မောင်က အစ်တွေ ညီမတွေနဲ့ နစ်ယောက်တည်း ဘုရားတက်လို့လဲ ဝတ်မှုံရယ်၊ နင် အဲသလိုပဲ ဖြေတွေးတွေးပေးမယ်ဆိုတာ သိလို့ ငါ အသေးစိတ် စုံစမ်းခဲ့ပြီးပြီ။ မဆွေဇင်ဝင်းတဲ့၊ သူနဲ့ အိမ်နီးချင်း၊ ကျောင်းနေဖက်၊ သူ့လိုပဲ ဗိသုကာပဲ၊ အစိုးရဝန်ထမ်း၊ မိဘချင်းပါ နားဖောက်ပြီးသားတဲ့၊ ကဲ ... ဘာသိချင်သေးလဲ´

နလုံးသားကို ခဲဆွဲသလို လေးလံစွာဖြင့် `မသိချင်တော့ပါဘူးဟယ်´ဟုသာ တိုးတိုးဖြေမိသည်။

သူငယ်ချင်း ဖြူစင်ထွန်းက ဝတ်မှုံဦး၏ ထိခိုက်ကြေကွဲမှုကို မျှဝေရင်း တိတ်ဆိတ်စွာ ထိုင်နေသည်။

အတော်ကြာမှ မော့ကြည့်တော့ ဝတ်မှုံဦး၏ ပါးပြင်ပေါ်တွင် မျက်ရည် စီးကြောင်းများ တွေတွေကျနေသည်ကို မြင်ရသည်။ ပထမတော့ တစ်ခုခု

ပြောလိုက်ဟန်ပြင်မိသေးသည်။ နောက်မှ စိတ်လျှော့ သက်ပြင်းချ၍ ငိုချင်သလောက် ငိုပါစေဟု လွှတ်ထားလိုက်သည်။

(၃)

`နင်ဘာလုပ်မလဲ´

`ငါက ဘာလုပ်ရမလဲ´

`မိန်းမရယ်၊ ကြောင်မနေစမ်းနဲ့၊ နင် ဖွင့်ပြောပြီး ဖြတ်မှာလား၊ ဖွင့်မပြောဘဲ ဖြတ်မှာလား။ ဒါပဲ ဆုံးဖြတ်စရာ ရှိတယ်´

ဝတ်မှုံဦးက အိပ်မွေ့ချခံထားရသူတစ်ဦးလို ခေါင်းကို ညင်သာစွာ ခါသည်။

`ငါ သူ့ကို ချစ်တာလေ၊ လေးစားပြီး မြတ်နိုးပြီး ချစ်ခဲ့တာ၊ သူ့မျက်နှာကို ကြည့်ပြီး ငါ ... ရှင် သစ္စာမဲ့တဲ့ ယောကျ်ား မဟုတ်လား ဆိုတဲ့စကား ဘယ်လိုမှ ပြောမထွက်ဘူး´

`ဒါဆိုလည်း ဒီအတိုင်း ဖြတ်လိုက်´

`မရဘူး၊ သူ ငါ့ကို လိုက်ရှာမှာပဲ´

`အတွေ့မခံနဲ့ပေါ့´

ဝတ်မှုံဦးက ဖြူစင်ထွန်းကို ငေးငေးငိုင်ငိုင် မျက်နှာကလေးနှင့် လှည့်ကြည့်သည်။

`ဖြူစင်ရယ်၊ ငါ ပြောရင် နင်က ငါ မှန်နေတယ်လို့ ထင်မှာ။ ဒါပေမယ့် ငါ့ရင်ထဲက သိနေတယ်နော်၊ သူက အဲဒီလိုယောကျ်ားမျိုး မဟုတ်ဘူး၊ နှမချင်း မစာနာတဲ့ စိတ်ဓာတ်မျိုး

သူ့မှာ မရှိဘူး။ အခုက သူ တွေဝေနေတာ၊ သူ့ကိုယ်သူ တကယ်ချစ်မိတာ ဘယ်သူလဲ ဆုံးဖြတ်မရဘူး ဖြစ်နေတာ။ အဲသလို အချိန်မျိုးမှာ ငါ သူ့ကို ဖိအား မပေးချင်ဘူး´

ဖြူစင်ထွန်းက မျက်နှာမဲ့၍ နင်က ဒီလူ့ကို မျှော်လင့်နေချင်သေးတယ်ပေါ့လေဟု မေးသည်။ ဝတ်မှုံဦးက ခေါင်းခါသည်။

`ငါ ဖိအားပေးလိုက်လို့ ငါ့ကို ဖြတ်သွားရင်တောင် ငါ ဝမ်းပဲနည်းမယ်၊ နောင်တ မရဘူး။ ငါ ဖိအား ပေးလိုက်မိလို့ သူ အမှန်တကယ်ချစ်တာ ဟိုအစ်မကြီးဖြစ်နေတာကို ငါ့ကို သနားပြီး ငါ့ကို ရွေးလိုက်တာမျိုး ဖြစ်သွားရင်၊ ပြီးမှ သူမပျော်ဘဲ တစိမ့်စိမ့် နောင်တရနေတာမျိုးဖြစ်ခဲ့ရင် ငါ့ကိုယ်ငါ ခွင့်လွှတ်နိုင်မှာ မဟုတ်တော့ဘူး။ ငါ သူ့ကို အဲသလောက်ချစ်တာ ဖြူစင်ရဲ့´

ဖြူစင်ထွန်းက ခေါင်းခါ၍ `မိုက်လိုက်တာ ဝတ်မှုံရယ်´ဟု ဆိုသည်။

(၄)

ဝတ်မှုံဦးက လက်ထဲက နိုင်ငံကူးလက်မှတ်ကို ကြည့်၍ ငေးငိုင်နေစဉ်တွင် ဖြူစင်ထွန်းက အားမလို အားမရသံဖြင့် ပြောသည်။

`ဘာတွေဝေနေပြန်သလဲ မိန်းမ၊ သူနာပြုတက္ကသိုလ်က နင်တို့အုပ်စုတွေတုန်းက ဝန်ထမ်းသုံးနှစ်စာချုပ် မရှိသေးဘူး။ နဂိုကတည်းက နင်သွားချင်တာ သွားပိုင်ခွင့်ရှိတယ်။ ဟိုမှာ နင် ကလေးစိတ်ပညာသင်တန်း တစ်နှစ် ထပ်တက်ဖို့လည်း ငါ့အမျိုးတွေက အကုန်စီစဉ်ထားပြီးသား၊ နေဖို့လည်း အဆင်သင့်၊ သင်တန်းဆင်းရင်လည်း အလုပ်က အဆင်သင့်၊ နင့်လို ဉာဏ်လည်းထက်၊ ရုပ်လည်း ချောချောလေးဆို ဟိုမှာ အလုပ်ထဲမှာလည်း ပေါ်ပြူလာ ဖြစ်မှာပဲ။ မိဘတွေက နင်အဆင်ပြေပြီးရင် လှမ်းခေါ်ခေါ်၊

နင် ပြန်လာတွေ့တွေ့ ရတယ်။ အေး အဲဒီမှာ ရောက်နေတဲ့ မြန်မာယောကျ်ားလေးတွေနဲ့ ဖူးစာဆုံရင်လည်း ယူသာယူလိုက်တော့'

ဝတ်မှုံဦးက အသံတိုးတိုးနှင့် ငါ သူ့ကို သွားနှုတ်ဆက်ချင်တယ်ဟု လှည့်မကြည့်ဘဲ ပြောသည်။

`မရဘူး'

`ဘာဖြစ်လို့လဲ'

`တစ်အချက်က ငါ့ကြောင့်၊ နင်တွေဝေသွားမှာကို ငါ ခွင့်မပြုနိုင်ဘူး။ နှစ်အချက်က နင့်ကြောင့်၊ သူ့ကို ဖိအားပေးတာမျိုး မလုပ်ဘူးဆိုတဲ့စကား နင်ကိုယ်တိုင်ပဲ ပြောခဲ့တာ'

`ငါ ဒါတွေ ပြောမပြပါဘူး။ ရန်ကုန်ဆင်း၊ သူ့ကို ဒီအတိုင်းပဲ သွားတွေ့၊ သူနဲ့ တစ်ရက်လောက် လျှောက်လည်ပြီးရင် ပြန်လာမှာပါ။ ငါ ကတိပေးရင် တည်တယ်ဆိုတာ နင် သိတယ် မဟုတ်လား'

ဖြူစင်ထွန်း သက်ပြင်းချ၍ ခေါင်းငြိမ့်ပြလိုက်ရပါသည်။

(၅)

တကယ်တမ်းကျတော့ ဝတ်မှုံဦး ရန်ကုန်မဆင်းဖြစ်။ ကိုဟန်မင်းက မန္တလေး ရောက်လာသည်။ အလုပ်ကိစ္စ မပါပါ။ ဝတ်မှုံဦးက သက်သက် လာတွေ့တာပါဟု ဆိုသည်။ စားသောက်ဆိုင်တစ်ဆိုင်တွင် ချိန်းသည်။

တကာယ်တမ်း ပက်ပင်းတွေ့ရတော့ ဘယ်စကားက စပြောရမည် မသိသဖြင့် ဝတ်မှုံဦး ခေါင်းသာ အတွင် ငုံ့ထားမိသည်။

`ညီမ မိဘတွေက အခု ခေတ္တရာမှာပဲလား´

`ဟုတ်တယ်´

`အစ်ကို့အဖေနဲ့ အမေကို ဖွင့်ပြောပြီးပြီ၊ လူကြီးချင်း လာနားဖောက်ချင်လို့၊ ဘယ်တော့လောက် လာခဲ့ရရင် အဆင်ပြေမလဲ´

`ရှင်´

ဝတ်မှုံဦး ကြောင်တက်တက်နှင့် ပတ်စပို့ ထည့်ထားသော ပိုက်ဆံအိတ်ကို ယောင်၍ ကိုင်ကြည့်မိသည်။ ကိုဟန်မင်းက ရယ်သည်။

`ဒီ သီတင်းကျွတ်လောက် လက်ထပ်ရအောင်ကွာ၊ အစ်ကို့လုပ်ငန်းတွေက သိပ်အခြေအနေ မကျသေး ပေမယ့် ကြာရင် အစ်ကိုက အိုတော့မယ်။ ညီမက ငယ်သေးတာတော့ သိပါတယ်၊ ဒါပေမယ့် အစ်ကို လက်ထပ် ပါရစေတော့´

ဘယ်ကစ၍ ဘာပြန်ပြောရမှန်း မသိသဖြင့် ဝတ်မှုံဦး ပတ်စပို့ထည့်ထားသော ပိုက်ဆံအိတ်ကြိုးကို ကျစ်ကျစ် ပါအောင် ဆုပ်ကိုင်ထားရင်း အချိန်ကြာမြင့်စွာ တွေဝေငြိမ်သက်နေမိပါသည်။

(၆)

ဖြူစင်ထွန်းကတော့ အကြောက်အကန် ကန့်ကွက်သည်။

`မယုခင်ကတည်းက သစ္စာမရှိတဲ့ ယောက်ျားနော် ဝတ်မှုံ၊ သူတို့တွေက အိမ်ထောင်သက်ရင့်လာ၊ မိန်းမက အသက်ကြီးလာလို့ မလှတော့ရင် ဟိုလူမျိုးဘဝတုန်းက ရှိးသားပါတယ်ဆိုတဲ့ ယောက်ျားတောင် ဖောက်ပြန်တတ်တာ´

`အဲဒီအချိန်အထိပဲဖြစ်ဖြစ် သူ့ချစ်သူဘဝနဲ့ နေနေချင်တယ် ဖြူစင်ရယ်၊ နင် ငါ့ကို ခွင့်လွှတ်ပါ´

ဖြူစင်ထွန်းက စိတ်ပျက်လက်ပျက် ခေါင်းခါသည်။

`နင် လွှင့်ပစ်လိုက်တဲ့ အခွင့်အရေးမျိုးအတွက်ဆိုရင် ကျန်တဲ့လူတွေက ကိုဟာန်မင်းထက် တည်ကြည် သစ္စာရှိတဲ့ ယောက်ျားမျိုးဆိုရင်တောင် လွှင့်ပစ်ခဲ့မယ်ဆိုတာ နင်သိရဲ့လား။ ပြီးတော့ မေတ္တာဆိုတာ ရောင်ပြန်ဟပ် တတ်တယ်၊ တုသောအကျိုး ပေးတတ်တယ်ဆိုပေမယ့် ဒါမျိုးကို မေတ္တာတရားကို တန်ဖိုးထားတတ်တဲ့လူမျိုးဆီကသာ နင် မျှော်လင့်လို့ရမှာနော်´

ဖြူစင်ထွန်း ဘယ်လိုပဲပြောပြော ဝတ်မှုံဦးက ဘာမှ ပြန်မပြောဘဲ ခေါင်းသာ ငုံ့ထားပါသည်။

(၇)

`ဟယ် ... သတို့သမီးကလေးက လှလိုက်တာ၊ သိပ်ချစ်စရာကောင်းတာပဲ။ ဒါကြောင့် ငါ့သူငယ်ချင်းက တန်းတန်းစွဲတော့တာကိုး´

`ကျေးဇူးတင်ပါတယ် မမ၊ ဒါပေမယ့် ညီမက မမလောက် မလှဘူးလို့ ထင်ပါတယ်´

`ကြဲကြဲဖန်ဖန် စိတ်ချမ်းသာအောင် ပြောတတ်တဲ့ကလေးပဲ၊ မမက ကြီးပြီကွယ့်´

ပြောပြောဆိုဆို မိမိပါးကလေးကို နမ်းကာ ထွက်သွားသော ကျက်သရေရှိလှသည့် မိန်းမပျို၏ ကျောပြင်ကို ငေးကြည့်နေသော ဝတ်မှုံဦးကို ကိုဟန်မင်းက ဆွေဖင်ဝင်းတဲ့၊ အစ်ကို့ကျောင်းနေဖက်ဟု တိုးတိုးပြောပြသည်။

သိပါတယ် ဟူသောစကားကိုတော့ မျိုသာချလိုက်ရသည်။

(၈)

သားကလေး သုံးနှစ်ပြည့်သော မွေးနေ့ပွဲ ကျင်းပချိန်တွင်တော့ ကိုဟန်မင်း၏ ကုမ္ပဏီက အတော် အဆင် ပြေစပြုလာပြီ။ ကိုဟန်မင်း၊ ဝတ်မှုံဦးတို့ မိသားစုသည်လည်း မြို့ထဲတွင် ကိုယ်ပိုင်တိုက်ခန်းလေးတစ်ခန်းနှင့် နေဖြစ် ခဲ့ပြီ။ ကားကလေးတစ်စီးလည်း ပိုင်ခဲ့ပြီ။

စီးပွားရေး အောင်မြင်ပြီး အသက်ငယ်ရွယ်သည့်တိုင် ဇနီးမယားကို အလွန်ချစ်ပြီး အနေအထိုင် တည်ကြည် လွန်းသော ကိုဟန်မင်း၏ ကောင်းသတင်းတို့သည်လည်း သူငယ်ချင်း ဖြူစင်ထွန်းထံ အကြိမ်ကြိမ်ရောက်ဖြစ်ခဲ့ကြပြီ။

`ငါ တကယ်အံ့သြတယ် ဝတ်မှုံရယ်၊ မေတ္တာဆိုတာ ရောင်ပြန် မဟပ်ဘူး ဆိုတဲ့စကားကို ငါ ရုပ်သိမ်း ရတော့မယ် ထင်တယ်'

`နင်ပါ အိမ်ထောင်ကျသွားလို့ ဒီစကား ပြောတာလား'

သူငယ်ချင်းနှစ်ယောက်သား ချမ်းမြေ့စွာ ရယ်မောမိသည်။

`အစ်မ မှတ်ပုံတင်'

လူရွယ်တစ်ဦး ချဉ်းကပ်လာရင်း ခေါင်းကလေးညွတ်၍ ရိုသေစွာ တောင်းတော့ ဝတ်မှုံဦးက ဒေါ် ... ဒေါ် ... ဟုဆိုကာ ပိုက်ဆံအိတ်ထဲမှ အမျိုးသားမှတ်ပုံတင်ကို ထုတ်ပေးလိုက်သည်။

လူရွယ်က သီချင်းသံများနှင့် ဆူညံစွာ ကခုန်ပျော်ပါးနေကြသည့် ကလေး အုပ်ကြီးအတွင်းမှ သားကလေးကို ဝင်၍ ချစ်စနိးနှင့် ပါးလိမ်ဆွဲ နှုတ်ဆက်ပြီး ဆက်လျှောက်သွားသည်။

`ဘယ်သူလဲ ဝတ်မှုံ´

`အစ်ကို့အတွင်းရေးမှူးလေ´

`ကြဲကြဲဖန်ဖန်၊ ယောက်ျားလေးကြီးဟာကို´

ဝတ်မှုံဦးက သဘောကျစွာ ရယ်သည်။

`သူ့အသက်အရွယ်နဲ့ မိန်းကလေးထားရင် သူက ရိုးသားရင်တောင် အများအတင်းပြောတာ ခံရမယ်တဲ့။ ဒီကြားထဲ ကိုယ်တိုင်ကိုက စာရိတ္တ မစင်ကြယ်တဲ့ မိန်းကလေးကို မသိလို့ ခန့်မိရင်လည်း ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး ပြောပြီး လိုသလို အသုံးချသွားတတ်တယ်တဲ့။ အစကတည်းက ယုံကြည်စိတ်ချရတဲ့ ယောက်ျားလေးပဲ ထားတာ အကောင်းဆုံးတဲ့၊ သူ့ဟာသူပဲ ပြောတာ´

ဖြူစင်ထွန်းက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း တကယ်ပါပဲဟယ်။ ငါထင်ခဲ့တာတွေ အကုန်လုံး လွဲတယ်ဟု ဆိုသည်။

`သိပ်မချီးကျူးနဲ့ဦး၊ ယောက်ျားဆိုတာ သေပြီးမှ ဒီယောက်ျား ငါ့ကို သေတဲ့အထိ သစ္စာရှိရှိ ပေါင်းသွား ပါလားလို့ စိတ်ချလက်ချပြောနိုင်တာတဲ့´

'မဦးမချွတ် မိန်းမရယ်၊ ဒီလောက်ဆို သိသာနေပါပြီ။ နို့ နင့်မှတ်ပုံတင်က ဘာလုပ်တာလဲ'

'မသိဘူးလေ၊ ကိစ္စရှိလို့ လာတောင်းရင် ထည့်ပေးလိုက်ပါလို့ မနက်ကတည်းက အစ်ကို မှာထားတာ'

ဖြူစင်ထွန်း ခဏ တွေဝေစဉ်းစားနေသည်။ ပြီးမှ အလန့်တကြားဟန်ပန်နှင့်။ ဟဲ့ ... ဝတ်မှုံ၊ ကိုဟန်မင်းက နိုင်ငံခြားတွေ ဘာတွေ သွားတတ်လားဟု မေးသည်။

'အိမ်ထောင်ကျပြီးမှတော့ နှစ်ခါလောက်ရှိပြီ သွားတာ၊ ခဏပါပဲ၊ ဘာဖြစ်လို့လဲ'

'နင် တစ်ခါမှ မလိုက်ဖူးဘူး မဟုတ်လား'

'ဟင့်အင်း'

ဖြူစင်ထွန်းက သက်ပြင်းချသည်။

'သွားပါပြီ မိန်းမရယ်၊ နင် မရိပ်မိဘူးလား။ သူ သွားစရာတစ်ခု ရှိနေလိမ့်မယ်။ ဒီတစ်ခေါက် နင့်ကို ခေါ်မလို့ ကြံစည်နေတာ ဖြစ်လိမ့်မယ်။ စောစောက မှတ်ပုံတင်က ပတ်စပို့လျှောက်မလို့ ဖြစ်မှာပေါ့။ ဒုက္ခပါပဲ'

'အဲဒါ ဘာဖြစ်လဲ'

'ဘာဖြစ်ရမလဲ၊ ပတ်စပို့သွားလျှောက်မှတော့ သူ လက်ထပ် ခွင့်တောင်းခါ နီးကလေးမှာ နင် ပတ်စပို့ တစ်ခါရထားဖူးတာ သိသွားတော့မှာပေါ့၊ နင် ဘယ်လို ဖြေရှင်းမလဲ၊ အခုတည်းက စဉ်းစားထား'

(၉)

ညှိုးငယ်နေသော ကိုဟန်မင်း၏မျက်နှာကို ကြည့်၍ ဝတ်မှုံဦး သက်ပြင်းချမိသည်။

`အစ်ကိုကို ထားသွားမလို့ရယ်၊ ဘာရယ်တော့လည်း မဟုတ်ပါဘူး။ အစ်ကို့မှာ နောက်ထပ်ချစ်သူ တစ်ယောက် ရှိနေတယ်ဆိုတာ သိလိုက်ရတော့ အစ်ကို့ကို ယုံစားပြီး စောင့်နေလို့မှ မဖြစ်တာ။ ကိုယ့်ဘဝကို တစ်ယောက်တည်း လျှောက်နိုင်အောင် အသင့်ပြင်ရတော့တာပေါ့´

`အစ်ကို့ကို ဖွင့်မေးပါလား ညီမရယ်´

ခေါင်းခါပြလိုက်သည်။

`မမေးချင်ပါဘူး အစ်ကိုရယ်၊ အစ်ကို ညီမကို အားနာလို့ သနားလို့ပဲဖြစ်ဖြစ်၊ မမဆွေဇင်ဝင်းကို အားနာလို့ သနားလို့ပဲဖြစ်ဖြစ်၊ ဘာဆုံးဖြတ်ချက်မှ မချစေချင်ဘူး။ အစ်ကို တစ်သက်လုံး စိတ်ချမ်းသာရမယ်လို့ အစ်ကို့ဟာအစ်ကို ယုံကြည်တာကို ရွေးချယ်စေချင်တယ်။ အစ်ကို တွေဝေ စိတ်ရှုပ်နေရမယ် ဆိုရင်လည်း ညီမ မကြည့်ရက်ဘူး။ ဒါကြောင့် တိတ်တိတ်ကလေးထွက်သွားဖို့ ဆုံးဖြတ်မိတာ´

ဒီတော့မှ ကိုဟန်မင်းမျက်နှာ အနည်းငယ် ပြုံးရိပ်သမ်းလာပြီး အစ်ကို့ကို အဲသလောက် ချစ်သလားဟု မေးသည်။ ရှက်ရှက်နှင့် ကလေးတောင် သုံးနှစ်ရှိပြီ၊ ဘာတွေလာမေးနေတာလဲဟု ဖြေမိသည်။

`အစ်ကိုက ညီမကို ရွေးလိုက်တာလို့တော့ မထင်လိုက်နဲ့နော်။ အစ်ကိုက ညီမနဲ့တွေ့ပြီးတဲ့ အချိန်ကလည်း စိတ်ထဲမှာ ညီမအရိပ်က တစ်ချိန်လုံး ကပ်ပါလာတာ။ ရန်ကုန်ပြန်ရောက်နေလည်း မိုးလင်းတာနဲ့ ဘူတာပြေးပြီး မွန္တလေးရထားပေါ် တက်ချင်တဲ့စိတ်ပဲ တစ်ချိန်လုံး ပေါ်နေတာ။ ညီမနဲ့သာ အမြဲ အတူတူရှိနေရမယ်ဆိုရင်

ဘာအခက် အခဲနဲ့ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ၊ ဘယ်လိုနာမည်ဆိုးပဲရရ မမှုချင်တော့ဘူး။ ညီမကို စွန့်လွှတ်လိုက်ရတာမျိုးလည်း တွေးကြည့်လို့တောင် မရခဲ့ဘူး၊ အဲဒါသိရဲ့လား´

ပြုံး၍ ရင်ထဲကတော့ အဲသလို သိနေခဲ့သလိုပဲ။ ဦးနောက်ကသာ ယုံလို့မရတာ။ အရင်တုန်းက မမ ဆွေဖင်ဝင်းကို အဲသလိုမျိုးတွေပဲ ဖြစ်ခဲ့တာ ပြောခဲ့တာ မဟုတ်ဘူး လားဟု ပြန်မေးလိုက်သည်။

ကိုဟန်မင်းက လက်ညှိုးတစ်ချောင်း ထောင်ပြသည်။

`ချစ်သူဘဝတုန်းကတောင် မေးရမှာ အားနာတတ်တဲ့ မေးခွန်းတွေ အိမ်ထောင်ရှင် ဘဝကျမှ ဘာလို့ မေးနေရသလဲ´

`မိန်းမတွေက လက်ထပ်ပြီးသွားရင် ယောကျ်ားတွေကို ပိုင်စိုးပိုင်နင်းနိုင်ချင်တယ်။ ဂျီကျတာကို ရပိုင်ခွင့် တစ်ခုအနေနဲ့ သဘောထားတတ်တယ်ဆိုတာရော အစ်ကို မေ့နေပြီလား´

နှစ်ယောက်သားအတူတူ ကြည်နူးစွာ ရယ်မောမိကြသည်။

Idea မဂ္ဂဇင်း

ဒီဇင်ဘာလ၊ ၂၀၀၇။

## ဒဏ္ဍာရီထဲက နတ်သမီး

(၁)

လာကြိုသောကားက လူမှုဝန်ထမ်းဦးစီးဌာန မိဘမဲ့ကလေးများ စောင့်ရှောက်ရေး ဂေဟာ မြို့ဝတွင်သာ ရပ်လိုက်ရသည်။ မြို့ဝမှ ဆင်ဝင်အောက်အထိ ပုဏ္ဏရိတ်စည်းရိုးလေး တစ်ဖက်တစ်ချက် ရံထားသော မြေနီလမ်းလေးမှာ ကားတစ်စီးမောင်းလောက်အောင် ကျယ်သော်လည်း လမ်းထိပ်တွင် ယာဉ်မဝင်ရဟု ဆိုင်းဘုတ်ကို ပိတ်၍ ထောင်ထားသည်။

ကားပေါ်က ဆင်းကတည်းက အထဲက သားငယ် သမီးငယ်လေးများ၏ `ပန်းကလေးများ ပွင့်တော့မည် ဖူးတံဝင့်လို့ချီ´ အစပြုသော ကဗျာ ရွတ်ဆိုသံလေးကို ညီညီညာညာ၊ သာသာယာယာ ကြားနေရသည်မို့ ဒီလမ်းကို ဘာကြောင့် ပိတ်ထားရသည်ဆိုသည့် အဖြေကတော့ ရှင်းနေသည်။

အားနာဟန် ကြည့်နေသော ကားသမားကို ပြုံး၍ လက်ကာပြလိုက်ပြီး ကားပေါ်မှ ဆင်းသည်။ နောက်ခန်း မှလည်း အလုပ်သင်ဆရာဝန်မလေးနှစ်ဦး လိုက်ဆင်းကြသည်။

မြေနီလမ်းလေးအတိုင်း ကျောင်းဘက်သို့ လျှောက်လာခဲ့ကြသည်။ အတော်တော့ လျှောက်ရသား။ ကျောင်းနှင့် နီးလာလေလေ၊ ချစ်စဖွယ် ကဗျာရွတ်သံလေးများက ပိုကျယ်လာလေလေမို့ ရင်ထဲတွင် ချမ်းမြေ့လှသည်။

တကယ်တော့ သူ့တွင် ကိုးကွယ်ရာ ဘာသာမရှိ။ အဖေနှင့် အမေတို့ ကိုးကွယ်ရာဘာသာ မတူသည့် ဖြစ်ရပ်က ဘာမဆို စူးစမ်းလေ့လာ ပြင်းခုံပြီးမှ

လက်စံတတ်သော တစ်ဦးတည်းသောသားဖြစ်သူကို မည်သည့်ဘာသာ ကိုမှ လက်မခံရသေးသူအဖြစ် ယခု အသက် သုံးဆယ့်ငါးနှစ်အရွယ်အထိ ဖြစ်စေခဲ့သည်။

သို့သော် ခရစ်ယာန် ဘုရားရှိခိုးကျောင်းတော်မှ ဓမ္မတေး သီချင်းသီကျူးသံများကို ကြားရလျှင်ဖြစ်စေ၊ ဗုဒ္ဓဘာသာ ဘုရားကျောင်းကန်တို့မှ ဝတ်ရွတ်သံကို ကြားရလျှင်ဖြစ်စေ သူ့ရင်မှာ ကြည်နူးချမ်းမြေ့တတ်သည်။ အသက်သုံးဆယ့်နှစ်နှစ်အရွယ်တွင် ကလေး အထူးကု ဆရာဝန်တစ်ဦး ဖြစ်လာပြီးနောက်တွင်ကား သူ့ရင်ကို ချမ်းမြေ့ အကြည်နူးစေဆုံး အသံမှာ သားငယ်၊ သမီးငယ်လေးများ၏ သံပြိုင်ကဗျာရွတ်ဆိုသံပင် ဖြစ်လေသည်။

'ကလေး ဒီလောက်ချစ်တတ်ရင် ဘာလို့ လူပျိုကြီးလုပ်နေသလဲဗျ' ဟု လုပ်ဖော်ကိုင်ဖက် အစ်ကိုကြီး တစ်ဦးက ကျီစယ်ဖူးသည်။ 'လူပျိုကြီးလုပ်တာ မဟုတ်ရပါဘူး ဆရာရယ်၊ လူပျိုကြီးဖြစ်သွားတာပါ' ဟုသာ ဖြေခဲ့ ရသည်။

အသေးစိတ်ရှင်းပြရလျှင်တော့ သူ့အတွက်က ရယ်စရာဖြစ်မည်။ မိမိအတွက်က အဟောင်းတွေ အသစ် ဖြစ်တော့မည်။

ဒီတော့ မိမိ၊ 'မိုး' နှင့် 'ဖြူ' အပါအဝင် ငယ်သူငယ်ချင်းသုံးဦး ... အင်းလေ ... လေးဦးဆိုပါစို့။ ဒီဇာတ်လမ်းထဲမှာ 'ငြိမ်း' မပါပေမယ့် အချစ်ဆုံး သူငယ်ချင်းလေးဦး ထဲမှာတော့ ငြိမ်းလည်းပါခဲ့သည်။ ဒီလေးဦး၏ အကြောင်းကို ပြန်မပြောချင်တော့။

(၂)

တစ်ခါက နယ်မြို့လေးတစ်မြို့တွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအရာရှိများ စုနေသော လမ်းလေးတစ်ခု ရှိခဲ့ဖူးသည်။ ထိုလမ်းလေးတွင် 'မင်းမင်း' ဟု ခေါ်သော လူပျိုပေါက်အရွယ် ကောင်လေးတစ်ဦးနှင့် မိုး၊ ဖြူ၊ ငြိမ်းဟု ခေါ်သော အပျိုပေါက်အရွယ်

ကောင်မလေးသုံးဦးတို့မှာ သက်တူရွယ်တူ ကျောင်းတူ အတန်းတူများမို့ အလွန်ချစ်သော သူငယ်ချင်းများဖြစ်လာခဲ့ကြသည်။

အတန်ငယ် အရွယ်ရောက်လာကြသောအခါ `မင်းမင်း´က စာအလွန်တော်၍ မိန်းကလေးတွေ ပါးစပ်ဖျားမှာ ရေပန်းစားလာသလို `မိုး´နှင့် `ဖြူ´တို့မှာလည်း မိန်းမလှလေးများဖြစ်၍ ယောက်ျားလေးတွေ ပါးစပ်ဖျားမှာ ရေပန်းစား လာကြသည်။

`ဟေ့ကောင် ... မိုးလား၊ ဖြူလား အပြတ်ပြော´

တစ်တန်းတည်းသား သူငယ်ချင်းတစ်ဦးက အစ်သည်။

`သူငယ်ချင်းဖြစ်တိုင်း နီးစပ်ရောလားကွ၊ ငါ ဒါတွေ မစဉ်းစားသေးဘူး´

`အပိုတွေ ပြောမနေနဲ့ သူငယ်ချင်း၊ သူငယ်ချင်းဖြစ်တိုင်း မကြိုက်ရပေမယ့် မိုးရော၊ ဖြူရော ဒီလောက်လှတာ မင်း ရင်မခုန်ဘဲ မနေဘူး။ ငါသိတယ်၊ ဘယ်တစ်ယောက်လဲ အပြတ်ပြော´

`ဘာလုပ်မလို့လဲ မင်းက´

`ကျန်တဲ့တစ်ယောက် ငါ ကြိုးစားမလို့´

ဦးခေါင်းကိုသာ မနာအောင် လှမ်းရိုက်၍ ရယ်နေရသည်။

`ကဲ ... ဒါဆိုလည်း မင်းပဲ ရွေးပေးပေတော့´

`အင်း ... ဖြူက မျက်နှာလေးက ချစ်စရာကောင်းတယ်၊ ဝတ်တာစားတာက မြန်မာဆန်ဆန်လေး၊ မိုးက အရပ်မြင့်မြင့် ကိုယ်လုံးလှလှလေး၊ ကပြားမလေးဆိုတော့

ဝတ်တာစားတာလည်း အမိုက်စား။ မင်းကိုယ်မှာ ငါ့စိတ်ထည့်ပြီး ရွေးရရင်တော့ … အင်း … မိုးပဲ ´

သူ့ခေါင်းကို နောက်တစ်ချက် လှမ်းရိုက်လိုက်ရင်းက ရင်ထဲတွင်လည်း မိုး၏ကိုယ်ဟန်လေးကို မြင်ယောင်ပြီး လှပ်ကနဲ တစ်ချက်ခုန်သွားရပါသည်။

(၃)

`ဟဲ့ … မင်းမင်းရယ်၊ နင့်မွေးနေ့လက်ဆောင်က ဈေးမကြီးလွန်းဘူးလား ´

ငြိမ်းက ကန့်ကွက်စကားဆိုသည်။ မင်းမင်းက ရှက်ကိုးရှက်ကန်းရယ်သည်။

မိုးအတွက် မွေးနေ့လက်ဆောင် ဝယ်နေတာပါ။ မိန်းကလေးပစ္စည်း ရွေးရမှာဆိုတော့ မိန်းကလေးသူငယ်ချင်း ဆီက အကြံတောင်းချင်လို့ ငြိမ်းကို ခေါ်လာခဲ့ခြင်းဖြစ်သည်။ ဖြူ့ကို ခေါ်ရမှာ ဘာကြောင့်ရယ်မသိ စိတ်ထဲတွင် မလုံမလဲဖြစ်နေသည်။

ငြိမ်းကိုတော့ တစ်ခါမှ မိန်းကလေးတစ်ယောက်ရယ်လို့ သူစိမ်းဆန်ဆန် စိတ်ထဲမှာ အားတုံ့အားနာမရှိပါ။

ငြိမ်းက အသားနည်းနည်းညိုသည်။ မျက်နှာကတော့ လှသည်လည်း မဟုတ်၊ အရုပ်ဆိုးသည်လည်း မဟုတ်။ ဘာထူးခြားမှုမှမရှိသည့် မျက်နှာမျိုးဖြစ်သည်။ အရပ်လေးက ပုပျပ်ပျပ်နှင့် အချိုးအစားကောင်းစွာ မရောက်ချင်သေးသော ကိုယ်ဟန်သာ ရှိသော ငြိမ်းကို မင်းမင်းကလည်း ယောက်ျားလေး သူငယ်ချင်းတစ်ဦးလို အမြဲ ရင်းရင်းနှီးနှီး ဆက်ဆံ ဖြစ်သည်။

`ငါ မှန်းဖိုးစုထားတာ နည်းနည်း စုမိနေလို့ပါဟ ´

`အေးပါ ... ဒါပေမယ့် ဖြူ့မွေးနေ့တုန်းက နင်ပေးတဲ့လက်ဆောင်နဲ့ ကွာလွန်းနေတယ်ဟာ၊ မိုးကလည်း ပြန်ကြွားမှာ၊ ဖြူက စိတ်မကောင်းဖြစ်မှာပေါ့´

`အဲဒီတုန်းက ငါ ပြတ်နေလို့ပါဟာ၊ ဒါလေးတော့ ဒီလောက်တွက်ကြပါ့မလား´

ငြိမ်းက သက်ပြင်းချ၍ ခေါင်းခါပြသည်။

`နင်ကလည်း စာတော်လို့ စတားဖြစ်၊ ဟိုကောင်တွေကလည်း လှလို့ စတားဖြစ်။ သူငယ်ချင်းအရင်းကြီးတွေ ဆိုပေမယ့် ဘေးက စကြနောက်ကြရင် စိတ်က နည်းနည်းတော့ တစ်မျိုးဖြစ်ကြတာပဲနော်၊ နင်လည်း သိမှာပါ၊ အဲဒါ တစ်ယောက်ယောက်ကို နင် သူငယ်ချင်းထက်ပိုတဲ့ အမူအရာမျိုး သွားမလုပ်ပါနဲ့ဦးဟာ၊ စိတ်တွေ တကယ်ပါကုန်ဦးမယ်´

ငြိမ်းက သူ့ဝသီအတိုင်း တည့်တည့်ကြီးပြောချလိုက်သည်။ မင်းမင်းက ရှက်ကိုးရှက်ကန်းနှင့် `ဘာလဲ နင်က သဘောမတူလို့လား´ဟု ခပ်ကြောင်ကြောင် ပြန်မေးမိသည်။

`ဟဲ့ ... သဘောတူတာတွေ၊ မတူတာတွေ ပြောစရာလား၊ တို့အသက်တွေက အခုမှ ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်။ နင် တက္ကသိုလ်ရောက်ပြီးမှ ဆိုရင် ကြိုက်တဲ့လူနဲ့ကြိုက်။ မိုးနဲ့ဖြူ တစ်ယောက်ယောက်ဖြစ်ရင် သူစိမ်းနဲ့ ဖြစ်တာထက်စာရင် ငါ ဝမ်းသာမှာပဲ။ အခု စံစားချက်၊ အခု အတွေ့အကြုံလေးနဲ့တော့ ဘယ်သူ့မှ မရွေးပါနဲ့ဦးဟယ်၊ စာပဲ ကြိုးစားစမ်းပါ´

သူငယ်ချင်း ငြိမ်းကို ရှက်သည့်စိတ်ဖြင့် လက်ဆောင်ပစ္စည်းကို ကောင်တာပေါ် ပြန်ချမိသည်။

(၄)

နောက်သုံးနှစ်လောက်ကြတော့ သူက ရန်ကုန်ဆေးတက္ကသိုလ်-၂၊ မိုးက ရန်ကုန်ဆေးဝါးကျွမ်းကျင် တက္ကသိုလ်၊ ဖြူက ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်၊ ငြိမ်းကတော့ သူတို့နေခဲ့သော နယ်မြို့လေးတွင်ပင် မြန်မာစာ အဓိကနှင့် တက္ကသိုလ် ဆက်တက်နေကြသည်။

သူငယ်ချင်းများ တွက်ကိန်းပေးထားသည့်အတိုင်း သူနှင့် မိုးတို့ ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ သည့်နောက်ပိုင်း ဖြူနှင့် အနည်းငယ် စိမ်းသွားသော်လည်း ငြိမ်းနှင့်ကတော့ သူ့မိဘမြို့ပြန်တိုင်း တွေ့ကြသည်။

`ဘာတွေ မပြေလည်ကြတာလဲ မင်းမင်း´

မင်းမင်းက ရယ်သည်။ `ဆေးကျောင်းသားဆိုတော့ ယောက္ခမလောင်းရှေ့ မျက်နှာရမယ် အောက်မေ့ နေတာ၊ ခေတ်ပြောင်းသွားတာ မရိပ်မိလိုက်ဘူး။ ဆရာဝန်တွေ ရေပန်းမစားတော့ဘူးဟ´ဟု နောက်တီး နောက်တောက် ဖြေသည်။

ပြီးတော့မှ သူ့တွင် ကိုးကွယ်ရာဘာသာမရှိသည်ကို ယောက္ခထီးလောင်းကြီးက သဘောမကျကြောင်းနှင့် သူတို့ဘာသာသို့ ဝင်ရန် `မိုး´မှတစ်ဆင့် တိုက်တွန်းကြောင်း ရှင်းပြတော့ ငြိမ်းက သက်ပြင်းချသည်။ မင်းမင်းက ဆက်ပြောသည်။

`ဘယ်ဘာသာမဆို လူတွေကို ယဉ်ကျေး သိမ်မွေ့စေတာပဲလေ၊ ငါ လေးစားပါတယ်။ ကိုယ်တိုင် ကိုးကွယ်ဖို့ ကတော့ ကိုယ်တိုင်လေ့လာပြီး ယုံကြည် သွားတာပဲ ဖြစ်စေချင်တယ်ဟာ၊ ငါကလည်း မလျှော့ဘူး၊ မိုးကလည်း သူ့အဖေဆန္ဒ မပြည့်နိုင်ရင် ဖြတ်ကြရအောင်တဲ့။ ငါ ဘာလုပ်ရမလဲ´

`ဘာကို နင်က ပိုခံစားရမှာလဲ၊ မိုးကို စွန့်လွှတ်ရတာနဲ့ နင် သူများနိုင်းလို့ဆိုပြီး ယုံကြည်ရာတစ်ခု ခံယူရမှာကို´

ခေါင်းခါပြမိသည်။ ငါ မသိဘူးဟု ဖြေသည်။

`နင် မသိရင် သိအောင်လုပ်။ အဲဒီအဖြေက နင်တစ်ယောက်တည်းပဲ ဆုံးဖြတ်ရမှာ။ အစစ အဆင်ပြေပြီး ဘာမှ မခံစားရတဲ့ဘဝမျိုး မျှော်လင့်နေလို့ ဘယ်ရမလဲဟ၊ ဒါနဲ့ ဖြူလည်း ရောက်နေတယ် သိလား၊ နင့်ကိုလည်း မေးနေတယ်။ ဝင်နှုတ်ဆက်လိုက်ဦး´

ငါ့ကို မေးနေတယ် ဟုတ်လားဟု ကြောင်တက်တက်နှင့် ပြန်မေးမိသည်။

(၅)

နောက်နှစ်လအကြာတွင် မိုးနှင့် သူ လမ်းခွဲကြသည်။

နောက်တစ်နှစ်အကြာတွင် ဖြူနှင့် သူ ချစ်သူတွေ ဖြစ်သွားကြပြန်သည်။

`ဘာတွေဖြစ်ကြပြန်ပြီလဲဟ´

ငြိမ်းက နှုတ်ခမ်းလေးစူရင်းက မေးသည်။ အတူတူ ယှဉ်လျှောက်လာရင်းက အရပ်ပုပျပ်ပျပ် အရွယ် မရောက်တရောက်ပုံစံ သူငယ်ချင်းမလေးသည် ယခုအခါ မိုးအရပ်လောက်ရှိလာပြီး ကိုယ်နေဟန် ကြော့ရှင်းသူတစ်ဦး ဖြစ်လာပြီဖြစ်ကြောင်း မလုံမလဲ သတိထားမိရပြန်သည်။

`ဖြူက သိပ်သဝန်တိုတယ်ဟ´

ငြိမ်းက ရယ်၍ `နင်ပြောတာနဲ့ ငါတောင် နင်နဲ့ လမ်းမလျှောက်ရဲတော့ဘူး။ ပြန်တော့မှ ...´ဟု ဆိုသည်။

`အေး နင်ရောက်နေတာတောင် သူ မသိသေးဘူး ထင်တယ်၊ တို့ ဒီကနေ သူ့အဆောင် ဝင်ရအောင်´ဟု ပြန်ပြောမိသည်။

`အဲဒါ ငါ့ကို အခု ကွင်းဆင်းမယ့်ကိစ္စမှာ ယောက်ျားလေးတွေချည်းပဲ အဖွဲ့ဖွဲ့ရမယ်တဲ့။ ဌာနကလည်း မိန်းကလေးချည်းပဲ အဖွဲ့ကို ဖွဲ့ခွင့်မပေးတော့ တစ်တန်းတည်းသား မိန်းကလေးတွေက ငါ့ကို အကူအညီ တောင်းထားပြီးသား ဖြစ်နေတယ်။ အဲဒါ သူတို့နဲ့ပဲ သွားရမှာဆိုတော့ ပေါက်ကွဲရော´

ငြိမ်းက ရယ်၍ ဌာနက တွဲပေးတာလို့ ပြောလိုက်ပြီးရောဟာဟု ဆိုသည်။

`ငါမှ မညာတတ်တာ၊ နင် သိရဲ့သားနဲ့။ ပြီးတော့ ကိုယ်က တစ်သက်လုံး အများနဲ့ဆက်ဆံတဲ့အလုပ် လုပ်ရမှာ။ သူ ဒီလို အမြဲဝင် သဝန်ကြောင်နေရင် ငါလည်း သည်းခံနိုင်ပါ့မလားလို့ ငါ တွေးနေတာ´

`တကယ်ချစ်ရင် ခံနိုင်တာပေါ့ဟ၊ ကြည်နူးတောင် နေရဦးမယ်။ နင့်ဟာက တကယ်ချစ် မချစ်ကို နင် တွေဝေနေတာ´

မင်းမင်းက ရယ်သည်။

`အောင်မယ် နင်က တကယ်ချစ်တာတွေ ဘာတွေ နားလည်လို့´

ငြိမ်းက ရယ်လျက် ခေါင်းခါပြသည်။

`နားမလည်ပါဘူး၊ ငါက မေတ္တာတရားကိုပဲ သိတယ်။ ငါက ငါ့မိဘတွေကိုလည်း ချစ်တယ်၊ နင်တို့ သူငယ်ချင်းတွေကိုလည်း ချစ်တယ်၊ ကလေးလေးတွေကိုလည်း

ချစ်တာပဲ။ နောက်ဆုံး တိရစ္ဆာန်လေးတွေကိုတောင် ချစ်တယ်၊ အဲဒါ မေတ္တာတရားလို့ ထင်တာပဲ။ အခု နင်တို့ မပြေလည်ဘူးဆိုရင် ငါက ပြေလည်စေချင်တယ်။ နင်တို့ အဆင်ပြေရင် ငါ ဝမ်းသာချင်တယ်။ ငါးရာနှစ်ဆယ့်ရှစ်ပဲ ခေါ်မလား၊ အဲဒီ မေတ္တာဓာတ်အပြင် တခြားလိုဟာမျိုး လောကမှာ ရှိမရှိ ငါမသိဘူး။ သိလည်း မသိချင်တော့ဘူးဟာ´

နောက်ဆုံးတော့ ဖြူနှင့် သူလည်း လမ်းခွဲဖြစ်ခဲ့ကြသည်။ ငြိမ်းလည်း ကျောင်းပြီး၍ အစိုးရအလုပ်တစ်ခုဖြင့် ပြောင်းရွှေ့သွားသည်။ ဆယ်နှစ်ကျော် ကြာအောင် ငယ်သူငယ်ချင်း မိန်းကလေးသုံးဦးစလုံးနှင့် သူ မဆုံဖြစ်။

ဆေးပညာ မဟာသိပ္ပံသင်တန်းပြီး၍ ပထမလက်ထောက် ကလေးအထူးကု ဆရာဝန်ဖြစ်လာတော့မှ အသက် သုံးဆယ်ကျော် လူပျိုကြီးစာရင်း ဝင်နေပြီဖြစ်ကြောင်း ကိုယ့်ကိုကိုယ် သတိထားမိတော့သည်။

(၆)

`ဆရာကြီး မရှိဘူးလား´

လုံချည်စကတ် ခပ်ကျပ်ကျပ်နှင့် စလင်းဘက် အိတ်ကြီးကြီးလွယ်ထားသော မိန်းမပျိုက မေးသည်။

`ဆရာကြီး စာသွားသင်တယ်၊ ဆယ့်နှစ်နာရီလောက်တော့ ပြန်လာမယ်´

`မှာခဲ့လို့ ရမလား´

`ရပါတယ်၊ ကျွန်တော်က သူ့လက်ထောက်ပဲ၊ ဆေးကုမ္ပဏီက မဟုတ်ဘူးလား၊ ပရိုမိုးရှင်း ဝင်ချင်ရင်တော့ ဆရာကြီးက ကြာသပတေးတစ်ရက်ပဲ အတွေ့ခံပါတယ်´

အနီရောင်ရင့်ရင့်ဆိုးထားသော ဆံနွယ်များကြားက အရွယ်လွန်စပြုနေသော မျက်နှာကို တစ်နေရာရာမှာ တွေ့ဖူးသလိုလို။

ထိုမျက်နှာက မဲ့တဲ့တဲ့ပြုံးသည်။

`ဆရာကြီး ညီလာခံဖိတ်စာ ရိုက်ခိုင်းထားတာ လာပြတာပါ။ ကိစ္စမရှိဘူးလေ၊ ကျွန်မ ဆရာကြီးရုံးခန်းရှေ့က ခဏစောင့်လိုက်ပါ့မယ်´

မိန်းမပျို အခန်းထဲက ပြန်ထွက်သွားတော့ အလုပ်သင်ဆရာဝန် ယောက်ျားလေးများက ကျီစယ်ကြသည်။

`လူပျိုကြီးနော်၊ ဟိုနေ့က ငယ်ငယ်ချောချောလေးက ကျွန်မတို့ဆေးလေး သုံးပေးပါနော် ပြောတော့ ပြုံးလို့၊ ဒီအစ်မကြီးကျတော့ နည်းနည်း အသက်ကြီးတာနဲ့ ခပ်တည်တည်လုပ်လွှတ်တယ်´

ရယ်ကျဲကျဲ လုပ်၍နေရာမှ ထရပ်ရင်း မနောက်ကြနဲ့ဟ၊ ဒါက အရောင်းမြှင့်တင်ရေး ဝန်ထမ်းအဆင့်တော့ မကလောက်ဘူး၊ ဆူပါဗိုက်ဇာ ဖြစ်လိမ့်မယ်။ အကျိုးအကြောင်း သွားမေးဦးမှဟု ပြောလိုက်သည်။

`သွားသာသွား ဆရာ၊ အစ်မကြီးက အသက်သာကြီးတာ မော်ဒယ်လ်ဒီဇိုင်းပဲ၊ ဘေးတစ်ဖက်တစ်ချက် တစ်လက်မစီလောက် လျှော့လိုက်ရင် ရပြီ´

`ခွေးကောင်လေးတွေ´

ဆရာကြီး အခန်းပေါက်ဝတွင် ရပ်နေသော မိန်းမပျိုက ဆီး၍ ပြုံးပြသည်။

`ကွန်ပျူတာခန်းထဲမှာ ထိုင်စောင့်နေမလား၊ ကျွန်တော် သော့ဖွင့်ပေးပါ့မယ်´

မိန်းမပျိုက သက်ပြင်းချသည်။

`မင်းမင်း တကယ် မမှတ်မိတာလား၊ သေချာကြည့်ပါဦး´

ဘုရားရေ ...

`မိုး´ ပါလား။

(၇)

`ကောင်ဆယ်လာကို သေသေချာချာ ရှင်းပြပေးပါဗျာ။ အော့ဖ်ရှယ်လ် ပတ်စ်ပို့ပေမယ့် အော်ဖစ်ရှယ်လ်ကိစ္စ မဟုတ်ပါဘူး။ ဆရာဝန်သင်တန်းကို တက်မှာပါလို့၊ ကျွန်တော့်အတွက် အင်မတန် အရေးကြီးတဲ့ သင်တန်းမို့ပါ´

ကောင်ဆယ်လာ၏ ကိုယ်ရေးအရာရှိ အမျိုးသမီးက မှန်တံခါး ကာထားသော ကောင်တာနောက်ကွယ်မှ သူပြောသမျှကို ပြုံးပြုံးပြုံးပြုံးနှင့် နားထောင်နေသည်။

`ဟုတ်ပါတယ်၊ ကောင်ဆယ်လာကလည်း အခု ဗီဇာ မပေးဘူး မပြောပါဘူး။ ဒီကိစ္စကို သူ ဟိုဘက်ကို ပြန်ဖုန်းဆက်မေးပြီးမှ အတွေ့ခံမယ်လို့ ပြောတာပါ။ အဲဒီတော့ ဒါတွေ ပြန်ယူ၊ မင်းမင်းပြန်၊ နက်ဖြန်မှ ပြန်လာတော့´

ဘာ ...။

မင်းမင်း ... တဲ့လား။

ကမန်းကတန်းငုံ့၍ မှန်ပေါက်ထဲက မျက်နှာကို သေသေချာချာ ကြည့်မိသည်။

`ဖြူ´

`ဟုတ်ပါတယ်၊ ဖြူပါ။ ဖြီး ဆံပင်တွေ ဖြူနေလို့ မမှတ်မိတာ မဟုတ်လား´

အားတုံ့အားနာဖြင့် ဆောရီး ဆောရီးဟု ဆိုမိသည်။

`ရတယ်၊ သားလေးအငယ် မွေးပြီးကတည်းက ဝတာလေ၊ ထိန်းလို့လည်း မရတော့ဘူး။ ဆံပင်က မျိုးရိုးကိုက ငယ်ငယ်နဲ့ဖြူတတ်တာ။ ဆေးဆိုးတော့လည်း ဆေးနဲ့ မတည့်လို့´

ဘယ်လို စကားဖာထေးရမည်ကိုပင် မသိတော့။

(၈)

ငယ်သူငယ်ချင်းမ လှလှလေး နစ်ယောက်ရှိခဲ့သည်။ ရုပ်လှတာလေးတွေကို စွဲလမ်းပြီး နစ်ယောက်စလုံးနှင့် ချစ်သူဖြစ်ဖူးလိုက်သည်။ ကြာကြာမခံဘဲ ကွဲကွာသွားကြသည်။ သူက လူပျိုကြီးဖြစ်သွားသည်။ ထို သူငယ်ချင်းမ လှလှလေး နစ်ယောက်စလုံးကို ပြန်တွေ့တော့ မလှကြတော့။

တစ်သက်လုံးလှသည့် မိန်းကလေးဆိုလို့ကတော့ ဒဏ္ဍာရီထဲက နတ်သမီးလေးတွေသာ ရှိနိုင်တော့မပေါ့။ ဆယ်နစ်တောင် ခံအောင် မလှသည့် မိန်းကလေးတွေကိုတော့ သွားအံ့သြနေစရာ မလို။ ရုပ်အလှကိုသာ တပ်တပ် မက်မက် စွဲလမ်းခဲ့မိသည့် ကိုယ့်ကိုကိုယ်သာ အပြစ်တင်ရမည်။

ပြန်ပြောပြရလျှင်တော့ သူ လူပျိုကြီးဖြစ်ခဲ့သည့် ဇာတ်ကြောင်းက ထိုမျှ ရယ်စရာကောင်းနေသည်။ ယခု ပြန်တွေးရင်ပင် ပြုံးမိသည်။

`ဟော ... ဒေါက်တာတို့ ရောက်လာပြီ၊ မမခိုင်ရော မပါဘူးလား´

လူမှုဝန်ထမ်းယူနီဖောင်း အပေါ်အင်္ကျီအဖြူ၊ လုံချည်မိုးပြာရောင်နှင့် အသက်လေးဆယ်ခန့် အစ်မကြီး တစ်ဦးက ဆီးကြိုနှုတ်ဆက်သည်။ အသက် သုံးနှစ်နှင့် ငါးနှစ်ကြားရှိ ကလေးငယ် သုံးဆယ်ခန့်က သူတို့ဘက်ကို လှည့်၍ လက်ပိုက်ပြီး `မင်္ဂလာပါ ဆရာကြီး´ဟု သံပြိုင်နှုတ်ဆက်သည်။ လူမှုဝန်ထမ်းဝတ်စုံနှင့် ဆရာမကြီးငယ် ငါးယောက်ခန့် ကလေးများဘေးတွင် ဝန်းရံလျက်ရှိသည်။ ကိုယ်လုံးသွယ်သွယ်နှင့် ဆရာမလေး တစ်ယောက်ကတော့ ဒူးတုပ်ထိုင်ရင်းက ကလေးလေးတစ်ဦးကို ချွေးစိုသော အင်္ကျီ ချွတ်လဲပေးရင်းက ကြယ်သီးပြန်တပ်ရင်းတန်းလန်း တွေ့ရသည်။

အလုပ်သင်ဆရာဝန်လေးတစ်ဦးက `မမခိုင် ပြောင်းသွားပြီ၊ ဒါ မမခိုင်နေရာကို ရန်ကုန်က ပြောင်းလာတဲ့ ကလေးအထူးကုဆရာဝန် ဒေါက်တာ မင်းမင်းအောင်ပါ´ဟု မိတ်ဆက်ပေးသည်။

`တွေ့ရတာ ဝမ်းသာပါတယ် ဆရာမကြီး´

ဆရာမကြီး အခေါ်ခံရသူက သူ့ကိုယ်လုံး သိမ့်သိမ့်ခါအောင် ရယ်သည်။

`ကျွန်မက အသက်နဲ့ ကိုယ်ခန္ဓာပဲ ကြီးတာပါ။ ဒီသင်တန်းကျောင်း အုပ်ချုပ်တဲ့ တာဝန်ခံဆရာမကြီးက ဟိုမှာ´

စောစောက ကလေးကို အင်္ကျီကြယ်သီးတပ်ပေးနေသည့် ဆရာမလေးက ထိုင်နေရာမှ ထလာ၍ ပြုံးပြသည်။

မင်းမင်း ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

'ငြိမ်း'

(၉)

အပြန်ခရီးတွင် သူ သိသိသာသာ နှုတ်ဆိတ်နေသည်။ အလုပ်သင် ဆရာဝန်မလေးများက မသိမသာ ကျီစယ်ကြသည်။

'ဒေါ်ငြိမ်းငြိမ်းက အပျိုကြီးလား ဆရာ'

'အေး'

'လှလိုက်တာနော်၊ ဆရာနဲ့ ဘယ်တုန်းကတည်းက သိတာလဲ'

ယဲ့ယဲ့သာ ပြုံးပြမိသည်။

'ငယ်သူငယ်ချင်းတွေပါဟာ၊ ငယ်ငယ်တုန်းကတော့ သိပ်မလှပါဘူး'

'ဒေါင်းမျိုးပေါ့'

'ဟေ'

'ဒေါင်းတွေက ကြီးလေ လှလေလေ ဆရာရဲ့'

ဪ ... ဪ ... ဟု ဆိုကာ ခေါင်းငြိမ့်ပြရသည်။

'ဒီလောက်လှတာ ဆရာနဲ့ ဘာလို့ ဇာတ်လမ်းမဖြစ်တာလဲ'

'ဟဲ့ ... ဖြစ်ချင် ဖြစ်ခဲ့မှာပေါ့၊ ဆရာက လျှို့ထားတာနေမှာ'

'တယ်လေ ဒီကောင်မလေးတွေ'

ရယ်ကြသည်။

'ဘာမှ မဖြစ်ခဲ့ပါဘူးကွာ၊ သူပြောဖူးတယ်၊ သူက လှတိုင်းအပေါ်မှာ ငါးရာနှစ်ဆယ့်ရှစ်လို မေတ္တာမျိုးပဲ ထားတာတဲ့။ အဲဒီထက်ပိုတဲ့စိတ်မျိုး လောကမှာ ရှိတယ်လို့လည်း သူ မယုံကြည်ဘူးတဲ့'

'မိခင်မေတ္တာလို စိတ်မျိုးပေါ့နော်၊ ဒါကြောင့် ဒီလိုအလုပ်မျိုးမှာ သူ ပျော်နေတာ'

'ဒါပေါ့၊ မိန်းကလေးတစ်ယောက်က တစ်သက်လုံးလှနေနိုင်တဲ့ အလှမျိုးက တစ်ခုပဲ ရှိတာပဲ၊ မိခင်စိတ်လေ။ အဲဒီမေတ္တာက တစ်သက်လုံး လှနေလို့ ရတယ်။ ရုပ်အလှက ကြာရင် ကြွေသွားတာပေါ့'

ဆရာဝန်မလေးနှစ်ယောက် သူ့ပြောစကားတွေကို တွေဝေစဉ်းစားနေကြသည်။

ကားလေးကတော့ ကတ္တရာလမ်းထက် ချိုင့်ခွက်များကြားတွင် ပြေးလွှားနေဆဲ။ ဒေါက်တာမင်းမင်းအောင် ကတော့ စောစောကတင် စဉ်းစားမိခဲ့သည့် ဒဏ္ဍာရီထဲက နတ်သမီးလေးအကြောင်းကို တွေးနေမိသည်။

ဇီဝက မဂ္ဂဇင်း

မတ်လ၊ ၂၀၀၈၊

# အနမ်းခက်ဆစ်

(၁)

ကောင်ကလေးက အားကစားဝတ်စုံဆန်ဆန် နံပါတ်ပါသည့် အကျီကို ဝတ်၍ ဘောင်းဘီရှည် ခပ်ပွပွ ဝတ်ထားသည်။ ရုပ်ကလေးက ခပ်ချောချော၊ ခေါင်းမှာကလည်း လျှာထိုးဦးထုပ်အဖြူတစ်လုံး ဆောင်းထားသည်။

ကောင်မလေးက လက်ပြတ်တီရှပ် အနက်ရောင် ဝတ်ထားသည်။ အနေအထား ကျ၍ လှပသော ပုခုံးသား ကလေးများကို ရှင်းလင်းစွာ မြင်ရသည်။ အောက်ပိုင်းတွင် တော်တော်ကလေး ကျပ်၍ ခါးတော်တော်ကလေးနိမ့်သော ဂျင်းဘောင်းဘီကို ဝတ်ထားသည်။ သူ ကောင်ကလေးဆီ လျှောက်သွားသည့်ဟန်ပန်ကလေးမှာ အနုပညာ ဆန်လှ သဖြင့် ရုပ်ရှင်တွေမှာလို အနေးပြကွက်နှင့် ပြန်ကြည့်ဖို့ပင် ကောင်းသေးတော့။

ကောင်ကလေးက သူ့အနား ချဉ်းကပ်လာသော ကောင်မလေးကို မြင်ဟန်မတူ။ ဘေးတစ်ဖက်သို့ လှည့်နေသည်။ ကောင်မလေး သူ့ရှေ့တည့်တည့် ရောက်လာတော့မှ ရုတ်တရက် လှည့်ကြည့်၍ ပြုံးပြသည်။ ကောင်မလေးက ကောင်လေး၏ ရင်ဘတ်ပေါ်သို့ လက်ဖဝါးနှစ်ဖက်ကို ခပ်ဖွဖွတင်၍ ခြေဖျားကလေးထောက်ပြီး ကောင်ကလေး၏ ညာဘက်ပါးကို နမ်းလိုက်သည်။

ဖွဖွကလေးပါ။

ဘာမှ မရှိင်း။

ကောင်ကလေးက ပြုံး၍ သနိ့ခ်ယူပဟု ဆိုသည်။

ဒီအထိကတော့ ဘာမှ ပြဿနာမရှိ။ မြင်ကွင်းက ကိုရီးယားကားထဲက ချစ်သူစုံတွဲ ချောချောလှလှကလေးကို ကြည့်နေရသလို အလွန်လှပနေသည်။

ပြဿနာက သုံးခုပဲရှိသည်။

တစ်ခုက ကောင်ကလေးရော ကောင်မလေးပါ ကိုရီးယား မဟုတ်ဘဲ မြန်မာလူမျိုးစစ်စစ်ကလေးများ ဖြစ်နေ ကြသည်။ ကလေးလေးတွေကို လူကြီးတွေက ချစ်စနိုးနှင့် နမ်းနမ်း၊ လူကြီးတွေကို ကလေးတွေက ချစ်ခင်လေးစားစွာ နမ်းနမ်း၊ ဒီအနမ်းကလေးက မြန်မာလူမျိုးများ၏အလယ်တွင် လှပကြည်နူးဖွယ်ရာကောင်းပေမယ့် သွေးမတော် သားမစပ်သော လူပျိုအပျိုအရွယ် ယောက်ျားကလေးနှင့် မိန်းကလေး နမ်းကြတာဆိုလျှင်တော့ နွေးထွေးသော ရင်ခုန်သံတို့က ရိုးရာအစဉ်အလာနှင့် အရက်အကြောက်ကြီးတတ်သော မြန်မာမိန်းကလေးတို့၏ ခလေ့ထုံးစံကို စိန်ခေါ်ရာ ကျကောင်းကျနေနိုင်သည်။

ဒုတိယအချက်ကတော့ ကောင်လေးနှင့် ကောင်မလေးတို့နှစ်ယောက်က ချစ်သူတွေ မဟုတ်ကြခြင်းပင် ဖြစ်သည်။ ကောင်ကလေးကို ကောင်မလေးက ကောင်းစွာသိသော်လည်း ကောင်မလေး ဘယ်သူဆိုတာ ကောင်ကလေးက လုံးဝ မသိပါ။

တတိယအချက်က ပတ်ဝန်းကျင်ပါ။ ဒီပတ်ဝန်းကျင်တွင် သူတို့နှစ်ဦးတည်း ရှိနေကြသည် မဟုတ်။ ထောင်ချီ နေသော ကောင်ကလေး၏ ပရိသတ် ကောင်ကလေး၊ ကောင်မလေးများ ရှိနေသည်။ ဗီဒီယို၊ ဒီဗီဒီကင်မရာက ရှစ်လုံးပြိုင်၍ ကောင်ကလေးရှိရာ စင်မြင့်ကို ချိန်ထားသည်။ တကယ်တော့ ကောင်ကလေးက `အုပ်စိုး´ခေါ် နာမည်ကြီး အဆိုတော်တစ်ဦးပါ။ ဒီပွဲက `ဝမ်းမန်းရှိုး´ခေါ် ကောင်ကလေး၏ တစ်ကိုယ်တော် သီဆိုဖျော်ဖြေပွဲပါ။

`ဝင့်´လည်း မြင်လိုက်ရပါသည်။

(၂)

လွန်ခဲ့သော နှစ်နှစ်တိတိ။ ဒီလို ဒီဇင်ဘာညတစ်ညကို `ဝင့်´မှတ်မိနေမိသည်။

အုပ်စိုးကို သူ မွေးနေ့လက်ဆောင်အဖြစ် `ခရော့စ်´အမျိုးအစား ဘောလ်ပင် တစ်ချောင်း ပေးခဲ့သည်။

`ဈေးကြီးလိုက်တာ ဝင့်ရယ်၊ နင့်မုန့်ဖိုးတွေ ကုန်ရောပေါ့´

`ငါတို့ဆေးကျောင်းက ဆရာမ ဆုချထားတဲ့ ဘောလ်ပင်ပါ အုပ်စိုးရယ်၊ ငါ့မုန့်ဖိုး တစ်နှစ်လုံးစုရင်တောင် ဒီဘောလ်ပင် မဝယ်နိုင်တာ နင် သိရက်သားနဲ့´

အလတ်တန်းစား အစိုးရအရာရှိတစ်ဦး၏ သမီးမို့ ဝင့် မပြည့်စုံသည်ကို ထုတ်ဖော်မိသလို ဖြစ်သွား၍ အုပ်စိုး အားတုံ့အားနာဖြစ်သွားသည်။

ဝင့် ... တကယ်လည်း မတတ်နိုင်ပါ။ သို့သော် `အုပ်စိုး´ကို ဒီအဖိုးတန်ဘောလ်ပင်ပေးရန် သူ့တွင် ခိုင်လုံသော အကြောင်းနှစ်ချက်ရှိနေသည်။ တစ်ချက်ကတော့ အုပ်စိုးသည် သူ့အချစ်ဆုံးသူငယ်ချင်းဖြစ်နေခြင်းဖြစ်၍ နောက် တစ်ချက်ကတော့ မကြာသေးမီက သူ့မွေးနေ့တွင် အုပ်စိုးက အဖိုးတန် ပလက်တီနမ် ဆွဲကြိုးကလေးတစ်ကုံး ပေးခဲ့သည်ကို ဘယ်လိုမှ ငြင်း၍ မရခဲ့ခြင်းပင် ဖြစ်ပါသည်။

`ငါက နင့်ဆီက ဘာပစ္စည်းမှ မွေးနေ့လက်ဆောင် မလိုချင်ပါဘူး ဝင့်ရယ်၊ မနက်က ငါ့အမေပေးတဲ့ လက်ဆောင်မျိုးဆိုရင် တော်ပါပြီ´

`အန်တီ လာတယ်ဟုတ်လား´

အုပ်စိုး၏ မေမေမှာ အုပ်စိုး၏ ဖေဖေနှင့် ကွဲနေ၍ ရန်ကုန်တွင် နေပါသည်။

`အေး ငါ့မွေးနေ့ကို သက်သက်လာတာ´

`အန်တီက ဘာပေးလို့လဲ´

အုပ်စိုးက ပြောမည့်ဟန်ပြင်ပြီးမှ ရယ်လိုက်သည်။

`အလကားပါဟာ ငါ မပြောချင်တော့ဘူး´

ဝင့် နှုတ်ခမ်းကလေး စူသွားသည်

`ဟဲ့ ... မပြောချင်ရင် အစကတည်းက စကားမစနဲ့ပေါ့။ ငါ့ကို သိချင်အောင် လုပ်ပြီး ...´

အုပ်စိုးက ဘေးဘီတွင် မွေးနေ့ပွဲလာ ပရိသတ် ရှင်းမရှင်း လှည့်ကြည့်သည်။ အုပ်စိုးတို့ ခြံဝင်းအတွင်း မွေးနေ့ပွဲ အခိက ညှော်ကျင်းပနေရာ မီးရောင်စုံ ထွန်းညှိထားသော အကွက်ကလေးနှင့် အနည်းငယ်လှမ်းနေသဖြင့် ကြားနိုင်လောက်သော အကွာအဝေးတွင် ဘယ်သူမှ ရှိမနေသည်ကို သတိထားမိတော့မှ ခေါင်းကလေးငုံ၍ တိုးတိုးကလေး ဘတ်ဒေးကစ်(စ်)ဟု ဖြေသည်။

`ဘာ´

ဝင့်မျက်လုံးများ ဒေါသရိပ် လွှမ်းသွားသည်။

`အုပ်စိုး နင် ငါ့ကို အထင်သေးတာလား´

အုပ်စိုးက ပျာပျာသလဲ လက်ကာပြသည်။

`ဝင့်ရယ် ... ငါ ရင်ထဲရှိတဲ့အတိုင်း ပြောတာပါဟာ၊ နင့်အကြောင်းသိလို့၊ နင့်ကို တန်ဖိုးထားလို့ ပြောမလို့လုပ်ပြီးမှ မပြောတော့ဘူးလို့ နေတာ၊ နင့်ကို ငါ

ဘယ်လောက်မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး ချစ်တယ်ဆိုတာ လွန်ခဲ့တဲ့ နှစ်နှစ်လုံးလုံး ငါ ထပ်ခါထပ်ခါ ပြောခဲ့ပြီးသားဟာ၊ နင်မယုံသေးဘူးလား´

`ကိုယ့်ချစ်သူတောင် မဟုတ်သေးတဲ့ မြန်မာမိန်းကလေးတစ်ယောက်ဆီက ဘတ်ဒေးကစ်(စ်)လိုချင်တယ်လို့ ပြောတာဟာ နင် အထင်သေးတာ မဟုတ်လို့ သက်သက် ပါးစပ်အရသာခံတာလား´

အုပ်စိုးမျက်နှာ မှိုင်တွေသွားသည်။

`လွတ်ကနဲ ထွက်သွားတာပါဟာ၊ ငါ တကယ်စိတ်ထဲမှာ အဲသလို ခံစားလိုက်ရတာ။ မနက်က မမျှော်လင့်ဘဲနဲ့ မေမေ ရောက်လာတယ်။ အဲဒီအချိန်မှာ ဖေဖေက ငါ သိပ်လိုချင်နေတဲ့ မော်တော်ကားကို မွေးနေ့လက်ဆောင်အနေနဲ့ ပေးနေတဲ့အချိန်၊ အိမ်ဖော် ကောင်မလေးတွေက အိမ်ရှေ့မှာ မေမေ ရောက်နေတယ် လို့လည်း ဘာပြောရော ငါ ဖေဖေ့ ကိုရော မော်တော်ကားကိုပါ မေ့ပြီး အိမ်ရှေ့ကို ပြေးထွက်သွားတာ´

(၃)

`မေမေ ... မေမေ သားမွေးနေ့ကို လာတာလား´

အုပ်စိုးအသံက ပျော်ရွှင်မှုဖြင့် တုန်ယင်နေခဲ့သည်။ မနှစ်က မွေးနေ့တုန်းက မေမေ စင်ကာပူမှ ဖုန်းဆက်၍သာ ဟက်ပီးဘတ်ဒေး လုပ်ခဲ့သည်။ ဒီနှစ် ရန်ကုန်တွင် ရှိနေသည်ဟု သိထားရပေမယ့် ဖေဖေ့ကို မခံချင်စိတ်ဖြင့် ဖေဖေ့ မနေဉစ္စာကို မီသည်အထိ ကြီးပွား

ချမ်းသာရန် ကြံစည်ရင်း အမြဲတမ်း အလုပ်ရှုပ်နေသော မေမေ။ တောင်ကြီး အထိ တက်လာလိမ့်မည်ဟု မမျှော်လင့်ရဲခဲ့။

ပြီးတော့ မေမေက သိပ်လှနေသည်။

ဘလေဇာကုတ် အသားရောင်ကလေးနှင့် စကတ်အရှည်နှင့် ဘယ်မိန်းမကများ အသက်လေးဆယ့်ငါးနှစ် အရွယ်မှာ ငါ့မေမေလို လှနေနိုင်လို့လဲ။

`ဟတ်ပီးဘတ်ဒေးနော် သားလေး´

အရပ်အတော်ရှည်သော မေမေက သူ့ထက်ပင် သိသိသာသာ ရှည်သေးသော အုပ်စိုး၏ပါးကို ခြေဖျား ထောက်၍ နူးညံ့စွာနမ်းသည်။

ဘုရားရေ ...

တစ်ကိုယ်လုံး နွေးထွေးလုံခြုံသွားရသည့် ချမ်းမြေ့မှု။

စောစောက ဖေဖေပေးတဲ့ ကားနဲ့တောင် မလဲနိုင်ပါဘူး မေမေရယ်။

(၄)

`အဲဒီအချိန်မှာ ငါ နင့်ကို သတိရလိုက်တာ´

`ဘာဆိုင်လို့လဲ´

အနည်းငယ် စိတ်ပြေစပြုနေပြီဖြစ်သော ဝင့်က နှုတ်ခမ်းကလေးစူ၍ ဖြေသည်။

`ငါ မွေးနေ့ အကြိမ်ပေါင်းများစွာ ကျင်းပခဲ့ပေမယ့် ဒီတစ်ခေါက် မေမေပေးတဲ့ ဘတ်ဒေးကတ်(စ်)လောက် ကြည်နူးရတဲ့လက်ဆောင်မျိုး ငါ တစ်ခါမှ မရခဲ့ဖူးဘူး။ ဒီလက်ဆောင်ကို ရလိုက်တော့ ငါ့ရင်ထဲမှာ ဖြစ်လာတာလေ´

အုပ်စိုးက ဝင့်ကို မလှုံမလဲ မော့ကြည့်သည်။

`ဒီလက်ဆောင်မျိုးကို ငါ နောက်တစ်ခါ ဘယ်သူ့ဆီက ရရင် ပျော်မှာလဲလို့ တွေးကြည့်လိုက်တော့ အင်း ... နင်တစ်ယောက်တည်းပဲ´

`အုပ်စိုးနော် နင် ဖောက်လာပြန်ပြီ´

ဝင့်က ကောက်ပေါက်စရာ တစ်ခုခု ရှာဟန်လုပ်ပြသည်။ အုပ်စိုးက ရယ်သည်။

`အေးပါဟာ နင် သိပ်အရှက်ကြီးတာ၊ ဣန္ဒြေကြီးတာ ငါ သိပါတယ်။ ဒါဆို နင်နဲ့ ငါနဲ့ ချစ်သူတွေဖြစ်ပြီးမှ ...´

`ဘယ်သူက နင့်ကို ပြန်ချစ်ပါ့မယ်လို့ ကတိပေးထားလို့လဲ´

`နင်ပဲလေ´

`ဘာ´

`ဟုတ်တယ်လေ၊ စောစောက နင်ပဲ ပြောတာ၊ ကိုယ့်ချစ်သူတောင် မဟုတ်သေးတဲ့ ဆိုတာလေ၊ အဲဒါ ဟုတ်ဖို့ ရှိတယ်လို့ ပြောတာ မဟုတ်ဘူးလား´

`ခွေးကောင်စုတ် မဟုတ်ဘူး၊ မဟုတ်ဘူး။ တစ်သက်လုံး မဟုတ်ဘူး´

ဘာပဲဖြစ်ဖြစ် နောက်နှစ်နှစ်တိတိ အကြာတွင်တော့ ဝင့်တစ်ယောက် အုပ်စိုးလိုချင်သော မွေးနေ့ လက်ဆောင်ကို ပေးရန် ဆုံးဖြတ်ပြီးဖြစ်နေပါတော့သည်။

(၅)

'အုပ်စိုး ရှိပါသလားရှင်'

'ဟုတ်ကဲ့ ကျွန်တော် အုပ်စိုးပါ'

'ဟယ် ... တကယ်၊ အောင်မလေး ဝမ်းသာလိုက်တာ အုပ်စိုးရယ်၊ တို့တစ်တွေ နိုပ်နေကြတာ တစ်နာရီလောက်ရှိပြီ။ ဒါ အခု တို့က ဘယ်နယောက်မြောက်လဲ'

'အင်း ... လေးယောက်ပါ'

'ကံကောင်းလိုက်တာဟယ်၊ ဒီမှာ သူငယ်ချင်းနှစ်ယောက်လည်း ပါတယ်'

'နာမည်တွေလည်း ပြောပြဦးလေ'

'တို့လား ... တို့က စိုးတဲ့၊ ဒီမှာ ဝေနဲ့ အိလည်း ပါတယ်'

'မင်္ဂလာပါ စိုး၊ ဝေနဲ့ အိရေ'

'အုပ်စိုးလည်း မင်္ဂလာပါ၊ ဒီနှစ် မွေးနေ့ ဘယ်မှာဖြစ်မလဲ'

'မျှော်စင်ကျွန်းမှာပဲ ဖြစ်မှာပါ။ လာခဲ့နော်'

'လာမှာပေါ့၊ အုပ်စိုးကိုလည်း အားပေးရမယ်၊ မွေးနေ့လက်ဆောင်လည်း ပေးချင်တယ်၊ ဘာအလိုချင်ဆုံးလဲ ပြောပြမလား'

ရယ်သံသဲ့သဲ့သာ ပေးလာသည်။

'မပြောပါရစေနဲ့ဗျာ၊ လျှို့ဝှက်ချက်မို့ပါ'

'ဘာလဲ တစ်ယောက်တည်းဆီက လိုချင်တာမျိုးလား'

'အဲဒီသဘောပါပဲ'

'ရကော ရပြီးပြီလား'

'မျှော်နေရတာ နှစ်နှစ်ရှိပါပြီဗျာ၊ မရသေးပါဘူး'

'ဝမ်းသာလိုက်တာ'

'ဟောဗျာ'

ဝင့်က စီးတီးအက်ဖ်အမ်မှ ကူးယူထားသော အသံကို တိပ်ခွေနှင့် ပြန်ဖွင့်နေရာမှ ကြည်နူးစွာပြုံး၍ ခလုတ် ပိတ်လိုက်ပါသည်။

ဒီနှစ်တော့ နင်သိပ်လိုချင်တဲ့လက်ဆောင်ကို နင့်မမမဆီကရော ငါ့ဆီကပါ နင်ရမှာပါ အုပ်စိုးရယ်။

(၆)

စင်မြင့်ပေါ်အထိ တက်၍ မွေးနေ့လက်ဆောင်ပေးသော မိန်းကလေးများ အလွန်များလာသဖြင့် အုပ်စိုး၏ ဖျော်ဖြေပွဲ ရှေ့ဆက်ရန် ခက်ခဲလာသည်။ ပရိတ်သတ်ကို အထပ်ထပ် တောင်းပန်ရင်း အုပ်စိုး စင်မြင့်နောက်သို့ ပြေးဝင် သွားသည်။ လုံခြုံရေး အဖွဲ့ဝင်များလည်း ပြေးလွှားအလုပ်ရှုပ်နေကြသည်။

ပရိသတ်ကြီးတော့ `အုပ်စိုး၊ အုပ်စိုး´ဟု သံပြိုင်အော်နေကြသည်။

မသိမသာ ဝေ့စပြုလာသော မျက်ရည်စတို့ကို အတူပါလာသော ဝမ်းကွဲညီမလေး မမြင်အောင် မသိမသာ သုတ်ရင်း `ဝင့်´လည်း လူအုပ်အတွင်းမှ တိုးထွက်ရန် ဟန်ပြင်လိုက်သည်။

(၇)

မိန်းကလေးတစ်ယောက် ယောက်ျားလေး တစ်ယောက်ကို ဖွဖွကလေး နမ်းလိုက်သော အနမ်းသည် မည်မျှ အဓိပ္ပါယ်လေးနက်သင့်ပါသလဲ။

ချစ်စရာကောင်းသော အရုပ်ကလေးတစ်ရုပ်ကို နမ်းမိသော မိန်းကလေး၊ ချစ်စရာကောင်းသော ကလေးလေး တစ်ယောက်ကို နမ်းမိသော မိန်းကလေး၊ ချစ်စရာကောင်းသော ကြောင်ကလေးတစ်ကောင်ကို နမ်းမိသော မိန်းကလေးတို့နှင့် ချစ်စရာကောင်းသော အဆိုတော် ကောင်ကလေးတစ်ယောက်ကို နမ်းမိသော မိန်းကလေးတို့ကို အတူတူပဲ သဘောထားပေးလို့ မရပေဘူးလား။

မြန်မာမိန်းကလေး တစ်ယောက် အတွက်တော့ ဒီမေးခွန်း၏ အဖြေသည် လောလောဆယ်မှာတော့ ခက်နေ လိမ့်ဦးမည်ဟု `ဝင့်´ထင်သည်။

ပဝါတစ်ကမ်း လက်တစ်လှမ်းကနေ သုံးနှစ်သုံးမိုး သမာဓိပိုး ပိုးယူရသော ခေတ်ကတော့ ကျန်ခဲ့တာကြာပြီ။ ကျန်လည်း ကျန်ခဲ့သင့်လှပြီ။ ကိုယ့်ချစ်သူနှင့်ပင် လက်မထပ်ရသေးပါက အပြင်အလည်ထွက်တိုင်း မောင်၊ ညီမ၊ ကလေးလေးတွေပါခေါ်၍ ထွက်ရသောခေတ်သည်ပင်လျှင် ကျန်ခဲ့ပြီဟု ထင်သည်။

လက်မထပ်ရသေးသော ချစ်သူယောက်ျားကလေးအပေါ်မှာ မိမိ တန်ဖိုးထား စောင့်စည်းရမည့် မည်သည့် အရာကို မည်မျှလောက် အတိမ်အနက်အထိ ကြိုတင် ကြည်ဖြူနိုင်ပါမည်နည်း။

ဒီမေးခွန်း၏ အဖြေကတော့ ဒီခေတ်တွင်ပင် ခက်နေသေးသည်။ ခက်နေဆဲပဲ ရှိသည်ဟု ဝင့်ထင်သည်။

ဆေးတက္ကသိုလ် ကျောင်းသူတစ်ဦးမို့ ဆေးရုံတွင် ဆေးလက်တွေ့ ဘာသာရပ် များကို သင်ကြားနေရင်း မိမိ ချစ်သူအပေါ် အဆုံးစွန်ကြည်ဖြူမိခဲ့ရာမှ အရှက်တကွဲ အကျိုးနည်း အသက်အန္တရာယ်နှင့် နီးကပ်လှသော အခြေ အနေတွင် ဆေးရုံ ရောက်လာကြသည့် အပျိုရွယ် မပျိုတော့သော အပျိုမကလေးများကို မကြာခဏ တွေ့နေရသည်မို့ အဆုံးစွန်သော ကြည်ဖြူမှုအတွက် အဖြေကား ဟင့်အင်းဟု အပြတ်ငြင်းရန်သာ ရှိသည်ဟု ဝင့် နားလည်ထားပါသည်။

ကြားထဲက အဆင့်တွေကိုရော။

သူကောင်းသားများက ဘယ်အဆင့်တွင် ဘရိတ်အုပ်၍ရမည်ဟု အာမခံ၍ ရမှာမို့လို့လဲ။ ဒီတစ်ကြိမ် ဒီအဆင့် ဆိုလျှင် နောက်တစ်ကြိမ်ပဲဖြစ်ဖြစ်၊ ဒီတစ်ကြိမ် တည်းမှာပဲဖြစ်ဖြစ် နောက်တစ်ဆင့်တိုး၍ တောင်းလာမှာ သေချာ လှစွာ၏။ ကိုယ်ကရော ဘယ်လောက် ပြတ်ပြတ်ငြင်းဆိုနိုင်မှာမို့လို့လဲ။

တပ်မက်မှု မပါ၊ မေတ္တာနှင့် ကြင်နာမှုကိုသာ ဖွင့်ဆိုသည့် အနမ်းဖွဖွကလေး တစ်ပွင့်မျှ ဆိုလျှင်ရော။

မိခင်မေတ္တာငတ်ခဲ့သည့် အုပ်စိုးအတွက် မိခင်၏ အနမ်းမှာ ကြည်နူးရပုံကို ပြောပြစဉ်ကတည်းက ဝင့်ရင်တို့ ထိမိုက်လှုပ်ခါခဲ့ရသည်။ ကိုယ့်ချစ်သူပဲ၊ ဒီလောက်တော့ ကြည်ဖြူရမှာပေါ့ဟု ဒီနှစ် ဆုံးဖြတ်ဖြစ်ခဲ့သည်။

ကိုယ့်ချစ်သူမဟုတ်သော သူစိမ်းယောကျ်ားလေးတစ်ဦးကို အောင်မြင်မှုတစ်ခုခုကို ဂုဏ်ပြုပြီးတော့ပဲဖြစ်ဖြစ်၊ အရုပ်ကလေးတစ်ရုပ်လို ချစ်လို့ပဲဖြစ်ဖြစ် အနမ်းလက်ဆောင် ပေးဖို့ကတော့ လက်ရှိအခြေအနေတွင်ပင် မြန်မာ မိန်းကလေးတစ်ဦးအတွက် ခက်နေသင့် သေးသည်ဟု ဝင့်ထင်သည်။ နောက်ပြောင်းလဲလာခါမှ လာရော။

ခက်သည်က ကိုယ်က ခက်သည်ထင်သော အလုပ်ကို လုပ်ဝံ့သူက လုပ်သွားခဲ့လေပြီ။

နှစ်နှစ်လုံးလုံး ချိုတုံချတုံဖြင့် ရင်မှာ အမြတ်တနိုး သိမ်းဆည်းသိုဝှက်ခဲ့ရသော ဒီလက်ဆောင်မွန်ကို တကယ် လို့များ အချိန်ယန္တရားကို ပြောင်းပြန်သွား၍ ရခဲ့လျှင် လွန်ခဲ့သည့်နှစ်နှစ်က တောင်ကြီးမြို့ရှိ ထင်းရှူးပင်ရိပ်တစ်ခု အောက်မှာ မေတ္တာငတ် နေခဲ့သော သူငယ်ချင်းကောင်ကလေး အုပ်စိုးကို သွားပြန်ပေးချင်မိပါသည်။

အပျိုမကလေးများစွာဆီက အနမ်းလက်ဆောင်တွေ ဝေနေအောင် ရနေသော အောင်မြင်ကျော်ကြားသည့် လူငယ်အဆိုတော်ကလေး အုပ်စိုးကိုတော့ မပေးချင်ပါ။

မပေးချင်တော့ပါ။

(၈)

`အုပ်စိုး ဒီနှစ် မွေးနေ့ ဘယ်မှာ ရှိမှာလဲ´

'မသေချာသေးပါဘူးဗျာ။ ပွဲတော့ မလုပ်ဖြစ်ဘူးလေ၊ အလှူတစ်ခုခုလုပ်မယ်တော့ စိတ်ကူးထားတယ်၊ စာသင်တိုက်တစ်ခုခုမှာ ဖြစ်မလား၊ မိဘမဲ့ကလေးများ ပြုစုရေးဌာနမှ ဖြစ်မလား၊ စဉ်းစားတုန်းပါ'

'အသက်ကြီးသွားလို့လား'

'လူငယ်လို့ပဲ ခံယူထားဆဲပါဗျာ'

'မနှစ်က စီးတီးအက်ဖ်အမ်က ပြောခဲ့တဲ့ နှစ်နှစ်လုံးလုံး မျှော်လင့်ခဲ့ရတဲ့ မွေးနေ့လက်ဆောင်ရော ရပြီလား'

ရယ်သံသဲ့သဲ့ကြားရသည်။

'သုံးနှစ်ပြည့်တော့မယ် ဆိုပါတော့ဗျာ'

ဝင့်က ဖွဖွလေးပြုံး၍ ရေဒီယိုခလုတ်ကို ပိတ်လိုက်သည်။ ပြီးတော့ အခန်းဖော် သူငယ်ချင်းမကလေး ငှားထားသော လက်ကိုင်ဖုန်းကလေးကို ကောက်ကိုင်၍ ခလုတ်များ အပြေးအလွှား နှိပ်လိုက်သည်။

'အုပ်စိုးလား၊ ငါပါ ဝင့်'

(မှတ်ချက်။          ။ စိတ်ကူးဖန်တီးမှုသက်သက် ဇာတ်လမ်းဖြစ်ပါသည်)

ရတီမဋ္ဌဇင်း
မတ်လ၊ ၂၀၀၈။

## အချိန်သည်သာလျှင် တိုင်ပင်ရာ မိတ်ဆွေစစ်ဟု

(၁)

ကိုလိုနီခေတ်က ပုံစံမျိုး ဆောက်ထားသော နှစ်ထပ်တိုက်အိမ်ကြီးနှင့် အိမ်ရှေ့ရှိ ဧကဝက်ခန့် ကျယ်ဝန်းသော မြက်ခင်းပြင်က လိုက်ဖက်စွာ လှပတင့်တယ်လွန်းနေသည်။

အိမ်က အိမ်ဟောင်းပေမယ့် မှန်မှန်ပြုပြင် ဆေးသုတ်ထားသည်မို့ အိမ်ဟောင်းကြီး တစ်လုံးနှင့် မတူဘဲ ကြည့်မိသူကိုယ်တိုင်ပင် နှစ်ပေါင်းများစွာ ကာလယန္တရားဖြင့် နောက်ပြန်ခရီးသွားခဲ့ပြီး ရှေးခေတ် ကြေးရတတ်ပုဂ္ဂိုလ် တစ်ဦးဦး၏ စံအိမ်ရှေ့သို့ ရောက်ရှိလာသလို ခံစားရစေသည်။

ရှေ့က မြက်ခင်းကလည်း ကျယ်ပြောသလောက် ညီညာစွာ တိထားသည်။ မြက်ခင်း၏ ပတ်ပတ်လည် မှာလည်း ပန်းမန်မျိုးစုံ ခြယ်သသည့် စည်းရိုးကလေး ပတ်ပတ်လည် စိုက်ထားသည်။

လိပ်ပြာကလေးတွေပင် ဝဲပျံနေတာ မြင်ရသေးသည်။

ပြင်ဦးလွင်မြို့၏ သဘာဝမနက်ခင်း ပီသစွာ နှင်းကလေး ခပ်မှိုင်းမှိုင်းကြားက ထွက်ခါစ နေရောင်ခြည် မနိုင့်တနိုင် ထိုးဖောက်၍ ဒီအိမ် ဒီမြက်ခင်းနှင့် ဒီပန်းမန်တို့အပေါ် ဟိုတစ်ပေါက် သည်တစ်ပေါက် ပြောက်ကျားထိုးကျ နေသည့် ရောင်ခြည်မျှင်တန်းများကို ကြည့်ရသည်မှာ စိတ်ကူးယဉ် ပန်းချီကားတစ်ချက်ကို ငေးကြည့်နေရသလို ကြည်နူးစရာ ကောင်းလှသည်။

ဒီလောက်မှ သည့်နောက်ခံ ပန်းချီကားချပ်ကလေးကိုပင်လျှင် သတိမမူမိဖြစ်ရလောက်အောင် ပိုမိုလှပသည့် အရာတစ်ခုကလည်း မြက်ခင်းပြင်၏ အလယ်တည့်တည့်တွင် ရှိနေပါသေးသည်။

မို့မို့ပါ။

မို့မို့ဆိုတာက အိမ်ကြီးရှင်၏သမီး တစ်ဆယ့်ရှစ်နှစ်အရွယ် အလွန်လှပသော မိန်းကလေးပါ။ ဖြူဆွတ်သော ဘလောက်စ်နှင့် အတွန့်ကလေးများပါသော ဂါဝန်ရှည်အဖြူတို့ကို ဝတ်ဆင်၍ အလယ်ခေါင်တွင် မှန်အကြည်ပါသော အဖြူရောင်

သံပန်းစားပွဲဝိုင်းရှေ့ သံပန်း အဖြူရောင် ကုလားထိုင်ကလေးတွင် သက်သက်သာသာ ကလေးထိုင်ပြီး အငွေ့တထောင်းထောင်းထနေသော ကော်ဖီခွက်ကိုဖြည်းဖြည်းချင်း သောက်နေသော မိန်းမလှကလေးသည် နောက်ခံနှင်း၊ နောက်ခံမြက်ခင်း၊ နောက်ခံအိမ်ကြီးတို့နှင့် ပေါင်းလျှင် လက်တွေ့ဘဝတွင် ဖြစ်နိုင်ချေနည်းပါးသော ပန်းချီကား လှလှလေးတစ်ချပ်နှင့် တူနေပါသည်။ ပန်းချီကားလှလှလေးတစ်ချပ်ပင် အဖိုးအနဂ္ဃ ထိုက်တန်တတ်ပါလျှင် ဒီ သက်ရှိပန်းချီကားကလေးက အဆပေါင်းများစွာ တန်ဖိုးရှိလှပေမပေါ့။

ဘုရား ... ဘုရား ...။ ဒါလည်း လောဘပါပဲလား။ မထိုက်တန်တာကို တပ်မက်သည့်အဆင့်မပြောနှင့် နှစ်သက်ငေးမောမိတာကိုပင် အပြစ်ရှိသည်ဟု မောင်မြတ်သာ ထင်သည်။

အသက်ဆယ့်ရှစ်နှစ်သာ ရှိသေးပေမယ့် မောင်မြတ်သာသည် တချမ်းမွေ့ကထိက တစ်ဦးဖြစ်သည့် ဦးလေး ဘုန်းကြီး၏ အဆုံးအမအောက်တွင် ကြီးပြင်းလာရသူပီပီ အတွေးရင့်ကျက်သည်။ သူများဘက်မှ ငဲ့ညှာ၍ အမြဲစဉ်းစား ပေးတတ်သည်။

ယခုလည်း ကြည့်။

ဦးလေးဘုန်းကြီးမျက်နှာနှင့် မိဘမဲ့ မောင်မြတ်သာကို ဝိုင်သူဌေး ဦးဘဇံက အိမ်တွင် ညဘက် ခြံစောင့်၊ ညနေပိုင်း နံနက်ပိုင်း တောက်တိုမယ်ရရှိင်း၊ လစာပေး၊ နေ့ခင်းတွင် ကျူရှင်ပေးတက် စသည်ဖြင့် စောင့်ရှောက် ထားသည်။

အခုက နံနက်စောစော ဦးဘဇံ၏ မြက်ခင်းပြင်ကို မြက်ခုတ်မြက်ညှိလုပ်နေရင်း ဦးဘဇံ၏သမီး မို့မို့ မြက်ခင်း ပေါ်တွင် ကော်ဖီထိုင်သောက်နေသည်ကို သတိလက်လွှတ် ငေးမောနေမိတာပါ။

ချစ်တာတွေ၊ ရင်ခုန်တာတွေတော့ မောင်မြတ်သာ နားမလည်သေး။

သည်မျှလှပသည့် မိန်းကလေးတစ်ယောက်ကို လှမ်းအမြင်လိုက်တွင်တော့ တစိမ့်စိမ့် ငေးမောကြည့်ချင်သည့် စိတ်ကလေးက တားမရ ချိုးနှိမ်မရ ပေါ်လာသည်။ ဒီနေရာမှာ ဒီစိတ်ကို မချိုးနှိမ်လိုက်နိုင်လျှင် ကိုယ့်ကိုကိုယ် မို့မို့ကို ချစ်မိသွားပြီဟု သတ်မှတ်၍ အရှုးအမူး ရင်ခုန်နေဦးမည်။

မဖြစ်၊ မဖြစ်။

သည်အလှအပတရားတို့ စုဝေးရာ နေရာကလေးတွင် ငယ်ငယ်ကတည်းက လှပတင့်တယ်စွာ ကြီးပြင်းခဲ့ ရသော ဒီမိန်းကလေးကို ဒီတစ်မနက်ကလေး မြင်လိုက်ရရုံနှင့်ပင် မိမိရင်ထဲတွင် သည်မျှ အလေးအမြတ် တန်ဖိုးထားမိ ပါလျှင် သည်နောက်ခံ အလှအပတွေကိုလည်း သူတို့ဟာသူတို့ ကြိုးစားရုန်းကန်၍ တည်ဆောက်ခဲ့၊ ဒီသမီးကလေး ကိုလည်း ပန်းကလေးတစ်ပွင့် နေဒဏ်လေဒဏ်ကြောင့် မညှိုးနွမ်း ရလေအောင် အရိပ်တကြည့်ကြည့် ပြုစုပျိုးထောင် ပေါင်းသင်မြေဆွခဲ့ရသည့်

ဉယျာဉ်မှူးများလို မြတ်နိုးယုယစွာ စောင့်ရှောက်အရွယ်ရောက်စေခဲ့သော သူ့မိဘ ဦးဘဇံတို့လင်မယားက ဘယ်လောက်များ တန်ဖိုးထားချစ်ခင်ကြပါမည်နည်း။

မိဘမဲ့၊ အခြေအနေမဲ့၊ အနာဂတ်မရေရာလှသော မောင်မြတ်သာလို လူမျိုးက ချစ်ခင်မြတ်နိုးစွာ ငေးမော ကြည့်နေသည် ... ဆိုတာလေးကိုပင် သူတို့ သိကြပါက ဆောက်တည်ရာမရလောက်အောင် မှုပင်သောကရောက်ကြ ပေလိမ့်မည်။

ထိုသို့ မှုပင်သောကရောက်အောင်လုပ်မိသည့် မောင်မြတ်သာသည်လည်း အပြစ်ကင်းမည် မဟုတ်။ အဖိုး အနန္တထိုက်တန်လှသော ရတနာပစ္စည်းတစ်ခု သူတစ်ပါး ပိုင်ဆိုင်ထားခိုက်တွင် လိုချင်စိတ်နှင့် ကြည့်မိလျှင်ပင် မနောကံနှင့် အဒိန္နဒါနာမြောက်သတဲ့။ ဦးလေးဘုန်းကြီးက မိန့်ဖူးသည်။

ကဲ ... မျက်နှာလွှဲ၊ မျက်နှာလွှဲ။

မောင်မြတ်သာ မြက်ဆက်ခုတ်နေသည်။

(၂)

`မမလေး ... မလုပ်နဲ့´

ခြံစည်းရိုးအမြင့် အုတ်တံတိုင်းပေါ်မှ အောက်သို့ ခုန်ချရန် ကြံနေသော မို့မို့ကိုယ်ကလေး တုန်တက် သွားသည်။ မှောင်မည်းတိတ်ဆိတ်နေသော ညအလယ်မှာ ထိုအသံက လေသံမျှပေမယ့် မိမိဖောနှင့် မိမိရင်တွေ တဒိုင်းဒိုင်းခုန်နေသော မို့မို့အတွက်က အလန့်တကြားနိုင်လှသည်။

နောက်ပြန်လှည့်၍ ငုံ့ကြည့်တော့ ခြံအုတ်တံတိုင်း၏ အတွင်းဘက်တွင် လက်နှိပ် ဓာတ်မီးရောင်တဝင်းဝင်းကို တွေ့ရသည်။

`ကျွန်တော်ပါ၊ ခြံစောင့် မြတ်သာပါ။ မမလေး ခုန်မချနဲ့၊ ဟိုဘက်မှာ အမြင့်ကြီးပဲ၊ အောက်မှာလည်း အကိုင်းတွေ အချွန်တွေ ရှိတယ်။ မမလေး ဆင်းချင်ရင် ကျွန်တော် လှေကားလာထောင်ပေးပါ့မယ်´

ဪ ... ဖေဖေ စောင့်ရှောက်ထားတယ်ဆိုတဲ့ ဘုန်းကြီးတူ ဆယ်တန်းကျောင်းသားကလေးပဲ၊ မို့မို့နှင့် ရွယ်တူစန့်သာရှိမည်။ ဂုဏ်အရသာ မမလေး ခေါ်နေဟန်တူသည်။

သည့်အရင်ကတော့ မို့မို့နှင့် တစ်ခါမျှ စကားမပြောဖူးပါ။ သူ့အလုပ်လုပ်နေတာကို အဝေးက လှမ်းမြင်ဖူး တာသာ ရှိသည်။

ငါ ... အိမ်က ထွက်ပြေးမလို့လုပ်တာ သူ ဘယ်လို ကြိုသိနေပါလိမ့်၊ ဖေဖေတို့ကများ မှာထား၊ စောင့်ခိုင်း ထားလို့လား။

ဖေဖေတို့ကတော့ အဲသလို မှာထားမှာ သေချာလှ၏။ မောင်နှင့် ချစ်သူတွေဖြစ်နေပြီဆိုတာကို ဖေဖေတို့ ရိပ်မိသွားပြီးကတည်းက ဖေဖေတို့ ယမ်းပုံမီးကျ စိတ်ဆိုးခဲ့သည်။

`ဒီလောက် အကျင့်စာရိတ္တ အောက်တန်းကျတဲ့ကောင်ကို သွားကြိုက်ရအောင် ဖေဖေတို့က ငယ်ငယ် ကတည်းက သမီးကို စဉ်းစားတတ်၊ ဆင်ခြင်တတ်အောင် တစ်ခါမှများ မသွန်သင်မဆုံးမခဲ့လို့လား သမီးရယ်´

`မောင် ... အဲ ... ကိုမောင်က အခု ဘာမှ မဟုတ်တာ မလုပ်ပါဘူး ဖေဖေ´

`တိတ်စမ်း သမီး၊ ဟိုရပ်ရှင်မင်းသမီး ပြင်ဦးလွင်လာတိုင်း ဒီကောင်နဲ့ တတွဲတွဲလုပ်နေတာ ... အခု အဲဒီ မင်းသမီး အိမ်ထောင်ကျသွားမှ မတွေ့ရတော့တာ

တစ်နှစ်တောင် မပြည့်သေးဘူး။ ဘာမှလဲ အလုပ်တည်တည်တံ့တံ့ မလုပ်၊ ပွဲစားလိုလို အေးဂျင့်လိုလိုနဲ့ ဘွဲ့ရတဲ့အထိ ကျောင်းပြီးအောင်လည်း ဆက်မတက်၊ ဒီလိုကောင်မျိုးက ငါ့သမီးကို လာကြိုက်တယ်ဆိုရင် ငါ့စည်းစိမ်ဥစ္စာတွေကို မက်လို့ ချိုင်ချင်တာ သက်သက်ဆိုတာ ဒါ ရှင်းနေတာပဲ။ ယောက်ျား တစ်ယောက်ကို ရုပ်ကလေး ချောရုံ၊ အပြောကလေးကောင်းရုံနဲ့ ကြိုက်ပစ်လိုက်ရအောင် သမီးက ဘဇံသမီး မဟုတ် ဘူးလား သမီး၊ ဒီအတိုင်းဆို သမီးကို ဖေဖေတို့ လွှတ်ထားလို့ မဖြစ်တော့ဘူး'

ထိုအချိန်မှစ၍ မို့မို့ကို ဦးဘဇံတို့ အိမ်ထဲက အိမ်ပြင်ပေးမထွက်တော့။ အဝေးသင်တက္ကသိုလ်ကိုလည်း ပေးမတက်တော့။ ပိုဆိုးတာက ဦးဘဇံမိတ်ဆွေ စီးပွားရေး လုပ်ငန်းပိုင်ရှင်တစ်ဦး၏သား အသက်သုံးဆယ်အရွယ်

စီးပွားရေးလုပ်ငန်းပိုင်ရှင်ပေါက်စကလေးတစ်ဦးနှင့် လက်ဆက်ပေးရန် ခြေလှမ်းများ ခပ်စိပ်စိပ် လှမ်းလာခဲ့ကြ တော့သည်။

မောင်နှင့်ကလည်း ဘယ်လိုမှ ဆက်သွယ်၍ မရ။

နောက်ဆုံး ကြံရာမရသဖြင့် ညဥ့်သန်းခေါင်အချိန်ကြီး ဦးဘဇံတို့ အိမ်ပျော်နေခိုက် မြဲစည်းရိုးအုတ်တံတိုင်းကို ကျော်၍ ခုန်ချထွက်ပြေးပြီး မောင့်ကို လိုက်ရှာ၊ မောင့်ရင်ခွင်ထဲသို့ အပြီးခိုလှုံရန် မို့မို့ ကြိုးစားခဲ့မိခြင်း ဖြစ်ပါသည်။

မောင်မြတ်သာ ကြည့်ရတာကတော့ မို့မို့လှုပ်ရှားမှုတွေကို အစောကြီးကတည်းက ရိပ်မိနေခဲ့ဟန်တူသည်။

ထူးဆန်းသည်က ဖေဖေတို့ မှာထား၍ စောင့်ကြည့်နေတာဆိုလျှင် ဘာကြောင့် သူ ဖေဖေတို့ကို မနှိုးဘဲ တိတ်တိတ်ကလေး လှေကားထောင် ကူညီနေရပါသနည်း။

ဘုရား ... ဘုရား ... ဒီကောင် ရိုးကောရိုးသားရဲ့လား။ ခုမှတော့ မို့မို့ ရွေးစရာလမ်းလည်း မရှိတော့။

မြို့အပြင်ဘက်မှ မောင်မြတ်သာ ထောင်ပေးသော လေ့ကားမှပင် တထိတ်ထိတ်နှင့် မှောင်ထဲသို့ ဆင်းခဲ့ရ တော့သည်။

(၃)

မောင်မြတ်သာက သူကိုင်ထားသော လက်နှိပ်ဓာတ်မီးကို မို့မို့အား ကမ်းပေးသည်။

`မမလေး ... ဒါယူ၊ ဉာ ... ဒီနားမှာ မြွေရှိတယ်´

မို့မို့က ကြောင်တက်တက်နှင့် လှမ်းယူသည်။ မောင်မြတ်သာက မှောင်ထဲတွင် ရေးတေးတေးသာ မြင်ရသော လမ်းကလေးဘက် လှည့်ကြည့်ရင်း သက်ပြင်းချသည်။

`မင်း ဘာလို့ မမကို ကူတာလဲ´

မို့မို့က တိုးတိုးမေးတော့ မောင်မြတ်သာက ခေါင်းခါပြသည်။

`ကူတာ မဟုတ်ပါဘူး၊ မမလေးက ခုန်ချမလို့ လုပ်နေတော့ ကျွန်တော် မတားရင် ဒီဘက်ကျရင် အနည်းဆုံး ခြေကျိုးမှာ၊ ဟိုဘက်ကို ပြန်ခေါ်ရင်လည်း လာမှာမှ မဟုတ်တာ´

`မင်း ဖေဖေတို့ကို နှိုးလိုက်မှာပဲလို့ ထင်နေခဲ့တာ´

မောင်မြတ်သာက ရယ်သည်။ ကျွန်တော်လည်း နှိုးရမလားလို့ အကြာကြီး စဉ်းစားနေတာ၊ နောက်တော့ ဘာလို့ မနှိုးဖြစ်တော့လဲ မသိဘူးဟု ဖြေသည်။

`ဒါဆို မမထွက်လာတာ မင်း အစောကြီးတည်းက မြင်နေတာပေါ့ ဟုတ်လား´

ခေါင်းငြိမ့်ပြသည်။

`ဒါ ဖေဖေတို့သိရင် မင်း ဘာဖြစ်မလဲ သိလား´

`ဘုန်းကြီးကျောင်းနဲ့ ရဲစခန်း တစ်ခုခုပဲ´

ရင်ထိတ်နေရသည့်ကြားထဲ မနေနိုင်ဘဲ မို့မို့ ရယ်မိသည်။

`ဒါဆို ဘာလို့ အခုလို လုပ်တာလဲ´

မောင်မြတ်သာက အိုးတိုးအမ်းတမ်းလေသံနှင့် `ကျွန်တော် ပြောရင် မမလေး ရယ်မလားပဲ။ ကျွန်တော်က မမလေး မသွားအောင် နားချကြည့်ချင်နေသေးတာ၊ ဒီဘက်ရောက်ပြီးလို့ ကျွန်တော်ပြောတာ နားထောင်ရင် မမလေး နေမှာပဲလို့ တွေးနေသေးတာ။ အင်းလေ တကယ်တော့လည်း ဘဘကြီး ဦးဘဇံ စကားတောင် မမလေးက နားမထောင်တာ၊ ကျွန်တော့်လိုလူစကားတော့ ဘယ်နားထောင်ပါ့မလဲ၊ ကျွန်တော့်ကိုက အတွေးခေါင်တာပါ´

မို့မို့ အံ့သြသွားသည်။

`မင်းမှာ ပြောစရာရှိတယ်၊ ဟုတ်လား။ ကဲ ... ဆိုပါဦး´

မောင်မြတ်သာက မလုံမလဲ ရယ်ပြန်သည်။

`ဒီလိုပါ၊ မမလေးက အခု မိဘ သဘောမတူတဲ့ ချစ်သူနောက်ကို လိုက်မှာစိုးလို့ မိဘက ပိတ်ထားတာ မဟုတ်လား။ တကယ်တော့ မိဘ သဘောမတူတဲ့အလုပ်ကို လုပ်ခွင့်မရှိဘူးဆိုတာက မမလေးက မိဘအုပ်ထိန်းခြင်းမှ မကင်းသေးတာ၊ အချိန်ကလေး

တစ်ခုလောက် လေးငါးနှစ်ပေါ့လေ၊ စောင့်လိုက်လို့ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်ပြီ ဆိုတဲ့အချိန်ကျတော့ မိဘ သဘောတူတာ မတူတာက ဒီလောက် ကြီးကျယ်တဲ့ ပြဿနာ ဟုတ်တော့မှာ မဟုတ်ဘူးလေ´

မို့မို့ တွေဝေသွားသည်။ လေးငါးနှစ် ဟုတ်လားဟုလည်း တိုးတိုးမေးမိသည်။

`ဟုတ်တယ်လေ၊ မမလေးက ကျွန်တော့်ထက် လပဲ ကြီးတယ်ဆို၊ ဆယ့်ရှစ်နှစ်ပဲ ရှိသေးတာ၊ မိဘ အုပ်ထိန်းခြင်း မကင်းသေးဘူးဆိုတာလည်း မကင်းသင့်သေးဘူးလေ။ ကိုယ့်ခြေထောက်ပေါ်ကိုယ် မရပ်တည်နိုင်ရုံ မကသေးဘူး၊ ဘဝအတွေ့အကြုံလည်း နည်းသေးတယ်။ နောင် လေးငါးနှစ်ကြာတော့ ဘွဲ့လည်းရ၊ အလုပ်တွေ အကိုင်တွေနဲ့လည်း ဖြစ်ချင်ဖြစ်နေမှာ။ ဒီကျတော့ မိဘက ကိုယ့်ကိစ္စ ဒီလောက် ဝင်စွက်ပါ့မလား။ ကျွန်တော် ကြားဖူး ဖတ်ဖူးတာတော့ နိုင်ငံခြားမှာ မိဘသဘောမတူလို့ သားသမီးက ခိုးပြေးရတာတို့ ဘာတို့ မရှိဘူးဆို။ အဲဒါတော့ သူတို့ဆီက ကလေးတွေက ခပ်ငယ်ငယ်တည်းက မိဘနဲ့ခွဲပြီး သီးခြားရပ်တည်ကြလို့ မဟုတ်လား။ ကျွန်တော်တို့ ဆီမှာလည်း အခုလို ထွက်ပြေးတာနဲ့ စာရင် ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ချပိုင်ခွင့်လည်းရှိ၊ ချလည်းချနိုင်တဲ့အရွယ်အထိ စောင့်လိုက်ရင် ကောင်းမယ်ထင်တာပဲ။ နှစ်ဆယ့်လေး နှစ်ဆယ့်ငါး ဖြစ်သွားလည်း သိပ်ကြီးသွားသေးတာမှ မဟုတ်တာ။ ပြီးတော့ ကိုယ့်အမြင်တွေ ကလည်း အဲဒီအရွယ်ကျတော့ ပြောင်းချင်ပြောင်းသွားတတ်တာမျိုးလေ၊ ခုလိုလုပ်လိုက်တော့ ပြောင်းချင်ရင်တောင် ပြောင်းခွင့်မရှိတော့ဘူးပေါ့´

မို့မို့ အံ့အားသင့်စွာဖြင့် မောင်မြတ်သာကို ငေးကြည့်နေမိသည်။

`မင်း ဒီလောက်ငယ်ငယ်ကလေးနဲ့ ဒီလောက် တွေးတတ်တယ်နော်၊ ဒါပေမယ့် အခုက တို့က ထွက်ပြေးရင် ပြေးမှ၊ မပြေးရင် ဖေဖေတို့က ဟိုလူကြီးနဲ့ အတင်း ပေးစားတော့မှာ´

မောင်မြတ်သာ ခေါင်းခါသည်။

`မမလေး မလျှော့လို့ သူတို့ တိုးလာကြတာ။ မယုံရင် မမလေး အပေးအယူ လုပ်ကြည့်ပါ၊ မမလေး ချစ်သူ နဲ့လည်း ဖြတ်မယ်၊ အိမ်က ပေးစားတဲ့လူလည်း မယူဘူးလို့၊ သူတို့ လိုက်လျောကြမှာပါ´

ခြံဝင်း အုတ်စည်းရိုးတွင် တပ်ဆင်ထားသော မီးအားလုံး ရုတ်တရက် လင်းလာသည်။ လူသံများ ဆူညံစွာ ထွက်ပေါ်လာသည်။ ခြံဝင်းတံခါး တွန်းဖွင့်သံ ကြားရပြီး လူအုပ်ကြီး သူတို့နှစ်ယောက်ရှေ့ ရောက်လာသည်။

မို့မို့ ကြောက်ကြောက်နှင့် မောင်မြတ်သာနောက် ဝင်ကွယ်ရပ်လိုက်သည်။

လူအုပ်ကြီးရှေ့တွင်တော့ မီးဝင်းဝင်းတောက်နေသော မျက်လုံးများနှင့် ဦးဘဝံ။

`သားရေပေါ်အိပ် သားရေနားစား ခွေးကောင်၊ သေပေတော့´

ပါးတစ်ဖက် ဖြောင်းကနဲ နာကျင်သွားပြီး မောင်မြတ်သာ မြေကြီးပေါ် ပုံလဲကျသွားသည်။ ဆက်ကာဆက်ကာ ကန်နေသော ဦးဘဝံ၏ ခြေထောက်များ ... မြေကြီးမှ ထလာသော ဖုန်လုံးများ ... ဦးဘဝံကို ဝင်ဆွဲရင်း ချောင်းဖျ နေသော အသံများ ... မို့မို့၏ ဖေဖေ မှားနေပြီ၊ ကောင်လေးက သမီးကို တားနေတာ ... ဟု လှ၍ ဝင်ပြောနေသော အသံ ...။

နောက်တော့ မောင်မြတ်သာ သတိလစ်သွားသည်။

(၄)

ဆယ်နှစ်တိတိ ကြာမြင့်ခဲ့ပြီ။

မောင်မြတ်သာ ဆိုသည့် မြဲစောင့်ဘုန်းကြီးကျောင်းသားကလေးတော့ ဘယ်ကို ရောက်နေသည် မသိ၊ ဘာသတင်းမှကို မရတော့။

မို့မို့ကတော့ ဘွဲ့ရခဲ့ပြီ၊ နိုင်ငံခြားမှာ ဘွဲ့လွန်တစ်ခုပင် ထပ်ရခဲ့ပြီး ရန်ကုန်မြို့ရှိ ဟိုတယ်ကြီး တစ်ခုတွင် နိုင်ငံခြားငွေဖြင့် လစာရသော မန်နေဂျာတစ်ဦး ဖြစ်နေခဲ့ပြီ၊ ရုပ်ရည် ချောမောလှပခြင်း၊ အဝတ်အစားကို သပ်ရပ်စွာဖြင့် ဖက်ရှင်ကျကျ ဝတ်စား တတ်ခြင်း၊ အင်္ဂလိပ်စကား ပြေပြစ်ခြင်းနှင့် လုပ်ငန်းတွင် မည်သည့်အခက်အခဲ ပြဿနာများ လုံးထွေးဝင်ရောက်လာစေကာမူ တည်ငြိမ်အေးဆေးစွာ ကိုင်တွယ် ဖြေရှင်းတတ်ခြင်း တို့ကြောင့် နိုင်ငံခြားသားများ အပါအဝင် ဒါရိုက်တာအဖွဲ့ဝင်လူကြီးများ၏ လေးစားအားကိုး ချစ်မြတ်နိုးခြင်းကို ခံယူရလျက်ရှိသည်။

နိုင်ငံခြားတွင်ရှိသော ဒီအုပ်စုပိုင် ဟိုတယ်ကြီးများတွင် ဒီထက်မြင့်သော လစာဖြင့် တာဝန်ထမ်းဆောင်ရန်ပင် ကမ်းလှမ်းခံရဖူးသည်။ ခက်သည်က ဦးဘဇံက ကျန်းမာရေး သိပ်မကောင်း။ ပြင်ဦးလွင်မှာ အနေများသော်လည်း ရန်ကုန်သို့ မကြာခဏ ဆေးစစ်ခံရန် လာရလေ့ရှိပြီး လာတိုင်းလည်း အင်းယားလမ်း ဆာကူရာ ရက်ဆီးဒင့်တွင်ရှိသော သမီးဖြစ်သူ၏ တိုက်ခန်းတွင် တစ်လကိုးသီတင်း နေပြီးမှ ပြန်လေ့ရှိသည်။ ဒီတော့ မို့မို့တစ်ယောက် နိုင်ငံခြား သွားနေဖို့ဆိုတာ သိပ်မဖြစ်နိုင်။

သမီးဖြစ်သူ ဒီအရွယ်အထိ အိမ်ထောင်ဖက် မရှာသေးသည်ကို သိပ်ဘဝင် မကျပေမယ့် ရှိပေမယ့် ဆင်ခြင် တုံတရားနှင့် အတွေးအခေါ် ရင့်ကျက် ထက်မြက်လှသည့် သမီးနှင့် လိုက်ဖက်ညီမည့် အိမ်ထောင်ဖက် အလွန်ရှားမည် ကိုလည်း သူ ကောင်းစွာသဘောပေါက်ရှာသည်။

မို့မို့၏ ချစ်သူဟောင်းကတော့ မို့မို့က မိဘ သဘောမတူမချင်း ခွဲနေကြပါစို့ဟု ပြောပြီး နှစ်လအကြာတွင်ပင် ရုပ်ရှင်နယ်မှ မိန်းကလေးတစ်ယောက်ကို ခိုးပြေးသွားခဲ့သည်။

မိဘများ ထိုစဉ်က သဘောတူခဲ့သော စီးပွားရေး လုပ်ငန်းရှင်ပေါက်စလည်း အောင်မြင်သော စီးပွားရေး လုပ်ငန်းရှင်ကြီး ဖြစ်နေပြီ။ မေးစေ့က နှစ်ထပ်၊ ပေါင်ချိန်က နှစ်ရာ၊ မယားက နှစ်ယောက် ရှိနေပြီဖြစ်သော ထိုလူကြီးအကြောင်းကို စကားစမိတိုင်း ဦးဘဇံ သမီးကို ပြန်ရုက်မိ လေသည်။

`မောင်မြတ်သာကို တွေ့ချင်လိုက်တာ သမီးရယ်၊ ဖေဖေ့သမီးကို ဒီလောက်တော်တဲ့ မိန်းကလေး တစ်ယောက်ဖြစ်အောင် ဘဝပြောင်းပေးလိုက်နိုင်တာ၊ အသက် ငယ်သလောက် အမြော်အမြင် ရှိတဲ့သလောက် စိတ်ဓာတ် မြင့်မြတ်တဲ့ကလေးကို ... ဖေဖေ ... ကန်တာ ... ကန်တာ .. ဒင်းကလေး မြေကြီးပေါ်မှာ လိမ့်နေတာပဲ။ ဖေဖေ တောင်းပန်ချင်လိုက်တာ၊ ဒီကောင်ကလေးကို မတောင်းပန်ရဘဲ ဖေဖေသေရင် အသေတောင် ဖြောင့်မှ မဟုတ်ဘူး´

မျက်ရည်ဝဲနေသော ဦးဘဇံကို ကြည့်၍ မို့မို့ သက်ပြင်းချမိသည်။

`ဒီကောင်လေးကိုကလည်း စိတ်မြန်ခဲ့တာပါ ဖေဖေရယ်၊ အဲဒီနေ့က ဖေဖေ မှုန်ထူနေလို့ သမီးစကား နားမထောင်တာ၊ နောက်တစ်နေ့ အကျိုးအကြောင်း သိရတော့ တောင်းပန်မလို့ ဆေးရုံကို လိုက်သွားတော့ ဆေးရုံကလည်း တောင်းဆင်းသွား၊ ဖေဖေ့ကိုလည်း အမှုကျေအေးသွား၊ ဘုန်းကြီးကိုလည်း အကြောင်းမကြားဘဲ ပျောက်သွားလိုက်တာ ဒီနေ့အထိပဲဟာ´

`မာနသိပ်ကြီးတာကွယ်၊ ငါ မဟုတ်တာ ဘာမှမလုပ်ခဲ့ဘူးဆိုတဲ့ မာနလေ၊ ဒီခေတ် ဒီအခါမှာ ဒီလိုမာနမျိုး ထားနိုင်တဲ့လူငယ် ဘယ်နှစ်ယောက်များ ရှိပါ့မလဲ´

မို့မို့ ပြတင်းပေါက်မှ ငေးကြည့်နေမိသည်။

ခုနေခါတွင် သူ ပြန်ဆုံရလျှင်တောင် မျက်နှာကို မှတ်မိဖို့ မလွယ်ကူလောက်အောင် ပိုးတဝါး လျှပ်တစ်ပြက်သာ တွေ့ဖူးခဲ့သော ဒီကောင်ကလေးအကြောင်းကို စဉ်းစားမိတိုင်း အခုန်မြန်တတ်သော မိမိရင်ကို မိမိလည်း နားမလည်နိုင်အောင် ဖြစ်ရလေသည်။

မို့မို့က ကွန်ပျူတာကျွမ်းကျင်သူ စာရင်းကိုင်မလေး ထိုင်နေသော ကုလားထိုင်ကို မှီရပ်နေရင်းက ကွန်ပျူတာ ဖန်သားပြင်တွင် တစ်ချိန်လုံး ပေါ်ပေါ်နေသော ဝမ်းနည်းပါသည်၊ ဒီစနစ်ကို ဒီကွန်ပျူတာမှ မဆောင်ရွက်နိုင်ပါဟု အဓိပ္ပါယ်ရသည့် စာတန်းကလေးကို ငေးကြည့်ရင်း သက်ပြင်းချမိသည်။

'မရဘူး မမမို့ရဲ့၊ ဒီနိုင်ငံခြားသားတွေ လုပ်ချင်တဲ့ လင့်ခ်စနစ်က ဗစ်စတာနဲ့မှ ရမှာ၊ ဒီဟိုတယ်မှာ ပီဖိုးတွေချည်း တပ်ထားတာ၊ ဗစ်စတာလည်း မနိုင်ဘူး'

'အကုန်လဲတော့လည်း အရမ်းကုန်မှာကွယ့်၊ ဒါရိုက်တာအဖွဲ့ သွားတင်ပြရင်လည်း အဲသလောက် ဘတ်ဂျက်တော့ ကျမှ မဟုတ်ဘူး။ ဒါ မရှိရင်လည်း ကပ်စတမ်မာ ဆားဗစ်က စိတ်တိုင်းကျလုပ်နိုင်မှာ မဟုတ်ဘူး'

'မမမို့ အဲဒီ ပရိုဂျက်ရှင်း ကွန်ပျူတာဂရု(ပ်)နဲ့ ဆွေးနွေးကြည့်ပါလား၊ ဘယ်လိုလုပ်လို့ရမလဲလို့'

'ရောက်ပြီးပြီ၊ အားလုံးလဲရင်တော့ ရှင်းတယ်တဲ့။ ပိုက်ဆံတော့ တော်တော်ကုန်မှာတဲ့၊ လက်ရှိအလုံးတွေကို ဘယ်လို အပ်ပ်ဂရိတ်လုပ်ပေးလို့ ရမလဲလို့ မေးတော့ သူတို့ အမ်ဒီမှ အဲဒါ ကျွမ်းတာတဲ့။ ဘန်ကောက် ခဏသွားနေလို့ ပြန်လာရင် မေးထားပေးပါမယ်တဲ့'

`ဪ ... ဆရာဦးမြတ်သာနဲ့ တူတယ်။ ဟုတ်တယ်၊ ညီမတို့ တစ်ခါတွေ့ဖူးတယ်၊ ဆရာဦးမြတ်သာကတော့ ကွန်မြူတာ မော်ဆရာပါပဲ´

မို့မို့ မျက်လုံးကလေး ပြူးသွားသည်။ ဆရာဦးမြတ်သာ ... ဟုတ်လား။

`ဟုတ်တယ်၊ သိပ်မကြီးသေးဘူး၊ မမတို့ အရွယ်လောက်ပဲ ရှိဦးမယ်၊ လူပျိုကြီးတဲ့၊ ချောလည်းချောတယ် သိလား၊ ပြန်လာရင် မမ တွေ့ဖြစ်အောင် သွားတွေ့´

မို့မို့ တွေဝေစွာ သက်ပြင်းချရင်းက မဟုတ်နိုင်လောက်ပါဘူးလေ၊ ဒီလောက်တော့ ကြီးမှားနေပါ့မလားဟု တွေးမိသည်။

(၅)

လေအေးစက်တပ် ရုံးခန်း၏ ဟိုက်ဒရောလစ် တံခါးကို တွန်းဖွင့်၍ ဝင်ရောက်ရင်း ဝင်ခွင့်ပြုပါဟု အသံပြုတော့ ကော်ဖီစက်ကလေးအနီးတွင် မတ်တတ်ရပ်နေသော လူရွယ်က လှည့်ကြည့်၍ လာပါ မမ၊ ထိုင်ပါဟု ဆိုသည်။

ဘောင်တဝက်သာပါသော ကိုင်းအမည်းရောင် ခေတ်မီမျက်မှန်ကို တပ်ထားသည့် ဖြူနုချောမောသော မျက်နှာကို မသိမသာ အကဲခတ်ကြည့်နေရင်းက မို့မို့ ဝင်ထိုင်လိုက်သည်။

`ဟုတ်ပါတယ် ... မမ´

`ရှင်´

`မမသိခဲ့တဲ့ မောင်မြတ်သာ ဟုတ်မဟုတ် စဉ်းစားနေတာ မဟုတ်လား၊ မမက ကျွန်တော့်ကို သေသေချာချာ ရင်းရင်းနှီးနှီးမှ မမြင်ဖူးခဲ့တာ၊ ဘယ်မှတ်မိပါ့မလဲ၊ ဟုတ်ပါတယ်၊ ကျွန်တော် မမကို လေ့ကားထောင်ပေးခဲ့တဲ့ မြတ်သာပါပဲ´

ရင်စုန်နှုန်း မြန်ဆန်စွာဖြင့် မို့မို့ နေရာမှ ထလိုက်သည်။ ကြောင်တက်တက်ဖြင့် ကိုမြတ်သာ ရပ်နေရာသို့ ဖြည်းညင်းစွာ လျှောက်သွားမိသည်။ ကိုမြတ်သာက ကော်ဖီခွက်တစ်ခွက်ကို ကမ်းပေးရင်း `သကြားနဲ့ နို့တော့ ထည့်မထားဘူး မမ´ဟု ပြောတော့ ယောင်တောင်တောင်နှင့် လှမ်းယူရင်း `သန့်ခ်ယူ´ဟု ပြောမိသည်။

(၆)

ကိုမြတ်သာက ကော်ဖီတစ်ကျိုက် ကျိုက်ပြီးမှ သိပ်ဝမ်းသာတယ် မမရယ်၊ မမအောင်မြင်မှုသတင်းတွေလည်း ကျွန်တော် ကြားနေရတာ ကြာပြီ။ ပြီးတော့ ... ဟုဆိုကာ ပြုံး၍ မော့ကြည့်ပြီး ... မမက လွန်ခဲ့တဲ့ဆယ်နှစ်ကလိုပဲ လှနေတုန်းပဲဟု ဆိုသည်။

မို့မို့ မျက်နှာအနည်းငယ် နီမြန်းသွားပြီး ခေါင်းငုံ့လိုက်သည်။

`ဘာလို့ လာမတွေ့တာလဲ´

ကိုမြတ်သာက ပုခုံးတွန့်ပြသည်။

`တွေ့မှာပါ မမ၊ ဘာကြောင့် လာတွေ့ရတယ်လို့ အကြောင်းပြစရာ စဉ်းစားနေတုန်းမို့ပါ´

မို့မို့မျက်နှာကလေး အနည်းငယ် တည်သွားသည်။

`တို့ ဒီလိုဘဝရောက်ခဲ့ရတာ ဘာဖြစ်လို့လဲဆိုတာ မမှတ်မိတော့လို့ ဒီလို မဆိုင်သလို ပြောတာလား´ဟု မေးလိုက်သည်။

ကိုမြတ်သာက လက်ကာပြသည်။

`မမ အဲသလို ဆုံးဖြတ်ခဲ့၊ အဲသည့်လမ်းကို ရွေးခဲ့တာတွေအတွက် သိပ်ကို ဝမ်းသာခဲ့ရပါတယ် မမရယ်၊ တကယ်ပါ။ ဒါပေမယ့် အဲဒါတွေဟာ ကျွန်တော့်လို ကောင်ကလေးတစ်ယောက်ရဲ့ စကားကို နားထောင်ခဲ့လို့ဆိုပြီး စိတ်ကူးမယဉ်ရဲဘူးလေ´

တစ်စုံတစ်ခု ပြန်ပြောလိုက်မိဖို့ ပါးစပ်ထဲကို စကားလုံးရောက်လာသလို ခံစားလိုက်ရသည်။ သို့သော် စကားလုံးတွေက ပါးစပ်ဖျားထဲတွင်ပင် ပျောက်သွားပြီး …

`ဖေဖေ သိပ်နေမကောင်းဘူး၊ ကိုမြတ်သာကို တွေ့ချင်နေတယ်။ တောင်းပန် စကားတွေရော၊ ကျေးဇူးတင် စကားတွေပါ ပြောချင်တယ်လို့ ခဏခဏ ပြောနေတယ်။ အခု တို့အိမ်မှာပဲ ရှိနေတာ´ဟုသာ တိုးတိုးပြောလိုက်သည်။

ကိုမြတ်သာက ခေါင်းငြိမ့်သည်။

`မမပြန်ရင် ကျွန်တော် လိုက်ခဲ့ပါ့မယ်။ တောင်းပန်စကားတွေ နားထောင်ဖို့တော့ မဟုတ်ဘူးနော်၊ ကျွန်တော် ကန်တော့ချင်လို့ပါ။ ဘကြီး ဦးဘဇံကျေးဇူးတွေ ကျွန်တော့် အပေါ်မှာ အများကြီးပါ´

မိုမို့ကတော့ `ဖေဖေက သူ ရိုက်ခဲ့ ကန်ခဲ့မိတာတွေပဲ တစ်ချိန်လုံး တဖျစ်တောက်တောက် ပြောနေတာ´ဟု ခပ်ညည်းညည်းကလေး ပြောမိသည်။

`သမီးကို သိပ်ချစ်တဲ့၊ သိပ်စိတ်ပူတတ်တဲ့ မိဘတစ်ယောက်ရဲ့ ရုတ်တရက် ပေါက်ကွဲမှုမျိုးပါ မမရယ်၊ ကျွန်တော်က စိတ်မဆိုးတဲ့အပြင် …´

ပြောလက်စ စကားရပ်သွားပြီး ခပ်တိုးတိုးရယ်၍ ဆက်မပြောဘဲနေနေသည်။

`ဘာလဲ ဆက်ပြောလေ´

`မမများ စိတ်ဆိုးမလားပဲ´

မို့မို့က တွေဝေစွာ ခေါင်းခါသည်။ ဘာပဲဖြစ်ဖြစ် ပြောပြပါဟု စိတ်ထဲက ပြောမိသည်။

`ကျွန်တော်က တစ်ကောင်ကြွက်ပါ မမရယ်၊ သိပ်လှပြီး သိပ်တန်ဖိုးရှိတဲ့ သမီးကလေး တစ်ယောက်ကို မြတ်မြတ်နိုးနိုး စောင့်ရှောက်ထားတဲ့ အဖေ တစ်ယောက်ရဲ့မေတ္တာကို အမြဲလေးစားအားကျနေခဲ့ရတာ။ အဲဒီညက ဘကြီးဦးဘဇံ ပေါက်ကွဲ သောင်းကျန်းတော့ ... အဲဒီ ... မမကို စောင့်ရှောက်ချင်၊ ကာကွယ်ချင်တဲ့စိတ်ဓာတ်ကိုရော စောင့်ရှောက် ကာကွယ်နိုင်စွမ်း ရှိတာကိုပါ အားကျခဲ့တာ´

မို့မို့က ခေါင်းယမ်းပြပြီး ကိုမြတ်သာ ပြောတာ မမ မရှင်းဘူး။ ကိုမြတ်သာမှာ သမီးမှ မရှိတာ၊ ဘယ်သူ့ကို သွားစောင့်ရှောက်ချင်လို့ ဖေဖေ့ကို အားကျရတာလဲဟု ပြန်မေးမိသည်။ ကိုမြတ်သာက ရယ်သည်။

`သူများသမီးကို ကိုယ်က ဝင်စောင့်ရှောက်ချင်နေခဲ့မိတာလေ´

`ဘယ်သူ့ကိုလဲ´

`မမကိုပေါ့၊ အဲဒီကတည်းက အဲသလို စောင့်ရှောက်ချင်စိတ်တွေ ဝင်နေခဲ့တာ။ ကိုယ့်အဆင့်နဲ့ အဲဒီစိတ်တွေ ဝင်နေခဲ့တာကိုပဲ ကိုယ့်ဟာကိုယ် ရှက်ပြီး သိမ်ငယ်စိတ်တွေလည်း ဝင်နေခဲ့သေးတာ´

`အို ...´

ရှက်စိတ်ဖြင့် မို့မို့မျက်နှာကလေး သိသိသာသာ နီမြန်းပြီး ခေါင်းငုံ့သွားသည်။

ကိုမြတ်သာလည်း ကြောင်အမ်းအမ်းဖြင့် ထရပ်လိုက်ပြီး စားပွဲကို ပတ်လျှောက်၍ မို့မို့ ထိုင်နေရာအနီးသို့ ရောက်လာသည်။

`မမ´

`ဟင်´

`မမ တကယ်ပဲ ကျွန်တော့်စကားကြောင့် အဲသလို ဆုံးဖြတ်ခဲ့တာလားဟင်´

ရှက်ကိုးရှက်ကန်းဖြင့် မျက်စောင်းပင့်ထိုးမိသည်။

`အခုမှ အဲဒါကို ဘာလို့ သိချင်နေရတာလဲ´

`တကယ် အဲသလိုဆိုရင် သိပ်ပျော်စရာကောင်းမှာပဲနော်´

မို့မို့က နောက်တစ်ကြိမ် မျက်စောင်းထပ်အထိုးတွင်တော့ ကိုမြတ်သာက ကြည်နူးရွှင်လန်းစွာ ရယ်မောနေ၍ နေပါတော့သည်။

တလျှာမဥ္စင်း။

# နှလုံးဆိပ်မိုး

(၁)

မကြာမီ လအနည်းငယ်အတွင်း လူ့လောကကြီးကို စွန့်ခွာရတော့မည်ကို သိထားပြီးသားသူတစ်ယောက် အတွက် အခြားသော ကိစ္စတစ်ခုအတွက် ထပ်မတုန်လှုပ်သင့်တော့ဟု ´နွေး´ထင်သည်။

သူ့တွင် ကုသရခက်ခဲသော ´သွေးကင်ဆာ´တစ်မျိုး ဖြစ်နေပြီဟု သွေးရောဂါပါမောက္ခကြီးက မွှင့်မွှင့် လင်းလင်း ပြောပြစဉ်က တစ်ခါ နွေး ကမ္ဘာပျက်မတတ် ခံစားခဲ့ရပြီးပြီ။ ဖေဖေနှင့် မေမေဆိုတာတော့ အရူးတစ်ပိုင်းပါပဲ။ ရှိသမျှစည်းစိမ် ပြုတ်ချင်ပြုတ်ပါစေ။ တစ်ဦးတည်းသော ချစ်သမီးကလေးကိုတော့ အသက်နှစ်ဆယ်ကျော်အရွယ်တွင် လောကကြီးကို ကျောခိုင်းသွားရမှာ မကြည့်ရက်ဟုဆိုကာ ပါမောက္ခကြီးကို တိုင်ပင်ကြသည်။ ပါမောက္ခကြီးက ရန်ကုန်တွင်ရှိသော သူ့ဆရာ ပါမောက္ခကြီးဆီ ထပ်လွှတ်သည်။ ရန်ကုန်က ပါမောက္ခကြီးက စင်ကာပူကို ထပ်လွှတ်သည်။

စင်ကာပူက ကင်ဆာပါရဂူများက ရိုးတွင်းခြင်ဆီစစ်၊ ဆေးသွင်း၊ နောက်တစ်ခါ ထပ်စစ်ပြီး ဆေးမတိုးသော ကင်ဆာဖြစ်သည်။ နေရသမျှ အချိန်အတွင်းတွင် ငြိမ်းငြိမ်းချမ်းချမ်း နေပါစေဟု ဖြတ်ပစ်လိုက်တော့ နွေးရော၊ ဖေဖေရော၊ မေမေပါ မည်းမှောင်သော တွင်းနက်ကြီးထဲမှာ အချိန်ကြာမြင့်စွာ ဖြည်းဖြည်းချင်း နစ်မြုပ်ကျဆင်းနေကြသူ များလို အသိမရှိ၊ ခံစားချက်မရှိ၊ မန္တလေးကို ပြန်လာခဲ့ကြသည်။

´ကျွန်တော်တို့ ဆရာဝန်တွေ လူနာကို ကုသတယ်ဆိုတာ ရောဂါပျောက်ဖို့ချည်းပဲသက်သက် မဟုတ်ဘူး။ ရောဂါက မပျောက်နိုင်ဘူးဆိုရင်တောင် လူနာ

ခံစားနေရတာတွေ သက်သာအောင်လုပ်ပေးဖို့ တာဝန်ရှိသေးတယ်။ ဆရာဝန်နဲ့ကတော့ မှန်မှန်ဆက်ပြနေရမှာ။ ကျွန်တော်ကလည်း မကွေးကို ပြောင်းရမှာဆိုတော့ ကျွန်တော့် တပည့် ကလေး တစ်ယောက်နဲ့ အပ်ထားခဲ့မယ်။ သူလည်း ဆေးပညာ မဟာသိပ္ပံဘွဲ့ရပြီးသားပါ'

နွေးကို တူမသဖွယ် ခင်မင်နေသော ပါမောက္ခကြီးကလည်း စိတ်မချစွာ မှာကြား၍ မကွေးသို့ ပြောင်းသွားသည်။

ပါမောက္ခကြီး၏ တပည့်ဆိုသော ဒေါက်တာလွမ်းဝေ ရောက်လာသည်။ ဒီအခါတွင် ဘဝမှာ နောက်ထပ် တုန်လှုပ်စရာ မကျန်တော့ဟု ယူဆထားမိသော နွေးတစ်ယောက် ပြင်းပြင်းထန်ထန် တုန်လှုပ်ရပြန်သည်။

ဒေါက်တာလွမ်းဝေက ဘာမှ မမှားပါ။

နွေး တုန်လှုပ်ရသည်က မခုန်သင့်သောအချိန်တွင် ထ၍ မနားတမ်းခုန်နေသော နွေး၏ နှလုံးသားကို အံ့ဩ တုန်လှုပ်ရတာပါ။

(၂)

နွေးအခန်းကို ရှင်းပေးရင်းနှင့် ဒေါက်တာလွမ်းဝေ၏ ဓာတ်ပုံကို နွေးဒိုင်ယာရီ ကြားထဲတွင် တွေ့သောနေ့က မေမေ ငိုသည်။

ဒေါက်တာလွမ်းဝေ၏ ဓာတ်ပုံဆိုပေမယ့် အုပ်စုဓာတ်ပုံပါ။ ဆရာဝန်ဖြစ်သွားသော နွေးသူငယ်ချင်းမကလေး တစ်ဦးက ဘွဲ့ယူသောနေ့တွင် ဆရာဖြစ်ဖူးသူ ဒေါက်တာ

လွမ်းဝေ၊ အခြားဆရာဝန်မကလေး နှစ်ဦးနှင့်အတူ ရိုက်ထားသော အုပ်စုဓာတ်ပုံကို နွေး အတင်းတောင်းယူ၍ သိမ်းထားတာပါ။

မေမေက ငိုသာငိုသည်၊ နွေးကို မဆူပါ။ ဓာတ်ပုံကိုင်ရင်း ငိုနေခိုက် နွေးအခန်းထဲ ရောက်လာ၍ ပက်ပင်း တွေ့သွားသောအခါ နွေးကို ဖက်၍ ထပ်ငိုပြန်သည်။ မနေနိုင်တော့သော နွေးလည်း လိုက်ငိုမိသည်။

ပြီးတော့ ဓာတ်ပုံကို တိတ်ဆိတ်စွာပင် စာအုပ်ကြားထဲ ပြန်ညှပ်ပေး၍ အခန်းထဲက ထွက်ဟန်ပြင်သည်။

`မေမေ သမီးကို မဆူတော့ဘူးလား´

မေမေက မျက်ရည်တွေကြားကပဲ ပြုံး၍ ခေါင်းခါပြသည်။ `မေ့နိုင်အောင်ပဲ ကြိုးစားပါ သမီးရယ်´ဟုတော့ တိုးတိုးပြောသည်။

နွေးက အံကလေးကြိတ်သည်။

`ဘယ်သူပဲဖြစ်ဖြစ် တစ်သက်မှာ တစ်ခါတော့ ချစ်မိသွားတတ်တာပဲ မဟုတ်လား မေမေ၊ သမီးတစ်သက် ဆိုတာလည်း ဘာကျန်တော့လို့လဲ။ အဲဒီ နေရသလောက် ကလေးမှာ သူ့ကို ချစ်နေတဲ့စိတ်နဲ့ သမီးနေသွားချင်တယ်။ အဲဒါ သမီး မှားနေလို့လား၊ သူ မသိရဘူးဆိုရင် ပြီးတာပဲ မဟုတ်လား´

မေမေက သက်ပြင်းချသည်။

`မေမေတို့ကတော့ သမီးလေးကို တတ်နိုင်သမျှ စိတ်ချမ်းသာ လက်ချမ်းသာ နေစေချင်တာပဲ ရှိတာပါကွယ်။ သမီး အဲသလိုစိတ်နဲ့နေတော့ သမီးရင်ထဲမှာ ချမ်းသာ လို့လား။ ပြီးတော့ တုန်လှုပ်စရာ တစ်ခုခုနဲ့ ရင်ဆိုင်နေရတဲ့ အချိန်မှာ လူဆိုတာ ဆုံးဖြတ်

ချက်တွေ များတတ်တယ်။ ကိုယ် တကယ်ခံစားရတာက တစ်မျိုး၊ ခံစားရတယ်လို့ ထင်တာက တစ်မျိုးဖြစ်တတ်တယ်။ တကယ်တော့ မောင်လွမ်းဝေဟာ သမီး ဒီရောဂါ ခံစားမနေရဘူးဆိုရင်တောင် သမီးချစ်သင့်တဲ့လူမျိုး မဟုတ်ပါဘူးကွယ်´

နွေး မျက်လုံးကလေး ဝိုင်းသွားသည်။

`သူက လူကောင်းတစ်ယောက် မဟုတ်ဘူးလား မေမေ၊ ပြီးတော့ လူလွတ်တစ်ယောက်ပဲ မဟုတ်ဘူးလား။ သမီးထက်လည်း ရှစ်နှစ်ပဲ ကြီးတာဆို´

မေမေက အဝေးတစ်နေရာကို ငေးကြည့်နေရင်းက တိုးတိုးဖြေသည်။

`အများအပေါ်တော့ ကောင်းပါရဲ့၊ သူ့ဘဝကိုတော့ သူ့အတိတ်ထဲမှာ သူ ပြန်ထောင်ချထားတဲ့သူကွယ့်၊ ပြီးတော့ လူလွတ်ဆိုတာက တစ်ခုလပ်ပေါ့´

(၃)

ကိုလွမ်းဝေနှင့် စိမ်းစိမ်းနွယ်တို့သည် ဆေးကျောင်းသူ၊ ဆေးကျောင်းသား ချစ်သူရည်းစား ဘဝကတည်းက အလွန်လိုက်ဖက်ညီသည့် စုံတွဲတစ်တွဲအဖြစ် ထင်ရှားခဲ့ကြသည်။

ရုပ်ကလေးတွေကလည်း လှကြသည်။ စာလည်း တော်ကြသည်။ မိဘနှစ်ဖက် စလုံးကလည်း ရာထူးကြီး ရာခံကြီးများပါ။ အများ မျှော်လင့်ထားကြသည့်အတိုင်း ကျောင်းပြီးတာနှင့် လက်ထပ်ကြသည်။ အလုပ်ဝင်ပြီး နှစ်နှစ် ပြည့်တာနှင့် ဒေါက်တာလွမ်းဝေက ဆေးပညာဘွဲ့လွန် တက်ပြီး စိမ်းစိမ်းနွယ်က မီးယပ်သားဖွားဘွဲ့လွန် တက်သည်။

အဲဒီအထိတော့ သူတို့ဇာတ်လမ်းက မွန္တလေးဆေးတက္ကသိုလ်က ကျောင်းသူကျောင်းသားတိုင်း အားကျ ရသည့် ကော်ဇောနီပေါ်က ပန်းကြဲထားသောလမ်းပါ။

ဘွဲ့လွန်တွေ ရပြီးတော့လည်း နိုင်ငံခြားသွားဖို့ နှစ်ဦးစလုံး ပညာတော်သင် အရွေးခံရသည်။ မှုအရ ဆရာဝန် လင်မယားနှစ်ဦးအတူ ပညာတော်သင် သွားခွင့်မရှိသဖြင့် စိမ်းစိမ်းနွယ်က အရင်သွားရသည်။ နှစ်နှစ်နေခွင့်ရှိပေမယ့် နေ၍မဖြစ်။ ဒေါက်တာလွှမ်းဝေ အောင်ထားသည့် အင်္ဂလိပ်ဘာသာရပ် ဆိုင်ရာ စာမေးပွဲက နှစ်နှစ်အတွင်း မအောင်လျှင် ပြန်ဖြေရမည်။ အောင်ရန်ရာနှုန်းလည်း ဆယ်ရာခိုင်နှုန်းသာ ရှိသည်။ ဒီတော့ သူအောင်တာနှင့် ပြန်လာခဲ့မည်ဟု ကတိတွေ အထပ်ထပ်ပေးပြီး စိမ်းစိမ်းနွယ် ထွက်သွားသည်။

စာမေးပွဲလည်း ချက်ချင်းအောင်သည်။ သို့သော် ပြန်မလာပါ။ ဟိုမှာ အလုပ်ဆက်လုပ်နေသည်။ သူပြန် မလာတော့ ဒေါက်တာလွှမ်းဝေလည်း မသွားရ။ နေ့ရှိသရွေ့ ဖုန်းကို ဖုန်းဆက်၊ အီးမေးလ်ပို့၍ ပြန်လာရန် နားချသည်။ ဖုန်းကလည်း ဒေါက်တာလွှမ်းဝေကို အလုပ်က ခွင့်ပြုချက်မရဘဲ ထွက်ခဲ့ပြီး သူ့ဆီ လိုက်လာဖို့ ဆွယ်သည်။

ကိုယ့်ကို ပညာသင်ပေးခဲ့သည့်၊ ကိုယ့်အပေါ် ကျေးဇူးရှိသည့် ဆရာများ၏ မျက်နှာပျက်အောင်လုပ်ရမည့်ကိစ္စ၊ ကိုယ့်အပေါ် ကျေးဇူးမရှိသည့် ကိုယ်က လေးစားစရာ မရှိသည့် လူတွေကို ကျေးဇူးတင်ရမည့် ကိစ္စ၊ ဒါတွေက ဒေါက်တာလွှမ်းဝေအတွက် တော်တော်ခက်သည်။ အထူးသဖြင့် ဒီခက်ခဲသောကိစ္စကို ဆောင်ရွက်မိပြီး ရလာမည့် ရလဒ်သည် ကိုယ်တကယ်မက်မောသောဘဝ ဟုတ်မဟုတ် မသေချာ။ ဒီကိစ္စကတော့ အခက်ဆုံးပါ။

ဒါနှင့်ပဲ စိမ်းစိမ်းနွယ် ပြန်လာခဲ့ဖို့ တကျည်ကျည်မှာမိသည်။

နောက်ဆုံးတော့ စိမ်းစိမ်းနွယ်လည်း နိုင်ငံခြားမှာ အခြေချသွားသည်။ ဒေါက်တာလွမ်းဝေလည်း ပညာ တော်သင် မသွားလိုက်ရ။

ပိုဆိုးတာက နောက်နှစ်နှစ်လောက်နေတော့ ရှေ့နေတစ်ဦး ရောက်လာသည်။ နိုင်ငံခြားမှာ စိမ်းစိမ်းနွယ်က သူ့လိုပင် လာအခြေချနေသော မြန်မာလူမျိုးတစ်ဦးနှင့် ထပ်အိမ်ထောင်ပြုတော့မလို့တဲ့။ ဟိုနိုင်ငံမှာက တရားဝင် ကွာရှင်းပြီးသူ မဟုတ်လျှင် ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် နောက်အိမ်ထောင် ထပ်ပြုခွင့်မရှိ။ ထို့ကြောင့် ဒေါက်တာလွမ်းဝေက သူ့ကို တရားဝင် ကွာရှင်းပေးစေချင်ပါသတဲ့။

မြန်မာနိုင်ငံမှာ ကျန်ခဲ့သူအဖို့တော့ စိမ်းစိမ်းနွယ်က ကွာမပေးလည်း ဒေါက်တာလွမ်းဝေ နောက်အိမ်ထောင် ထူထောင်လို့ရသည်။ ဒီတော့ တမင်သက်သက် ရွဲ့၍ ကွာမပေးဘဲထားဖို့ သူ စိတ်ကူးသေးသည်။ နောက်ဆုံးတော့ ငယ်ချစ်ဦးကို နောက်ဆုံးလက်ဆောင်အဖြစ် သူ့နှလုံးသွေးကို မင်စီး၍ ပေးရန် ဆုံးဖြတ်ချက်ဖြင့် ကွာရှင်းစာချုပ်တွင် သူ လက်မှတ်ထိုးပေးခဲ့ခြင်းဖြစ်ပါသည်။

`သမီး Tomorrow may come ဆိုတဲ့ ရုပ်ရှင်ကြည့်ဖူးတာ မှတ်မိတယ် မဟုတ်လား။ ယောကျ်ားရော ကလေးနှစ်ယောက်ပါ သေသွားလို့ စိတ်ထိခိုက်ပြီး ကိုယ့်ကိုယ်ကို သတ်သေလိုက်တဲ့ မိန်းမဟာလေ။ ဘဝကူး သွားတော့ ယောကျ်ားရော၊ ကလေးနှစ်ယောက်ကရော နတ်ပြည်မှာ၊ သူကတော့ ငရဲပြည်တစ်နေရာနဲ့ တောနက်ကြီး ထဲက အိမ်ကလေးထဲမှာ၊ ယောကျ်ားနဲ့ ကလေးတွေ သေလို့ ကြေကွဲပူဆွေးနေရတဲ့ဘဝနဲ့ပဲ နှစ်ပေါင်း အသင်္ချေ နေနေရတယ်။ နောက်ဆုံး ယောကျ်ားကိုယ်တိုင် နတ်ပြည်က လိုက်လာခေါ်တော့လည်း မမှတ်မိဘူး။ သူ့ယောကျ်ားနဲ့ ကလေးတွေ သေသွားလို့ စိတ်ထိခိုက်နေတဲ့အကြောင်းပဲ ထပ်တလဲလဲ ပြောနေတာလေ။ ဒေါက်တာလွမ်းဝေ အဲဒီ မိန်းမလိုမျိုး ဖြစ်သွားတာကွယ်။ မနက်ပိုင်းတော့ ပုံမှန် လှုပ်ရှားသွားလာ၊ လူနာတွေကို ဆေးကုပေး။ ညနေပိုင်း ကိုယ်ပိုင်အချိန်ရောက်ပြီဆိုတာနဲ့ သူ့သောကတွေနဲ့သူ

သူ့အခန်းလေးထဲမှာ ငြိမ်ငြိမ်ကလေးထိုင်ပြီး စိမ်းစိမ်းနွယ်ရဲ့ ဓာတ်ပုံကလေးတွေ ထုတ်ကြည့်၊ မျက်ရည် တွေတွေကျ၊ အရက်ကို တမျှဉ်းမျှဉ်း စိမ်ပြီးသောက် ... အဲသလို နေနေတာ။ တကယ်တော့ သူ့စိတ်ကို သူ ပြန်သတ်သေထားပြီးသား လူတစ်ယောက် ပါကွယ်´

နွေးတစ်ယောက် ကိုယ့်ဘဝအတွက် ကိုယ်ဝမ်းနည်းရမည်ထက် မမေ ပြောပြသော သူချစ်ရသည့်သူ၏ ဘဝ အတွက် ပိုကြေကွဲမိရပါသည်။

`မမေ အဲဒါတွေ ဘယ်လိုလုပ် သိသလဲ´

`ပါမောက္ခကြီး မပြောင်းခင်က ပြောပြသွားတာ။ သူ့တပည့်ကို သူ ယုံကြည် အားကိုးလို့ သမီးကို ကြည့်ဖို့ အပ်ခဲ့တာပါတဲ့၊ ပတ်ဝန်းကျင်က လူတွေက ဒေါက်တာ လွှမ်းဝေဆိုတာ အရက်သမား ဘာညာ ပြောတတ်တယ်တဲ့၊ အင်းလေ ... နောက် အဲသလိုပဲ ပြောကြတာ မမေတို့ တကယ်ကြားတာပဲ။ သူ့တပည့်က ညနေပိုင်းတွေမှာ အဲသလို ဖြစ်ဖြစ်နေပေမယ့် ဆရာဝန်ကောင်းတစ်ယောက်ပါတဲ့၊ သူ့ဝေဒနာနဲ့ သူမို့ပါတဲ့´

နွေး အဝေးတစ်နေရာကိုသာ ဆွေးမြည့်စွာ ငေးမောကြည့်နေမိပါသည်။

(၄)

နွေး သွားဖုံးသွေးယိုတာ များလာသဖြင့် သွေးစစ်ရပြန်သည်။ သွေးခဲနိုင်စွမ်း နည်းနေပြီဟု ဒေါက်တာ လွှမ်းဝေက သတ်မှတ်ပြီး ဆေးရုံတင်၍ သွေးသွင်းရသည်။

သွေးသွင်းပြီး နောက်တစ်ရက်တွင် နွေး အဖျားဝင်သည်။

ယခင်လည်း သွေးသွင်းပြီး အဖျားဝင်တာတွေ ရှိခဲ့ဖူးသဖြင့် နွေးရော၊ နွေးမိဘရော၊ ဒေါက်တာလွှမ်းဝေပါ သိပ်မစိုးရိမ်မိသေး။

နောက်နှစ်ရက်လောက်ကြာတော့ အဖျားက ကြီးလာသည်။ ညဘက်ကို နွေး ကယောင်ချောက်ချားတွေ ထအော်နေသည်။ မိဘတွေက စိတ်ပူ၍ ဖုန်းဆက်ကြတော့ ဒေါက်တာလွှမ်းဝေလည်း ညသန်းခေါင်အချိန်ကြီး ဆေးရုံသို့ လိုက်လာရသည်။

ထိုညက ဒေါက်တာလွှမ်းဝေ တစ်ညလုံး အိမ်မပြန်။ လူနာအနားကိုလည်း မလာ။ ဘာစကားမှလည်း မပြော။ မိဘကိုပင် ရှင်းမပြ။ နွေးရှိရာ သီးသန့်ခန်းကလေး၏ ထောင့်တွင် ကုလားထိုင်တစ်လုံး ချထိုင်၍ စဉ်းစားလိုက်၊ လက်ထောက် ဆရာဝန်ကလေးများကို ညွှန်ကြားချက်ပေးလိုက်သာ နေသည်။ အိပ်လည်းမအိပ်၊ နွေး ညည်းညူ လူးလိမ့် နေသည်ကိုသာ မျက်တောင်မခတ် ကြည့်နေသည်။

နွေးကို စောင့်သော သူနာပြုဆရာမကလေးဆီကတော့ ကော်ဖီတစ်ခွက် တောင်းသောက်သည်။ အစိုးရိမ် လွန်၍ မျက်ရည်တွေတွေကျနေသော နွေးမေမေကိုပင် စကားမပြော။

နောက်တစ်နေ့ နေ့လည်ပိုင်းတွင်မှ အိမ်ခဏပြန်အိပ်သည်။ နွေးကလည်း အဖျားမကျသေးသော်လည်း ကယောင်ချောက်ချားတော့ မဖြစ်တော့။ မှိန်း၍သာ အိပ်ပျော်နေသည်။

ညနေပိုင်း သူပြန်လာတော့ နွေးက စကားပြောနိုင်နေပြီ။

သူကလည်း စကားပြောသည်။

`နွေး ... သက်သာရဲ့လား´

`ခေါင်းအုံနေတာတော့ ရှိတယ်။ မနေ့ကထက်တော့ သက်သာပါတယ် ဆရာ´

ဆရာလွှမ်းဝေက ပြုံးသည်။

`မနေ့က ညည်း သတိမှ မရတာ၊ ဘယ်လိုလုပ် ဒီနေ့နဲ့ ယှဉ်ပြောနေတာလဲ´

နွေး ရှက်စနိုးနဲ့ ရယ်တော့ မိဘတွေပါ သက်ပြင်းချနိုင်ပြီး လိုက်ရယ်ကြသည်။

`ဆရာ ညက တစ်ညလုံး နွေးကို စောင့်နေတာဆို၊ ပင်ပန်းရောပေါ့၊ ဒီနေ့ ပြန်နားပါလား´

ပြုံး၍သာနေသည်။ ပြန်လည်းမပြန်၊ ဘာမှလည်း မပြော။

`ပါးစပ်ထဲမှာလည်း ခါးတားတားနဲ့ တစ်မျိုးကြီးပါပဲ ဆရာရယ်၊ မေမေက ဆန်ပြုတ်ကျွေးတော့ နွေးက မုန့်ဟင်းခါးစားချင်တာလို့ ပြောလို့ အဆူခံရသေးတယ်´

ဒေါက်တာလွှမ်းဝေက တိုးတိုးရယ်၍ သွေးထဲမှာ ပလိတ်လက်ဆိုတာ နည်းနေသေးလို့ပါ။ အဲဒါ ပုံမှန် ပြန်ရောက်ရင် နွေးကို ဆရာကိုယ်တိုင် ဝယ်ကျွေးပါ့မယ်ဟု ဖြေသည်။

နွေးက အဝေးတစ်နေရာကို ငေးကြည့်နေရင်းက နွေး မန္တလေးတောင်လည်း သွားချင်တယ်။ နေကောင်းရင်၊ အားရှိရင်ပေါ့လေဟု ညည်းသည်။

`စက်လှေကား ရှိတာပဲ၊ အဖျားနည်းနည်းကျသွားရင် သွားချင်သွားပါ။ နောက်သုံးလေးရက်ဆိုရင်တောင် ရချင်ရမှာ၊ ဆရာ ခွင့်ပြုပါတယ်´

နွေးက ဒေါက်တာလွှမ်းဝေကို မျက်လွှာပင့်ကြည့်သည်။

`နွေးက ဆရာနဲ့ သွားချင်နေတာ၊ ဆရာ လိုက်ပို့ပေးမလားဟင်´

ဒေါက်တာလွှမ်းဝေ၏ မျက်နှာက အံ့ဩဟန်ပေါ်လာသည်။ ရိုပ်ကနဲ တစ်ချက်သာပါ။ ချက်ချင်းပြန်ပြုံး၍ `အိုကေလေ ... နွေး၊ ဆရာပါတော့ နွေးကို ဆရာ ပိုစိတ်ချတာပေါ့၊ ဆရာ ပို့ပေးပါ့မယ်´ဟု ဖြေသည်။

(၅)

မန္တလေးတောင်ပေါ်မှ မန္တလေးမြို့တစ်မြို့လုံးကို စီးမြင်နေရသည့်ရှုခင်းကို အားပါးတရ ငေးကြည့်ရင်းက နွေး ရွှင်လန်းစွာ ရယ်မိသည်။

တော်သေးတာပေါ့။ မေမေ့ကို တောင်ခြေ ကားပေါ်မှာပဲ စောင့်နေပါဆိုပြီး ထားခဲ့မိလို့။ မေမေသာ ပါလျှင် လေစိမ်းတိုက်မည်ဟုဆိုကာ ဝရန်တာနား ပေးကပ်မည် မထင်။

ဒေါက်တာလွှမ်းဝေ ကတော့ လေစိမ်းတွေ လေကျက်တွေ သိပ်အယုံအကြည် ရှိဟန် မတူ။ နွေးဘေးမှာ ငြိမ်သက်စွာရပ်လျက် အဝေးကိုသာ ငေးမောကြည့်နေသည်။

အင်းပေါ့၊ သူ ဒီနေရာကို မမစိမ်းနဲ့ ရောက်ခဲ့ဖူးမှာပေါ့။ သူ မမစိမ်းကို သတိရနေတာ နေမှာပေါ့။

`နွေး ဆရာ့ကို ပြောပြစရာ ရှိတယ်။ ဆရာတော့ စိတ်ဝင်စားပါ့မလား မသိဘူး´

ဒေါက်တာလွှမ်းဝေက ပြုံး၍ နွေးအကြောင်းဆို ဆရာ စိတ်ဝင်စားပါတယ်၊ ပြောပြပါဟု ဖြေသည်။ နွေးက ခေါင်းခါပြသည်။

`နွေးက ဆရာ့လူနာဆိုပေမယ့် အခု ပြောပြမှာက ကုသမှုမှာ အထောက်အကူပြုမှာ မဟုတ်ဘူး ဆရာ၊ တွေးစရာလောက်ပဲ ရမှာ´

`နွေးကို ဆရာ့လူနာသာမကဘဲ ဆရာ့ညီမအငယ်ဆုံးလေးလိုလည်း သဘောထားပါတယ်၊ ပြောပြပါ´

ဘုရားရေ ... နှုတ်ခမ်းနှစ်ခု စေ့ထားတာကို ဟရုံကလေး ပြောလိုက်သည့် ဒီစကားတိုးတိုးလေး တစ်ခွန်းက နှလုံးသားမှတစ်ဆင့် တစ်ကိုယ်လုံးပါ နွေးထွေးသွားရလောက်အောင် ဘာကြောင့် ဒီမျှ အားပါရပါသလဲ။

နွေးက မန္တလေးရှုခင်းကို ပြန်ငေးကြည့်ရင်းက ပြောသည်။

`နွေးက လူတစ်ယောက်ကို ချစ်မိသွားတာ ဆရာရဲ့၊ မေမေက သိသွားတော့ နွေး မိုက်တယ်လို့ ယူဆ နေတယ်။ ဆရာရော ဘယ်လိုထင်လဲ´

ဒေါက်တာလွမ်းဝေ ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

(၆)

အတန်ကြာအောင် စကားပြန်မပြောနိုင်ဘဲဖြစ်နေသော ဒေါက်တာလွမ်းဝေကို ကြည့်၍ နွေးက တိုးတိုး ရယ်သည်။

`ဘာလဲ ဆရာ၊ မေမေ့လိုပဲ လူ့ဘဝမှာ နေစရာအချိန် ဘာမှမကျန်တော့တဲ့ လူတစ်ယောက် နောက်လူ တစ်ယောက်ကို စွဲလမ်းတွယ်တာနေမိတာ မိုက်တယ်လို့ ဆရာ ထင်နေတယ် မဟုတ်လား။ နွေးက အသက် နှစ်ဆယ်ကျော်မိန်းကလေးတစ်ယောက်ပါ ဆရာ၊ လူနာသက်သက် မဟုတ်ပါဘူး။ တစ်ခါမှလည်း မချစ်ဖူးဘူး၊ လူတစ်ယောက်ကို ချစ်မိလိုက်တယ်ဆိုတာလည်း ရည်ရွယ်ပြင်ဆင်ပြီး ချစ်လိုက်တာမျိုးမှ မဟုတ်တာ၊ ရင်ထဲက သူ့ဟာသူ ခံစားလာရတာ၊ ဒါကို မှားတယ်လို့ ထင်ရင်လည်း နွေး ပြင်လို့တော့ ရမှာ မဟုတ်ဘူး။ ဒီအတိုင်းပဲ ထားရမှာပဲ´

အတန်ကြာအောင် ဆက်၍ တိတ်ဆိတ်နေပြီးမှ ဒေါက်တာလွမ်းဝေ ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

`ဒါ နှစ်ယောက်စလုံးအတွက် အကျိုးရှိမယ့်ကိစ္စတော့ မဟုတ်ဘူး´

နွေးက ရယ်သည်။

`သူ မသိပါဘူး ဆရာ၊ သူ့ကို နွေး ဘယ်တော့မှ ဖွင့်မပြောပြဘူးလို့ ဆုံးဖြတ်ထားပြီးသားပါ။ နွေးဘာသာနွေး တစ်ဖက်သတ် ဆက်ချစ်သွားမှာပါ။ ဒီတော့ သူ့ကို ဘယ်တော့မှ ထိခိုက်စရာ မရှိပါဘူး။ နွေးရဲ့ နောက်ဆုံးအချိန် မှာလည်း သူ ခံစားရစရာ အကြောင်း ဘာမှ မရှိပါဘူး´

`နွေးရော စိတ်ချမ်းသာလို့လား၊ အဲသလို နေရတာ´

နွေးက ခေါင်းခါပြသည်။

`မချမ်းသာပါဘူး ဆရာ၊ ရင်ထဲမှာ နင့်နေအောင်ကို ဆွေးဆွေးမြည့်မြည့် ခံစားတာ။ မကြာခင် ဒီလောကကြီး ထဲက စွန့်ခွာရတော့မယ် ဆိုတာကို မေ့မေ့ ပျောက်ပျောက် ဖြစ်နေရတာက လွဲရင် ချစ်တယ်ဆိုတာ ဘာမှ ကောင်းတာ မရှိပါဘူး´

ဒေါက်တာလွမ်းဝေက သက်ပြင်းချ၍ ဒါနဲ့များ နွေးရယ်ဟု ညည်းတွားသည်။

`နွေး ဘယ်လောက်နေရဦးမှာလဲ မေးတိုင်း ဆရာက ဆရာ အတိအကျ မတွက်နိုင်ဘူးလို့ပဲ အမြဲဖြေတယ်။ ဒါပေမယ့် နွေးသိပါတယ်၊ လပိုင်းထက်တော့ ဘယ်ပိုမလဲ။ အဲဒီတော့ ထားပါတော့ ဆရာရယ်၊ ခြောက်လ ဆိုပါစို့၊ အသက်နှစ်ဆယ်ကျော်ပဲ ရှိသေးတဲ့ နွေးက လူ့ဘဝကြီးထဲမှာ နှစ်နှစ်ဆယ်ကျော်ပဲ နေသွားရမယ့် သဘောပေါ့။ အဲသလို လူမျိုးက ကိုယ်ကျန်တဲ့အချိန်ကလေး

မြောက်လလောက်ကို စိတ်ချမ်းချမ်းသာသာ နေနိုင်အောင် ဘာသာရေးအရ ဆိုရင်လည်း ဘဝကူးကောင်းအောင် မလုပ်ဘဲ လူတစ်ယောက်အတွက် ခံစားနေရတဲ့ အကျိုးမဲ့ ခံစားချက်တွေနဲ့ အချိန် ကုန်ပစ်လိုက်ရမှာကို နမြောစရာ သိပ်ကောင်းတယ်ပေါ့၊ ဟုတ်တယ် မဟုတ်လား၊ ဆရာ အဲသလို တွေးနေတာ မဟုတ်လား´

ဒေါက်တာလွမ်းဝေ ဘာပြန်ပြောရမှန်း မသိပါ။ အပြုံးမပျက် သေခြင်းတရားအကြောင်း ပြောနေသည့် သူ့ထက် အသက်ရော၊ ပညာရော၊ ဘဝအတွေ့အကြုံပါ များစွာနနယ်သည့် မိန်းကလေး၏မျက်နှာကိုသာ အံ့သြစွာ ငေးကြည့်နေမိပါသည်။

နွေးက လက်အုပ်ကလေးချီ၍ `ကန်တော့နော် ဆရာ´ဟု ပြောသည်။

`ဆရာရော လူ့ဘဝကြီးထဲမှာ ဘယ်လောက်ကြာကြာနေရမယ် ထင်သလဲ ဆရာ၊ နွေးကို စိတ်မဆိုးပါနဲ့ ဆရာ၊ ဆရာ ဆရာ့ဘဝကို ဘယ်လို ပစ်စလက်ခတ် လုပ်ထားတယ်ဆိုတာရော၊ ဘာကြောင့်လုပ်ထားတယ်ဆိုတာရော နွေးသိပါတယ်။ ဆရာလည်း လျှို့ဝှက်ထားတာ မဟုတ်ပါဘူး။ ဒါပေမယ့် ဆရာရယ်၊ လူငယ်က လူကြီးကို ဝေဖန်သလို ဖြစ်နေရင် နွေးကို ခွင့်လွှတ်ပါ၊ ဆရာ သက်တမ်းစေ့နေနိုင်မယ်ဆိုရင် ခုနစ်ဆယ်၊ ရှစ်ဆယ်။ ဆရာ အခု သောက်သောက်နေတဲ့ အရက်တွေကြောင့် သက်တမ်းက ထပ်လျော့ဦးမယ်ဆိုရင် ဆရာ လူတစ်ယောက်အတွက် အကျိုးမရှိတဲ့ ခံစားချက်တွေနဲ့ ကုန်ပစ်မယ့်အချိန်တွေက ဆရာ့သက်တမ်းရဲ့ ရာခိုင်နှုန်းနဲ့သာ တွက်ကြည့်ရင် နွေး အခုဖြစ်နေတဲ့ အကျိုးမဲ့ ခံစားနေတဲ့ အချိန်ပမာဏထက်တောင် များလွန်းမနေဘူးလား´

ဒေါက်တာလွမ်းဝေ အရှိုက်ထိသွားသဖြင့် မျက်နှာပျက်သွားသည်။

ခဏနေမှ ရှက်ကိုးရှက်ကန်း တိုးတိုးရယ်သည်။

`နွေးက ဆရာ့ကို ဆုံးမနေတာကိုး´

နွေးက ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

`မဟုတ်ပါဘူး ဆရာ၊ နွေးက တကယ်ခံစားနေရတာပါ။ ကိုယ်ခံစားနေရတာကိုလည်း အကျိုးမဲ့ အဓိပ္ပါယ်မဲ့ ကိစ္စပါလို့ ကိုယ့်ဟာကိုယ် ရိပ်မိပါတယ်။ အဲဒါနဲ့ တစ်ဆက်တည်းမှာ ဆရာ့ဘဝကို ဆရာ အခု လုပ်ပစ်နေတာတွေ ကိုလည်း ဆက်စပ်တွေးမိတယ်။ အဲဒီတွေးမိတာတွေကိုလည်း ဆရာ့ကို ပြောပြချင်လာတယ်´

နွေး ဒေါက်တာလွှမ်းဝေကို မျက်လွှာပင့်၍ ကြည့်သည်။

`ဆရာ စိတ်ဆိုးသွားမှာကိုတော့လည်း နွေး တကယ်ကြောက်ပါတယ်။ ဒါပေမယ့် ကံကောင်းလို့ ဆရာ စိတ်မဆိုးဘဲ နွေးစေတနာကို သဘောပေါက်သွားခဲ့ရင် ဘယ်လောက်မှ မနေလိုက်ရလို့ အဓိပ္ပါယ်ရှိတဲ့ကိစ္စ ဘာမှ မည်မည်ရရ မလုပ်လိုက်ရတဲ့ နွေးဘဝကလေးမှာ နွေး ရှင်သန်ခွင့်ရတဲ့ဟာ အဓိပ္ပါယ်နည်းနည်းတော့ရှိသွားမယ် ထင်မိလို့ပါ ဆရာ´

ဒေါက်တာလွှမ်းဝေတစ်ယောက် အာစေးထည့်ထားသလို တိတ်ဆိတ်နေဆဲ။

(၇)

သုံးနှစ်ကျော်ကျော် ထပ်၍ ကြာမြင့်ခဲ့ပြီ။

ဒေါက်တာလွှမ်းဝေ နိုင်ငံခြားမှ ပညာတော်သင် ပြန်လာပြီး ရန်ကုန်တွင်ပင် တာဝန်ကျနေသော်လည်း မန္တလေးမြို့မှ နွေးမိဘတွေ လှမ်း၍ ဖိတ်ကြားသော နွေး၏ နှစ်လည်ဆွမ်းကျွေးကို မပျက်မကွက်သွား၍ တက်ရောက် ခဲ့သည်။

နွေး၏ မေမေက ဒေါက်တာလွှမ်းဝေကို တောင်မြို့၊ မဟာဂန္ဓာရုံကျောင်းကားရပ်နားရာနေရာအထိ ပြန်လိုက် ပို့ပေးသည်။

`ဆရာက သမီးလေးကို သံယောဇဉ်ကြီးသားပဲ၊ သမီးသာ သိရင် ဝမ်းသာမှာ´

ဒေါက်တာလွှမ်းဝေက မချိပြုံး ပြုံးသည်။

`နွေးကို ကျွန်တော့်ညီမလေးအရင်းလို ချစ်ပါတယ်။ ပြီးတော့ သူက ပျောက်ဆုံးနေတဲ့ ကျွန်တော့်ဘဝကို ကျွန်တော် ပြန်ရှာတွေ့အောင် ကူညီပေးခဲ့တဲ့ မီးအိမ်ရှင်ကလေးပါ။ သူ နောက်ဆုံးတောက်ပေးခဲ့တဲ့ ဆီမီးရောင် ကလေးနဲ့ ကျွန်တော် လမ်းပြန်ရှာတွေ့ခဲ့တာပါ´

နွေးမေမေက မျက်ရည်မသိမသာ ဝဲလာသည်ကို ဒေါက်တာလွှမ်းဝေ မမြင်အောင် မျက်နှာလွှဲလိုက်သည်။

`မမသိတယ်လို့တော့ နွေး ကျွန်တော့်ကို ပြောပြဖူးပါတယ်။ လူငယ်တစ်ယောက် ရှိတယ်၊ သူ့ကိုယ်သူ ဘယ်လောက်ကံဆိုးတယ်ဆိုတာ သူ့ဘာသာသူ မသိလောက်အောင် ကံဆိုးခဲ့တဲ့ လူငယ်တစ်ယောက်ပေါ့။ အဲဒီ လူငယ်ကို ကျွန်တော် တွေ့ဖူးချင်လိုက်တာ´

နွေးမေမေ၏ မျက်နှာက အံ့ဩရိပ်ပေါ်လာသည်။ ဘယ်လူငယ်လဲ ဆရာ၊ ဘာလို့ ကံဆိုးတာလဲဟု ပြန်မေးသည်။

`နွေးရဲ့ ချစ်သူလေ၊ ဒီလောက် အသက်အရွယ်နဲ့မမျှ ကံကြမ္မာနဲ့ မမျှလောက်အောင် ရင့်ကျက်လိမ္မာတဲ့ မိန်းကလေးတစ်ယောက်ရဲ့ မေတ္တာနဲ့ လွဲခဲ့ရုံသာမက ဒီမိန်းကလေးက သူ့ကို ချစ်နေခဲ့မှန်းတောင် မသိလောက်အောင် ကံဆိုးခဲ့တဲ့ လူငယ်ပေါ့´

နွေးမေမေက အို ... ဟု ယောင်ယမ်းပြည်တမ်း၍ မျက်ရည်တွေတွေကျလာသည်။ ဒေါက်တာလွင်းဝေက အားတုံ့အားနာဖြင့် ဆောရီးနော် မမဟု တောင်းပန်သည်။

ရတယ် ဆရာဟု ဆိုကာ နွေးမေမေက မျက်ရည် ကမန်းကတန်းသုတ်၍ ခပ်ယဲ့ယဲ့ပြုံးသည်။

'ဆရာတွေ့မှာပါ၊ မတွေ့ရတော့ မရှိပါဘူး၊ ဒါပေမယ့် ဆရာရယ် ...'

နွေးမေမေက ဒေါက်တာလွင်းဝေ အတွက် ကားတံခါးကို ဖွင့်ပေးသည်။

'သူက ဆရာထင်သလောက် ကံဆိုးတဲ့လူတစ်ယောက် မဟုတ်ပါဘူး၊ သမီးလေးကြောင့် ကံကောင်းသွား ရတဲ့ လူတစ်ယောက်ပါ'

ဒေါက်တာလွင်းဝေ တွေဝေစွာဖြင့် ကားမောင်းထွက်ခွာခဲ့ပါတော့၏။

ရတီ မဂ္ဂဇင်း

ဇန်နဝါရီလ၊ ၂၀၀၉။

## မိုးနှောင်း

(၁)

လေပြင်းတစ်ချက်ပင့်လိုက်တိုင်း ကတ္တရာလမ်းပေါ်တွင် တလိမ့်ခေါက်ကွေး ပြေးနေသော အိမ်မိုးသွပ်ပြား များကို ကြည့်၍ အငှားယာဉ်မောင်းဆရာက ခေါင်းကို တွင်တွင်ခါသည်။

`မလိုက်နိုင်ဘူးဗျ။ ဘယ်လောက်ပေးပေး မလိုက်နိုင်ဘူး၊ ကျွန်တော့်ဟာ ကျွန်တော်တောင် အိမ်ပြန်မမောင်း ရဲလို့ ညကတည်းက ဒီလက်ဖက်ရည်ဆိုင်ထဲမှာ ကားထိုးပြီး ဝင်ထိုင်နေတာ။ ဟိုမှာ ကျွန်တော့်လိုပဲ ထိုင်နေတဲ့ တက္ကစီသမား ခြောက်ယောက်တောင် ရှိတယ်။ သူတို့လည်း လိုက်မှာ မဟုတ်ဘူး´

ကိုနှင်းမြတ် စိတ်ညစ်ညစ်နှင့် လက်ဖက်ရည်ဆိုင် အတွင်းဘက်သို့ လှည့်ကြည့်မိသည်။ ဟုတ်ပါရဲ့၊ လက်ဖက်ရည်ဆိုင်ထဲက မထွက်ရဲဘဲ ဝင်ခိုနေသူက ငါးဆယ်လောက် ရှိမည်။ ဘာမီးမှ မရှိ၊ ဘာလက်ဖက်ရည် ဘာကော်ဖီမှလည်း မရ။ လူတိုင်းလည်း စိုစိုရွှဲနေပြီး အားလုံးလည်း ဗိုက်ဆာနေလောက်ပြီ။

မုန်တိုင်းက ညလယ်ကတည်းက စခဲ့သည်ဟု ဆိုသည်။ ကိုနှင်းမြတ်တို့ တစ်ဝရီးကတော့ နံနက်ခြောက်နာရီမှ ရန်ကုန်ကို အဝေးပြေးကားနှင့် ရောက်လာပြီး မုန်တိုင်းအလယ်ကောင်ကို ပက်ပင်းတိုးနေကြခြင်းဖြစ်သည်။

ပဲခူး ဟိုဘက်တုန်းကတော့ ဘာဆိုဘာမှ မတွေ့ခဲ့ရ၊ ပဲခူးကျော်မှ သစ်ပင်တွေ လဲနေတာ၊ ဓာတ်တိုင်တွေ ကျိုးနေတာ စမြင်ခဲ့ရခြင်းဖြစ်သည်။

ညဆယ့်တစ်နာရီကတည်းက လက်ဖက်ရည်ဆိုင်ထဲမှာ ခိုနေသည်ဟု ပြောသော ဘိန်းမုန့်သည်ဆီက ဘိန်းမုန့်လည်း ရောင်း၍ကုန်လေပြီ။

လေက တဟီးဟီးတိုက်တိုင်း တဂျိုးဂျိုး တဂျွတ်ဂျွတ် မြည်ကာ ခါယမ်းနေသော လက်ဖက်ရည်ဆိုင်ထဲက ထွက်ရဲသူကတော့ မပေါ်သေး။

'ဦး ... ရပြီတဲ့၊ ဒီအစ်မနဲ့ စပ်လိုက်ရမှာ'

ဆယ့်ခြောက်နှစ်သား တူတော်မောင်က လေသံနှင့် တိုးတိုးလာပြောသည်။ လှည့်ကြည့်လိုက်တော့ တစ်ကိုယ်လုံး စုတ်စုတ်ရွဲနေသော ကာဂိုဂျင်းဝမ်းဆက်ဝတ်၍ ဦးထုပ်ငိုက်စိုက်ဆောင်းပြီး ကျောပိုးအိတ်လွယ် ထားသည့် မိန်းကလေးတစ်ဦးကို တွေ့ရသည်။

'ဘယ်လောက်တဲ့လဲ'

တိုးတိုးပြန်မေးတော့ ...

'ခြောက်သောင်းတဲ့ ဦး၊ ဒီအစ်မက နှစ်သောင်းပေးမယ်၊ ကျွန်တော်တို့ နှစ်ယောက်က လေးသောင်း'

ဒီမုန်တိုင်းထဲတွင် တစ်ဦးတည်း ခရီးထွက်လာခဲ့သည့် ဒီအမျိုးအရွယ် မိန်းကလေးကို အံ့အားသင့်စွာဖြင့် ခေါင်းငြိမ့်မိပါသည်။

ဘေးလူတွေ ကြားလို့လည်း မဖြစ်၊ လိုက်ချင်သူတွေ အပုံအပင်ဖြစ်သွားလျှင် ကားသမားက လက်ခံ တော့မည် မဟုတ်။

ကားပေါ် ရောက်တော့ ရှေ့ခန်းတွင် သစ်ပင်သစ်ကိုင်းများ ခုတ်ရှင်းရန် ဓားမတစ်ချောင်းနှင့် လိုက်လာသော ကားသမား၏ အဖော်ပါသဖြင့် နောက်ခန်းတွင်ပင် သုံးယောက် တိုးထိုင်ကြရသည်။

ဦးထုပ်ကို ချွတ်လိုက်တော့ ပျော့ပျောင်းနူးညံ့သော ဆံရှည်တို့ ဝဲကျလာသည်။

ဘုရားရေ ...။

သိပ်ကို လှတဲ့ မိန်းကလေးတစ်ယောက်ပါလား။

(၂)

ကံကောင်းတာပဲလား ကံဆိုးတာပဲလားတော့ ပြောရခက်လှသည်။ ထို သိပ်လှသော မိန်းကလေးနှင့် တစ်လ မပြည့်ခင် ပြန်ဆုံရသည်။ ဒီတစ်ခါတော့ ရန်ကုန်မှာ မဟုတ်။ ဧရာဝတီတိုင်းထဲက ရွာလေးတစ်ရွာတွင် ဖြစ်သည်။

ကိုနင်းမြတ်ပါလာသော လေဘေးသင့်ပြည်သူများ ဆေးကုသရေးအဖွဲ့နှင့် နိုင်ငံခြားတွင် ပညာသင်နေရာမှ လေဘေးလုပ်အားပေးဖို့ ပြန်လာကြသည့် မြန်မာကျောင်းသူကျောင်းသား လူငယ်အဖွဲ့တစ်ဖွဲ့ ပေါင်းမိကြသည်။

'လူနာတွေ အများကြီးပဲ၊ တန်းစီခိုင်းလို့လည်း မဖြစ်ဘူး၊ အရေးကြီးလူနာတွေကို ခွဲခြားသတ်မှတ်ပြီး အရင်ထုတ်ပေးနိုင်တဲ့ လူရှိရင် ပိုကောင်းမယ်၊ ညီလေးတို့ ညီမလေးတို့များ လုပ်ပေးနိုင်မလား'

'ထရိုင်အေ့ချ် ... သဘောမျိုးလား ဆရာ'

ထရိုင်အေ့ချ်။

အုံ့သြစွာပင် လှည့်ကြည့်တော့ ပိုလို့ပင် အံ့သြသွားမိသည်။ မုန့်တိုင်းထဲမှာ အတူ အငှားကားစီးပြီး ရွှေတောင်ကြားလမ်းမှာ ဆင်းသွားသည့် မိန်းမလှလေးပါလား။

`ဟုတ်တယ်၊ ထရိုင်အေ့ရှ် ... ပေါ့၊ ညီမ လုပ်ပေးနိုင်မလား´

`ဖြူစင်လို့ ခေါ်ပါ ဆရာ၊ ဟုတ်ကဲ့ ဖြူစင် ဆူနာမီတုန်းက ဖူးခက်မှာ လုပ်အားပေးဖူးပါတယ်။ ဖြူစင် လုပ်ပေး ပါ့မယ်´

ဆူနာမီမှာရော၊ ဒီမုန့်တိုင်းမှာပါ လုပ်အားပေးဖြစ်သည့် မိန်းကလေးတဲ့။ သက်တူ ရွယ်တူ မိန်းကလေးတွေသာ သူ့လောက်လှပြီး သူ့လောက် ချမ်းသာလျှင် နုနုရွရွလေး နေကြမည် ထင်သည်။

အာဂ မိန်းကလေး။

စိတ်ထဲက တော်တော်လေးစားသွားမိသည်။

(၃)

ညကျတော့ ဒေါက်တာနင်းမြတ်နှင့် တွေ့ချင်လို့ဟုဆိုကာ အဖွဲ့ဝင် သူနာပြုဆရာမ တစ်ဦးက ပြော၍ ထွက်ကြည့်တော့ ဖြူစင်ဆိုသည့် မိန်းမလှလေးကို တွေ့ရသည်။

`ဖြူစင် အထဲဝင်လေ´

`မဝင်တော့ပါဘူး ဆရာ၊ ဆရာနဲ့ ပြောစရာလေးနစ်ခုလောက်ရှိလို့၊ ငါးမိနစ်လောက်များ အချိန်ရမလားလို့၊ ဆရာ ပင်ပန်းထားတာ သိလို့ အားတော့ နာပါတယ်´

`အပန်းမကြီးပါဘူး။ အစ်ကိုဖြစ်ဖြစ်၊ ကိုနင်းမြတ်ဖြစ်ဖြစ် ခေါ်ပါလား´

ဖြူစင်က မျက်လုံးလေးပိတ်အောင် လုပ်ပွာရယ်၍ အစ်ကို့သဘောပါပဲဟု ပြောသည်။

`တစ်ခုက ရန်ကုန်မှာ မုန်တိုင်းမိတဲ့နေ့တုန်းက အငှားကားအတူစီးတာ ကျေးဇူးတင်ကြောင်း ပြောချင်လို့ပါ။ အစ်ကို မှတ်တော့ မှတ်မိပါတယ်နော်´

ကိုနှင်းမြတ်လည်း ရယ်လျက် ...

`မှတ်မိပါတယ်။ အစ်ကိုက အံ့တောင် အံ့သြနေတာ၊ ဆင်းသွားတဲ့နေရာကြည့်ပြီး ဒီမိန်းကလေးက ခြောက်သောင်း တစ်ယောက်တည်းဆိုလည်း တတ်နိုင်မှာပဲ၊ ငါတို့ကို ဘာလို့ အဖော်စပ်ပါလိမ့်လို့လေ ...´

`အဲဒါ ကျေးဇူးတင်တာပေါ့ အစ်ကို၊ ဖြူစင်က စင်ကာပူမှာ အင်န်ယူအက်စ် တက်နေတာ၊ နယ်မှာ အဘွားနေမကောင်းတာ သတင်းလာမေးတာ၊ အဲဒီညက မုန်တိုင်း သတိပေးတာတော့ အသိလိုက်သား၊ ဒါပေမယ့် လေယာဉ်လက်မှတ်က ဝယ်ထားပြီးသား ဆိုတော့ ရန်ကုန်မရောက်အရောက် ပြန်ဆင်းလာရတာ။ အဲဒီမနက်က ကြောက်တော့ တော်တော် ကြောက်နေမိတာ။ နောက်တော့မှ အစ်ကိုနဲ့ အစ်ကို့တူလေး စကားပြောတာတွေ ခိုးနားထောင်ပြီး အစ်ကို့ကို ဆရာဝန်မှန်း သိသွားလို့ တမင် အဖော်လာစပ်တာ။ မိန်းကလေးတစ်ယောက်တည်း မုန်တိုင်းကြားမှာ တက္ကစီနဲ့ ဘယ်လိုက်သွားရမလဲ အစ်ကို´

`ဖြူစင်က အကြံပိုင်တာပဲ၊ နို့ ... နောက်တော့ လေယာဉ်က ထွက်လို့လား´

`ဘယ်ထွက်မလဲ အစ်ကိုရဲ့၊ ဖြူစင် တစ်ပတ်လောက် ကျောင်းနောက်ကျ သွားတာပေါ့´

အတူတူ ရယ်မိကြသည်။

`အစ်ကို့ စေ့စပ်ပွဲရော အဆင်ပြေရဲ့လား´

ဘုရားရေ ...။ ကိုနှင်းမြတ်တစ်ယောက် လူကြီးချင်း သဘောတူထားသော မျိုးမျိုးဆွေနှင့် စေ့စပ်ရန် ရန်ကုန် ဆင်းလာသည်ဆိုသည်ကိုပင် ကလေးမလေးက သိနေချေသေး၏။

`ရွှေ့ရတာပေါ့ ညီမရယ်၊ ခုထိ မလုပ်ရသေးပါဘူး´

ခေါင်းလေး ဆတ်ကနဲ တစ်ချက်ငြိမ့်သည်။ ပြီးတော့ `သွားတော့မယ် အစ်ကို ... ဂွတ်နိုက်´ဟု ဆိုကာ ဆံနွယ်တို့ ဝေ့ကနဲနေအောင် တစ်ဖက်သို့ လှည့်သည်။ `နေဦးလေ ... ဖြူစင် ပြောစရာတစ်ခု ကျန်သေးတယ်ဆို´ဟု သတိပေးတော့မှ ရယ်၍ ပြန်လှည့်သည်။

`စိတ်တော့ မဆိုးနဲ့နော် အစ်ကို၊ အစ်ကိုတို့အဖွဲ့ထဲက လူတွေက ဂစ်တာတီးပြီး သီချင်းဆိုနေကြတာ ကြားလို့၊ အစ်ကို တားပေးပါလား´

`ရပါတယ်၊ ညီမတို့ဆီအထိ ဆူနေလို့လား´

`မဟုတ်ဘူးလေ အစ်ကို၊ ဒီပတ်ဝန်းကျင်မှာက လူတွေ အားလုံး သောကတွေနဲ့´

ဟုတ်သားပဲ၊ ညံ့လိုက်တဲ့ငါ။ ကိုယ့်ထက် အများကြီးငယ်ပြီး အစစ အရာရာ ပြည့်စုံသော အသိုင်းအဝိုင်းကလာသည့် မိန်းကလေးတောင် တွေးမိသေးသည်။ ကိုယ်က အမှုမဲ့ အမှတ်မဲ့။

`အေး ... အေး ... စိတ်ချ ညီမ၊ အစ်ကို တားလိုက်မယ်´

တော်လိုက်တာ ဖြူစင်ရယ်။

(၄)

ရှုးပစ်လိုက်တာက လွဲ၍ ထွက်လမ်းမရှိတော့ဟု ထင်သည်။ ဖြူစင်နှင့် ရင်းနှီးသွားသည်။

ရန်ကုန်တွင် ပြန်ဆုံဖြစ်သည်။ ရန်ကုန်မှာ ဖြူစင့်ကိစ္စတချို့ပင် လိုက်ကူညီပေးမိသေးသည်။

အဲဒီအချိန်မှာ မသိမသာလေး သတိထားမိနေသည်က ဘယ်ကိစ္စကိုမဆို ဒီမိန်းကလေးနှင့်အတူ လုပ်နေရ ပါက အလွန်စိတ်ချမ်းမြေ့နေပြီး ထိုမိန်းကလေးနှင့် အတူရှိနေသည့် အချိန်လေး ကုန်ဆုံးသွားမှာကို တွန့်တိုနေမိခြင်း ဖြစ်သည်။

နောက်တော့ ဖြူစင် စင်ကာပူ ပြန်သွားသည်။ သူလည်း တာဝန်ကျရာ နယ်မြို့လေးသို့ ပြန်လာသည်။ အီးမေးလ်လိပ်စာများ လဲလှယ်ထားမိ၍ နီးရာ အင်တာနက်ကဖေးသို့ သွားတိုင်းကာ ဖြူစင့်ဆီက အီးမေးလ် ဝင်မလားဟု သွားသွားဖွင့်ကြည့်မိသည်။

ဝင်မယ့်ဝင်လာတော့လည်း စေ့စပ်ပွဲပြီးပြီလားတဲ့။ သက်ပြင်းချ၍ အကျဉ်းချုံး လုပ်ပြီးပါပြီ။ လက်ထပ်ဖို့တော့ လောလောဆယ် မစီစဉ်သေးဘူးဟု ဖြေလိုက်တော့ ဂုဏ်ယူပါတယ်ဟု တစ်ကြောင်းတည်း ပြန်သည်။

တစ်ပတ်လောက်ကြာတော့ သူငယ်ချင်းများ ဆုံစည်းရာ ဝက်ဘ်ဆိုက်တစ်ခုသို့ ဖြူစင်က ဖိတ်ခေါ် လိုက်သည်။ ဝင်သွားလိုက်တော့ ဖြူစင်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိရှိရာ စာမျက်နှာကို ဖတ်ခွင့်ရသည်။

အိမ်ထောင်ရေး အခြေအနေ ... လူလွတ်ပါတဲ့။ ချစ်သူ မရှိသေးဘူးပေါ့။ သူကတော့ ဆက်ဆံရေးတစ်ခု ရှိသည်ဟု ဖြေရသည်။

ဖြူစင့်စာမျက်နှာတွင် ဖြူစင် တင်ထားသော စင်ကာပူ၊ ထိုင်းနှင့် မြန်မာနိုင်ငံတွင် ရိုက်ထည့်ထားသည် ဖြူစင့် ဓာတ်ပုံကို တွေ့ရသည်။

လှလိုက်တာ မိန်းကလေးရယ်။ ဘာလို့ ဒီလောက်လှ၊ ဒီလောက် ထက်မြက်နေရတာလဲ။

ကီးဘုတ်တင်သည့် ခုံပေါ် မေးတင်ပြီး သက်ပြင်းကြီးကြီး ချနေရသည်။

သွားပြီ ... သွားပြီ။ တကယ့်ကို သွားပါပြီ။

ဟောဒီရင်ဘတ်ကြီးထဲက နှလုံးသားကြီးက မိန်းကလေးတစ်ယောက်ယောက်ကို ရင်နင့်အောင် ချစ်ပစ် လိုက်ဖို့ နှစ်ပေါင်းသုံးဆယ်လုံးလုံး စောင့်နေခဲ့တာဆိုရင်လည်း အဲဒီမိန်းကလေးက စောစောစီးစီးပဲ ကိုယ်ထင်ပြခဲ့ပါ တော့လား။ ဘာဖြစ်လို့ မိဘသဘောတူတဲ့လူနဲ့ စေ့စပ်တဲ့အချိန်ကျမှ သွားကနဲ ပေါ်လာရတာတဲ့လဲ။ ခုတော့ ရှုံးပစ်လိုက်တာက လွဲ၍ ထွက်လမ်းမရှိတော့ဟု ထင်သည်။

(၅)

ဆေးခန်းထဲသို့ ဝင်လာသော ဖြူစင့်ကို ကြည့်၍ မိမိမျက်စိကိုပင် မိမိ မယုံနိုင်။ မြန်မာဆန်ဆန် ရင်ဖုံးအကျီ၊ ယောလုံချည်လေးဝတ်ထားသော ဖြူစင်က ပြုံး၍ ဘယ်သူနဲ့ တွေ့ချင်ပါသလဲလို့တော့ မမေးနဲ့နော် အစ်ကိုဟု စသည်။

မြန်မာပြည် ပြန်ရောက်တုန်း သူငယ်ချင်းတွေနှင့် ဘုရားဖူးထွက်လာတာတဲ့။ ကိုနှင်းမြတ်ကို သတိရ၍ ဝင်နှုတ်ဆက်တာတဲ့။ နှစ်ရက်လောက်နေလျှင် ပြန်မည်တဲ့။ ရန်ကုန် ဇနီးလောင်းဆီကို လူကြုံစာကြုံပေးချင်ရင်လည်း ယူသွားမည်တဲ့။

ပေးစရာက မင်းကို ရှိနေတာပါ မိန်းကလေးရယ်။ ပေးမိရင်လည်း ကိုယ့်သိက္ခာက ရစရာ မရှိတော့။ မင်းကိုလည်း အထင်သေးရာ ကျတော့မှာစိုးလို့ အောင့်အည်း သိမ်းဆည်းထားရတာ အစ်ကို့နှလုံးသားပါ။

ဖြူစင်ကတော့ ကိုနှင်းမြတ်ရင်ထဲတွင် ဘာတွေ ရှိနေ၊ ဖြစ်နေသည်ကို မသိလေဟန် ရယ်မောပြောဆို၍ ပြန်သွားသည်။

နောက်တစ်နေ့တွင် ဖြူစင်နှင့် သူငယ်ချင်းများကို တန်ခိုးကြီး နာမည်ကျော် ဘုရားများကို လိုက်ပြ ဖို့လည်း ချိန်းဆိုဖြစ်ကြသည်။

(၆)

'အစ်ကို ဘာဖြစ်နေတာလဲ'

သူငယ်ချင်းများ တောင်အောက်ဆင်းသွားတော့ လိုက်မသွားဘဲ ဖြူစင်က ကိုနှင်းမြတ်ကို ကပ်၍ တိုးတိုး မေးသည်။

'ဟင် ... ဘာဖြစ်လို့လဲ'

'အစ်ကို့မျက်နှာ ပျက်နေတယ်။ တစ်နေ့က ဆေးခန်းထဲမှာရော မနေ့က လျှောက်လည်ကြတုန်းကရော၊ အစ်ကိုတို့ကိစ္စ အဆင်မပြေဖြစ်သေးလား'

ရှက်ရယ်ရယ်၍ အစ်ကို့မျက်နှာက အဲသလောက် သိသာနေလားဟု မေးမိသည်။

ဖြူစင်က မျက်နှာလေး ညှိုးသွားပြီး ထိုင်ရအောင် အစ်ကိုဟုဆိုကာ ရင်ပြင်တော် တန်ဆောင်းတစ်ခုဘေးမှ လူအနည်းငယ်ရှင်းသော လေှကားထစ်လေးကို ပြသည်။

(၇)

`အစ်ကိုတို့က လူကြီးတွေ စီစဉ်တာပါကွယ်၊ အစ်ကို့မှာ ချစ်သူ တစ်ခါမှလည်း မရှိဖူးဘူး၊ အစ်ကို့ကိုယ် အစ်ကိုလည်း မိန်းကလေးတစ်ယောက်ကို အရမ်းချစ်မိသွားတာတို့ ဘာတို့ ဘယ်တော့မှ ဖြစ်လာမယ်လို့လည်း မထင်ခဲ့ဘူး။ အဲဒါကြောင့် သဘောတူခဲ့တာပါ။ သူနဲ့က ရင်းရင်းနှီးနှီးတောင် တစ်ခါမှ စကားမပြောဖူးသေးတော့ အဆင်မပြေဖြစ်စရာလည်း အကြောင်းမရှိပါဘူး´

ကိုနှင်းမြတ် ခပ်ညည်းညည်း ပြောမိသည်။

ဖြူစင်က အံလေးကြိတ်၍ ခေါင်းငုံ့ထားသည်။

`အခု ... အစ်ကို မိန်းကလေး တစ်ယောက်ကို ချစ်နေပြီလို့ ထင်နေတာပေါ့ ဟုတ်လား အစ်ကို´

ပါးစပ်အပေါင်းသားနှင့် ဖြူစင့်ဘက် လှည့်ကြည့်မိသည်။ ဖြူစင်က ပြန်လှည့်မကြည့်ပါ။ ခေါင်းဆက်ငုံ့ထား ပါသည်။

`ဟုတ်တယ်၊ ဒါပေမယ့် ထင်တာမဟုတ်ဘူး၊ သိပ်ကို သေချာနေပါပြီ။ ဖြူစင်ကတော့ အစ်ကို့ကို ပလိစိ ချောက်ချက်နိုင်တဲ့ ဘာယာစီး အတွသမားလို့ ထင်တော့မှာပဲ´

ဖြူစင်က ခေါင်းကို ဖြည်းညင်းစွာ ခါပြသည်။

`ဆုံရတာ မကြာသေးပေမယ့် အစ်ကို အဲဒီလိုလူမျိုး မဟုတ်ဘူးဆိုတာ ဖြူစင် သိပါတယ်။ ဒါပေမယ့် အစ်ကိုရယ် ... အဲဒီကိစ္စကို အစ်ကို့ရင်ထဲမှာပဲ ထားလိုက်ပါ။ အစ်ကို့ရင်ထဲမှာပဲ သိမ်းထားနိုင်သရွေ့ အစ်ကိုဟာ ဖြူစင် ထင်ထားသလို၊ လေးစားနေသလို ယောကျ်ားကောင်း ယောကျ်ားမြတ်တစ်ယောက် ဖြစ်နေမှာပါ´

မပွင့်တပွင့်လေးပြောလိုက်သော စကားက နားဝသို့ မိုးကြိုးသွားနှင့် ခွင်းသည်သို့ ရှိ၏။

(၈)

အတော်ကြာသည်အထိ နှစ်ဦးစလုံး စကားမပြောဖြစ်ဘဲ တောင်စောင်းမှ ဝါးရုံတော လေငွေ့တိုင်း တကျွီကျွီ မြည်နေသည်ကို နားထောင်ငေးမောနေမိကြသည်။

`ဖြူစင် ပြင်သစ်ကို သွားတော့မှာ အစ်ကို´

တိုးတိုးကလေး ပြောလိုက်သော ဖြူစင့်စကားကြောင့် ကိုနှင်းမြတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

`ပညာဆက်သင်ဖို့လား ဖြူစင်´

`ဟုတ်တယ်၊ အဲဒီမှာ ဆက်သင်မှာ။ ပြီးရင် အလုပ်လည်း ဆက်လုပ်ဖြစ်မယ် ထင်တယ်၊ မြန်မာပြည်ကို တော်တော်နဲ့ ပြန်ရောက်တော့မယ် မထင်ဘူး´

ဘုရားရေ ...။ တကယ့်ကို ခွဲခွာရတော့မှာပါလား။

`ဖြူစင်´

ဖြူစင်က လက်ကလေး ကာပြသည်။

`ဖြူစင် အမှန်အတိုင်း ပြောပြပါ့မယ် အစ်ကို။ ဖြူစင် ဘုရားဖူးရင်း လမ်းကြုံလို့ ဝင်လာတာ မဟုတ်ပါဘူး။ မြန်မာပြည်နဲ့ အကြာကြီးခွဲရတော့မှာမို့ နှုတ်ဆက်ချင်လို့ သူငယ်ချင်းတွေကို အကူအညီတောင်းပြီး တက်လာတာပါ။ ဒါပေမယ့် ဖြူစင် အစ်ကိုနဲ့ စိတ်ညစ်ပြီး ထွက်မသွားချင်ဘူး´

ဖြတ်သားလှချည်လား မိန်းကလေးရယ်။

ဒါဆို မင်းရင်ထဲမှာလည်း ပြောစရာတွေနဲ့ပေါ့လေ။ ဒါပေမယ့် မပြောတော့ဘူး လို့လည်း မင်းဆုံးဖြတ် ထားတယ်ပေါ့လေ။

ကိုနှင်းမြတ် အံကြိတ်မိပါသည်။

`လူတစ်ယောက်က လူတစ်ယောက်ကို ခြွင်းချက်မရှိ နစ်နစ်ကာကာ ချစ်မိသွားပြီး အဲဒီသူနဲ့ ထပ်တူ ဘဝ တစ်လျှောက်လုံး အတူတူနေရရင် အရမ်းပျော်ရမယ်၊ ကြည်နူး ချမ်းမြေ့ ရမယ်ဆိုတာ သိပ်သေချာသွားတဲ့ ခံစားချက်မျိုး ပေါ်လာဖို့က လူတိုင်းရဲ့ဘဝမှာ ရဖူးချင်မှ ရဖူးမယ့် ကြုံတောင့်ကြုံခဲ တိုက်ဆိုင်မှုတစ်ခု မဟုတ်ဘူးလား ဖြူစင်၊ အဲဒီ ခံစားချက်မျိုးကို ခံစားရပြီးကာမှ အဲဒီချစ်သူကိုလည်း ဆုံနေ၊ တွေ့နေပြီးခါမှ ဖွင့်ပြောခွင့်တောင် မရလိုက်တဲ့အဖြစ် မျိုးက ဘယ်လောက် ရင်နာစရာကောင်းမလဲလို့ တွေးမကြည့်မိဘူးလား´

ဖြူစင်က လှည့်မကြည့်ဘဲ သွေးခြောက်စွာ တိုးတိုးရယ်မောသည်။

`အဲဒါ ဘဝပဲလေ အစ်ကို၊ ဘဝဆိုတာ မဖြစ်ချင်တာတွေ တစ်ခုပြီးတစ်ခု ဖြစ်လာ၊ ဖြစ်ချင်တာတွေ ဖြစ်ခွင့်မရ၊ လုပ်ချင်တာတွေ လုပ်ခွင့်မရ၊ အဲဒါ ဘဝပဲပေါ့။ ကိုယ့်ကိုယ်ကို ဘာလေးပဲ နစ်နာနစ်နာ သနားတတ်တဲ့လူတွေအဖို့တော့ အဲဒါ ရင်နာစရာ တော်တော်ကောင်းတဲ့ကိစ္စ ဖြစ်ချင်ဖြစ်မယ်၊ အစ်ကို့လို ရပိုင်ခွင့်ထက် ကိုယ်ကျေပွန်ရမယ့်

ဝတ္ထုရေးကို အမြဲဦးစားပေးတတ်တဲ့ လူတစ်ယောက်အတွက်တော့ တခြားအနစ်နာခံမှုတွေ များစွာထဲက မှတ်တိုင်သေးသေးလေး တစ်ခုပဲလို့သာ သဘောထားလိုက်ပါ။ ပြီးတော့ ... အစ်ကိုရယ် ...´

ပထမဆုံးအကြိမ်အဖြစ် ဖြူစင် ကိုနှင်းမြတ်၏ မျက်နှာကို လှည့်ကြည့်သည်။

အို ... ဖြူစင့်မျက်ဝန်းတို့ စိုစွတ်တောက်ပနေပါလား။

`အဲဒီလို ပြောခွင့်မရလိုက်တဲ့ သူကလည်း လောကကြီးထဲမှာ အစ်ကို တစ်ယောက်တည်းမှ မဟုတ်တာ´

ဖြူစင်က ပြောပြောဆိုဆိုပင် နေရာမှ ဖြည်းညင်းစွာ ထ၍ တောင်အောက်ဆင်းသည့် လှေကားဘက်သို့ တစ်လှမ်းချင်း ထွက်ခွာသွားပါသည်။

ဒီဝက မဂ္ဂဇင်း

ဇန်နဝါရီလ၊ ၂၀၀၉။

## တွင်းနက်ကြီးထဲက နလုံးသား

(၁)

ကျသွားတာကို မြင်လိုက်ရသည်။

တွင်းနက်ကြီးတစ်ခုထဲကို သစ်ရွက်ကလေးတစ်ရွက် ကျသွားသလိုမျိုး ငြိမ့်ငြိမ့် ဖြည်းဖြည်းကလေး အိဆင်း သွားတာပါ။

ကျနေတာကို အကြာကြီး မြင်နေရသည်။ ပြီးနောက်တော့ ဘာမှ မမြင်ရတော့။

အစားထိုးမရနိုင်သော ဆုံးရှုံးမှု။

ပြန်ရစရာလည်း အကြောင်းမရှိတော့။ ပြန်မရနိုင်တော့ပါဘူး ဆိုသည့် နောက်မှာတော့ တမ်းတကြေကွဲ နေစရာလည်း အကြောင်းမရှိတော့ဟု ခက်မာ ထင်သည်။

လွင့်ကျပျောက်ဆုံးသွားသည့်အရာက ခက်မာ၏ နလုံးသားဖြစ်နေတော့ရော ဘာဖြစ်သေးလဲ။ လောက ကြီးမှာ နလုံးသားမရှိတော့ဘဲ ရှင်သန်နေသူတွေ ဒုနဲ့ဒေး။

(၂)

ဆယ်တန်း ကျောင်းသူဘဝတွင် ကိုယ့်ကို ဂိုက်အဖြစ် စာပြပေးသော ဆေးတက္ကသိုလ် တတိယနှစ် ကျောင်းသားကလေးကြောင့် နွေးထွေးစွာ ရင်ခုန်နေမိပါပြီဟု ဆိုလျှင် အပြစ်တင်ရှုံ့ချ ကဲ့ရဲ့မိမည့်သူတွေ တစ်ပုံကြီးများရှိနေမည်လား မသိ။ သေချာတာက ဘယ်သူကဲ့ရဲ့ မကဲ့ရဲ့၊ အဲဒီ ကဲ့ရဲ့မည့်သူတွေထဲမှာ ခက်မာ ကိုယ်တိုင်ပါသည်။

ဒီအသက်အရွယ်၏ ရင်ခုန်သံကို ရင်ခုန်သူကိုယ်တိုင်ပင် ယုံကြည်ရခက်ကြောင်း ခက်မှာ ကောင်းကောင်း နားလည်သည်။ အနေနီးစပ်ရာက ဖြစ်လာလျှင် ပို၍ပင် ယုံကြည်ရခက်ကြောင်းလည်း သိသည်။ အားကိုးစိတ်၊ လေးစားစိတ်တို့ကြောင့် ဖြစ်လာသည့် ရင်ခုန်သံကိုလည်း စစ်သည်ဟု မယုံကြည်။

`ကောင်လေးက အသက်ကလည်း သိပ်မကွာ၊ ရုပ်ကလေးကလည်း ခပ်ဖြောင့်ဖြောင့်နဲ့ ဖြစ်ပါ့မလားကွ´

`မောင်ကလည်း ဂိုက်ဆိုတာ ဒီအရွယ်ကလေးတွေပဲ လုပ်ကြတာပဲဟာ၊ ပြီးတော့ ခင်က သေသေချာချာ စုံစမ်းပြီးသား၊ ကောင်လေးက တည်လည်းတည်ကြည်တယ်၊ ယူမယ့်ရည်းစားလည်း ရှိတယ်။ အဲဒီရည်းစားရဲ့ မိဘတွေ ကျေးဇူးလည်း မကင်းဘူးတဲ့။ ဘာမှ ဖြစ်စရာ မရှိဘူး။ ပြီးတော့ ကိုယ့်သမီးပုံစံလည်း ကြည့်ဦး´

မေမေပြောတော့ ဖေဖေက ရယ်သည်။

ဟုတ်ပါ့။ ခက်မှာက ကလေးပုံစံသာ ရှိသေးသည်။ အသားကလေးက မညို့တညို၊ ဆံပင်က ကုပ်ဝဲ၊ အိမ်နေရင် တီရှပ်နှင့် ဘောင်းဘီတိုကလေးပဲ ဝတ်သည်။ အရပ်ကလေးက ငါးပေလောက်သာ ရှိသည်။ ဘယ်အချိန် ကြည့်ကြည့် အပျိုမကလေးနှင့်တူကို မတူ။ ဘယ်ယောက်ျားကလေးကမှ စိတ်ကစားစရာအကြောင်းမရှိ။

ကိုကိုထွေးကလည်း စိတ်မဝင်စားပါ။ ကလေးလေးလို သဘောထားကာ ခေါ်င်းခေါက်လိုက်၊ အော်ငေါက် လိုက်နှင့် သင်တာပါပဲ။

ဒါပေမယ့် သူ ခေါင်းခေါက်လိုက် အော်ငေါက်လိုက်တိုင်းမှာ တဖြိုက်ဖြိုက် ကျလာတတ်သည့် မျက်ရည်တွေ၏ အဓိပ္ပါယ်ကို ကိုကိုထွေး ဘယ်တုန်းကမှ တကယ်မသိခဲ့ရှာပါ။

(၃)

တကယ်တော့ ခက်မာက စာသိပ်ဖတ်သည်။ ကျောင်းစာလည်း ကြိုးစားသလို ပြင်ပစာပေတွေကိုလည်း ရသရော သုတပါ ဖတ်သည်။ သမီးဖြစ်သူ စာဖတ်ဝါသနာပါသည်ကို အားပေးသော မိခင်ကလည်း သမီးဖတ်သင့်သည် ထင်သော စာအုပ်များကို ရွေးချယ်ပေးလေ့ရှိသည်။

မိခင်က စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ကို အလွန်နှစ်သက်တော့ ခက်မာလည်း ဆရာကြီးရေးခဲ့သမျှ စာအုပ်တွေအားလုံးကို ဖတ်ခဲ့ဖူးသည်။ ဆရာကြီးစာတွေက တွေးခေါ်ဆင်ခြင်မှုကို အားပေးသလို နလုံးသားကိုလည်း နူးညံ့စေသည်။

ကိုကိုထွေးသည် ခက်မာထက် ငါးနှစ်လောက်သာ ကြီးသော်လည်း ကိုကိုထွေးနှင့် သူဆုံခဲ့ရသည်ကို 'နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်'ဝတ္ထုထဲက လက်တစ်ဖက်မလှုပ်နိုင်သည့် ရောဂါသည် ဆယ့်ရှစ်နှစ်သမီး ကလေးနှင့် စိတ်ပညာရှင် တက္ကသိုလ်ဆရာတစ်ဦးတို့ ဆုံတွေ့ရသည်နှင့် နှိုင်းပြီးကို စိတ်ကူးယဉ်ပစ်လိုက်သည်။

အိပ်ရာဝင်တိုင်း ရင်တွေ တဒိုင်းဒိုင်း ခုန်နေခဲ့သည်မှာ ဝေါ်ဝေါ်နှင့် အိပ်မပျော်။

ဒါပေမယ့် အဲဒီစိတ်ကူးယဉ်ရသည့် အရသာကလေးကိုပင် ခက်မာကြာကြာခံစားခွင့် မရလိုက်ရှာ။

စာသင်နေရင်းက ကိုကိုထွေး ရေအိမ်ထ အသွား၊ ကိုကိုထွေး ပိုက်ဆံအိတ်ကလေးကို စိုး၍ ဖွင့်ကြည့်ရာမှ မမလှလှတစ်ဦး၏ ဓာတ်ပုံကို တွေ့ရသည်။

'ဟဲ့ ... ကောင်မလေး၊ ဘာစပ်စုတာလဲ'

ဝဲလာသော မျက်ရည်များကို ခေါင်းမော့ ထိန်းချုပ်ရင်းက ဟန်ဆောင်ရယ်မောပစ်လိုက်ရသည်။

`အစ်ကိုထွေး ရည်းစားလား´

`အေး ... လှတယ် မဟုတ်လား´

`လှပါတယ်၊ အစ်ကိုထွေးတို့ကျောင်းကပဲလား´

`မဟုတ်ပါဘူး၊ အိမ်ကို တက်နေတာ၊ တို့ရပ်ကွက်ထဲကပဲ´

`ကျောင်းပြီးရင် ယူကြမှာပေါ့ ဟုတ်လား´

ကိုကိုထွေးက သက်ပြင်းချသည်။

`အဆင်ပြေရင်ပေါ့ဟာ၊ ဒီခေတ်က သိတဲ့အတိုင်းပဲ၊ ရုန်းရကန်ရဦးမှာ။ ဆရာဝန်ဖြစ်ရုံနဲ့ အကုန် အဆင်ပြေပြီ မထင်နဲ့၊ သူလည်း သိပါတယ်၊ ဒါကြောင့် ငါ့ကို ဘာမှ မမေးသေးတာ´

အစ်ကိုနဲ့အတူ ရုန်းကန်နေရတာနဲ့ကို ဘဝကို မကျေနပ်နိုင်ဘူးတဲ့လား အစ်ကိုရယ်။ ခက်မာသာဆိုရင် သိပ်ပျော်မှာပဲ ဆိုသည့်စကားကိုတော့ ရင်ထဲသို့သာ မျိုချလိုက်ရပါသည်။

(၄)

ခက်မာ ဘာသာစုံဂုဏ်ထူးနှင့် ဆယ်တန်းအောင်တော့ မေမေနှင့် ဖေဖေ ပီတိတဝေဝေနှင့် ဆွမ်းကျွေး လုပ်သည်။ ကျေးဇူးရှင်ဆရာတစ်ဦးအဖြစ် ကိုကိုထွေးကို ဖိတ်သည်။ ကိုကိုထွေးက တစ်ယောက်တည်း မလာ၊ သူ့ချစ်သူ မမကိုပါ ခေါ်လာသည်။

မမက အပြင်မှာ ကြည့်တော့ သိပ်မလှ။ ကိုကိုထွေးနှင့် ယှဉ်တွဲလာ၍လည်း ဖြစ်နိုင်သည်။

ခက်မာကို မြင်တော့ မမမျက်နှာက တချို့အကြောင်းတွေ လျော့သွားသည်။ ခက်မာက စာသိပ်ဖတ်သည်။ ဒီတော့ ဒီအသက်အရွယ်ကလေးနှင့်ပင် လူတွေကို တော်တော် ခန့်မှန်းတတ်နေပြီ။

ဆေးကျောင်းသားတွေ အတော်ကလေး မျက်နှာပွင့်လန်းနေသေးသည့် ခေတ်ပါ။ အဲဒီအချိန်မျိုးမှာ ဆေးကျောင်းသား မွန်မွန်ရည်ရည် ရုပ်ချောကလေးတစ်ယောက်နှင့် ချစ်သူဖြစ်ထားသည့် မိန်းကလေး။ သူ့ချစ်သူ ကလည်း အပျိုပေါက်ကလေးတစ်ဦးကို တစ်နှစ်လုံးလုံး နှစ်ယောက်ချင်း စာသင်နေသတဲ့။ အဲဒီအပျိုပေါက်ကလေး ကလည်း ယခု ဆေးကျောင်းသူဖြစ်တော့မည်။ ပြီးတော့ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး၏ သမီးတဲ့။

အဲဒီအိမ်က ဖိတ်သည့်ပွဲကို ဒီမိန်းကလေး ဘာကြောင့် လိုက်လာသလဲ။ ကိုကိုထွေးက အတင်းခေါ်လို့တော့ ဘယ်လိုမှ မဖြစ်နိုင်ပါ။ မကျော်တိုင် တက်ပြဖို့ မဟုတ်လျှင်တောင် အပျိုပေါက်ကလေးကို လေ့လာချင်၍သာ ဖြစ်ရတော့ မပေါ့။

မြင်လိုက်ရတော့ အပျိုပေါက်ကလေးက အပျိုကလေးနှင့်မတူ၊ တကယ့် ဝီဘီကလေးလေးနှင့် တူနေသည်။ ဘာမိန်းကလေး အလှအပတို့မှ မပွင့်လန်းသေး။ ဒီတော့ ကိုကိုထွေးချစ်သူ မမမျက်နှာ အကြောတစ်မျိုး ပြေလျော့ သွားသည်။ ဒါကို အရွယ်နှင့် အသွင်အပြင်နှင့် မလိုက်ဖက်လောက်အောင် ရင့်ကျက်သော အတွေးအခေါ်ရှိသည့် ခက်မာက ချက်ချင်းရိပ်မိလေသည်။

`မမက အစ်ကိုထွေး ကြွားထားတာထက်တောင် လှနေတယ်´

မမလက်မောင်း တစ်ဖက်ကို ဖက်၍ ပြောလိုက်တော့ မမမျက်နှာ လုံးဝအရည်ပျော်သွားပြီး ညီမလေးကလည်း ချစ်စရာကလေးပါကွယ်ဟု ပြောလေသည်။

လုံးဝ မရိပ်မိစေရ။

ခက်မာရင်ထဲတွင် ဘယ်လောက် ပူလောင်နေပါစေ၊ ကိုကိုထွေးနှင့် မမတို့ကို ကလေးလေးတစ်ယောက်၏ အမူအရာနှင့်ပင် ရှင်လန်းဖော်ရွေ ဧည့်ခံခဲ့ပါသည်။

ဘာပဲဖြစ်ဖြစ် သူ ကိုကိုထွေးကို ချစ်သောအချစ်ကို အချစ်စစ် အချစ်မှန်ဟု ခက်မာ သတ်မှတ်ထားသည်။ သူချစ်တာကို ရိပ်မိလို့ သူ့ချစ်သူက သူ့ကို ပြန်ချစ်လာစရာ အကြောင်း ဘာမှ မရှိတော့။ စိတ်ရှုပ်တာ၊ အားနာတာ၊ စိတ်ညစ်တာသာ ရှိမည်။ ကိုယ့်ချစ်သူကို စိတ်ညစ်အောင်လုပ်တာ အချစ်စစ် အချစ်မှန်မှ မဟုတ်ဘဲ။

ပြုံးပြုံးကလေး ဧည့်ခံနေရင်းကပင် ခက်မာ သူ့နှလုံးသားကို သူမြင်နေရသည်။ တဖြည်းဖြည်းချင်း ကျဆင်း သွားတာပါ။ သစ်ရွက်ကလေးတစ်ရွက် တွင်းနက်ကြီးထဲကို တအိအိ ကျဆင်းသွားသလိုမျိုး။

သွားလေ၊ သွားပေါ့၊ ဘယ်တတ်နိုင်မလဲ။

ညကျမှ အိပ်ရာထဲတွင် ခက်မာ ငိုသည်။

(၅)

နောက်လေးနှစ်ခန့်အကြာတွင် မထင်မှတ်တာတချို့ ဖြစ်လာသည်။

တစ်ခုကတော့ ခက်မာ မိန်းမလှကလေးတစ်ဦး ဖြစ်လာတာပါ။

ဆေးတက္ကသိုလ် စတက်သည်အထိ ပုတက်တက်ကလေးနှင့် ကလေးဟန်ပန်မပျောက်သော ခက်မာသည် လေးနှစ်အတွင်းတွင် ဆက်၍ အရွယ်ရောက်လာခဲ့သည်။ အသားဖြူလာသည်။ အရပ်ရှည်လာသည်။ နဂိုကတည်းက ပါးဖောင်းဖောင်းကလေးနှင့် ကလေး မျက်နှာကလေးလို ချစ်စရာကောင်းသည့် မျက်နှာကလေးကလည်း ဆေးတက္ကသိုလ် မိန်းမလှစာရင်းတွင် ခက်မာကို ထိပ်ဆုံးအထိ ရောက်အောင် တွန်းပို့ ခဲ့သည်။

တစ်တန်းတည်းသားတွေရော၊ အတန်းကြီးတွေရော၊ အတန်းငယ်တွေပါ ပိုးချင် ပန်းချင် ကမ်းလှမ်းချင်သူတွေ များလာသည်။ ခက်မာကတော့ ကျောက်ဆစ်ရုပ် တစ်ရုပ်၏ အပြုံးမျိုးနှင့် အသာအယာပင် ဖယ်ချရှောင်ခွာသွားလေ့ ရှိသည်။

`ခက်မာရယ်၊ အသက်နှစ်ဆယ်အရွယ်မှာ ဒီလောက် ဝိုင်းဝိုင်းလည်နေတာကို ဘယ်သူ့ကိုမှ နည်းနည်းမှ စိတ်မဝင်စားဘူး ဆိုတော့ နှင့်နှလုံးသားက ပုံမှန်မှ ဟုတ်ရဲ့လားဟယ်´

သူငယ်ချင်းတစ်ယောက်က အံ့ဩတကြီးဆိုသည်။

ခက်မာက ရယ်၍ `ငါ့နှလုံးသားက ပုံမှန် မဟုတ်ရင် ယောက်ျားလေးတွေကို မကြိုက်ဘဲ နှင့်ကို ကြိုက်နေ မှာပေါ့။ အခု ငါက ယောက်ျားလေးတွေကို စိတ်မဝင်စားတာမှ မဟုတ်တာ၊ အဲဒီကောင်တွေကို စိတ်မဝင်စားတာ´ဟု ပြန်ဖြေသည်။

`ဒါဆို နှင်စိတ်ဝင်စားတာက ...´

`ငါ ချစ်တဲ့သူကို တစ်သက်လုံး ငါ ဘယ်တော့မှ ပိုင်ဆိုင်နိုင်မှာ မဟုတ်လို့ ငါ တစ်ယောက်ယောက်ကို ချစ်လိုက်စရာ မလိုဘူး ထင်တယ်။ ဘယ်သူ့ကိုမှ မချစ်ဘဲ နေသွားတာ ခက်ခဲတဲ့ကိစ္စလို့လည်း ငါ မထင်ဘူး´

သူငယ်ချင်းမကလေးက ရင်ဘတ်ကို လက်နှင့် ဖိသည်။

`ဘုရားရေ၊ ခက်မာ နင် အသည်းကွဲထားတာလား၊ ငါတို့လည်း တစ်ခါမှ မကြားဖူးရပါလား´

ခက်မာက ရယ်၍ … `အဲလိုလည်း မဟုတ်ပါဘူးဟာ၊ ငါချစ်တဲ့စိတ် ဖြစ်လာနိုင်တဲ့သူ တွေ့ဖို့ဆိုတာ မဖြစ် နိုင်ဘူးလို့ ထင်လို့ ပြောတာတပါ´ဟု လျှောချလိုက်ရသည်။

(၆)

နောက်ထပ် မထင်မှတ်ဘဲဖြစ်လာတာ တစ်ခုက ကိုကိုထွေး စာမေးပွဲတွေ ခဏခဏ ကျနေတာပါ။ သူ စာသင် ပေးခဲ့သော တပည့် ခက်မာက ဂုဏ်ထူးနှင့် အောင်မြင်သော ရောဂါဗေဒဘာသာရပ်ကို သူက သုံးခါဖြေခဲ့ရသေးသည်။

`ဂိုက်တွေ နည်းနည်းလျှော့ပါလား အစ်ကိုထွေးရယ်´

သူ့ထက် တစ်တန်းသာ ကြီးတော့သော ကိုကိုထွေးနှင့် ဆေးရုံတွင် ဆုံစဉ် ခက်မာက စိတ်မကောင်းစွာ အကြံပေးမိသည်။

`မပြေလည်သေးလို့ပါ ခက်မာရယ်၊ ဒီနောက်ဆုံးနှစ်ကိုတော့ အပြတ်လုပ်မှာပါ။ ဆရာဝန်လည်း ဖြစ်မှ ဖြစ်တော့မယ်။ မိန်းကလေးအိမ်က တွဲသွားတွဲလာ ကြာနေပြီဆိုတော့ ကျောင်းမြန်မြန်ပြီးရင် လက်ထပ်ထားကြ တော့လို့ ပြောနေပြီ´

မိန်းကလေးတစ်ဦးနှင့် ယောကျ်ားလေးတစ်ဦး လက်ထပ်ပြီး စနေကြဖို့ ကောင်းပြီဆိုသောအချိန်သည် သူတို့ နှစ်ယောက်စလုံးက သူတို့ အတူနေကြရပြီးပါက ယခုထက်

ပိုမိုချမ်းမြေ့ ပျော်ရွှင်ဖွယ်ရာ ကောင်းသော ဘဝကို ရရှိကြ လိမ့်မည်ဟု နှစ်နှစ်ကာကာ ယုံကြည်ပြီး အဆင်သင့်ဖြစ်သော အချိန်သာ ဖြစ်သင့်သည်ဟု ခက်မာ ယုံကြည်သည်။

`ပတ်ဝန်းကျင် အမြင်တင့်တယ်ဖို့´ဆိုသည့်စကားက နလုံးသားရေး၊ အိမ်ထောင်ရေး ကိစ္စတွေတွင် လူကြီးတွေ ဝင်ရောက်စွက်ဖက်ပိုင်ခွင့်ရှိသည်ဟု ယူဆထား ကြသည့် ရှေးကျသည့်မိဘတချို့၏ ဆင်ခြေသာ ဖြစ်ပေ လိမ့်မည်ဟုလည်း ထင်သည်။ သို့သော် ကိုကိုထွေးကို ထိုစကားတွေ ပြောမပြဖြစ်ပါ။

(၇)

ကိုကိုထွေး သူ့စကားအတိုင်း နောက်ဆုံးနှစ်ကိုတော့ တစ်ကြိမ်တည်းနှင့် အောင်မြင်ပြီး အလုပ်သင်ဆရာဝန် ဖြစ်သွားသည်။ ပြောထားသည့်အတိုင်းပင် အလုပ်သင် ဆရာဝန်ဘဝတွင် လက်ထပ်သည်။

`ခက်မာ အပျိုရံလုပ်ပေးနော်´

`အစ်ကိုထွေး သတို့သမီးနဲ့ တိုင်ပင်ပါဦး အစ်ကိုထွေးရယ်၊ သူ့ညီမတွေ ဝမ်းကွဲတွေ လုပ်ချင်ကြမပေါ့´

`မရှိပါဘူး ခက်မာရဲ့၊ အဲဒါ အစ်ကို ခက်မာတစ်ယောက်တော့ ရမယ်လို့ ပြောတော့ အစ်ကို စာသင်ပေးတဲ့ ချာတိတ်မကလေး မဟုတ်လား၊ ကောင်းတာပေါ့ လို့တောင် ပြောသေးတယ်´

ပြီးတာပဲလေဟု ခက်မာ ခေါင်းငြိမ့်လိုက်သည်။ ကိုယ်က ချစ်နေရသူ၏ မင်္ဂလာဆောင်မှာ ကိုယ်အပျိုရံလုပ်ဖို့ ဆိုတာ သိပ်လွယ်ကူလှသည့်ကိစ္စတော့ မဟုတ်။ ဒါပေမယ့် သူက ချစ်နေသည်ဆိုတာကို ကိုကိုထွေး ဘယ်တော့မှ မရိပ်မိစေဖို့ကိုရော၊

သူ့ကြောင့် ကိုကိုထွေး ဘယ်တော့မှ စိတ်အနှောင့်အယှက် မဖြစ်ရစေဖို့ကိုပါ ခက်မာ သန္နိဋ္ဌာန် ချထားပြီးမို့ မငြင်းဖြစ်တော့။

ငြင်းသူက မမ။

အစက ခက်မာ အပျိုရုံလုပ်ဖို့ သဘောတူခဲ့သော မမသည် ခက်မာနှင့် ပြန်ဆုံရပြီး ခက်မာ ချာတိတ်မကလေး မဟုတ်တော့ကြောင်း ရိပ်မိသွားသောအခါ သိသိသာသာ မျက်နှာပျက်သွားခဲ့သည်။

'အမျိုးထဲက လုပ်ချင်တဲ့လူတွေ ခုမှ ပေါ်လာလို့တဲ့ ခက်မာရယ်'

ကိုကိုထွေးက ရိုးစင်းစွာပင် ယုံကြည်၍ ခက်မာကို အားနာစကား ဆိုသည်။ ခက်မာက အကင်းပါးပေမယ့် အပြုံးမပျက်ခဲ့။

'ရပါတယ် အစ်ကိုထွေးရဲ့၊ ခက်မာကို အားနာစရာ မလိုပါဘူး'

မင်္ဂလာဆောင်လက်ဖွဲ့ကိုပင် အတတ်နိုင်ဆုံး လုံးဝထူးခြားမှု မရှိစေရန် အမျိုးမျိုး စဉ်းစား၍ ရေနွေးအမြဲဆူနေ နိုင်သည့် ဓာတ်ဘူးတစ်လုံးသာ လက်ဖွဲ့ခဲ့လေသည်။

(၈)

ဆယ်နှစ်ဆိုသောအချိန်သည် တစ်ခဏကလေးနှင့် ကုန်သွားခဲ့သည်။ ထိုဆယ်နှစ်အတွင်း ခက်မာ ကိုကိုထွေးနှင့် မဆုံသလောက်ဖြစ်ခဲ့သည်။ အထူးသဖြင့် ကျောင်းပြီးလို့ နှစ်နှစ်အကြာတွင် ခက်မာ မွန်ပြည်နယ် ဘက်သို့ လက်ထောက် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ရန် ထွက်ခွာခဲ့သည့်နောက်ပိုင်း မဆုံဖြစ်တော့။

ကိုကိုထွေး လက်ထောက်ဆရာဝန် အဖြစ် တာဝန်ထမ်းဆောင်ရန် မဝင်ရောက်ခဲ့ကြောင်း၊ ရောဝတီတိုင်း တွင်းရှိ မြို့နယ်ကလေးတစ်မြို့တွင် ပြင်ပဆေးခန်းဖွင့်၍ အထိုက်အလျောက် အောင်မြင်နေကြောင်း၊ ထိုမှတစ်ဆင့် ထိုနယ်တွင် ခေတ်စားသော စပါးပွဲစား၊ ဗီဒီယိုရုံစသည့် စီးပွားရေးလုပ်ငန်းများပါ တွဲလုပ်နေကြောင်းတို့ကိုတော့ ကြားရသည်။ ဆရာဝန်ပဲ လုပ်တာ မဟုတ်ဘူး အစ်ကိုထွေးရယ်ဟု ရင်ထဲက ညည်းတွားမိသည်။

ကလေးကလည်း သုံးယောက်တဲ့၊ ယောကျ်ားကလေးက နှစ်ယောက်၊ မိန်းကလေးက တစ်ယောက်။ ယောကျ်ားရော မိန်းမပါ ဆေးခန်းကိစ္စ၊ စီးပွားရေးကိစ္စများနှင့် မအားလပ်သဖြင့် ကလေးများက အိမ်ဖော်တွေနဲ့ပဲ ကြီးရသတဲ့။ ဟိုတလောကတော့ ယောကျ်ားကလေး အငယ်ကောင် မိဘတွေ မရှိတုန်း သစ်ပင်ပေါ် တက်ဆော့ရာက ပြုတ်ကျပြီး လက်ကျိုးသတဲ့။ နယ်က ဆရာဝန်တွေနှင့်ပင် ကျောက်ပတ်တီးကိုင်ရာ လက်က အရိုးက ဆက်တာ စောင်းနေ၍ ရန်ကုန်လာပြကြသတဲ့။

သတင်းကြားရတော့ ခက်မာက ဆေးပညာ မဟာသိပ္ပံဘွဲ့လွန် သင်တန်းဝင်ခွင့် စာမေးပွဲအောင်မြင်၍ မွန်ပြည်နယ်မှ ရန်ကုန်သို့ ပြောင်းရွှေ့လာရန် စီစဉ်နေတုန်း။ ရန်ကုန်ရောက်၍ သတင်းသွားမေးတော့ ဆေးရုံ ဆင်းပြီးလို့ ပြန်သွားကြပြီတဲ့။

နောက်ပိုင်းတော့ ခက်မာလည်း ဘွဲ့လွန်သင်တန်း သမားတော်လောင်းကလေး ဖြစ်လာ၍ စာနှင့် ညတာဝန် တွေနှင့် လုံးလည်ချာလည်လိုက်လာသည်။ ကိုကိုထွေး သတင်းကို ကြားရဖို့ မပြောနှင့် ကိုကိုထွေးအကြောင်းကို တစ်နေ့တစ်ကြိမ်လောက်သာ စဉ်းစားမိတော့သည်။

ညအိပ်ရာဝင်ခါနီးတွေမှာပါ။

(၉)

ဘုရား ... ဘုရား ... ဒါ အစ်ကိုထွေးတဲ့လား။

အရိုးပြိုင်းပြိုင်း ထနေသော လက်ဖျံများ၊ ရေဖျဉ်းစွဲသော ဝမ်းဗိုက်တို့အထက်မှာ ခွက်ဝင်နေသော ပါးရိုးတွေနှင့် မျက်နှာရှိသည်။ ထိုမျက်နှာထဲမှာ ညှိုးမှိန်အားဖျော့နေသော မျက်လုံးများရှိသည်။

`ခက်မှာ အထူးကုဆရာဝန်ကြီးဖြစ်သွားပြီဆို၊ ဝမ်းသာတယ် ... ညီမရယ်´

ဟုတ်ပါပြီ။ အစ်ကိုထွေးမှ အစ်ကိုထွေးပါပဲ။

ဟန်ဆောင် အားတင်းထားသည့်ကြားမှ ခက်မှာ မျက်ရည်တို့ ပိုးပိုးပေါက်ပေါက် ကျလာသည်။ ဘယ်လိုဖြစ်ရ တာလဲ အစ်ကိုထွေးရယ်ဟု လေသံနှင့်သာ မေးမိသည်။

`ဘီပိုးတဲ့ကွာ၊ ရှိတာတော့ ကျောင်းသားဘဝကတည်းက ရှိတာပါ။ နောက်ပိုင်း အလုပ်ပင်ပန်းတာတွေနဲ့များ ဆက်သွားလား မသိဘူး၊ ဗိုက်စပူလာတော့ မိန်းမကို ပြောမိသေးတယ်၊ ငါ့ဟာ အသည်းခြောက်တာလား မသိဘူးလို့၊ မိန်းမက ရှင်မှ အရက်မသောက်တာ ဆိုတာနဲ့ ဟုတ်သားပဲလေလို့ စောင့်နေတာ´

ခြောက်ကပ်ကပ်ရယ်သည်။ ခက်မှာက ကုတင်ဘေး ဝဲယာသို့ လှည့်ကြည့်၍ မမရော အိမ်ပြန်သွားတာ လားဟု မေးသည်။

`နယ်မှာပဲ၊ လိုက်တော့လာလိမ့်မယ်၊ စီးပွားရေးကိစ္စကလေးတွေလည်း မပြတ်၊ ကလေးတွေလည်း ထားခဲ့လို့ မရသေးတာနဲ့၊ အစ်ကိုကလည်း ကိုယ့်ဆရာတွေနဲ့ ပြကြည့်ရုံပဲဆိုပြီး လာတာ။ ဆရာက ဆေးရုံ တစ်ခါတည်း အတင်းတက်ခိုင်းတော့ ခုမှ အကြောင်းကြားရတယ်´

`ဒီကြားထဲ ခက်မာ စောင့်ပေးမယ်လေ´

ကိုကိုထွေးမျက်နှာက ရုတ်တရက်တော့ အံ့ဩဟန် ရိပ်ကနဲ ပြေးသွားသည်။ ပြီးမှ ပြုံး၍ `ဆရာမ ရှိသားပဲ ခက်မာရယ်၊ ဒီအဆောင်က အထူးကု ဆရာဝန်မကြီးက ဒီအဆောင်မှာ လူနာပြန်စောင့်နေရတယ်လို့ သိပ်ကြည့် မကောင်းပါဘူး၊ ခက်မာ ဒီအဆောင်မှာ ရှိနေတာနဲ့ကို အစ်ကို တော်တော်အားရှိနေပါပြီ´ဟု ဖြေသည်။

သို့သော် ထိုညက ခက်မာ အိမ်မပြန်ဖြစ်ပါ။

ကိုကိုထွေး သွေးတွေ အန်နေ၍ ဖြစ်ပါသည်။

(၁၀)

ညဆယ့်နှစ်နာရီလောက်တွင် သွေးပေါင်ချိန်၍ မရတော့။ လူကလည်း သတိလစ်နေပြီ။ မျက်နှာမှာ မျက်ရည် စီးကြောင်းများ ရွှဲရွှဲစိုလျက်၊ အင်္ကျီတစ်ခုလုံး ကိုကိုထွေး အန်ထားသော သွေးများ ရွှဲရွှဲစိုလျက်က အစ်ကိုထွေး၊ အစ်ကိုထွေးဟု မနားတမ်း သွေးရူးသွေးတန်း အော်ခေါ်နေသော ခက်မာကို အလုပ်သင်ဆရာဝန်မကလေးတစ်ဦးက နောက်မှ ပုခုံးကို တင်းတင်းဖက်၍ သတိပေးနေရသည်။

`ကပ်ဒေါင်းထရေး ယူခဲ့၊ အကြောဆေး နောက်တစ်လိုင်း ဖွင့်ရမယ်။ သွေးလည်းလည်း နွေးရင် ယူခဲ့တော့´

`မမ နားလိုက်ပါ၊ ကပ်ဒေါင်း ကျွန်မ လုပ်ပါ့မယ်´ဟု လက်ထောက်ဆရာဝန်မကလေးက ဝင်ပြောသော်လည်း ခက်မာ ဘာမှ မဖြေ။

ထိုအချိန်တွင်ပင် ကိုကိုထွေး မျက်စိပွင့်လာသည်။

`ခက်မာ ညီမလေး´ဟု တိုးတိုးခေါ်သည်။ ခက်မာက ဝမ်းသာအားရ ရှေ့ကိုကိုင်း၍ `အစ်ကိုထွေး အားတင်းထား၊ ခက်မာရှိတယ်´ဟု ပြောသည်။

ကိုကိုထွေး မျက်ဝန်းထဲတွင် တွေဝေဟန်၊ မေးခွန်းတစ်ခုခု မေးတော့မည်ဟန် ပေါ်လာသည်။

`ပြော အစ်ကို၊ အစ်ကို ဘာမေးမလို့လဲ၊ ဘာပဲဖြစ်ဖြစ် ခက်မာ ဖြေမယ်´ဟု ခက်မာ ရင်ထဲက လှမ်းပြော မိသည်။

ကိုကိုထွေး မျက်လုံးတို့ အရောင်ပြန်ပြောင်းသွားသည်။ မျက်နှာမှာ အပြုံးယဲ့ယဲ့ ပေါ်လာသည်။ `ကျေးဇူးပါ ခက်မာရယ်၊ ညီမလေး နားတော့နော်´ဟု မပွင့်တပွင့် ပြောသည်။ ပြီးတော့ မျက်လုံးပြန်မှိတ်သွားသည်။

သန်းခေါင်ကျော် နှစ်နာရီတွင် ကိုကိုထွေး ကွယ်လွန်သွားပါသည်။

(၁၁)

ကျသွားကတည်းက မြင်နေခဲ့ရတာပါ။

တွင်းနက်ကြီးတစ်ခုထဲကို သစ်ရွက်ကလေးတစ်ရွက် ကျသွားသလို တဖြည်းဖြည်း ကျဆင်းပျောက်ဆုံး သွားသော ခက်မာ၏ နှလုံးသား။

ဘာတတ်နိုင်မှာလဲလေ။

လောကကြီးမှာ နှလုံးသားမရှိတော့ဘဲ ရှင်သန်နေသူတွေမှ ဒုနှင့်ဒေး။

Idea မဂ္ဂဇင်း - ဇွန်လ၊ ၂၀၀၉။

## စံပယ်မျက်ဝန်း

(၁)

သိစိတ်ကိုရော မသိစိတ်ကိုပါ လွှမ်းမိုးကြီး စိုးနိုင်လွန်းသော မျက်ဝန်းညိုကလေး တစ်စုံ။

ဒီမျက်ဝန်းညိုကလေးတစ်စုံကြောင့် လွန်ခဲ့သော သုံးနှစ်လုံးလုံး ညအိပ်ရာဝင်ခါစ အိပ်မပျော်သေးခင် အချိန် ကာလတို့ ကြာသင့်သည်ထက် ကြာခဲ့သည်။

တကယ်တမ်း ပြန်တွေ့ရတော့ ဒီမျက်ဝန်းညိုကလေးများကို ပြန်မှတ်မိနိုင်ရန် အချိန်မှာ ဆိုးဆိုးဝါးဝါး နောက်ကျခဲ့လေသည်။

(၂)

'ဒီနားမှာ အသစ်ဖွင့်တဲ့ ဆေးခန်းကလေးတစ်ခု ရှိတယ်'

သူငယ်ချင်းဖြစ်သူက သူ့လက်ဖနောင့်မှ ဒဏ်ရာကို ရရာ တစ်သျှူးစက္ကူဖြင့် သုတ်ပေးရင်းက စိတ်ပူစွာ ဆိုသည်။

'ခဏနေ တိတ်သွားမှာပါကွာ၊ မင်းကလည်း'

'မေးခိုင်ဆေးတော့ လိုမှာကွ'

'ကဲ ... သွား ... သွား၊ မင်းက ပြဖူးလို့ သိတာလား'

သူငယ်ချင်းက ပြုံးဖြီးဖြီး လုပ်ပြသည်။

`ဆရာဝန်မလေးက ချောလို့ဆိုပြီး ကြားဖူးနေတာကွ၊ မပြဖူးပါဘူး´

`ဖော်မင်းမျိုး´ သူငယ်ချင်းကို ဒဏ်ရာနာနေသည့်ကြားက မျက်စောင်းထိုးမိသည်။

(၃)

ဆရာဝန်မကလေးက သူတို့ထက်ပင် ငယ်ဦးမည့်ပုံ ပေါက်နေသည်။

ဟုတ်ပါသည်။ လှကလည်း တော်တော်လှသည်။ သို့သော် ထူးထူးခြားခြား မပြုမပြင်ဘဲ ဆံပင်ရှည်ကလေး နောက်စီး၍ ဘလောက်စ်အင်္ကျီ၊ လုံချည်ကလေးနှင့်သာ ဖြစ်သည်။ မျက်နှာမှာလည်း သနပ်ခါး မိတ်ကပ် မရှိ။

သူနာပြုဆရာမကလေး တစ်ဦးလည်း ရှိသည်။ လူသိပ်မစည်ကားသော ဆေးခန်းပေမယ့် မိန်းမငယ်ကလေး တစ်ဦးတည်း ထိုင်ရန်မသင့်၍ အဖော် ခေါ်ထားဟန်တူသည်။

`ရှင်တို့ ဒီဒဏ်ရာ ဘယ်လိုရလာတာလဲ´

ဆရာဝန်မလေးက သူ့ကို မယုံသလို မေးသည်။

`မော်တော်ကားပျက်လို့ နိုက်ရင်းက ညပ်တာပါ ဒေါက်တာ၊ ဟိုနားမှာ ရပ်ထားတဲ့ အဖုံးဖွင့်ထားတဲ့ ကားပါ´

ဆရာဝန်မလေးက ကားရပ်ထားရာကို လှမ်းကြည့်၍ ယုံသွားဟန်တူသည်။ ဆေးခန်းစာအုပ်ကလေး တစ်အုပ်ကို ဆွဲယူလိုက်သည်။

`ကဲ ... နာမည်ပြောပါ´

`ဇော်မင်းမျိုးပါ´

ဘောလ်ပင်ကိုင်ထားသော လက်ကလေး တွန့်ကနဲ ရပ်သွားသည်။ သူ့မျက်နှာကို မော့ကြည့်သည်။ သူကလည်း ယောင်အမ်းအမ်းဖြင့် ပြန်ကြည့်မိသည်။

မြတ်စွာဘုရား။။

ဟို … မျက်ဝန်းညိုကလေးတစ်စုံပါလား။

(၄)

လွန်ခဲ့သော သုံးနှစ်။

သူ့အသက်က နှစ်ဆယ့်နှစ်နှစ်။ ဘွဲ့ရပြီး ချမ်းသာသည့် မိဘ၏ လုပ်ငန်းမှာ ဝင်လုပ်နေသလိုလို၊ လေလွင့် နေသလိုလို ယောင်ချာချာနှင့် တကယ်တမ်းတော့ အချိန်တန် မိဘဆီ လက်ဝါးဖြန့်ပြီး လည်ပတ်သုံးဖြုန်း ပျော်ပါး နေသည့်အချိန်ကပါ။

ခြွေနိုင်တော့ ရံချင်သူကလည်း များသည်။

အဲဒီညနေက ကိုးတန်းကတည်းက ကျောင်းထွက်ပြီး အလုပ်အကိုင် အတည်တကျ မရှိသူ သူငယ်ချင်း တစ်ယောက်ကို ညစာလိုက်ကျွေးသည်။

ညစာလိုက်ကျွေးသည် ဆိုသော်လည်း တကယ်က အရက်လိုက်တိုက်တာပါ။ ကားကို ကိုယ်တိုင်မောင်းပြန် ရမည် ဖြစ်သဖြင့် သိပ်မူးအောင်တော့ မသောက်ဖြစ်။ မမူးတမူးမှာပင် အိမ်ပြန်ခဲ့ကြသည်။

သူငယ်ချင်းက သူ့လင်ခရူဆာကား ဝင်ရခက်မည်ဖြစ်သော ရပ်ကွက်ကလေးထဲမှာ နေသူမို့ လိုက်မပို့ရန် တားသေးသည်။

သူက နားမထောင်။ လမ်းကျဉ်းကျဉ်းကလေးထဲမှာ ရောမကားကြီးကို ဟွန်းတပွမ်ပွမ် တီးရင်း မောင်းဝင်၍ လိုက်ပို့သည်။

လမ်းကြားကလေးတစ်ခု ချိုးအဝင်တွင်တော့ အသက် ဆယ့်ရှစ်နှစ်ခန့်အရွယ် ယောကျ်ားကလေးနှစ်ဦး စာအုပ်ကိုယ်စီကိုင်၍ လမ်းကို ပိတ်ပြီး ဖြည်းဖြည်းကလေး လျှောက်နေသည်ကို တွေ့ရသည်။

'တော်တော် လူပါးဝတဲ့ကောင်တွေ'

ပါးစပ်က မြည်တွန်တောက်တီး၍ ဟွန်းကို ဆောင့်တီးသည်။ ကောင်ကလေး နှစ်ယောက် စောင်းငမ်း စောင်းငမ်း လှည့်ကြည့်၍ ဘေးကပ်ရပ်ပေးသည်။

သူက ကားကို ထိုကောင်ကလေးနှစ်ယောက် ကျော်ရုံမျှ မောင်း၍ ရပ်လိုက်သည်။ ငါ ဆင်းဆဲဦးမယ်ဟု ရေရွတ်သည်။ သူငယ်ချင်းက ဆဲမနေနဲ့၊ ကြည့်နေတဲ့ မျက်ခွက်တွေကိုက၊ ချကွာ ချဟု မြှောက်ပေးသည်။

သူက ကားပေါ်တွင် အသင့်တွေ့သော သစ်သားတုတ်ချောင်းကို ကိုင်၍ ပြေးဆင်းသွားသည်။

လူငယ်ကလေးနှစ်ဦး အလန့်တကြား လှည့်ပြေးဟန်ပြင်သည်။ သူက အနီးဆုံးမိသော လူငယ်ကလေး၏ ခေါင်းကို ရိုက်ချလိုက်သည်။ လူငယ်ကလေး ခွေကျသွားသည်။

ရုတ်တရက် သူ့ဘေးကို သူ့သူငယ်ချင်း ရောက်လာသည်၊ ဟော့ကောင် လူတွေ ထွက်လာနေပြီ၊ ပြေးပြေးဟု အော်သည်။

လူအုပ်ကြီးက သူတို့နှစ်ယောက်ကို ဝိုင်းထားသည်။

မောင်လေးဟု ခေါ်သံကလေးကို ဆူညံနေသော လူသံများကြားမှ သဲ့သဲ့ ကြားရသည်။ လဲကျနေသော ကောင်ကလေးကို အသက်နှစ်ဆယ်ခန့် မိန်းကလေး တစ်ဦးက ပြေးပွေ့သည်။ မိန်းကလေး၏ တီရှပ်အဖြူကလေး ပုခုံးတစ်ဖက်တွင် မှီလိုက်သော ကောင်ကလေး၏ ခေါင်းမှ သွေးတို့ စိုရွှဲသွားသည်ကိုလည်း တွေ့လိုက်ရသည်။

`ဟေ့ဟေ့ လက်မလွှန်ကြနဲ့။ ဖမ်းပြီး ရဲစခန်းပို့၊ သူတို့အလွန်ကနေ တို့အလွန် မဖြစ်စေနဲ့´

အသက်လေးဆယ်ကျော် ယောကျ်ားကြီးတစ်ယောက်၏ သတိပေးသံနောက်တွင် လူအုပ်ကြီးက သူ့လက်က ဟုတ်ကို လုယူလိုက်ပြီး သူတို့နှစ်ယောက်ကို ဝိုင်းချုပ် ထားကြသည်။

ကောင်ကလေးက သူ့အစ်မရင်ခွင်ထဲမှ လူးလွန့်လာပြီး မမ အိမ်ထဲဝင်၊ ကျွန်တော် ရတယ်ဟု တိုးတိုး ပြောသည်။

မိန်းကလေးက မျက်ရည်များစိုရွှဲနေသော မျက်နှာနှင့် ဖော်မင်းမျိုးကို မော့ကြည့်သည်။

`မောင်လေးက ရှေ့လ ဆယ်တန်းဖြေမှာ၊ ဒီကလေးလေးကို ဒီလိုလုပ်ရက်တာ ရှင် အောက်တန်းကျလှ ချည်လား၊ လူရော ဟုတ်ရဲ့လား´

မိန်းကလေးက အံကြိတ်ထားသော လေသံမာဖြင့် တစ်လုံးချင်းပြောသော စကားများက သူ့နှလုံးသားသို့ ရေနွေးစက် တစ်စက်ပြီးတစ်စက်ကျသလို လိမ့်ကျ စီးဝင်သွားသည်။

ပါးစပ်အပေါက်သားဖြင့် မိန်းကလေးမျက်နှာကို ငေးကြည့်မိသည်။

မျက်ဝန်းညိုကလေး တစ်စုံက သူနလုံးသားထဲကို ချိတ်ပူပူပေါ် ကြေးတံဆိပ်နှိပ်သလို နှိပ်ခတ်လိုက်ပါသည်။

(၅)

ကောင်ကလေး၏ မိဘတွေက အမှုကို ကျေအေးလိုက်ပါသည်။

ချမ်းသာလှသော သူ့မိဘတွေက ငွေအလုံးအရင်းဖြင့် လိုက်ပေးပေမယ့် ကောင်ကလေး၏ ဖခင် အရာရှိ အဆင့်ပင် မဟုတ်သော ဝန်ထမ်းဖြစ်သူက တစ်ပြားမှ မယူဘဲ ကျေအေးပေးလိုက်ခြင်း ဖြစ်ပါသည်။

`သားက စာသိပ်တော်တယ်၊ သူ့အစ်မလိုပဲ ဆေးကျောင်းတက်ချင်တယ်၊ ဆရာဝန် ဖြစ်ချင်တယ်။ အခု ဒဏ်ရာက လူ ဘာမှ မထိခိုက်ပေမယ့် ဒီကိစ္စကြောင့် သူ ဆယ်တန်း ကောင်းကောင်း မဖြေနိုင်ဘဲ ဆရာဝန် မဖြစ် တော့ဖို့ များတယ်၊ အဓိပ္ပါယ်ကတော့ ဆင်ခြင်တုံတရား ခေါင်းပါးတဲ့ ခင်ဗျားသားရဲ့ ဒေါသကြောင့် ကျွန်တော့်သား ဘဝ ပျက်တာပါပဲ။ ဒါကို လက်တုံ့ပြန်လို့ ခင်ဗျားသား ထောင်ကျရင် ခင်ဗျားသား ဘဝပျက်မယ်။ အဲဒီအခါကျရင် ခင်ဗျား သားနဲ့ ကျွန်တော်တို့ သဘောတရားချင်း အတူတူဖြစ်သွားမယ်။ ခင်ဗျားသားကို ကျွန်တော် သိပ်စိတ်ဆိုးပေမယ့် သူနဲ့ တူတဲ့လူတော့ မဖြစ်ချင်ပါဘူး´

ဇော်မင်းမျိုး၏ ဖခင်က ကောင်ကလေးဖခင် ပြောလိုက်သည့် စကားလုံးများကြောင့် သားထောင်ကျ သည်ထက် ပို၍ စိတ်ထိခိုက်ခဲ့သည်။

သားထံပေးထားသော ကားကို ပြန်သိမ်းသည်။ လစဉ်ပေးနေသော မုန့်ဖိုးကို ရပ်စဲသည်။ သူ့လုပ်ငန်းထဲ သို့လည်း လုံးဝ လာခွင့်မပြုတော့။

`ဒီလူပြောတာ ဟုတ်တယ်၊ မင်းက ဆင်ခြင်တုံတရား မရှိတဲ့ကောင်၊ မင်းလိုကောင်မျိုးကို ငါ့သားဖြစ်ပါစေ၊ ငါ့လုပ်ငန်းတွေ ယုံကြည်စွာ မလွှဲနိုင်ဘူး´

ဇော်မင်းမျိုးကလည်း ဘယ်မှ မသွား၊ ဘာမှ မလုပ်နိုင်ပါ။

အခန်းကြမ်းပြင်ပေါ်တွင် ငြိမ်သက်စွာထိုင်ရင်း ရှေ့က နံရံကို ငေးကြည့်နေသည့် အလုပ်ကို လနှင့်ချီ၍ လုပ်နေခဲ့ပါသည်။

ရှေ့က နံရံ။

ဒီစကားက သိပ်တော့ မမှန်ပါ။

တကယ်တမ်းတော့ ဇော်မင်းမျိုးမျက်စိရှေ့မှာ ဘာပဲရှိရှိ၊ သူ တကယ် ကြည့်နေတာက မျက်ဝန်းညိုကလေး တစ်စုံပါ။

သိပ်တင်းမာ ခက်ထန်ပြီး အရည်လဲ့နေသည့် မျက်ဝန်းညိုကလေးတွေပါ။ အမုန်းလျှပ်စီး ရောင်တွေ တလက်လက်နှင့်။

(၆)

သုံးနှစ်ဆိုသည့် ကာလအတွင်းတွင် ဖခင်ကြီးက သူ့ကို ခွင့်လွှတ်နိုင်လာသည်။

သူ အရက်လုံးဝ မသောက်တော့၊ အရက်သောက်တတ်သည့် သူငယ်ချင်း များနှင့်လည်း အခေါ်အပြော မလုပ်တော့။

ဦးလေးတစ်ဦးက ဖခင်ကြီး မသိအောင် ခိုး၍ထုတ်ပေးသော ရင်းနှီးငွေကလေးနှင့် တိုက်ခန်းတစ်ခန်းငှားပြီး မိတ္တူကူးဆိုင် ဖွင့်သည်။

အစတော့ မှတ်ပုံတင်လောက်၊ သန်းခေါင်စာရင်းလောက် ကူးရသော်လည်း သူ့ကြိုးစားမှုကြောင့် မိတ္တူ ထွက်ကောင်း၊ ရှေးသက်သာသော ဆိုင်ကလေးအဖြစ် နာမည်ရလာသည်။ ဆေးစာအုပ်များ၊ ကျောင်းသုံးစာအုပ်များ မိတ္တူပွားရသည့်အဆင့် ဖြစ်လာသည်။ ကွန်ပျူတာကလေး တစ်လုံးပါ တွဲဖက်လာနိုင်သည်။ မိတ္တူစက်က နှစ်လုံးကနေ သုံးလေးလုံး ဖြစ်လာသည်။

ဖခင်ကြီးက သူ့အကြွေးကို ဆပ်ပေးလိုက်သည်။ သူ့ကားကို ပြန်ပေးသည်။ သူက မယူပါ။ အိမ်တွင် အသုံး နည်းသော ပါဘလစ်ကာပစ်ကပ် နောက်တွဲကားဟောင်းကိုသာ ယူပါသည်။

ဖခင်ကြီးက သူ့ကို ခွင့်လွှတ်သွားသော်လည်း သူက သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်သေး။ သူ့အပြစ်ကိုသူ မမေ့နိုင်သေး။

ဘယ်လိုလုပ် မေ့နိုင်ပါ့မလဲ။

အိပ်ရာဝင်တိုင်း အိမ်ခန်းခေါင်မိုး `ကောနစ်´ မျက်နှာပြင်ပေါ်မှ မျက်ဝန်းညို ကလေး တစ်စုံက သူ့ကို စူးစူးရဲရဲ စိုက်ကြည့်နေခဲ့သည်လေ။

(၇)

ဒေါက်တာလှဲ့လှဲ့ညို၊ အမ်ဘီဘီအက်စ်။

နံရံပေါ်က ဆိုင်းဘုတ်ကလေးကို ငေးကြည့်ရင်း လွန်ခဲ့သည့် သုံးနှစ် အတိတ်ဆီသို့ လွင့်မျောနေသော အတွေးများ ပစ္စုပ္ပန်ဆီ ပြန်ရောက်လာသည်။

`ကဲ ရပြီ၊ ရှင်တို့ ပြန်နိုင်ပြီ´

ဒေါက်တာလွဲလွဲညိုက လက်ဆေးနေရင်းက ပြောသည်။ သူငယ်ချင်းက မေးနိုင်ကာကွယ် ဆေးထိုးထားသော သူ့ပုခုံးကို ဖျစ်ပေးနေရင်းက ဘယ်လောက်ကန်တော့ရပါမလဲ ဒေါက်တာဟု ယဉ်ကျေးစွာ မေးသည်။

လွဲလွဲညိုက လှည့်မကြည့်ဘဲ ခေါင်းခါပြသည်။

`ဘာမှ မပေးပါနဲ့´

သူငယ်ချင်းက အံ့သြစွာ သူ့ဘက် လှည့်ကြည့်သည်။ သူက သက်ပြင်းသာချ၍ ဘယ်နေ့ ပြန်လာပြရမှာလဲ ဒေါက်တာဟု တိုးတိုးမေးသည်။

`ဘယ်နေ့မှ ပြန်လာမပြနဲ့။ မသက်သာရင်၊ အနာရင်းရင် ပြနေကျ မိသားစု ဆရာဝန်ဆီမှာ ဖြစ်ဖြစ်၊ အထူးက ဆရာဝန်ကြီးတစ်ယောက်ဖြစ်ဖြစ် ပြပါ´

ပြောရင်းက လှည့်လာသော မျက်နှာကလေးတွင် မျက်ဝန်းညိုတစ်စုံရှိသည်။ ထိုမျက်ဝန်းညိုတို့မှာ ရေတံခွန်၏ အောက်က ကျောက်သားပြင်လို စိုစွတ်၍ တင်းမာနေလေသည်။

သူငယ်ချင်းက အံ့အားသင့်ဟန်ဖြင့် တစ်ခုခု ပြောမည်ပြင်သည်။ သူက လက်ကာပြလိုက်သည်။

`ကျွန်တော် ခုမှ မှတ်မိတာပါ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ ဒေါက်တာ´

လွဲလွဲညိုက တင်းမာသော မျက်နှာထားဖြင့် ခေါင်းငြိမ့်ပြသည်။

`ရပါတယ်၊ ကျွန်မက ဆရာဝန်ပါ။ ဒါပေမယ့် ရှင့်ကို ဆေးကုရတာ စိတ်မသန့်ဘူး၊ အဲဒီစိတ်နဲ့ ကုပေးရင်းက တစ်ခုခု ချွတ်ချော်ခဲ့ရင် မကောင်းဘူး။ ဒါကြောင့် မကုချင်တာပါပဲ၊

ကျွန်မတစ်ယောက်ပဲ ဆရာဝန်ရှိတဲ့အရပ် ဆိုရင်လည်း တစ်မျိုးပေါ့၊ ကျွန်မကို နားလည်ပေးပါ'

သူ သက်ပြင်းချ ခေါင်းငြိမ့်ပြီး ကြောင်အအ ဖြစ်နေသော သူငယ်ချင်းလက်ကို တို့၍ ဆေးခန်းထဲမှ ထွက်ခဲ့ ပါသည်။

(၈)

များမကြာမီ တိုက်တိုက်ဆိုင်ဆိုင်ပင် ကောင်ကလေးနှင့် သူ ပြန်ဆုံသည်။

ကောင်ကလေးက သူ့ဆိုင်မှာ မိတ္တူလာအပ်သည်။ ထိုနေ့က လက်ခံထားသော အလုပ်တွေ များနေ၍ သူ့တပည့်တွေက ပြင်းနေသည်။ ဒါကို အတွင်းခန်းထဲက သူက ကြား၍ အပြင်ထွက်လာသည်။

ကောင်ကလေးကို မြင်မြင်ချင်း သူက မှတ်မိသော်လည်း ကောင်ကလေးက သူ့ကို မမှတ်မိပါ။

'လုပ်ပါ အစ်ကိုရာ၊ ဒါတွေက မနက်ဖြန် တင်ရမှာမို့ပါ'

ကောင်ကလေး လက်ထဲက စာရွက်ထပ်ကြီးကို ကြည့်တော့ အင်္ဂလိပ်ဘာသာဖြင့် ကွန်ပျူတာ စာစီထားသော ဆေးပညာစာများ။

သူ လိုက်ကာနဲ့ ဝမ်းသာသွားသည်။

'ညီလေးက ဆေးကျောင်းတက်နေတာလား'

ကောင်ကလေးက ခေါင်းခါသည်။

`ကျွန်တော်က ဥပဒေကျောင်းသားပါ။ ဒါက အစ်ကိုလိုနေတဲ့ ဆရာဝန်တစ်ယောက်ရဲ့ဟာပါ၊ သူက ဘွဲ့လွန် တက်နေတာလေ၊ ဒါ သူ့အဆိုင်းမန့်တွေပါ။ ကူညီနိုင်ရင် ကူညီပါဗျာ၊ အစ်ကိုတို့ဆိုင်က ကော်ပီသိပ်သန့်တယ် နာမည်ကြီးလို့ လာတာပါ´

သူ သက်ပြင်းချ၍ တပည့်တစ်ယောက်ကို လှည့်ပြောသည်။

`ဟေ့ကောင်၊ ငါ့ရုံးခန်းထဲက စက်အသစ်ကို တင်၊ လက်စဟာကို ဖယ်ထားလိုက်၊ အဲဒါ နှစ်ရက်စောင့်လို့ ရတယ်။ ဒါ ခု ဆွဲပေးလိုက်´

အနားက တပည့်က ကန့်ကွက်သည်။

`ဆရာ့ရုံးခန်းထဲကဟာက ချုပ်လိုလေ ဆရာရဲ့၊ ဒါက ဆယ့်ငါးစောင်ပဲ ဆွဲမှာ´

`ငါ သိတယ်၊ လုပ်ဆို လုပ်ပေးလိုက်၊ ပြီးတော့ ဖိုတိုဈေးပဲ ယူ၊ ဟုတ်ပြီလား´

တပည့် ရှုံ့မဲ့မဲ့ဖြင့် ကောင်ကလေးဆီက စာရွက်များ ယူ၍ အတွင်းဝင်သွားသည်။

`ကျေးဇူးတင်လိုက်တာ အစ်ကိုရာ´

သူက မချိပြုံးပြုံးသည်။ ပြီးတော့ စိတ်ပေါက်ပေါက်နှင့် ပြောပြလိုက်သည်။

`ကျေးဇူးတင်စရာ မလိုပါဘူးကွာ၊ တကယ်တော့ အစ်ကို့ကို မင်း မမှတ်မိလို့၊ မှတ်မိရင် အစ်ကိုပေးတဲ့ အကူအညီယူရမှာတောင် မင်း သတိမှာ မဟုတ်ဘူး။ အစ်ကိုက မင်းကို ဆေးကျောင်းမဝင်အောင်လုပ်ခဲ့တဲ့ တရားခံပါ´

သူထင်သလို ကောင်ကလေး မျက်နှာပျက်မသွား၊ အံ့သြသွားဟန်သာ ပေါ်သည်။

`ကိုဇော်မင်းမျိုးလား၊ ဟုတ်သားပဲ၊ ထားလိုက်ပါ အစ်ကိုရာ၊ ကြာလှပါပြီ၊ အစ်ကို ကိုယ့်ကိုကိုယ် မှားတယ်လို့ ထင်ရင်ပဲ ကျွန်တော် ကျေနပ်ပါတယ်´

သူ့ အားရဝမ်းသာ ကောင်ကလေး၏ ပုခုံးကို ဆုပ်ကိုင်လိုက်သည်။

`တကယ်လား ငါ့ညီရာ ဝမ်းသာလိုက်တာ၊ အစ်ကို သုံးနှစ်လုံးလုံး တအုံနွေးနွေး ခံစားနေရတာ။ ကဲ ငါ့ညီ တကယ်ခွင့်လွှတ်ရင် အစ်ကို့ဆိုင်မှာ လိုတာ အကုန်လာဆွဲ၊ မင်းကိစ္စကို အမြဲ အစ်ကို အရင်လုပ်ပေးမယ် ဟုတ်လား´

ကောင်ကလေးက ရယ်သည်။

`ယောကျ်ားတွေပဲ အစ်ကိုရာ၊ မှတ်မထားပါဘူး။ ဒါက ဟိုအစ်ကိုကြီးဥစ္စာ၊ သူ ဒီနေ့ နိုက်ဂျူတီကျနေလို့ ကျွန်တော် လာလုပ်ပေးတာ၊ နောက်ကို သူ့ကိုပဲ ခေါ်လာပြီး အစ်ကိုနဲ့ မိတ်ဆက်ထားပေးမယ်၊ သူ့ကိုလည်း လုပ်ပေးပါ´

`လုပ်ပေးမှာပေါ့ ညီရ၊ သူ့နာမည်က´

`ဒေါက်တာအောင်မြင်တဲ့၊ ခွဲစိတ်အထူးကု တက်နေတာ´

`ညီလေး အစ်ကိုဝမ်းကွဲလား´

ကောင်ကလေးက ရှက်ရယ်ရယ်သည်။

`မမအမျိုးသားပါ၊ သူတို့က ဒီသီတင်းကျွတ် လက်ထပ်တော့မှာ´

နလုံးသားတစ်စုံ မီးထိသည့် ဖယောင်းလို ပူပြင်းစွာ ပျော်ကျသွားပါသည်။

မျက်ဝန်းညိုကလေးတစ်စုံက ညဦးအိပ်မက်များကို ကြီးစိုးထားဆဲ။

ရှုံးပြီ ဖော်မင်းမျိုးရာ၊ မိတ်ဆွေအနေနဲ့ ဆက်ဆံဖို့ မပြောနဲ့၊ လူနာအနေနဲ့

ဆေးကုပေးဖို့တောင် မသတီနေတဲ့ သူ့ကို ရင်စုန်နေတာ မင်းလောက်မိုက်တဲ့လူ ရှိပါ့မလားဟု ကိုယ့်ကိုကိုယ် အကြိမ်ကြိမ် ကျိန်ဆဲသော်လည်း နလုံးသားက ဦးနောက်ကို သစ္စာဖောက်နေဆဲပါ။

သူ့အပြစ်လည်း ဘာမှ မရှိ၊ အားလုံးက မိမိအပြစ်ချည်းသာ။

သူက ဖြူဖွေးမွေးပျံ့လွန်းသော စံပယ်ပန်းကလေးတစ်ပွင့်၊ မိမိ အကျင့်သိက္ခာ အမှုအရာ အောက်တန်းကျ မိခဲ့ပုံက ရွှံ့လို မှော်လို ဗွက်လို ညစ်ထေးသည့် လူတစ်ယောက်။ စံပယ်ဆိုတာ ရွှံ့ပေါ်မှာ ပေါက်ဖို့ မပြောနှင့်၊ ရွှံ့အနား ရောက်လျှင်တောင် မွေးပျံ့သည့်ရနံ့ ပျောက်ရရှာမှာ။ ထိတာနှင့် သိသိသာသာ ညစ်ပေတော့မှာ။

မိဘက မပြည့်စုံတာတောင် ကိုယ့်ကိုကိုယ် ဖွေးဖွေးလွလွ စောင့်ရှောက်နိုင်ခဲ့သော မိန်းကလေး။ ဒီလို မိန်းကလေး၏ မျက်ဝန်းညိုကလေးတစ်စုံကို ပြည့်စုံသောမိဘက မွေးဖွား၍ လိုတရသာဝမှာ ကြီးပြင်းလာခဲ့ရပါလျက်နှင့် စာရိတ္တ၊ စိတ်ဓာတ် ညစ်ထေးလှ မိခဲ့သည့် မိမိလိုလူက တမ်းတနေတာကိုပင် အားနာလှစွာ ဦးညွှတ်တောင်းပန်သင့် လှသည်။

ခုတော့ ဒီစံပယ်ကို သယ်ဆောင်ဖို့ သန့်စင်အေးမြသော ဖက်ကတော့ကလည်း အဆင့်သင့် ကြိုနေပြီ။

မေ့လိုက်။

မေ့လိုက်တာ အကောင်းဆုံးပါပဲ။

(၉)

ပြဿနာက ဒေါက်တာအောင်မြင်။

မိတ္တူလာကူးရင်းက ဇော်မင်းမျိုးနှင့် တော်တော်ခင်သွားသည်။ မင်္ဂလာဆောင်မည့်နေ့ ကျတော့ တရားရုံး သွားဖို့ ကားငှားချင်သတဲ့။ အသိရှိရင် ပြောပါတဲ့။ ရက်ကျပ်နေ၍ ကားတွေ တစ်စီးမှ ငှားမရ။ သတို့သားမှာရော သတို့သမီးမှာပါ ကားမရှိ။ မင်္ဂလာဆောင် အတွက် သီးသန့်ငှားသည့် ကားတွေကျတော့ ဈေးကြီးလွန်းပြီး အငှားကားကျတော့လည်း သတို့သမီးကို အားနာသတဲ့။ သူငယ်ချင်းတွေက ကားမရှိ။ ဆရာတစ်ယောက်က မောင်းပို့မည် ဆိုတော့လည်း အင်္ဂါရဝဖြစ်မှာစိုးသတဲ့။

'ကျွန်တော့်ကားနဲ့ ပို့ပေးပါမယ် အစ်ကိုရာ၊ မောင်းမယ့်သူလည်း ထည့်ပေးလိုက်မယ်။ ဘာမှ အားနာစရာ မလိုပါဘူး။ ကျွန်တော့်ကားဆိုတာသာ အစ်ကို့အမျိုးသမီးကို မပြောနဲ့ပေါ့'

ဒေါက်တာအောင်မြင် မျက်နှာ အံ့ဩဟန်ဖြင့် ဘာဖြစ်လို့လဲဟု မေးသည်။

'အစ်ကို့ကို အစ်ကို့ယောက်ဖလောင်း ကျွန်တော့်အကြောင်း ပြောမပြဘူးလား'

ခေါင်းခါပြသည်။

သက်ပြင်းတစ်ချက်ချ၍ အကြောင်းစုံ ပြောပြတော့ ဒေါက်တာအောင်မြင် စိတ်မကောင်းစွာ စုတ်သပ်သည်။

'အေးကွာ၊ လူဆိုတာ ပြောင်းလဲတတ်တဲ့အမျိုးပဲ၊ ကာယကံရှင်တောင် ညီလေးနဲ့ မိတ်ဆွေဖြစ်နေပြီ။ သူလည်း တဖြည်းဖြည်း ခွင့်လွှတ်လာမှာပါ။ အစ်ကိုလည်း နောက်တော့

တဖြည်းဖြည်း ညီလေး အခု စိတ်နေ သဘောထားကို ပြောပြပေးပါ့မယ်။ ဒါပေမယ့် ညီလေးကား ယူသွားရမှာတော့ ...'

'ဟာ ... မရဘူး၊ အစ်ကို မယူရင် အစ်ကိုပါ ကျွန်တော့်ကို အထင်သေးလို့လို့ ကျွန်တော် သဘောထားမှာ'

ပြင်းရင်းစုန်ရင်း အားနာနာနှင့်ပင် ဒေါက်တာအောင်မြင် ခေါင်းငြိမ့်သွားပါသည်။

(၁၀)

ဦးထုပ်ကို ပိုက်စိုက်ဆောင်း၍ ကားသော့ကို စိတ်မပါ့တပါ ကောက်ယူသည်။

ဘယ်တုန်းကမှ နေမကောင်းမဖြစ်သည့် ယာဉ်မောင်း၊ ဒီနေ့မှ ဖြစ်ရသတဲ့။ ကိုယ်စောင့်နတ်က သူ့ကို ယခု ထက်ထိ ခွင့်လွှတ်နိုင်သေးဟန် မတူ။ တစ်ခါမှားခဲ့ဖူးသော အပြစ်ကို တစ်ဘဝလုံး တန့်နှံ့စောင့်၍ ဒဏ်ခတ်ချင်ဟန် တူသည်။

စွဲလမ်းစိတ်နှင့်သာမက လေးမြတ်ရိုကျိုးသောစိတ်၊ မိမိကိုယ်မိမိ သိမ်ငယ်မိသော စိတ်တို့နှင့်ပါ တရှိက် မက်မက် တမ်းတခဲ့ရသည့် စံပယ်ရနံ့မွှေးသော မျက်ဝန်းညိုကလေး တစ်စုံကို သူ့ချစ်သူ ရင်ခွင်အရောက် ပို့နှင် ဆောင်ကြဉ်းပေးရမယ့်ကားကို သူကိုယ်တိုင် မောင်းရင်း တမြည့်မြည့် ခံစားနေရမှ ဒီနတ် ကျေနပ်မည့်ဟန်ပန်ပင်။

ဒေါက်တာ အောင်မြင်ကို အရင်သွားခေါ်သည်။ ရှင်းပြတော့ ဒေါက်တာ အောင်မြင်က ရပါတယ် ညီရယ်ဟု လက်ခံသည်။

ဒေါက်တာ လဲ့လဲ့ညို အိမ်ရှေ့ရောက်တော့ ကောင်ကလေးက ကြိုနေသည်။ သူ့ကို မှတ်မိသွား၍ အံ့ဩဟန် ပြသော ကောင်ကလေးကို လက်သာ ကာပြရသည်။

`သမီးတို့ကား ရောက်ပြီလား၊ ဖေဖေတို့ကားက ရှေ့က သွားမယ်၊ နောက်က ဖြည်းဖြည်းလိုက်ခဲ့နော်´

ဒေါက်တာလှဲ့လှဲ့ညို၏ ဖခင်ကြီး ရှေ့က ထွက်လာသည်။

ဇော်မင်းမျိုးက ဦးထုပ်ကို အနည်းငယ် ထပ်ပိုက်၍ ဆောင်းပြီး ဒေါ်တို ဂီယာကား၏ မောင်းတံကို ထွက်ရန် အသင့်အနေအထားသို့ ပို့လိုက်သည်။

တစ်ပတ်လျှို ဆံပင်ရှည်ကလေး၊ ရင်ဖုံးအင်္ကျီကလေး၊ ဇင်းမယ်လုံချည်ကလေးနှင့် တင့်တယ်လွန်းနေသော သတို့သမီးကို သတို့သားက ဖေးမခေါ်လာသည်။

နောက်ခန်းမှာ ဝင်ထိုင်ကြသည်။

`ကဲ ... သွားစို့´

ဒေါက်တာအောင်မြင့်၏ စကားအဆုံးတွင် ကားကို စထွက်သည်။

ဘီးလိမ့်တာက ဖြည်းဖြည်းကလေးပေမယ့် ဇော်မင်းမျိုး၏ ရင်က နင့်ကနဲ နေသည်။

Faces မဂ္ဂဇင်း။